


ပုဏ္ဏမီ
ရူးကြွသည်
NYINYI

ပုဏ္ဏဒီ

ရှုံးကြွေးဆပ်



## ပုဏ္ဏာမိ

## ရူးကြသည်

စာမူခွင့်ပြုချက်အမှတ် - ၄၅၄/၂၀၀၁ (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၈၅/၂၀၀၁ (၅)
၂၀၀၁ခုနှစ် ပထမအကြိမ်၊ ၅၀၀ အုပ်၊ ၃၀/-

ပုံနှိပ်သူ... ဦးကျော်လှိုင် (၅၅၇၃) စေတနာ (OFFSET)
အမှတ် (၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

ထုတ်ဝေသူ ဦးမောင်ဟန် (၀၈၇၆)၊ ကမ္ဘာလုံးစာပေ
အမှတ် (၂၅၉)၊ နဝဒေးလမ်း၊ ဒေါပုံ၊ ရန်ကုန်။

# ပုဏ္ဏာမိ





# ရူးကြသည်

မောင်ကျော်လှိုင်
စေတနာစာပေမှ
စီစဉ်သည်

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

စည်းကမ်းလိုက်နာ အေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျက်ကိုက်ညီ အေးကင်းသည်

နိုင်ငံတော်ပွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော
တာဝန်ဖြစ်သည်။

### ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။



## အခန်း(၁)

"ဒါက 'မာလာသွယ်'တဲ့ တီတီတာ ... ကိုယ့်ညီမလေး ရဲ့ သူငယ်ချင်းပဲ ... မာလာရေ ... ဒါက 'တီတီတာ'တဲ့။ စကားပြောကြနော် ... ကိုယ် ဟိုဘက်ခဏ သွားလိုက် ဦးမယ် ..."

ခပ်မြန်မြန် မိတ်ဆက်ပေးပြီး ကိုလတ် တစ်ယောက် ဝိုင်းကူးလို့ သွားချိန်မှာ စားပွဲမှာ ကျန်ရစ်သော မာလာသွယ် ဟူသည့် မိန်းကလေးကို တီတီတာက မိတ်ဆက်ပြုံး လှမ်းပြုံးပြလိုက်ပါသည်။ မာလာသွယ်ကလည်း ချက်ချင်းပင် ပြန်ပြုံးပြလျက် ...

"မတီတီတာ ကို မာလာ သိပါတယ် ..."

"ဟုတ်လား ... ဘယ်မှာလဲ မသိဘူးနော် ... တို့က မမှတ်မိတာလား ... အားနာစရာကြီး ..."

"မတီတီတာတို့က မသိပါဘူး ... မာလာတို့ကသာ

လိုက်သိထားတာလေ ... မတီတီတာတို့က ကျောင်းမှာဆို နံမည်ကြီးတွေပဲဟာ ... ကျောင်းတုန်းကလည်း သိခဲ့တယ် ... ကျောင်းပြီးသွားကြတော့လည်း ဒီလိုပဲ မြင်ရင် တွေ့ရင် ဆက်သိနေတာပဲပေါ့ ...”

တီတီတာက ကိုယ့်ရှေ့က ကောင်မလေးရဲ့ စကားကို ပြုံးပြုံးလေး နားထောင်နေရင်းက “တော်ပါသေးရဲ့”ဟု စိတ်ထဲက ကျိတ်ရေရွတ်လိုက်မိပါသည်။ ကိုယ်နှင့် သိပ်မရင်းနှီးလှသော ... ကိုယ့်မိဘများနှင့်သာ ရင်းနှီးသော ဒီလို အလှူဧည့်ခံပွဲမျိုးကို မိဘများ မအားလပ်၍ တစ်ယောက်တည်း ကြွမြန်းလာရခြင်းဟာ နည်းတဲ့ဒုက္ခလား ...။ အလှူရှင်ကလည်း မျက်နှာကြီး အလှူမျိုးမို့ ပွဲက စည်ကားသိုက်မြိုက်နေမှာနှင့် ကိုယ့်ကို ဧည့်ခံကြိုဆိုနိုင်မယ့်လူ မရှိဘဲ တစ်ဦးတည်း ကြောင်တက်တက်ကြီးတော့ ဖြစ်နေတော့မှာပဲ ... ဟု ကြိုတင်စိတ်ပျက်ထားမိတာ ...။

ထင်သည့်အတိုင်း။ ဒီရောက်တော့ ခေတ္တမျှ ကြောင်နေရပြီးမှ ကိုယ်နှင့်လည်း သိရုံသိပြီး သိပ်မရင်းနှီးလှသည့် အလှူရှင်၏သားက ကိုယ့်စားပွဲသို့ လာနှုတ်ဆက်ပြီး မာလာသွယ့်ကိုပါ နေရာချထားပေးခဲ့ခြင်း ဖြစ်ပါသည်။ ကိုယ်နှင့် တစ်စားပွဲတည်း အချိန်ကြာကြာလေး ထိုင်ရဦးမည့်သူက ကိုယ်နှင့် ရွယ်တူတန်းတူ မိန်းကလေးပဲ ဖြစ်နေတာရယ် ... မာနကြီးကြီး စကားနည်းနည်း နှုတ်ပိတ်ပိတ်ကြီးမျိုး မဟုတ်ဘဲ ဖော်ဖော်ရွေရွေ စကားလက်ဆုံကျလို့ရမည့် ပုံစံမျိုး ဖြစ်နေတာရယ်ကြောင့် တီတီတာက “တော်



ပါသေးရဲ့”ဟု ရေရွတ်လိုက်မိခြင်း ဖြစ်ပါသည်။

တီတီတာ ဆိုတာက ဘယ်တုန်းကမှ တစ်ဦးတည်း ... တစ်ယောက်တည်း နေတတ်ခဲ့တာမှ မဟုတ်ဘဲ။ ဝမ်းကွဲညီအစ်မတွေနှင့်ဖြစ်ဖြစ် ... သူငယ်ချင်းတွေနဲ့ပဲဖြစ်ဖြစ် အုပ်စုလိုက် အဖွဲ့ကျနေရခြင်းကိုပဲ ပျော်ရွှင်ကျေနပ်ကာ နေတတ်ခဲ့သူပါ။

“အော် ... အင်း ... ဟုတ်တယ် ... ဟုတ်တယ် ... ကျောင်းမှာတော့ တို့တွေအုပ်စုက နာမည်ကြီးတယ် ထင်ခဲ့ယ် ... ဘရုတ်ကျတာရော ... အာပြတာရော... ပြီးတော့ “လှလေး”နဲ့ “သဇင်”က တကယ်လှကြလို့ ဆိုပြီး နာမည်ရှိတော့ လူစည်တာလည်း ပါတာပေါ့ ဟင်း ဟင်း ...”

တီတာက သူများမပြောခင် ကိုယ့်အဖွဲ့မကောင်းကြောင်း ကိုယ်ပဲ ကြိုပြောထားလိုက်သည်။ ကျောင်းတုန်းကတော့ တီတာတို့ လေးယောက်အုပ်စုကြီးဖြစ်သည့် ... လှလှလေး၊ တီတီတာ၊ သဇင်နှင့် **‘နန်းမူမူအေး’**တို့ လေးယောက်သားဟာ ဘရုတ်လည်း တကယ်ကျကြ၊ အာပြတာ၊ စည်းတာလည်း နောက်တစ်ဖွဲ့ ထပ်မရှိနိုင် ...။ လှလေးနှင့် သဇင်တို့ကလည်း တီတာတို့ မေဂျာရဲ့ အလှဘုရင်မ နှစ်ပါးမို့ လူလည်း တကယ်စည်ကာ ... ပျော်ဖို့လည်းကောင်း ... လူမုန်းလည်း များခဲ့နိုင်တဲ့ အုပ်စုကြီးမျိုးပါ။ ခုတော့ဖြင့် ထိုအုပ်စုကြီးဟာ ပဲ့သူကပဲ့ ... ပျောက်သူကပျောက် ... ပဲ့လတ္တံ့ ဖြစ်သူကဖြစ် ... အုပ်စုမတောင့်နိုင်တော့ပြီ ...။

"မလှလှလေးနဲ့ မသဇင်လည်း လှပါတယ် ... ဒါပေမယ့် မတီတီတာနဲ့ မနန်းမွှမွှအေးတို့ကလည်း တစ်ယောက် တစ်မျိုးစီနဲ့ ပြောစမှတ်ဖြစ်လောက်အောင် လှကြတာ ချည်းပါပဲ ..."

ကိုယ့်ကိုရှေ့ကထိုင်ပြီး ပေါ်တင်ကြီး ချီးကျူးနေ တော့ တီတာ့မှာ ဘာလုပ်ရမှန်းမသိ "ဟင်း၊ဟင်းဟင်း" ဟုသာ ငြိမ်နေရပါသည်။ ကိုယ့်ကို လာချီးကျူးနေလို့ သူ့ကိုပြန်ပြီး ချီးကျူးရမှာကျတော့ ... မဖြစ်မနေ ထမ်းဆောင်ရမည့် လူမှု ရေးကြီးကို ထလုပ်ရသလိုလိုနှင့် ရှက်စရာကြီး ...။ ဒီနေရာ မှာ အဖွဲ့တောင့်နေစဉ် ကာလက ဆိုရင်တော့ မာလာသွယ် တစ်ယောက် မိုးပေါ်ရောက်သွားလောက်အောင်ပင် ပြန်မြှောက် ပေးလိုက်နိုင်မှာပါပဲ ...။ အုပ်စုတောင့်ရင် ဘာမဆို လုပ်ရဲ သော တီတီတာဟာ တစ်ယောက်တည်း ဆိုရင်တော့ဖြင့် ဘာတွေမှန်းမသိ ဝန်လေးရှက်ကြောက်နေတတ်တာ အကျင့် လို ဖြစ်နေပါပြီ ...။

"ခုတော့ အုပ်စုက မတောင့်တော့ဘူးနော် ... မလှလှ လေးကလည်း အိမ်ထောင်ကျ ... မနန်းမွှမွှအေးက လည်း အမျိုးတွေက လှမ်းခေါ်လို့ နိုင်ငံခြား ထွက် သွားနဲ့ ဒီမှာ မသဇင်နဲ့ မတီတီတာရဲ့ပဲ ကျန်တာပေါ့ နော် ..."

တီတီတာမှာ နည်းနည်းတော့ အံ့သြသွားရပါ သည်။ တော်တော်သိပါလား ... ကျောင်းတုန်းက နာမည် ကြီးသော အုပ်စုတစ်စုကို မြင်ဖူး ကြားဖူးရုံ ရှိခဲ့သော သူစာစ်



ယောက်ဟာ ကျောင်းပြီးတာ တစ်နှစ်လောက်တောင် ရှိတော့ မယ့် အချိန်မှာ ... ကြားထဲမှာလည်း တစ်ခါမှ မကြုံဘူး တော့ပါဘဲနှင့် တီတာတို့ အကြောင်းကို ဒီလောက်တောင် လိုက်သိနေနိုင်သလား ...။ အေးလေ ... ကိုယ်နဲ့ မကြုံပေ မယ့် ဟိုသုံးယောက်နဲ့တော့ အဆက်အစပ်ရှိ ကြုံချင်ကြုံဖူး မှာပေါ့ ...။

"သူတို့တွေနဲ့ သိလို့လားဟင် ..."

"ဟင့်အင်း ... မသိပါဘူး ... ဒါပေမယ့် မာလာက တော့ အားလုံးကို သိနေတယ် ..."

"တစ်မျိုးပဲ" ဟု ထင်လိုက်မိပါသည်။ အေးလေ ဒါပေမယ့် တစ်မျိုးပဲ ဟုတ်ချင်မှလည်း ဟုတ်မှာပေါ့ ... ဆိုရိုးစကားတောင် ရှိတာပဲဟာ ... "ဖိုးစိန်ကြီးကို လူတိုင်း က သိပေမယ့် ... ဖိုးစိန်ကြီးကတော့ လူတိုင်းကို သိနိုင်မှာ မဟုတ်ဘူး" လို့လေ ...။ ကိုယ်တို့တွေက ဖိုးစိန်ကြီးလိုပဲ လူသိများ ... နာမည်တွေကကြီး ဆိုတော့ ... ဟင်းဟင်း ...။

တီတာ့ရဲ့ ဂုဏ်ယူပြုံးလေးမှာ မကြာရှည်လိုက် ရပါ ...။ မာလာသွယ်က အနားသို့ ရောက်လာသည့် စားပွဲ ထိုးလေးတစ်ယောက်ထံမှ ရေခဲမုန့် နှစ်ဖန်ခွက်ကို လှမ်းယူ လိုက်ကာ တီတာ့ဘက်သို့ တစ်ပန်းကန်ကို တိုးရွှေ့ပေးလိုက် ရင်း ...

"မတီတီတာက ရေခဲမုန့်တော့ ကြိုက်မှာပေါ့နော် ..."

"ဟင် ... အင်း ... ဟုတ်တယ် ... တို့က ရေခဲမုန့် တော့ အရမ်းကြိုက်တယ် ... ဘာလဲ ... ဒါကိုလည်း

သိပြန်တာပဲလား ... ဟင်း ဟင်း ဟင်း”

မာလာသွယ့် မျက်နှာတစ်မျိုး ဖြစ်သွားး၏။ ခုန ကလို ဖော်ရွေချိုသာ မိတ်ဖွဲ့လိုသော အပြုံးမျိုးတွေ မာလာသွယ့် မျက်နှာမှာ တစ်စထက်တစ်စ ကွာ,ကွာကျလာတာကို တီတာ့မှာ အံ့အားအသင့်ကြီးသင့်ကာ အလန့်တကြား ကြောင်တက်တက်ကလေး စူးစိုက်ကာ ကြည့်မိနေဆဲ ... မာလာသွယ်က သူ့ရဲ့ ဟန်ဆောင်မှု မျက်နှာဖုံးကို အပြီးတိုင်ပင် ခွာချပစ်လိုက်ပါတော့သည်။

ခပ်တင်းတင်း မျက်နှာထား ... ဒ်ပိပြားပြားစန့်မန့်ရန့်ရန့် ဖြစ်အောင် ဆွဲစေ့ထားသော နှုတ်ခမ်း ... ထောင့်ချိုးထားသော မျက်ခုံးတို့နှင့် မာလာသွယ်က စူးစူးရဲရဲ မျက်ဝန်းအစုံနှင့် တီတီတာ့ကို စေ့စေ့စိုက်ကြည့်ပစ်လိုက်ကာ ...

“ရေခဲမုန့်ကို အရမ်းကြိုက်ရင် ... ရေခဲမုန့်တွေ အများကြီး စားဖြစ်ကြတဲ့ တစ်ညက အဖွဲ့ကျ သိကျွမ်းခဲ့ရတဲ့ “ကြယ်စင်”ဆိုတဲ့ လူတစ်ယောက်ကိုလည်း ကျွမ်းကျွမ်းဝင်ဝင်တော့ သိရှိ ... မှတ်မိ နေမှာပေါ့နော် ...”

ကြယ်စင် ...။

တီတာက တစ်မျိုးလေး ဖြစ်သွားမိတာကို မာလာသွယ် ရိပ်မိသွားမှာ စိုးစိတ်နှင့် အမြန်ဆုံး ထိန်းသိမ်းကာ အရိုက်အုပ်လိုက်သော်ငြား မာလာသွယ်ကတော့ ရိပ်မိသိရှိသွားပြီးပုံနှင့် နှုတ်ခမ်းလေးကိုပင် အသာတွန့်မဲ့လိုက်ကာ ...

“မသိဘူးလို့ ပြောမလို့လား ...”



ခုမှပင် ... ဒီတစ်ယောက်ဟာ မိန်းကလေးချင်းလာရှိရွဲ့နေတာပါလား ဆိုတာကို ရိပ်မိသွားသည့် တီတာက သူ့နှုတ်ခမ်း အတွန့်အမဲ့မှာ အသည်းယားခံခက်ကာ စိတ်တိုသွားရရင်းက ခပ်မြန်မြန်ပင် ...

“တို့က ငြင်းသေးလို့လား ... ခဏတဖြုတ်လောက် အံ့ဩသွားရုံပဲရှိတာ ... ကြယ်စင် ... ဘာဖြစ်လဲ ... သိတယ်လေ ... သိသားပဲ ... မာလာသွယ် ဆိုလိုချင်တဲ့ ကျွမ်းကျွမ်းဝင်ဝင် ဆိုတာတော့ တို့မသိပါဘူး ... ကြယ်စင်နဲ့ တို့တစ်ဖွဲ့လုံးနဲ့တော့ ခင်တယ် ... အဖွဲ့ကျတယ် ... ဒါပဲ”

“ဒီ့ထက် မပိုဘူးပေါ့ ...”

“ဘာကိစ္စ ပိုရမှာလဲ ...”

“မာလာ သိထားတာတော့ ပိုတယ်ဆိုသလားလို့ပါ”

“ဒီမှာ မမာလာသွယ် ...”

တီတီတာက ခပ်ပြတ်ပြတ်ပင် ခေါ်လိုက်ပါသည်။ အဖွဲ့တောင့်နေချိန် မဟုတ်ပေမယ့် ဒီကိစ္စမျိုးမှာတော့ သတ္တိရှိရှိနဲ့ ခပ်ပြတ်ပြတ်ပင် နေတတ်မှ ... ရှက်ကြောက်ရွံ့နေရမယ့် အချိန်မဟုတ်။ တစ်ဘက်က မိန်းကလေးဟာ သာမန်ထက် မကသော ကိစ္စနှင့် ကိုယ့်ကို တမင်ချဉ်းကပ်လာတာဆိုတာ သေချာသလောက် ရှိနေပြီ ...။ ကိုယ်ကမှ မနေတတ် မထိုင်တတ်၊ မပြောမဆိုတတ်လျှင် ကိုယ်ရော ... ကိုယ့်တစ်ဖွဲ့လုံးရော (တစ်စုံတစ်ယောက်ကတော့ ပိုပြီး) ထိခိုက်တော့မည်။

"မမာလာသွယ် တို့ကို ပြောချင်နေတာတွေက ဘာတွေလဲ ... ရှင်းရှင်းပဲ ပြော ... အဲဒီဘက်က ရှင်းရှင်းပြောရင် ... တို့ဘက်ကလည်း ရှင်းရှင်းပဲ ပြန်ပြောနိုင်မယ် ... ကွေ့ဝိုက်လှည့်ပတ်ပြီး ပြောနေရင် ... လိုရင်းလည်း မရောက်ဘူး ... စကားအဓိပ္ပာယ်တွေလည်း လွဲပြီး ပြောတာကတစ်မျိုး ... အဓိပ္ပာယ်ကောက်တာကတစ်လွဲ ဖြစ်ကုန်ရင် မကောင်းဘူး ..."

"ဒါဆိုလည်း အတိအကျပဲ ပြောရတာပေါ့ ..."

"နေဦး ... အရင်ဦးဆုံး မမာလာသွယ်က ဘာလဲ ... ဘယ်သူလဲ ဆိုတာကို အရင်ပြောပြပါ ... ကြယ်စင်နဲ့ ဘာမှမပတ်သက်တဲ့ သူတစ်ယောက်ဆိုရင် ဒီလိုလာလုပ်စရာ ဘာအကြောင်းမှ မရှိဘူးလို့ တို့ထင်တယ် ... ဘာမှ မပတ်သက်ဘဲ တမင်ဝင်စပ်စုစွက်ဖက်ရုံဆိုတဲ့ ဘေးလူတစ်ယောက် ဆိုရင်လည်း တို့က ဘာမှ အရေးလုပ်ပြီး ပြန်ပြောပြနေစရာ မလိုဘူး ..."

"ကောင်းပါပြီ ... အဲဒီလို ရှင်းရှင်းပဲ ဆိုရင် မာလာကလည်း ကြိုက်တယ် ... မာလာလည်း ရှင်းရှင်းပဲ ... မာလာက ကြယ်စင်နဲ့ လက်ထပ်ဖြစ်ကြဖို့ လူကြီးမိဘတွေလည်း သဘောတူ ... လူငယ်ချင်းလည်း လက်ခံထားကြတဲ့ တစ်ယောက်ပါ ... အဲဒီလို လက်ခံသဘောတူထားကြတာဟာ လွန်ခဲ့တဲ့ ငါးလခြောက်လလောက်တုန်းက ကိစ္စမဟုတ်ဘူးနော် ... နှစ်နဲ့ချီနေပြီ ... နှစ်နှစ် ကျော်နေပြီ ..."



ဪ ... ဒီလိုကိုး ...။ ငါးလ ခြောက်လ ဆိုသည့်အတိုင်းအတာကို တမင်တကာ ထည့်ပြောသွားတာဖြစ်မှန်း တီတာက သိပါသည်။ ဘာလို့ဆို ... တီတာတို့နဲ့ ကြယ်စင်နဲ့ သိကြသည်မှာ ခြောက်လခန့်သာ ရှိသေးတာကိုး။ ဒါပေမယ့် ဘာဖြစ်လဲ ... သူ့ဘာသာသူ နှစ်နဲ့ချီရုံမကလို့ မွေးကတည်းကပဲ မိဘချင်း စေ့စပ်ထားထား ... ဒါ တီတာတို့နဲ့ ဘာဆိုင်လို့လဲ ...။ လွန်ခဲ့တဲ့ နှစ်,နှစ်ကျော်ထဲက မြန်းထားကြရင် ခုထက်ထိ ဘာလို့ မယူဖြစ်ကြသေးလဲ ... ယူပေါ့ ...။ ဒီမှာ ဘာဆိုင်လို့ ရန်လာလုပ်နေရမှာလဲ ...။

"အဲဒီတော့ ဘာဖြစ်သလဲ မမာလာသွယ် ..."

"နှစ်,နှစ်ကျော်လည်း စေ့စပ်ထားသေး ... ဘာလို့ဒါတွေ လာပြောနေရသလဲလို့ ရှင်ကတော့ ထင်မှာပဲ"

"မထင်ပါဘူး ... နှစ်,နှစ်ကျော် စေ့စပ်ထားတယ်ဆိုရင်လည်း ယူကြပါတော့လား ... ဘာဖြစ်လို့ အခုထိ မယူဖြစ်ကြသေးတာလဲ ..."

"ဪ ... ရှင်က ခုတော့ ဒီလိုပြောပြီပေါ့ ..."

"ဟင် ... ခုမှ မဟုတ်ပါဘူး ... ဘယ်တော့ဖြစ်ဖြစ် ဒီစကားပဲ ပြောရမှာပဲ ..."

"ဇေ့လည်ကြောင်ပတ် မလုပ်ပါနဲ့ မတီတီတာ ... မာလာပြောတဲ့ ခုမှဆိုတဲ့ အဓိပ္ပာယ်ကို ရှင်သိပါတယ် ... ရှင်က အခု လက်ထပ်တော့မယ်လေ ..."

"ဟာ ... ဘာတွေလဲ ... ဘာဆိုင်လဲ ..."

တီတီတာ အလွန်ပဲ စိတ်ညစ်သွားပါသည်။

ဘယ့်နှယ့် ... ဘုန်းကြီးအမူ ရှာပတ် ဖြစ်နေပြီ။ ကိုယ်လက်ထပ်တော့မှာမို့ ကြယ်စင်လည်း ယူချင်တဲ့လူနဲ့ ယူပေါ့လို့ ပြောရတယ် ဆိုရအောင် ... ကိုယ်နဲ့ ကြယ်စင်နဲ့ကပဲ ဘာလိုလို ... လို ...။ အမယ် ...။

"ဆိုင်တာ မဆိုင်တာ ရှင်အသိဆုံး နေမှာပေါ့ ... ရှင်က ရှင်လက်ထပ်တော့မှာမို့ ကြယ်စင်ကို ခွာပြီလေ"

"ဟာ ... ဟာ ... မမာလာသွယ် ... လွန်ပြီနော် ... မဟုတ်မဟတ်တာတွေကို အတည်ပေါက်လုပ်ပြောပြီး အစွမ်းကုန် စွပ်စွဲနေပြီ ... တို့ လက်ထပ်တော့မှာမို့ ကြယ်စင့်ကို ခွာပြီဆိုတဲ့ စကားက အဓိပ္ပာယ်အများကြီး တာသွားတယ်နော် ... အဲဒီစကားအရ တို့နဲ့ ကြယ်စင်နဲ့ကပဲ ဘာလိုလိုကြီးလိုလို ဖြစ်နေတယ် ... တကယ်တမ်းက ဘာမှလည်း မဟုတ်ဘူး ... ကြယ်စင်နဲ့ တို့အုပ်စုကြီး ခင်ခဲ့ကြတယ် ... အဖြစ်က ဒါပဲ ... တို့ လက်ထပ်တော့မယ့်ကိစ္စမှာ တို့နဲ့ ခင်ခဲ့တဲ့ ယောကျ်ားလေးတစ်ယောက်ကို ဘာမှ ခွာစရာအကြောင်း မရှိဘူး ... အဓိပ္ပာယ် မရှိဘူး ... ခွာလည်း မခွာဘူး..."

"ဒါဆိုရင် ဘာလို့ ခင်ခဲ့ဆိုတဲ့ စကားလုံးကို သုံးရတာလဲ ... 'ခဲ့'က ဘာလို့ ပါနေရတာလဲ"

အဲ ... ။ တီတာ့ ခမျာ နည်းနည်းတော့ တစ်မျိုးလေး ဖြစ်သွားရပါသည်။ အင်း ... ဟုတ်ပါရဲ့ ... ဘာလို့ ထည့်သုံးမိပါလိမ့် ...။ သုံးကိုသုံးရမယ့် ကိစ္စမျိုးမို့ ထင်ပါရဲ့ ...။ ဟုတ်တယ်လေ ... ဟိုတုန်းကတော့ ခင်ခဲ့တယ် ...



ခင်ခဲ့တယ် ဆိုတာလည်း တစ်ဖွဲ့လုံးထက် တစ်ယောက်တည်းနှင့်သာ နည်းနည်းပိုပြီး ကျွမ်းဝင်ခဲ့တာ။ သို့သော် ထိုတစ်ယောက်ဟာ တီတာ မဟုတ် ... လှလေးသာ ဖြစ်သည်။ ခုတော့ လှလေးလည်း အိမ်ထောင်ကျသွားခဲ့ပြီ ... ကြယ်စင်နဲ့ တီတာတို့လည်း အဆက်အစပ်ကို လုံးဝမရှိကြတော့။ အဲဒီအခါကျတော့ "ခဲ့"ကို ထည့်သုံးမိတာပေါ့။

" 'ခဲ့'ပါနေရတာကတော့ ခု သူနဲ့မှ အဆက်အစပ်မရှိကြတော့တာ ..."

"တဲ့မင် ဖြတ်တာတော့ မဟုတ်ဘူးပေါ့ ..."

"မမာလာသွယ် ... ရှင် အရမ်းလွန်နေတာ ကိုယ့်ကိုကိုယ်မှ သိရဲ့လား ... တို့က မျက်နှာနာရမယ့်သူတွေရဲ့ ပွဲမှာမို့ ငြိမ်နေတာနော် ... နို့မို့ဆို ရှင်နဲ့ စကားဆက်မပြောတော့ဘူး ... တို့ ထ,ထွက်သွားတာ ကြာလှရှိပြီ ..."

"လက်ထပ်ခါနီး မိန်းကလေးတစ်ယောက် အနေနဲ့ ဒါမျိုးကို အုတ်အော်သောင်းနင်း အဖြစ်မခံနိုင်ဘူးဆိုတာ မာလာ သိပါတယ် ..."

သြော် ... ဖြစ်ရပြန်ပြီ တစ်မျိုး။ သူ့စကားအရ ဒီပွဲမှာ သူနှင့် တီတာတို့ လာဆုံကြတာသည်ပင် မတော်တဆမဟုတ်ဘဲ ... သူ့ဘက်က တမင်လာတွေ့သည့် သဘောမျိုး ဖြစ်နေပါလား ...။ တီတာ့မှာ အုပ်စုမတောင့်လျှင် စကားမစူးဖြစ်လေ့ရှိသည့် ထုံးစံအတိုင်း ကိုယ်ပြောချင်ရာ စကားများအတွက် စကားလုံး ရှာမရ ဖြစ်နေပါသည်။ လက်ထပ်ခါနီး

ဆိုတာလည်း မှန်သည်။ သို့သော် ကြယ်စင့်အကြောင်း၊ သူနဲ့ ခင်ခဲ့တဲ့ အကြောင်း၊ အခု ဒီမိန်းကလေးရဲ့ အကြောင်း၊ ဒါတွေအားလုံးကို ကိုယ်နဲ့ လက်ထပ်ဖြစ်မယ့် လူကို ဘာမှ အသိမခံနိုင်စရာ အကြောင်းမျိုး မရှိ ...။ သိလည်း ဘာမှ မဖြစ်မယ့် သာမန်ပုံမှန်ကိစ္စတွေပဲ ...။

ပြီးတော့ ဒီပွဲမှာ သူပြောသလို အုတ်အော်သောင်းနင်း အဖြစ်မခံနိုင်ဘူး ဆိုရင်လည်း ... ဒါဟာ ပွဲရှင်များကို လေးစားအားနာသမှုနှင့်သာ ဖြစ်သည်။ ကြယ်စင်နှင့် ပတ်သက်သော အကြောင်းအရာများကို ဖုံးကွယ်လိုခြင်းနှင့် ဘာမှ မပတ်သက်ပါ။

"ရှင် ဆိုလိုတာက ကြယ်စင်နဲ့ ရှင်နဲ့ ဘာမှ မဖြစ်ခဲ့ဘူးပေါ့ ... အဲဒီလိုလား ..."

"ဘာလို့ ဖြစ်ရမှာလဲ ... ခုလို လာဖွင့်မေးခံရတာတောင် လွန်လှပြီ ... တကယ်ဆို ကိုယ်နဲ့ လက်ထပ်မယ့် ယောက်ျားတစ်ယောက်ကို မယုံသင်္ကာရှိရင် ... သူ့အကြောင်း ရှင်းရှင်းလင်းလင်း သိချင်ရင် သူ့ကိုပဲ အရင်ဦးဆုံး ဖွင့်မေးသင့်တယ် မမာလာသွယ် ... အဲဒီအခါကျရင် သူ့အကြောင်းတွေကို အားလုံး မှန်မှန်ကန်ကန် သိရလိမ့်မယ်လို့တော့ ကို အာမခံနိုင်ဘူး ... ဒါပေမယ့် အခုလို မဆိုင်တဲ့လူတွေကို လာရမ်းနေမိတာမျိုးတော့ ဖြစ်လာမှာ မဟုတ်ဘူး"

"မဆိုင်တဲ့ ကိစ္စလို့မှ မာလာက မထင်ဘဲ ... ကြယ်စင်ကလည်း မဆိုင်ဘူးလို့ မပြောပါဘူး ..."



"ဘာ ... ကြယ်စင်က တို့နဲ့သူနဲ့ ဆိုင်တယ်လို့ ပြောသလား ... လူလိမ် ... ဘယ်မလဲ ဒီလူ ... ခုခေါ်ပေး၊ ဆုံရှင်းမယ် ... အလကား ... ပေါက်တတ်ကရ .. အလိမ်အညာ ..."

"ကြယ်စင်က ပါးစပ်ကနေ ပြောတာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် သူ့ဒိုင်ယာရီကို မာလာက ရထားတယ်လေ"

"အဲဒီထဲမှာ သူက တီတီတာနဲ့ ကြိုက်ခဲ့ကြပါတယ်လို့ ရေးထားသလား ..."

"ရှင်တို့နဲ့ စတွေ့ခဲ့ကြတဲ့ အဖြစ်အပျက်တွေကို လွန်ခဲ့တဲ့ ခြောက်လကနေစပြီး လွန်ခဲ့တဲ့ နှစ်လအထိ အကုန်ရေးထားတယ် ... လွန်ခဲ့တဲ့ နှစ်လကတော့ ရှင်က အခုလူနဲ့ ယူတော့ဖို့ ဆုံးဖြတ်ပြီး ခေါင်းညိတ်လက်ခံလိုက်တယ် မဟုတ်လား မတီတီတာ ... သူ့ဒိုင်ယာရီက အဲဒီမှာပဲ ရပ်သွားခဲ့ပါတယ် ..."

ဘုရားရေ ... ကိုယ့်အတွင်းရေးတွေတောင် သူတို့က အတိအကျ လိုက်သိထားပါလား ... လွန်ခဲ့တဲ့ နှစ်လ။ လွန်ခဲ့တဲ့ နှစ်လဆိုတာသည် ... လှလေး လက်ထပ်သွားခဲ့သော အချိန်ပဲ ...။ ကြယ်စင်ဟာလည်း ကျွန်တစ်အုပ်လုံးထက် လှလေးနဲ့သာ ပိုပြီး အကျွမ်းတဝင်ရှိခဲ့သူ ...။ ဒုက္ခပဲ။ ကြယ်စင်နဲ့ လှလေးတို့ဟာ တီတာတို့ တစ်အုပ်လုံး မသိခဲ့ရဘဲ ကြိုက်ဖြစ်လိုက်တဲ့ အထိကို ဖြစ်သွားခဲ့တာလား။ တီတာတို့ သိသလောက်ကတော့ အိမ်ထောင်ပြုရတော့မှာမို့

စိတ်တွေ အလေကြီး လေနေခဲ့တဲ့ လှလေးဟာ ကြယ်စင့်ကို ပြန်ပြီးအီခဲ့ရုံ ...။ ရောရောနှောနှောနဲ့ စိတ်ကစားခဲ့ရုံပဲ မဟုတ်ဘူးလား ...။

ဒါပေမယ့် နေပါဦး ... တကယ်ပဲ ကြိုက်ခဲ့ကြပါသည် ဆိုရင်တောင် သူ့ဒိုင်ယာရီထဲက နာမည်ဟာ 'လှလှလေး'ပဲ ဖြစ်နေသင့်တာပေါ့။ 'တီတီတာ'က ဘယ်က ဘယ်လို အချောင်တရားခံ ဖြစ်ရဦးမှာလဲ ...။

"ရှင့်လူရဲ့ ဒိုင်ယာရီထဲမှာ အလွန်စိတ်ပုပ်ယုတ်မာစွာ တီတီတာ ဆိုတဲ့ နာမည်တွေ ပါနေခဲ့တယ်ပေါ့ ..."

"ဟင့်အင်း ... 'အချွဲလေး'လို့ပဲ ပါတာပါ ..."

မာလာသွယ်မှာ ထိုနာမည်ကို ခေါ်ပြလိုက်ရတာနဲ့ပင် သူ့ပါးစပ်ထဲမှာ အတော်ကြီး ခါးသီးစက်ဆုပ်သွားရပုံနှင့် မျက်နှာက အထူးတလည် ပိုမို ပျက်ယွင်းသွားပါသည်။

"ကျွတ် ... အချွဲလေး ဆိုတာနဲ့ပဲ တို့ ဖြစ်ရရောလား"

"မာလာ အားလုံး သေချာ လိုက်စုံစမ်းပြီးပြီ မတီတီတာ ... အချွဲလေးဟာ ဒီအုပ်စုထဲကပဲ ... ဒီအုပ်စုထဲမှာမှ ... ရှင်ပဲ ..."

သေလိုက်ပါတော့။ သေချာပြီ။ ဒီလောက်တောင် ဆိုနေပုံထောက်ရင် လှလေးဟာ တီတာတို့ကို လူလည်ကျမျိုးသိပ်ကာ ကြယ်စင်နှင့် တိတ်တိတ်ကလေး ချစ်ခဲ့ကြပြီ။ ကျွတ် ... စိတ်ပျက်စရာ ကောင်းလိုက်တာ လှလေးရာ ... ကြယ်စင်နှင့်သူ စတွေ့ကြရိုန်မှာ သူဟာ ခုအိမ်ထောင်ဘက် "ဦးမျိုးမင်း"နှင့် လက်ထပ်ရတော့မည် ဆိုတာ သေချာနေခဲ့ပြီးပြီ ...။ ဒါတောင် ခုမှတွေ့ ခုမှသိတဲ့ ယောက်ျားလေးတစ်ယောက်နဲ့ လေးလလောက်လေးအတွင်း ကြိုက်ဖြစ်လိုက်ကြသတဲ့လား ...။



ဦးမျိုးမင်းကို လုံးဝမယူချင်လို့ ထိုယောက်ျားလေးနဲ့ပဲ ကြိုက်ပြီး လက်ထပ်ကြပါမည် ဆိုရင်လည်း တစ်မျိုးပေါ့ ...။ ခုတော့ လေးလလောက်ပဲ ကြိုက်လိုက်ပြီး ပြန်လက်ထပ်ဖြစ်တော့လည်း ဦးမျိုးမင်းနှင့်သာ ...။ ရှုပ်မ။ တောက် ... အဲဒါတွေကြောင့်ပဲ သူ့ ဦးမျိုးမင်းကလည်း သူ့ကို စိတ်တွေ အတန်တန် မချကာ သဝန်တို၊ ဒေါသကြီး၊ မျက်စိဒေါက်ထောက် ကြည့်ကာ စိတ်ပျက်စရာကောင်းတဲ့ အနေအထားကြီးနှင့် ဖြစ်နေတော့တာပေါ့။ ဒါတောင် ကြယ်စင်နှင့် ကြိုက်ဖြစ်လိုက်ကြတာ ဦးမျိုးမင်းလည်း လုံးဝသိလိုက်ပုံမရပါ။ သိရင် အခြေအနေက ဒီ့ထက် ပိုဆိုးနိုင်ပါသည်။ ဒီလိုဆိုတော့လည်း တီတီတာ့ ခမျာ ကြယ်စင့်ရဲ့ ဒိုင်ယာရီထဲက "အချွဲလေး"ဟာ ကိုယ်မဟုတ်ဘဲ လှလေးသာ ဖြစ်နိုင်ကြောင်း ... အထင်တွေ လွဲနေသည့် မာလာသွယ့်ကို ရှင်းမပြလိုက်ရဲ ...။

ဒီမိန်းမရဲ့ ရှုးရှုးဒိုင်းဒိုင်း ဆံတစ်ပင်တင်း၊ မျက်စပ်ပိုးဝင် ဖြစ်နေပုံဟာ အဖြစ်မှန်ကို သိလိုက်ရရင် ဦးမျိုးမင်းနဲ့ လှလေးတို့အထိ လိုက်တက်ပြီး သွားမချဲဘူးဟု မပြောနိုင်ပါ။ တော်ကြာ ကိုယ့်စကား တစ်ခွန်းကြောင့် ကိုယ့်သူငယ်ချင်းရဲ့ အိမ်ထောင်ရေးမှာ အပုအထစ် တစ်ခုခု ဖြစ်သွားရရင် ကိုယ်ပဲ စိတ်ကောင်းနိုင်မှာ မဟုတ် ...။

အဲဒီလိုဆိုတော့ ... ကိုယ်ကလည်း လက်ထပ်ခါနီးဆဲဆဲကြီး အထင်မှား အမြင်မှားတွေထဲမှာ ကိုယ်ပဲပိတ်မိနေရရောတဲ့လား။ ကိုယ့်လူဟာ လုလေးရဲ့ ဦးမျိုးမင်းလို မဟုတ်ဘဲ ... နားလည် သဘောပေါက်လွယ်ကာ ... ပြောလို့ဆိုလို့ ရသူဆိုပေမယ့် ... ကိုယ်ဟာ ... နေရင်းထိုင်ရင်းကြီးတော့လည်း ယောကျ်ားလေးတစ်ယောက်နှင့် လေးလအတွင်း တွေ့၊ချစ်၊ကွဲ၊ပြတ် ဆိုတဲ့ နာမည်ဆိုးကြီးနဲ့ မဖြစ်ချင်ပါဘူး။ ကိုယ်မှ မဟုတ်တဲ့ဟာ ... ဝင်ပြီး နာမည်ပျက် ခံစရာလား။

ဟာ ... အဓိပ္ပာယ် မရှိဘူးကွာ ...။ ဒီမိန်းမကလည်း သူ့လူ ရေးထားတဲ့ စာတွေကိုဖတ်ပြီး ဘယ်လိုက ဘယ်လို တလွဲတွေ အဓိပ္ပာယ်ကောက်ကာ ... အချွဲလေးဟာ ကိုယ်ဟုသာ ထင်နေရတော့သည် မသိ။ ကိုယ်ကတော့ "လုလေး"ဟု နာမည်တပ်ကာ မပြောလိုက်ချင်ပါ။ ကာယကံရှင်ဖြစ်တဲ့ ကြယ်စင်ကသာ ဒီမိန်းမကို ထိန်းထိမ်းသိမ်းသိမ်းနှင့် ရှင်းပြလိုက်နိုင်ရင် သိပ်ကောင်းမှာပဲ ...။

"ဒီမှာ ... အဲဒီ အချွဲလေးဟာ တို့ မဟုတ်ပါဘူး ... ရှင့် ကြယ်စင်နဲ့လည်း တို့နဲ့ ခင်ရုံကလွဲလို့ ဘယ်လိုမှ မပတ်သက်ခဲ့ပါဘူး ... ရှင် သူ့ကို ပွင့်ပွင့်လင်းလင်း ခေါ်မေးကြည့်လိုက်ပါ"

"မေးလို့မှ မရဘဲ ..."

"ဟင် ... ဘာဖြစ်လို့ ..."

"ရှင် တကယ်ပဲ မသိတာလား ... မသိချင်ယောင်ဆောင်နေတာလား မတီတီတာ ..."



တီတီတာက ဒေါသဖြစ်ဖြစ်နှင့် မျက်မှောင်ကုပ်ကုပ်နှင့်သာ ထိုမိန်းမကို ကြည့်နေလိုက်ပါသည်။

"အခု ကြယ်စင် ပျောက်နေတယ်လေ ... ကြယ်စင် ဘယ်မှာလဲ ... အဲဒါကို သိချင်လို့ မာလာ ရှင့်ဆီကို လာခဲ့တာပေါ့ ... နို့မို့ဆိုရင် ကိုယ်နဲ့ စေ့စပ်ထားတဲ့ သူရဲ့ ရည်းစားဟောင်းကို မာလာက ဘာလို့ အောက်ကျခံပြီး လာတွေ့ရမှာလဲ ... မာလာ ထင်တယ် ... ရှင် သိကိုသိမှာပဲ ... ခု ကြယ်စင် ဘယ်မှာလဲ ..."

"ဟင် ... ဒါ ... ဒါ ... ရာဇဝတ်မှုလား ... လူပျောက် မတိုင်ဘူးလား ... သူ့မိဘဆွေမျိုးတွေကရော လိုက်မစုံစမ်းကြဘူးလား ..."

မာလာက စိတ်ပျက်လက်ပျက် ခေါင်းခါယမ်းကာ တီတီတာ့ကို အစွမ်းကုန် အကဲခတ်နေရင်းကပဲ ...

"သူက တစ်ကောင်ကြွက် ... လူပျောက် တိုင်ရအောင် သူ့ဟာနဲ့သူ အသည်းကွဲပြီး ထင်ရာလျှောက်သွားနေတဲ့ လူတစ်ယောက်အတွက် မာလာတို့က ရဲကိုဒုက္ခပေးနေရဦးမှာလား ..."

"ဒါပေမယ့် လူပျောက်မှုကတော့ လူပျောက်မှုပဲလေ၊ တော်တော်ကြာ ရှင်ပြောသလို အသည်းကွဲပြီး ထင်ရာလျှောက်သွားနေတုန်း၊ ကားတိုက်၊ ရထားကြိတ်ဆိုရင် ဘယ်လိုလုပ်မလဲ ... ဒါမှမဟုတ် ကိုယ့်ဘာသာ သတ်သေပြီး (Suicide) လုပ်သွားမယ်ဆိုရင်ကော ... ရဲတိုင်တာကတော့ တိုင်ရမယ် ထင်တယ် ... တစ်ကောင်

ကြွက်ဆိုလည်း နီးနီးစပ်စပ် ဆွေမျိုးတော့ ရှိမှာပေါ့၊ ဒါမှမဟုတ် ခုချိန်မှာ ရှင်က အနီးစပ်ဆုံး ပတ်သက်သူ ဆိုရင်လည်း ရှင်ကပဲ ပိုင်ရှင်လုပ်ပြီး တိုင်ပေးလိုက်ပေါ့ ... သတင်းစာထဲရော ... ကြော်ညာ မထည့်ဘူးလား ..."

မာလာက ကုလားထိုင်ထက်မှ ထရပ်လိုက်ပါသည်။ တီတီတာ့ ကိုတော့ အကဲခတ်မပျက်ပင် ရှိနေပြီးမှ သူ့အိတ်ထဲမှ လိပ်စာကတ်လေးတစ်ခုကို ထုတ်ယူကာ ...

"ရှင်နဲ့ တကယ်လို့ ဆုံဖြစ်ရင် ... တစ်ခုခုဆိုရင် ... မာလာ့ကို ဆက်သွယ်ပေးပါ တီတီတာ ... ရှင်ပြောသလို ချစ်သူတွေ မဖြစ်ခဲ့ကြဘူး ဆိုရင်လည်း ... မိတ်ဆွေတွေ အနေနဲ့ပေါ့ ... ကူညီပါ ..."

တီတီတာက မာလာ့ထံမှ လိပ်စာကတ်လေးကို ယောင်ယမ်းပြီး လှမ်းယူလိုက်သည်။

"သူ့ကို မတွေ့သေးလဲ မာလာနဲ့ စကားပြောစရာတွေ ရှိလာမယ်ဆိုရင် ဖုန်းဆက်လိုက်ပါ မတီတီတာ ..."

မာလာက ရုတ်တရက် လှည့်ထွက်သွားသော အခါ တီတီတာ့မှာ ကြောင်အအနှင့်ပင် ကျန်ရစ်ပါသည်။ စောစောက အထင်မှား ခံရ၍ ဒေါသဖြစ်နေရတာတွေပင် လျှင် ဘယ်ရောက်ကုန်ကြပြီ မသိ။ ကြယ်စင်နှင့် လှလေးတို့ ချစ်သူတွေ ဖြစ်ခဲ့ကြသည် ဆိုသော အဖြစ်အပျက်ကြီးကို အံ့ဩလို့မှ မဆုံးသေး ...။ ထိုကြယ်စင်ဟာ အသည်းကွဲဝေဒနာနှင့် အခု ပျောက်တောင်မှ ပျောက်ဆုံးနေပါသတဲ့။



တီတီတာ့မှာ ရင်ခုန်လှုပ်ရှားကာ တုန်ရီလာအောင်ပင် ဖြစ်လာရပါသည်။ ခင်မင်စရာကောင်းသော ကြယ်စင့် မျက်နှာကိုလည်း ပြန်မြင်လာမိ၏။ ဒီလူဟာ မှုန်ကုတ်ကုတ် ဂျစ်ကန်ကန်နဲ့ ရုတ်တရက် ကြည့်လိုက်ရင်တော့ သဘောဆိုးဆိုးပုံစံမျိုးကြီး။ တီတီတာ တို့ကိုလည်း မိန်းကလေးတွေရယ်လို့ ပျော့ပျော့ပြောင်းပြောင်း ချိုချိုသာသာမရှိ ... ဘုချည်းမှုတ်တာပါ ...။

သို့သော် အဲဒီလို လူမျိုးကိုမှ တီတာတို့ လေးယောက်စလုံးက သဘောတကျနှင့် အဖွဲ့ကျ ခင်မင်ခဲ့ကြသည်။ ခုတော့ ဒီလူဟာ ပျောက်ဆုံးလို့ နေပါသတဲ့။ တီတီတာ့ ခမျာ လန့်ထိတ်ကာ စိတ်မကောင်းသလိုလိုကြီး ဖြစ်နေရပါတော့သည်။

ထိုတစ်ညက အကြောင်းကို ပြန်ပြောင်း စဉ်းစားရလျှင် ... တီတာ့ အတွေးအိမ်ထဲမှာ အားလုံးဟာ အမှတ်ရစရာတွေချည်းပင် ဖြစ်နေတော့သည်။ ထိုနေ့ညက လှလှလေးကို တီတာတို့ ကျန်သုံးယောက်က မနည်းကြီး လိုက်ထိန်းနေခဲ့ရသည့်အချိန် ဖြစ်ပါသည်။ ဒီလိုဆိုလိုက်တော့ "လှလေးဆိုတာ ဘယ်လိုမိန်းကလေးလဲ" ဟု ထင်သွားစရာ အကြောင်းရှိသည်။ လှလေးမှာ တကယ်ပဲ အရူးလို ရမ်းကားနေခဲ့တာမို့ တီတာတို့မှာ သနားကလည်းသနား ... အမြင် ကလည်းကပ်နှင့်

လိုက်ချော့ အလိုလိုက်နေခဲ့ရသည်။ လှလေးမှာ အရှုံးတစ်ယောက်လို စိတ်မှုံး မှုံးနေခဲ့ပါသည်။

"ဒီမှာ ယောက်ျားတွေသာ ကျုပ်လိုစိတ်ညစ် အကျဉ်းအကျပ် ကျနေပြီဆိုရင် သူတို့ ဘာလုပ်ကြမလဲ သိလား ... ဘီယာဖြစ်ဖြစ် ... အရက်ဖြစ်ဖြစ် သောက်ပြီး သူငယ်ချင်းတွေနဲ့ ဝိုင်းဖွဲ့ပေါက်ကွဲ စိတ်ဖြေကြလိမ့်မယ် ..."

"ရှင်ကရော ... အဲဒီလို လုပ်မလို့လား ..."

မှုံမှုံက စိတ်ပေါက်ပေါက်နှင့် ရွဲ့မေးတော့ လှလေးက ခေါင်းခါယမ်းကာ ...

"ကျုပ်က မိန်းမလေ ... မိကောင်းဖခင် သားသမီးလေ ... မြန်မာပြည်မှာလေ ..."

"အဲဒီတော့ ဘာဖြစ်လဲ မြန်မြန်ပြောဟာ ..."

"Cool House မှာ ရေခဲမုန့် အဝသွားစားပြီး ... ရေခဲမုန့်နဲ့ ပေါက်ကွဲမယ်"

ရေခဲမုန့်ကိုတော့ ဘယ်သူမှ မလွန်ဆန်နိုင်တာမို့ လေးယောက်သား ည(၇)နာရီလောက် အရောက်မှပင် Cool House သို့ ထွက်လာခဲ့ကြပါသည်။

"ကျုပ် ကိုကို့ကို မယူချင်ဘူးဟာ ... သေချင်တယ်"

"မယူချင်ဘူးလဲ ပြောသေး ... ကိုကိုကတော့ တစ်ပြားမှ မလျော့ဘူး ..."

"ဒါကတော့ ငယ်တည်းက နှုတ်ကျိုးနေတာကိုး ..."

"အေးလေ ... ငယ်တည်းက အတွင်းသိ အစဉ်းသိ ..."



ကိုယ့်ကိုလည်း ချစ်သေး ... မိဘတွေကလည်း သဘောတူ ... လူကောင်း ... ပိုက်ဆံရှိ ချမ်းသာ ... မျိုးရိုးကောင်း ပညာတတ် ... ဘာငြင်းစရာရှိလဲ ... ရှင်က ဘာဖြစ်နေရတာလဲ ..."

"သူက ကျုပ်ကို ကြွေးနဲ့သိမ်းတာကွ ..."

"ဟယ် ... မဟုတ်ပါဘူး ... ပေါက်တတ်ကရ ..."

"ဟုတ်တယ် ... ဟုတ်တယ် ... ဟုတ်ကိုဟုတ်တယ်၊ ကြွေးနဲ့ သိမ်းတာ မဟုတ်ရင် ဒီလို အဘိုးကြီးကို ကျုပ်က ဘာယူစရာရှိသလဲ ..."

"အဘိုးကြီးလည်း မဟုတ်ပါဘူးဟယ် ... သုံးဆယ့်ငါး သုံးဆယ့်ခြောက်ဆို ..."

"ဒါပေမယ့် ကျုပ်နဲ့ စာရင်တော့ အဘိုးကြီးပဲ..."

တီတီတာတို့က ခုမှ ကျောင်းပြီးခါစ နှစ်ဆယ့်နှစ် နှစ်ဆယ့်သုံး အရွယ်တွေပါ။ ဆယ့်သုံးနှစ်လောက် ကွာပေမယ့် ဦးမျိုးမင်းရဲ့ ပုံစံဟာ အဘိုးကြီးဟုတော့ မခေါ်နိုင်လောက်သေးသော ပုံပန်းအရွယ်တင်ပုံမျိုးနှင့်ပါ။

"ရှင့်အဖေနဲ့ သူနဲ့ အလုပ်စပ်တူ လုပ်ကြတယ် ... ရှုံးကြတယ် ... ရှင်တို့ ဒုက္ခတော့နည်းနည်း ရောက်မှာပေါ့ ... ဒါပေမယ့် ကျုပ်တို့ သိသလောက်တော့ ဦးမျိုးမင်း ဆီမှာ ရှင့်အဖေက အကြွေးတွေ တင်မနေပါဘူး ... ဟုတ်တယ် မှတ်လား ..."

"မသိဘူး ... တင်[illegible]ရတယ် ..."

"တင်နေလည်း ... အဲ[illegible] သပ်သပ် ... ဦးမျိုးမင်းက

ရှင့်ကို သဘောကျတာက သပ်သပ်ပဲ ဖြစ်မှာပါ ... အဲဒီအလုပ် မဝိုင်ခင်ကတည်းက ဦးမျိုးမင်းက ရှင်တို့အိမ်မှာ ဝင်ထွက်သွားလာနေခဲ့တာပဲ ... ရှင့်ကို သဘောကျနေတာ လည်း ကြာပါပြီ ... ကျုပ်တို့တောင် ရိပ်မိပြီး စနေသေးတဲ့ဟာ ...”

“မဟုတ်ဘူး ... မဟုတ်ဘူး ... ကြွေးပိနေလို့ ကျုပ်ကို ချစ်တီးသိမ်း,သိမ်းတာ ... အဖေတို့ အမေတို့ကလည်း သမီးကို ကြွေးမဆပ်နိုင်တိုင်း ထိုးအပ်ပစ်တာ ...”

“ဟယ် ... အဲဒီလို မပြောနဲ့လေ ... ကိုယ့်မိဘကို ... ရှင့်ကို ရှင့်အမေက ရွေးချယ်ခွင့် ပေးသားပ ... ကျုပ်တို့ရှေ့တင် မောင်မျိုးမင်းကတော့ သမီးကို သဘောကျတယ် ... ဒါပေမယ့် သမီးစိတ်ကြိုက်ပဲဆုံးဖြတ် ... ရည်းစားတွေ ဘာတွေ ရှိရင်လည်း ပြောပေါ့ ... မေမေတို့ကတော့ မောင်မျိုးမင်းနဲ့ ဆိုရင် သဘောတူတယ် ... ဝမ်းသာတယ် ... ဒါပေမယ့် သမီးမကြိုက်တာဆိုရင်တော့ အတင်းမလုပ်ပါဘူးလို့ ပြောတာပဲ ... ကျုပ်တို့အားလုံး ကြားတယ် ...”

“အေး ... ရှင်တို့က အဲဒီလောက်ပဲ ကြားတာကိုး ... တစ်နေ့ တစ်နေ့ အိမ်မှာ ဘာတွေ ဘယ်လို နားချနေလဲ ... ငြင်းမိရင်ပဲ မိဘကျေးဇူးမသိတော့တဲ့ သမီးမိုက်ကြီး ဖြစ်လာတော့မယ့် အတိုင်း ပြောနေကြသလဲ ရှင်တို့ သိလို့လား ... [illegible]ပ်ကို ရွေးချယ်ခွင့် ပေးထားတယ်ဆိုတာ အလ[illegible] ... လူကြားကောင်းအောင်



လုပ်တာ ... ငြင်းမရလို့ ငြင်းမဖြစ်လို့ မျက်စိစုံမှိတ်လိုက်ရမယ့် အဖြစ်ကို ကျုပ်ကပဲ လိုလိုချင်ချင်နဲ့ ဒါကြီးကို လက်ခံလိုက်သလိုဖြစ်အောင် ဝိုင်းလုပ်နေကြတာ ...

ငြင်းမရလို့ လက်ခံရတာ ... မယူချင်ဘူး ... ဒင်းကြီးကို မုန်းတယ် ... အကောင်းမှတ်လို့ ခင်ခင်မင်မင်နဲ့ ပေါင်းနေတာ ... မပြောမဆိုနဲ့ ကြွေးနဲ့သိမ်းတဲ့ အဖြစ်ကို လုံးဝမကျေဘူး ... ယူပြီးတာတောင် ဒင်း ကျုပ်အကြောင်း ကောင်းကောင်း သိစေရမယ်”

“အဲဒီလိုတော့ မလုပ်ပါနဲ့ဟယ် ... ယူပြီးပြီဆိုရင်တော့ ကိုယ့်အိမ်ထောင်ရေး အဆင်ပြေအောင် ကိုယ်ပဲ ကြိုးစားရမယ့်ကိစ္စကို ...”

“မသိဘူး ... မသိဘူး ... ကျုပ်ကို ကြွေးနဲ့သိမ်းချင်တဲ့လူတော့ ကျုပ်အကြောင်း ပြရမှ ...”

ရေခဲမုန့်တွေ တစ်ခွက်ပြီးတစ်ခွက် မှာစားနေကြရင်း (အသံအကျယ်ကြီး မဟုတ်ပေမယ့် အတော်ကျယ်ကျယ်တော့) အော်ဟစ်နေသည့် လှလေးကို သဇင်က အမြင်ကပ်လာသည့်ပုံ ရပါသည်။

“ဟင်း ... ကြည့်ကြသေးတာပေါ့ဟယ် ... သူ့အကြောင်းပဲ ပြရမလား ... ဟိုက အကြောင်းပဲ သူသိရမလားဆိုတာကို ... ဦးမျိုးမင်းလို လူကလား ... သူ့ထက်ဆယ်နှစ်ကျော်ငယ်တဲ့ မိန်းမတစ်ယောက်က အကြောင်းပြတာကို ငြိမ်ခံနေမယ့်လူ ... ယူပြီးရင်တော့ ပြောမ

နေနဲ့တော့ ခုတောင် ဘယ်မသွားရ ... ဘာမလုပ်ရ ... ဘယ်လိုမနေရနဲ့ လူကြီးပီပီ သူကချည်း ထိန်းချုပ် အမိန့်ပေးနေတဲ့ ကိစ္စကို ...”

သဇင့်စကားက လှလေးကို အရှိက် ဆောင့်ကန် ခံရသလိုကို နာကျင်သွားစေပုံ ရပါသည်။ လှလေးမှာ မျက်နှာမဲ့မဲ့ကြီး ဖြစ်သွားပြီး ... မျက်ရည်များပင် စီးကျလာတော့ မတတ် ဖြစ်လာကာ ...

“ကျုပ် မယူချင်ဘူး ... မယူချင်ဘူး ... ကျုပ်ဘဝက ဆိုးပါတယ် ... ကျုပ် သေချင်တယ်”

ဒီလိုဆိုတော့လည်း သူဆိုးနေ၊ ရွဲ့နေ၊ ဂျစ်တိုက်နေကြတာတွေကိုပင် မေ့ကာ ... သုံးယောက်သားဟာ သူ့ မျက်ရည်တွေ ယိုစီးထွက်မလာအောင် အလုပ်ရှုပ် ဗျာများကြရပြန်ပါသည်။ တီတာတို့ လေးယောက်စလုံးဟာ ထိုအချိန်က ကျောင်းလည်း ပြီးခါစ ... မိဘများကလည်း စီးပွားရေးအရ ပူစရာ မလိုကြတဲ့အပြင် ... ဘယ်သူ့ ဘယ်သူမှာမှလည်း ရည်းစားသနာ အတွဲအဖော်ရယ်လို့ မရှိကြသည်မို့ လေးယောက်လုံး အလုပ်လည်း မယ်မယ်ရရ မရှိကြဘဲ လွတ်လပ်ပျော်ပါး နေကြသည့် အချိန်ပါ။

ထိုအချိန်မှာ လှလေးရဲ့ မိဘများဟာ ရုတ်တရက် စီးပွားရေး ထိခိုက်ပြီး ထိုအဖြစ်ကြောင့်ပဲ ကိုယ့်ထက် ဆယ်နှစ်ကျော်ကြီးတဲ့ လူတစ်ယောက်ကို ချက်ချင်းလက်ငင်း လက်ထပ်ယူရတော့မယ် ဆိုသောအခါ လှလေးကိုပဲ ဝိုင်းသနား ... ဝိုင်းစိတ်ညစ်ပေးနေ ကြပါသည်။ ဦးမျိုးမင်းရဲ့



ပုံစံကလည်း သဇင်ပြောလိုပဲ တကယ့်ကို မလွယ်မယ့်ပုံ ပေါက်နေတာကိုး ...။ ဒီတော့လည်း လူငယ်တွေပီပီ ... ဦးမျိုးမင်းကြီး အဘက်ဘက်က ပြည့်စုံတာ ... လှလေးကိုလည်း တကယ်ပဲ မြတ်နိုးပုံ ရတာတွေကို ခေါင်းချိတ်ပြီး လှလေးဘက်ကပဲ ဝိုင်းခံစားပေးနေမိကြတာပေါ့။

ထိုအချိန်မှာ တီတာတို့ ရေခဲမုန့်ဝိုင်းသို့ လူတစ်ယောက်က အတင်းကြီး ဝင်မိတ်ဆက်ကာ ဝင်ထိုင်လာခဲ့လေသည်။

“ကျွန်တော် ထိုင်ပါရစေ ...”

အားလုံး အံ့အားတသင့်နှင့် ထိုလူ့ကို မော့ကြည့်လိုက်မိကြသည်။ ည(၇)နာရီကျော်ကျော်မို့ Cool House မှာ လူက ရှုပ်နေဆဲ ဖြစ်ကာ ... သူ့ဝိုင်းနှင့်သူ စကားပြောနေကြသံတွေရယ် ... ဆိုင်ထဲမှာ ဖွင့်ထားသည့် တီးလုံးသံ ခပ်တိုးတိုးရယ် ... မီးပြာလဲ့လဲ့ ခပ်မှိန်မှိန်တွေရယ်နှင့်ဆိုလျှင် မခင်မင်ကြသည့် တစ်စားပွဲနှင့် တစ်စားပွဲမှာ ကိုယ်ပြောတာ သူတို့ မသဲကွဲနိုင် ... သူတို့ ပြောနေကြတာတွေကို ကိုယ်က ရှင်းရှင်း မကြားရနှင့် ... ကိုယ့်အဖွဲ့နှင့်ကိုယ် သီးသန့် နေနိုင်ကြတာ အမှန်ပင်။

ဒီလို မီးပြာမှိန်တွေကြားမှာ ဒီလူဟာ တီတာတို့ ဝိုင်းကို ဘယ်ကနေ အယ်လို လှမ်းမြင်တွေ့ အကဲခတ်နေနိုင်သည် မသိ။

“ကျွန်တော် ရှုပ်ရှုပ်ရှေရှေ လုပ်ချင်တာ မဟုတ်ပါဘူး ... ခင်ဗျားတို့ အုပ်စုကို ဟိုစားပွဲကနေ လှမ်းကြည့်

နေတာ ကြာလှပြီ ... အားလုံးရဲ့ပုံစံ ကြည့်ရတာ တရင်းတနှီး ၊ ဆွေးဆွေးနွေးနွေး တပျော်တပါးနဲ့ ... ကျွန်တော် အားကျလာတယ် ... ပြီးတော့ အပေါင်းအသင်း ဖြစ်ချင်လာတယ် ..."

"တပျော်တပါး ..."။ သူ့စကားလုံးကိုတော့ အားလုံးက ရယ်ချင်ပက်ကျိ ဖြစ်သွားမိကြတာ အမှန်ပင်။ ဒါလား တပျော်တပါး။ ဒီမှာဖြင့် ဒီလောက် ငိုချတော့မလို ဖြစ်နေတာကြီးကို ...။ ပြီးကျတော့ ခင်မင်ချင်ပါသည်သာ ဆိုတာ သူ့ရုပ်ကဖြင့် မှန်တင်းတင်းရယ် ...။ သို့သော် ... တီတာတို့တွေ အားလုံး ငြိမ်သက် စဉ်းစားနေကြဆဲမှာပင် ခုနကတော့ ရွှေမိုးပဲ ညိုတော့မယောင်ယောင် ... ကောင်းကင်ပဲ ပြိုတော့မယောင်ယောင် ဖြစ်နေသည့် လှလေးကပဲ သွက်သွက်လက်လက်နှင့် လွတ်နေသည့် ခုံတစ်လုံးဆီသို့ လက်ညှိုးညွှန်ပြလိုက်ကာ ...

"ဝင်ထိုင်လေ ... ရောချင် ရှုပ်ချင်ရဲ့ လာတဲ့သူဆိုလည်း သိသွားမှာပေါ့ ... ကျွန်မတို့က အုပ်စုတောင့်တာပဲ ... တကယ်တမ်း မိတ်ဆွေ ဖြစ်ချင်တယ် ဆိုရင်လည်း ကောင်းရင် ကောင်းသလို မိတ်ဆွေတိုးတာပေါ့ ... လာ ... ဝင်ထိုင်ပါ ..."

တီတာတို့မှာ လှလေးကို ဘယ်လိုမှ မတားဆီးလိုက်နိုင်ခင်မှာပင် ထိုသူက ကိုယ့်စားပွဲဝိုင်းထဲ ဝင်ထိုင်ပြီးသား ဖြစ်နေလေပြီ ...။ (နောင်သောအခါမှာ ဒါ့ကို ပြန်အစဖော်ပြီး သဇင်က "ကျုပ်တို့တွေ လေးယောက်ပေါင်းပြီး



ဘယ်သူမှ မမှုစတမ်း ဘရုတ်ကျခဲ့ကြတာ ကိုယ့်ကျောင်းပရဝုဏ်ထဲမှာနော် လှလေး ... ကျောင်းထဲမှာက ကျောင်းသားပဲ အများစုရှိတာ ... အပြင်လောကမှာ တွေ့တဲ့လူတိုင်းကို ကောင်းမှန်း ဆိုးမှန်းမသိ ... ကိုယ့်ကျောင်းသား သူငယ်ချင်းရှယ်တူတွေလိုပဲလို့ သဘောထားပြီး ဘရုတ်ကျချင်တဲ့စိတ်ကို လျှော့တော့ ..."ဟု ဆုံးမခဲ့ပါသည်။

ထိုသောအခါမှာ ဒေါ်လှလှလေးက ဘာများ ပြန်ပြောခဲ့သည် ထင်ပါသနည်း။ "ကျုပ်က ကြယ်စင့် ရုပ်ကို မြင်မြင်ချင်း သဘောကျလိုက်တာ ဒေါ်သဇင်ရဲ့ ... ကောင်းကောင်းဆိုးဆိုး ... ဒီလိုလူမျိုးနဲ့ မိတ်ဆွေဖြစ်ရရင် အရမ်းကောင်းမှာပဲလို့ ထင်ပြီး တမင်ပဲ ခေါ်ထည့်လိုက်တာ ..."တဲ့လေ ...။)

"ကျွန်တော့် နာမည်က ကြယ်စင်ပါ ..."

"ကျွန်မက လှလှလေးတဲ့ ..."

"နာမည်နဲ့ လူနဲ့ လိုက်,လိုက်တာ ..."

"မြှောက်တာလား ... မြှောက်တယ်ဆိုရင်လည်း ကျွန်မတို့ကတော့ ရှင့်ကို မုန့်ဝယ်ကျွေးဖို့ ဆန္ဒမရှိဘူးနော် မသကာ ... ရှင်ကသာ ကျွန်မတို့ စားထားကြတာတွေကို ရှင်းသင့်ရှင်းရမှာ ..."

လှလေးတော့ အိမ်ထောင်မပြုချင်တာနှင့်ပဲ စိတ်ညစ်ညစ် စိတ်လေလေနဲ့ ထွက်ပေါက်ရှာတဲ့ အနေနဲ့ ခုမှစတွေ့တဲ့ ယောကျ်ားတစ်ယောက်ကို ပြန်ရောလွှန်းရာ ကျနေပြီဟု ကျန်သုံးယောက်တို့မှာ (တားလို့ကလည်း မရနိုင် ...

တားလည်း မတားချင်လှတော့တာမို့) စိတ်ပျက်ပျက်နှင့်ပင် ငြိမ်သက်အကဲခတ်နေကြဆဲ ... ထိုလူက လှလေးရဲ့စကားကြောင့် တီတာတို့ စားသောက်ထားကြသော ရေခဲမုန့်ဖန်ခွက်များကို ဝေ့ဝဲကြည့်လိုက်ကာ ...

"လေးယောက်တည်း စားထားတာ ခွက်သုံးဆယ်လောက်ရှိမယ် ... ဒါတွေကို ကျွန်တော် တစ်ယောက်တည်းက ဘယ်လိုလုပ် ရှင်းနိုင်ပါ့မလဲ ... လူတွေကို မြင်လိုက်မိလို့ ... ခွက်တွေသာ အရင်မြင်ရင် ဒီလိုတောင် လာမိတ်မဆက်ဘူး ..."

မူမူ့ထံမှ မထိန်းလိုက်နိုင်သော ရယ်သံ့"ခိ"ခနဲထွက်သွားလေသည်။ လှလေးရဲ့ ရယ်သံကတော့ မူမူ့ထက်ပိုသာစွာ ချိုလွင်စွာ ...။ သဇင်နှင့် တီတာတို့လည်း အသံသာမထွက်တာ စိတ်ထဲတွေကတော့ ရယ်တော့ ရယ်ချင်သွားကြတာပါပဲ။

"စားပဲ စားနိုင်ကြလွန်းပါတယ် ... ဘာ့ကြောင့် ဒီလောက် စားနေကြတာလဲ"

တစ်ခွက် ကုန်ခါနီးလို့ နောက်ထပ်တစ်ခွက်လှမ်းမှာတော့မည့် တီတာပင် လက်တွန့်သွားရပါသည်။

"ကျွန်မတို့ လေးယောက်က အဲဒီလိုပဲ ... ရေခဲမုန့်ဆို အသေအလဲ ... အရမ်းကြိုက်ကြတာ ... ချိန်းပြီး ညနေစာ ထမင်းလွတ်ကို စားကြတာလေ ..."

"စည်းကမ်းမရှိတာ ... ရေခဲမုန့်ဆိုတာ အဲဒီလို စားရတာမျိုးမှ မဟုတ်ဘဲ ... တစ်ခွက်နဲ့ မဝရင် အလွန်ဆုံး



နှစ်ခွက်ပေါ့ ... ခုဟာက ခင်ဗျားတို့က တစ်ယောက်တစ်ယောက်ကို ခုနစ်ခွက် ရှစ်ခွက်စီလောက် စားပစ်ထားကြတာမျိုးပဲ ..."

လေးယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြကာ ဒီတစ်ခါမှာတော့ လေးယောက်စလုံးပင် အသံထွက်ပြီး ရယ်လိုက်မိကြပါသည်။ ထိုသူ၏ လုပ်ပုံကိုင်ပုံနှင့် စကားသံ ...။ စကားလုံး အသုံးအနှုန်းတို့မှာ သူပြောသလိုပင် ရောချင် ရှုပ်ချင်တာထက် တကယ်ပဲ စိတ်ဝင်တစား ခင်မင်လိုလို့ လာမိတ်ဆက်မိပြီးကာမှ အကြောင်းသိပြီး စိတ်ပျက်လက်ပျက် ဖြစ်သွားရသည်ဆိုသောပုံမျိုး ပေါက်နေလေသည်။

"ကဲ ... ကဲ ... တော်ကြတော့ ... ထပ်မယူကြနဲ့တော့၊ ဒီနေ့တော့ ဒါတွေ ကျွန်တော်ပဲ ရှင်းလိုက်ပါ့မယ် ... ထမင်းလွတ် လာစားကြတာဆိုလည်း ဗိုက်မဝသေးရင် အိမ်ပြန်ပြီး ထမင်းစားကြပေါ့ ... ရေခဲမုန့်တော့ ထပ်မယူရဘူး ... ဟေး ... ဆိုင်ကတစ်ယောက် လာပါဦး၊ ဒါတွေအားလုံးပေါင်း ... ပြီးရင် ငါစားထားတဲ့ ဟိုစားပွဲက ဒိုမီနို တစ်ပွဲနဲ့ပေါင်းပြီး စာရင်းတွက် ... တော်ပြီ ... ထပ်မှာရင်လည်း မပေးနဲ့တော့ ... စာရင်းပိတ်တယ် ..."

လုပ်ပုံကိုင်ပုံကလည်း ကြည့်ဦး ...။ တီတာတို့လေးယောက်မှာ အဆန်းတကြယ်နှင့် ကျိတ်ရယ်ပြီးတော့သာ သဘောကျနေ ကြရပါတော့သည်။ ခုနက ငိုမယောင်

ဖြစ်နေသော လှလေး တစ်ယောက် ရယ်ရွှင်သဘောတကျလေး ဖြစ်နေတာကိုပဲ ကျန်သုံးယောက်မှာ ကျေနပ်နေကြလှပါပြီ။

"စကား ထိုင်ပြောနေကြဦးမှာလား ..."

"ပြောမှာပေါ့ ... စကားပြောဖို့ လာတာပဲဟာ ... ရှင့်ဘာသာ ပြန်ချင်ပြန်ပေါ့ ..."

"မပြန်ပါဘူး ... မိတ်ဆွေ ဖြစ်ချင်ပါတယ်ဆိုမှ ... ခင်ဗျားတို့ချည်း စကားပြော ကျန်ရစ်ကြပြီး ကျွန်တော်ကကျတော့ ခင်ဗျားတို့ စားထားတာတွေကိုပဲ ပိုက်ဆံရှင်းပြီး ထ,ပြန်ရမှာ ဘာအဓိပ္ပာယ်ရှိသလဲ ... ကျွန်တော်လည်း ပြောဦးမှာပေါ့ ... ကဲ ... လုပ်ပါဦး ... ကျန်သုံးယောက်ရဲ့ နာမည်တွေ ..."

"ဒီဘက်က တီတီတာ ... ဟိုအပြာလေးက သစင် ... ဟိုတစ်ယောက်ကတော့ နန်းမူမူအေးတဲ့ ..."

"အဲဒါကြောင့် ရှမ်းရုပ် ပေါက်နေတာ ..."

"မှားသွားပြီ ... ကျွန်မက ... ကရင် ..."

"ကရင်ဆိုလည်း 'နော်'လို့ မှည့်ပါလား ... ဘာကိစ္စ 'နန်း'လုပ်ထားသေးလဲ ... သူများတကာ အထင်မှားအောင် ..."

ပိတ်ပေါက်ခံလိုက်ရသဖြင့် မူမူ့ခမျာ 'တခိခိ' ဖြစ်နေတော့ကာ ...

"အမှန်က 'နန့်'ပါ ... သူငယ်တန်း စနေကတည်းက ဆရာမတွေ သူငယ်ချင်းတွေက မသိဘဲ 'နန်း ... နန်း'



နဲ့ မှားခေါ်ရင်းက အခုလိုဖြစ်သွားတာ ... ခုတော့ နန်းမူမူအေးပဲ ဖြစ်နေပြီ ... ပြင်လို့ မရတော့ဘူး ..."

"ရအောင်ပြင်ပေါ့ ... ကိုယ့်နာမည် မဟုတ်တာကြီးကို ငြိမ်ခံနေရသလား ... ကျွတ် ..."

မူမူ့မှာတော့ ရယ်လို့ကို မဆုံး ...။

"ဟိုတစ်ယောက်ကလည်း နာမည် မဟုတ်တာကို မှည့်ထားသေးတယ် ... တီတီတာ ဆိုတော့ စကားမပီတဲ့ တရုတ်ကြီးတစ်ယောက်က 'သီတာ'ကိုမှားပြီး 'တီတာ' လို့ ခေါ်သလို ဖြစ်မနေဘူးလား ..."

"ဖြစ်မနေပါဘူး ... တီတီတာဟာ တီတီတာပေါ့ ... အားလုံး စကားပီတယ် ... ရှင်သာ မပီချင်နေ ... သူများတကာကျတော့ လိုက်ပြောနေ ... သူ့နာမည်ကကျတော့ဖြင့် ကြယ်စင် ဆိုတာ ဘာကြီးလဲ ... ပြောင်းပြန်လှန်ရင် 'စင်ကြယ်' ... ရုပ်ကြည့်တော့ဖြင့် ညစ်ပတ်နေတဲ့ရုပ်နဲ့ ... ဒါမှမဟုတ် 'ဆင်ကြယ်'ဆိုရင်တော့ ရာဘာဖိနပ်ပဲ ..."

သူကချည်း ဘုကျပြီး လိုက်တွယ်နေသလိုမို့ တီတာက ပြန်ပက်ထည့်လိုက်သည့် အခါမှာ အားလုံးက "ဝါး"ခနဲ ဝိုင်းရယ်ပေးလိုက်ကြသဖြင့် သူကပါ လိုက်ရယ်နေတော့ရင်း ... ဘာမှန်းမသိသည့် သူစိမ်းတစ်ယောက်နှင့် တီတာတို့ တစ်ဖွဲ့လုံး နေရင်းထိုင်ရင်းပင် အဖွဲ့ကျဖြစ်သွားပါတော့သည်။ ထိုနေ့က အတော်ကြာကြာ စကားထိုင်ပြောဖြစ်

နေကြပြီးသော် ... သူက ရုတ်တရက် နာရီကို လှမ်းကြည့်လိုက်ကာ ...

"ရှစ်နာရီ ခွဲတော့မယ် ... ပြန်ကြတော့ ... ခင်ဗျားတို့ အိမ်တွေကလည်း ဒီအချိန်ကြီးအထိ စိတ်ချထားကြတယ် ... စံပဲ ..."

သူပြောတာနဲ့ ကိုယ့်မိဘတွေပင် မကောင်းသလိုလို ... အအုပ်ထိန်း မတတ်သလိုလို ဖြစ်ကုန်ကြရတော့သည်။ ခါတိုင်းလည်း ကိုယ်စီ ကားမောင်းတတ်ကြသည့် ဒီလေးယောက်သား အတွဲလိုက်ကြီးကို အိမ်တွေက ဒီလိုပဲ စိတ်ချထားကြတာပါပဲ ...။ သူပြောသလို အုအုပ်ထိန်း မတတ်သည့် အဖြစ်အထိ ဘယ်သူမှ မစဉ်းစားမိကြပါဘူး။ လေးယောက်သားမှာ သူ့စကားကြောင့် အောင့်သက်သက်နှင့်ပင် ထိုင်ရာမှ ကိုယ်စီ ထရပ်လိုက်ကြရပါသည်။

"ခင်ဗျားတို့ အိမ်တွေလိပ်စာ ဖုန်းနံပါတ်တွေတောင်းလဲ ပေးမှာမဟုတ်ပါဘူး ... ပေးလည်း မပေးပါနဲ့ ... ကျွန်တော့်လိပ်စာနဲ့ ဖုန်းနံပါတ်ပဲ ယူထားပါ ... လေးယောက်ဆုံဖြစ်ကြတော့မယ် ဆိုရင်တော့ ဖုန်းဆက်ပါ ... လာခင်ပါရစေ ..."

သူ့လိပ်စာကတ်ပြားလေးကို လှမ်းယူခဲ့သူမှာ လှလေးပင် ဖြစ်ပါသည်။ ကျန်သုံးယောက်စလုံးဟာလည်း ကြယ်စင် ဆိုတဲ့သူကို တစ်ထိုင်တည်းနှင့်ပင် လက်သင့်ခံနိုင်သွားကြကာ ခင်မင်အဖွဲ့ကျနိုင် သွားကြတာပါပဲ ...။ သို့သော် လှလေးလိုတော့ လေးယောက်ဆုံတိုင်း ဖုန်းဆက်ခေါ်ဖို့ အထူး



တလည်း သတိမရကြတာ အမှန်ပင် ...။ လှလေးကတော့ သတိရသည်။ "စိတ်ညစ်လို့" ဟူသည့် အကြောင်းပြချက်နှင့် အားလပ်နေသည့် လေးယောက်သားကို မဆုံ,ဆုံအောင် လည်း ချိန်းသည်။ ဆုံတိုင်းလည်း သူ့ကို ဖုန်းဆက်ခေါ်ယူသည်။

သူကလည်း အမြဲရောက်လာလေ့ရှိကာ ကျန်သုံးယောက်တို့နှင့်တော့ အဖွဲ့ကျကျ ခင်ခင်မင်မင် ... ဘုကျဘောက်ကျ ...။ လှလေးနှင့် ကျတော့ ချိုချိုသာသာ ... ဘာလိုလို ညာလိုလို ...။ လူကြီးပိုဆန်သည့် သဇင် ကတော့ ...

"ရှင်တို့ဟာက ဘာလဲ ... ဒေါ်လှလေး ... ကြည့်လုပ်ဦးနော် ..."

"ဘာမှ မဟုတ်ပါဘူး ... ဘာကို ကြည့်လုပ်ရမှာလဲ"

"ကြယ်စင်နဲ့ ရှင်နဲ့ ရိုးမှရိုးရဲ့လား ... သိပ်ကို မျော်ဝင်ပတ်သက်နေကြပုံတွေ ဖြစ်နေပြီနော် ... ဦးမျိုးမင်း အကြောင်း သူ့ကို ဖွင့်ပြောထားရဲ့လား ..."

"မပြောထားပါဘူး ... ပြောစရာလည်း မလိုဘူးလေ"

"ပြီးရော ... ပြောစရာ လိုမယ်ထင်ရင်တော့ မြန်မြန်ဖွင့်ပြောထားနော် ... ရှင်းရှင်းလင်းလင်း လုပ်ထား ... ရှင်မပြောချင်ရင် ကျုပ်တို့ ပြောပေးမယ် ... ရှင့်ဦးမျိုးမင်းကြီးက ရှင်တို့ကိစ္စကို အချိန်မဆွဲချင်တော့ဘူးဆို ..."

"ဒင်းကြီးအကြောင်းကို ကျုပ်တို့ စကားဝိုင်းထဲ ထည့်မပြောစမ်းနဲ့ဟာ ... စိတ်ကုန်လွန်းလို့ ... ကြယ်စင့်ကို

လည်း ရှင်တို့ ဘာမှသွားမပြောကြနဲ့ ... ပြောစရာလိုလာရင် ကျုပ်ပဲ ပြောမှာပေါ့ ... ခုဟာက လိုကိုမလိုတာ ..."

ကာယကံရှင်ကမှ "မလိုပါဘူး" ဆိုနေမှတော့ တီတာတို့က ဘာလို့ သွားဖွင့်ပြောနေရဦးမှာလဲ ... သူတို့ဘာသာ အီရုံမကလို့ ဘာဖြစ်ဖြစ် ...။ သူတို့ဘာသာ နောင်ကြိုက်ဖြစ်သွားကြရင်လည်း ဦးမျိုးမင်းကို ငြင်းပစ်ဖို့ ကြယ်စင့်ကို သူ့လူကြီးမိဘတွေထံ ဖွင့်ပြောဖို့ လှလေးဘာသာ ကြည့်လုပ်လိမ့်မည်ဟုပဲ သဘောထားလိုက်ကြပါသည်။ ဒါတောင် "တကယ်ကြိုက်ဖြစ်ရင်လည်း ကြိုက်ကြ ... တကယ်ကြိုက်တာ မဟုတ်ဘဲ ... ဦးမျိုးမင်းကို မယူချင်လို့ စိတ်လေနေတာကို ထွက်ပေါက်ရှာရုံ သက်သက် အီရောချင်နေတာမျိုးဆိုရင်တော့ မကောင်းဘူး ..."ဟု သဇင်က လှလေးကို ဖွင့်ပြောသေးတာပါ ...။

"နာမည်ပျက်ရုံပဲ ရှိမယ် လှလေး ... ဦးမျိုးမင်း ပြန်သိသွားရင် ကျုပ်တို့ပါ မကောင်းဘူး"

"တော်ပါတော့ ဒေါ်သဇင်ရယ် ... စိတ်ညစ်လွန်းလို့ပါ ... ကိုယ့်ဖာတ်ကိုယ် နိုင်ပါတယ်"

"ပြီးရောဟာ"

•

တီဇာနှင့် မူမူ တို့ကတော့ လှလေးနှင့် ကြယ်စင်တို့ ကြိုက်ဖြစ်ကြလိမ့်မည်ဟု မထင်ခဲ့။ မူမူကတော့ ... "မိန်းမကဘ သူ့ကို တိုက်ရိုက်ချစ်ခွင့်မတောင်းလို့ ဦးမျိုးမင်းကို ဒေါသဖြစ်နေတာပါ ... တကယ်တော့ သူ စိတ်ဝင်စားပါ



တယ် ... အလကား မူယာမာယာ များနေတာ ... ကျုပ်နာမည်တောင် သူ့ပေးလိုက်ဖို့ ကောင်းနေပြီ"ဟု တောင်ဝေဖန်ခဲ့သေးသည်။

သို့သော် တီတာတို့ သတိလစ်သွားခဲ့တာကတော့ လေးယောက်ဆုံတိုင်း ကြယ်စင့်ကို ဖုန်းဆက်ချိန်းတတ်သော လှလေးဟာ ... လေးယောက် မဆုံဖြစ်ကြရင်လည်းပဲ သူတစ်ယောက်တည်းသာ သူ့အိမ်ကနေ ဖုန်းနဲ့ အဆက်အသွယ် ရှိနေနိုင်သည်ဟူသော အချက်ပင် ...။ ကြယ်စင့်ဖုန်းနံပါတ်ဆိုတာ သူ့တစ်ယောက်တည်းထံမှာသာ ရှိတာ တီတာတို့ ကျန်သုံးယောက်က (လိုလည်း မလိုတာနှင့်) ယူလည်းမထား ... ဆက်လည်းမဆက်။ ခင်မင်ဖြစ်လိုက်ကြတာကလည်း လေးလတည်းရယ် မဟုတ်လား။ လှဒလေးကတော့ ဖုန်းဆက်ရုံအပြင် ... ဖုန်းထဲကနေချိန်းပြီး ... တီတာတို့ မပါဘဲလည်း နှစ်ယောက်တည်း အပြင်ထွက်ဖြစ်ကြတာမျိုးအထိ မရှိဖြစ်ဘူးဟု မဆိုနိုင်ပါ ...။

တီတာတို့ ကျန်သုံးယောက်မှာတော့ တွေ့ဖြစ်ရင်လည်း သူ့လေသံနှင့် စကားဘုဆတ်ဆတ်တို့ကို သဘောတကျနှင့် ခင်လိုက်ကြမည်။ မတွေ့ဖြစ်ရင်လည်း ဘယ့်နှယ့်မှကိုမနေ ...။ သတိပင် မရဖြစ်ကြပါ ...။ ဒီကြားထဲမှာက ဦးမျိုးမင်းနှင့် အမြန်ဆုံး လက်ထပ်ဖြစ်ကြတော့မည့် လှလေးရဲ့ အငိုအယိုတောမှာ မျောပါနေရသေးသည့်ပြင် ... မူမူကလည်း ရတ်တရက် ဆိုင်းမဆင့် ဗုံမဆင့် နိုင်ငံခြားက အမျိုးများထံသို့ သွားကာ ကျောင်းဆက်တက် ပညာသင်ရင်း

နောက်ဆုံး အဲဒီမှာပဲ အဖြေချုပ်ဖြစ်တော့မည်ဆိုသည့် အစီအစဉ်ကြီးကို တင်ပြလာခဲ့တာ မဟုတ်လား။

လက်ထပ်တော့မယ့်လူရယ် ... နိုင်ငံခြားထွက်တော့မယ့် လူရယ်နှင့် နှစ်ဦးတည်း ဟာကျန်ခဲ့ရမည့် သခင်နှင့် တီတာတို့မှာ ဝမ်းပန်းတနည်း ငိုပွဲတွေ ဆက်လိုက်ရတာ။ နလေးတင်မှ ခင်မင်ရပြီး ... မတွေ့ရှုရင် မေ့နေဖြစ်ကဲ့ ယောကျ်ားတစ်ယောက်ကို သတိတရနဲ့ မရှိလှပါဘူး ...။ ဆက်ဆံခင်မင်လိုက်ဖြစ်ကြတာကလည်း လေးလတည်းရယ်။ အဲဒီ လေးလအတွင်းမှာလည်း ဆယ်ခါ ... ဆယ့်ငါးခါလောက်ပဲ တွေ့ဖြစ်လိုက်ကြတာ။ ဒါတောင် လှလေးက ချိန်းခေါ်နိုင်လွန်းလို့ပါ ။

"ကျုပ် လက်ထပ်ပြီးမှ ရှင်ထွက်ဟာ ..."

ဒီစကားနဲ့တင် လှလေးဟာ ဦးမျိုးမင်းကိုပဲ လက်ထပ်ဖြစ်မှာ သေချာနေပြီ။ မှမှကလည်း တကယ်ပဲ လှလေး လက်ထပ်ပြီးမှသာ ထွက်သွားခဲ့ပါသည်။ တစ်ခုရှိတာက ထိုအတောအတွင်းမှာ သခင်ကလည်း Private (ပရိုက်ဗိတ်) ကျောင်းတစ်ခုမှာ Guide အဖြစ် အလုပ်ဝင်လိုက်ပြီး ... တီတာကကျတော့ လတ်လျားလတ်လျားနှင့် ဖြစ်နေသည့် ကိုယ့်ကို သိပ်ကြည့်ရတော့ပုံ မရသည့် မိဘနှစ်ပါး၏ စကားကို နာခံကာ ငယ်သူငယ်ချင်းလည်းဖြစ် ... ကြီးပြင်းဖော်လည်း ဖြစ်နေသည့် **"မောင်းမောင်း"** ခေါ် **"အောင်မောင်းသံ"**ကို လက်ထပ်ဖို့ ခေါင်းညိတ် ဖြစ်လိုက်တာလည်း ပါမည်။



လက်ထပ်သွားသူ၊ နိုင်ငံခြား ထွက်သွားသူ၊ အလုပ်ဝင်သွားသူနှင့် အုပ်စုကြီးက တကွဲတပြားစီ ဖြစ်သွားချိန်မှာ ... တကူးတကန့် ခေါ်ချိန်းမှ တွေ့ရသည့် ယောကျ်ားလေး မိတ်ဆွေတစ်ယောက်ကို မေ့တော့တော့ ဖြစ်သွားမိတာ အမှန်ပင် ...။

ခုတော့ ထိုခင်မင်ချင်စရာ ကောင်းသည့် ယောကျ်ားတစ်ယောက်ဟာ ... (လက်ထပ်ကြရမည့် ... နှစ်နှစ်ကျော် စေ့စပ်ထားသည့် မိန်းကလေးတစ်ယောက် ရှိပါရက်နှင့်) ကိုယ့်သူငယ်ချင်း လှလှလေးနှင့်လည်း ချစ်ကျွမ်းဝင်ဖြစ်ခဲ့ကြကာ ... လှလေး လက်ထပ်သွားသည့် အတွက် အသည်းကွဲဝေဒနာနှင့် ပျောက်ဆုံးနေသည် အထိပင် ဖြစ်နေသေးသတဲ့လား ...။

အံ့သြစရာလည်း ကောင်းသည်။ သနားစရာလည်း ကောင်းပါသည်။ သူ့အဖြစ်အပျက်ဟာ တီတီတာ့ကို (ကိုယ်နဲ့မဆိုင်ပါဘူးရယ်လို့) ဘယ်လိုမှ ငြိမ်ငြိမ်လေး ဆက်ထိုင်မနေနိုင်တော့ဘဲ ... မာလာသွယ်ဆိုသူ အမျိုးသမီးရဲ့ လူပျောက်ရှာ ဓာတ်လမ်းထဲမှာ တစ်ပါတည်း မျောပါဝင်ရောက် ပတ်သက်မိစေပါတော့သည်။

တီတာက လှလေးထံ အရောက်သွားလိုက်သည်။ ဘဲဥ အစရှာမရတာနဲ့ စာရင် လှလေးထံမှာ တစ်စုံတစ်ခုကို စုံစမ်းရနိုင်စရာ ရှိသည်။ အနည်းဆုံးတော့ လိပ်စာနဲ့ဖုန်းနံပါတ်ပဲ ဖြစ်ဖြစ်ပေါ့ ...။

သူတို့ရဲ့ ရုံးခန်းတွေ၊ အလုပ်ခန်း၊ ဆိုင်ခန်းတွေရယ် ...။ ပစ္စည်းသိုလှောင်သည့် အခန်းတွေရယ် ...။ သူတို့နေနေကြသည့် လူနေအိမ်ခန်းရယ်ပါပေါင်း ... ချောင် စုစုပေါင်းလေးထပ်တိုက်ကြီးရှိကာ မြင့်မားထည်ဝါဟီးထနေသည့် "မျိုးမင်းအင်တာပရိုက်(စ)" ကုမ္ပဏီ အဆောက်အဦကြီးကို ခဏရပ်မော့ကြည့်လိုက်ပြီး တီတာက (စိတ်ထဲမှနေ၍)လှလေးကို တစ်ချက် ကျိတ်ဆဲလိုက်မိပါသည်။

ခွေးပုပ်မ ...။ ဒီလောက် အဆင်ပြေပြေ ချောချောမွေ့မွေ့နဲ့ ဘဝကြီးထဲကို သူမို့လို့ မျက်ရည်တွေနဲ့ ဝင်ရောက်ရတယ်လို့ ...။ မိဘတွေကိုတောင် ဘာဖြစ်တယ် ... ညာဖြစ်တယ်နှင့် ငရဲကြီး ခံလိုက်သေးသည်။ ခုတော့လည်း လောကကြီးထဲမှာ သူ့အပြင် ပျော်တာ နှစ်ယောက်မရှိတော့ဘူးလားထင်ရသည်။ လက်ဖျားငွေသီး၊ အလိုလိုက် ဖူးဖူးမှုတ်ခံ ဘဝမှာ မျက်စိတောင် ကောင်းကောင်းဖွင့်နိုင်ပါ့မလား ထင်ရသည်။ ဦးမျိုးမင်းဘက်က အတော်ကလေး ချုပ်ချယ်ချင်တာတစ်ခုတော့ ရှိတာပေါ့လေ ... ဒါကလည်း သူခံစားနေရတဲ့ သုခတွေနဲ့စာရင် အသေးအဖွဲလောက်ပါ။

သူကကျတော့ အပျော်ကြီး ပျော်ပြီးမော်နေချိန်မှာ တစ်ဘက်မှလူ ခမျာမှာတော့ ဘဝပါ ပျောက်သွားတဲ့ အထိပင် ဖြစ်လိုက်သတဲ့။ အတော်ဟုတ်တဲ့ မိန်းမ ...။



တကယ်တော့ လှလေးကသာ ကိုယ့်သူငယ်ချင်း အရင်းကြီးဖြစ်ပေမယ့် ဘာကြောင့်ရယ်မသိ ... တီတာမှာ မှုန်တေတေဘုကျကျ မျက်နှာတစ်ခုကို ပြန့်ပြန့်မြင်ရမိတိုင်း လှလေးကိုသာ သတ်ချင် ပုတ်ချင်နှင့် စိတ်တွေ ဆိုးနေမိပါတော့သည်။

အေးလေ ... ဒါပေမယ့် မာလာသွယ် ပြောတိုင်းလည်း ဟုတ်ချင်မှ ဟုတ်မှာပေါ့ ...။ လှလေးနှင့် ကြယ်စင်တို့ဟာ သမီးရည်းစားတွေလည်း ဟုတ်ချင်မှ ဟုတ်ခဲ့မှာပေါ့ ...။ အတိအကျ အမှန်အကန်ကို လှလေးဆီမှာ တိတိကျကျ မေးကြည့်ရပါဦးမည်။

"ရှူး"

အမယ်လေး ... ကျွတ် ... လန့်လိုက်တာ။

သူတို့ရဲ့ တိုက်ကြီးကို ရပ်မော့ ငေးနေခိုက် ကိုယ့်မျက်နှာနားကို ကြက်မွေးလိုလို ဘဲမွေးလိုလို ဝါဝါတွေ ပန်းရောင်တွေ ... ရှူးခနဲ အသံနှင့်အတူ လာရှပ်ကြတာမို့ တီတာက အလန့်တကြားနှင့် လှည့်ကြည့်လိုက်မိရာ ... ကိုယ့်နံဘေးမှာ လာကပ်ရပ်နေသော စက္ကူပြိုပ်ပန်းလိပ်သည်ကြီးကို တွေ့လိုက်ရပါသည်။

သူ့ဟာက ဘာခေါ်မှန်းတော့ မသိ ... တီတာကတော့ စက္ကူပြိုပ်ပန်းလိပ်ဟုသာ ခေါ်သည်။ စက္ကူရောင်စုံနှင့် လုပ်ထားကာ အံဖျားမှာ ကြက်မွေး ဘဲမွေးရောင်စုံတွေကို တပ်ထားပြီး ဆေးတံလို ပြွန်ရှည်လေးတစ်ခုမှာ ကြက်မွေးများက အထဲသို့ဝင်လျက် လိပ်ခေါက်လျက်သား ရှိနေပါသည်။

ထိုအလိပ်လေးကို ဆေးတံကိုက်သလို ပါးစပ်မှာတပ်ပြီး အလိပ်ကလေး၏ တစ်ဖက်မှ မှုတ်ထုတ်လိုက်လျှင် အထဲမှာ ထည့်ထားသော စပရင်၏ တွန်းကန်အားနှင့် ထိုစက္ကူလိပ်ရှည်ကြီးမှာ ရှေ့သို့ တစ်လံခန့် ရှည်ထွက်သွားကာ "ရှူး"လိုလို "ဖရူး"လိုလို အသံကျယ်တစ်ခု ထွက်လာစေသည့် ကစားစရာမျိုးပါ။

ဘုရားပွဲတွေ ... သီတင်းကျွတ်ပွဲတွေမှာ လူစည်သည့် နေရာမျိုး၌ ထိုအသည်တစ်သည်လောက်များ ရှိလျှင် ပွဲကော်လာ ယောကျ်ားသားကလေးများက ... ထိုအလိပ်တွေကို သူ့ထက်ငါ ဝယ်ယူကြလျက် မိန်းကလေးတို့၏ မျက်နှာနား ကြက်မွေးတွေ မရောက်ရောက်အောင် မှုတ်ထုတ်နှောက်ပြောင်ကြတာမျိုးလည်း ကြုံဖူးပါသည်။ ခုလည်း ... ဘယ့်နှယ့် ဒီအသည်ကြီးဟာ မကြီးမငယ်ကြီးနှင့် တီတာ့ မျက်နှာကိုမှ မထိတထိ လာမှုတ်ကာ စနောက်ချင် နေရပါလိမ့်။

"ရှူး"

"ခြော် ... ဘယ်လိုဖြစ်နေလဲ ... လုပ်ပြန်ပြီ ..."

"တစ်ခု ... ငါးဆယ်"

အောင်မာ ... ဝယ်ခိုင်းနေတာကိုး။ ဝယ်ပါလိမ့်မယ် အားကြီး။ ဒီပုံ ဒီအချိုးမျိုးနှင့်ကတော့ သေတောင်မဝယ် ...။ ကိုယ့်မျက်နှာကို ကြက်မွေးစက္ကူလိပ်နှင့် လာလာမှုတ်ထည့်နေတာကို ဘယ်မိန်းကလေးက ကြိုက်မှာတဲ့လဲ။ ပြီးတော့လည်း ကြည့်ဦး ... ဈေးရောင်းပုံက ...။ သူများမျက်နှာကို ကြက်မွေးလိပ်နှင့် လာမှုတ်ထည့်ပြီးမှ ကတ်ပြား



တစ်ပြားကို လာထောင်ပြတာ ...။ ကတ်ပြားပေါ်မှာ ကြည့်လိုက်တော့ "တစ်ခုငါးဆယ်" တဲ့ ...။ စာတန်းလေးတစ်ခုနှင့် ...။ ဟင်း ... ထွင်လိုက်တာ ... အ,အလိုလို ... ဘာလိုလို ... စကား မပြောစတမ်းပေါ့လေ ...။

ဖတ်စားထားတာကလည်း ကြည့်ဦး ... ဆပ်ကပ်တွေထဲက လူပြက်ရုပ်ကျိုကာပုံစံနှင့် ကျိုကာရုပ်ပုံ မျက်နှာဖုံးကြီးကလည်းတပ်လို့ ...။ သွားစမ်းပါနော် ... စိတ်မဝင်စားဘူး ...။ ဒါမျိုးကို တခိခိရယ်ပြီး သဘောကျနေ လမ်းသုံးနှစ်သမီးလည်း မဟုတ်ပါဘူး ... ဆယ့်သုံး ပြည့်အဝဆယ်ကျော်သက်လည်း မဟုတ်ပါဘူး။ လလောက်

"မဝယ်သေးပါဘူး ..." ာ်ခေါ်ယူ

တီတာက ဈေးသည်လူဝကြီးကို ကွေ့ပြေ သူနှင့်ရှားကာ လှည့်ထွက်လိုက်ပါသည်။ သို့သော် ခင်းပြ နေ့မလျှော့ ... ဒီတစ်ခါမှာတော့ သူ့နှုတ်ခမ်းထက်က စက္ကူ တ် ရှည်ကြီးကို တီတာနှင့် မထိအောင် လေထဲသို့သာ ဖရူးခနဲမှုတ်ထုတ်ပြလိုက်ရင်း ... သူ့လက်ထဲက ကတ်ပြားကိုပါ တီတာ့ ရှေ့မှာ ခပ်မြန်မြန် ထောင်ပြလိုက်ပြန်ပါသည်။ တီတာက လှည့်ရှောင်ဖို့ပြင်လိုက် ... သူက ရှူးခနဲ ... ဖရူးခနဲလုပ်ကာ ကတ်ပြားကို ထောင်ပြလိုက် ...။

အလွန်အမင်း ချဉ်စုတ်လာရတာ ... သူ့စက္ကူလိပ်ကိုလည်း တစ်စက်မှ ဝယ်ချင်စိတ် မရှိသော်လည်း ဒီအတိုင်း ဆက်နေနေလျှင် ... ပိုက်ဆံလေး ... ငါးဆယ်လောက်နှင့် ကိုယ့်မှာ သူ့အနှောင့်အယှက်ရန်က အေးတော့မှာ

မဟုတ်သည့်အတွက် ... ပြီးပြီးရော သဘောထားလိုက်ရတော့ကာ အိတ်ထဲမှ ပိုက်ဆံကို ထုတ်ယူလိုက်ရပါသည်။

"ဒီတစ်ခါတော့ ရှိစေတော့နော် ဦးလေး ... နောက်တစ်ခါဆို မဝယ်တဲ့အပြင် ... ကျွန်မကို နှောင့်ယှက်မှုနဲ့ ရဲကို တိုင်ပစ်ဦးမှာ ... ခုတစ်ခါကတော့ ဦးလေးလည်း ဈေးဦးမပေါက်သေးတာလား ဘာလားမသိ ... ကိုယ်ချင်းစာ သနားလို့ ဝယ်လိုက်တာ"

သည့် ကလေးမဟုတ် သူငယ်မဟုတ်နှင့် စက္ကူပန်းပွဲကော်လားို ခပ်မြန်မြန် ဝယ်ယူလိုက်တော့မှပင် သူ့အနောက်ကို သူ့ထက ကင်းလွတ်ရပါတော့သည်။

နား ကြက်အာ ... တီတီတာ ..."

ပြောင်ပြောင် ... ဦးမျိုးမင်း ... ရုံးခန်းအထပ်မှာ မှတ်လို့ ... နယ့် ဘယ်လိုလဲ ... ရုံးချိန်ကြီးလည်း မိန်းမနားမှာပဲလား"

နှာ တီတီတာကား ဤသို့ပင် ...။ အုပ်စုတောင် တောင့်ရသေး ... သူငယ်ချင်း တစ်ယောက်၏ မျက်နှာမြင်တာနှင့် နှုတ်က ပြန်သွက်ချင်လာပြီ။ ဦးမျိုးမင်းကို ဆိုရင် သခင်နှင့် မှုမှုတို့က ဒီလို နောက်လေ့မရှိပါ။ သူ့ဟာက နောက်ရဲစရာလည်းမရှိ။ သူငယ်ချင်းရဲ့ ခင်ပွန်းသည်ရယ်လို့ ခင်ခင်မင်မင်တောင်မှ မနေရဲရအောင် မျက်နှာကြီးက တည်တည်တင်းတင်းကြီး ထား,ထားတာပါ။ သို့သော် တီတာကတော့ တင်းလည်း နောက်နောက် ... တည်လည်း နောက်နောက်ပင် ...။ ဘာလို့ဆို လှလေးကို သနားလို့ပါ။ သူက သူငယ်ချင်းတွေနှင့် ခင်ပွန်းသည်ကို ရင်းနှီးစေချင်သည်လေ ...။



ရင်းနှီးမှ ပြောရဲဆိုရဲရှိမှ သူ့အတွက် အခွင့်အရေး ပိုမည်ဟု သူက ထင်ပါသည်တဲ့။ ဟုတ်လည်းဟုတ်ပါသည်။ သူနှင့်ကလွဲရင် သူ့မိန်းမကို ဘယ်သူနှင့်မှ၊ ဘယ်သူငယ်ချင်းနှင့်မှ အပြင်ပေးမထွက်ချင်တတ်သော ဦးမျိုးမင်းလိုလူကို တီတာကမှ အနိုင်ယူသလိုလို ခင်မင်သလိုလို ... ဘာလိုလိုနှင့် မပြောပေးနိုင်လျှင် လှလေးခမျာ ... ဘယ်လိုလုပ် အပြင်လေး ဘာလေး ထွက်ခွင့်ရမလဲ ...။

အပျိုဘဝက တချောင်းချောင်းထွက်ကာ လမ်းသလားခဲ့ကြသော အခွင့်အရေးကို လှလေးမှာ အပြည့်အဝပင် ဆုံးရှုံးနေရတော့ကာ ... အိမ်ထောင်သက် သုံးလလောက်အတွင်း တီတာက မျက်နှာပြောင်ပြောင်နှင့် ဆွဲထုတ်ခေါ်ယူပေးနိုင်လို့ တစ်ခါလား အပြင်ထွက်ရပါသေးသည်။ သူနှင့်သာ အပြင်ထွက်စေချင်သော်လည်း စနေ၊ တနင်္ဂနွေလို နေ့မျိုးမှာတောင် မအားရအောင် အလုပ်ရှုပ် အလုပ်များတတ်သည့် ဦးမျိုးမင်းကိုသာ စောင့်နေရလျှင် လှလေးမှာ အိမ်ထိုင်ကျောက်ချ ဘဝနှင့်သာ အိုသေသွားနိုင်လောက်စရာရှိပါသည်။

သူ့ကို လူကြီးရယ်လို့ သဘောမထားဘဲ တက်,တက်နောက်ကာ ... သူ့မိန်းမကို အမြဲ အပြင်ခေါ်ထုတ်ချင်တတ်သည့် တီတာ့ကိုလည်း ဦးမျိုးမင်းက ကြည့်ရဟန်မရှိပေ ...။ သခင့်ကိုဆိုရင် ပုံမှန်ပဲဆက်ဆံတတ်သော ဦးမျိုးမင်းက တီတာနဲ့ တွေ့ရင်တော့ ခနဲ့သလို ရွဲ့သလိုနှင့် စကားကောင်း မထွက်တဲ့အပြင် ... တစ်ခါတလေကျ လူကို သူ့သမီး

လို ညီမလို သဘောထားပြီး ဆုံးမဩဝါဒပေး၊ ခိုင်းစေချင်တာတတ်တာက ရှိသေးသည်။

"တီတီတာ ... ဘာလာလုပ်တာလဲ ... ဒီနေ့ လှလေး သိပ်နေမကောင်းဘူးနော် ... အပြင်မထွက်ရဘူး ..."

"ဟင်း ... ဦးမျိုးမင်းက လှကိုမြင်တာနဲ့ ကြိုပိတ်ထားတာ ... လှလေးပုံစံကဖြင့် ဘာဖြစ်လို့လဲ ... ကြည့်ရတာ အကောင်းကြီးပဲဟာကို ... ဒါပေမယ့် တီတာတို့က ဒီနေ့ အပြင်မထွက်ပါဘူး ... အိမ်မှာပဲ စကားထိုင်ပြောကြမှာပါ ..."

"အိမ်မှာဆိုတာဘာ ဘာလဲ ... ဘယ်အိမ်မှာလဲ ... ညည်းအိမ်မှာ မလုပ်နဲ့နော် ... ဒီအိမ်မှာပဲပြော ... စကားပဲ ပြောမှာဆိုရင် ဘယ်အိမ်မှာဖြစ်ဖြစ် တူသွားပဲ"

"ဟုတ်ကဲ့ပါ ... ဒီမှာပဲ ပြောမှာပါ ... ဒါပေမယ့် ဦးမျိုးမင်းတော့ အနားမှာ လာမနေနဲ့ ... မလွှတ်လပ်ဘူး ... ခုကော ဘာလို့ ရုံးချိန်ကြီး ဒီရောက်နေရတာလဲ ... ထမင်း လာပြန်စားတာလား ... ဒါဆိုလည်း စားပြီးရင် ပြန်တော့လေ ... ညနေကျရင်လည်း ရုံးစောစော မဆင်းခဲ့နဲ့နော် ... စိတ်ချလက်ချနဲ့ အလုပ်ကိုပဲ ကြိုးစားပြီး လုပ်ပါ ... ခုနစ်နာရီလောက်မှ ရုံးဆင်းခဲ့လည်း ရတယ် သိလား ..."

"ဒါဖြင့် ညည်းက ဒီနေ့ ဒီမှာ တစ်နေကုန်လား ..."

"ဟုတ်ကဲ့ ..."

သူ့မိန်းမ ဘယ်မှပါမသွားတော့မှာကို ကျေနပ်



သွားဟန် ရှိသော်လည်း သူ့ကို တတွင်တွင် တွန်းလွှတ်ပြီး အနားမှာ မရှိစေချင်တာကိုတော့ သိပ်စိတ်တိုင်းကျလှပုံ မရသည့် ဦးမျိုးမင်းက ... "အတင်းနှင်လွှတ်ပြီးမှ ဘာတွေပြောကြမလို့လဲ မသိပါဘူး" ဟု သူ့ဘာသာသူ ပြောသလိုလိုနှင့် ပြောလိုက်ကာ ...

"ညည်းလည်း တစ်နေ့ တစ်နေ့ လတ်လျား လတ်လျားနဲ့ ... သဇင့်လို အလုပ်တစ်ခုခု ဝင်လိုက်ပါဆို ..."

"တီတာကလည်း ဦးမျိုးမင်းကို အလုပ်တောင်းထားသားပဲဟာကို ... ဒီရုံးမှာ ဝင်ချင်ပါတယ်ဆို ... ဦးမျိုးမင်းကမှ ယိုယုံကြည်ကြည်နဲ့ အလုပ်မခန့်ချင်ပဲဟာ ..."

"အေး ... အခုတော့ ခန့်လိုက်ရင် ကောင်းမလားမသိဘူး ... လှလေး ... တီတီတာ ကိုကို့ဆီမှာ အလုပ်ဝင်ရင် လှလေးရော တူတူဝင်လုပ်ချင်သလား"

လှလေးရဲ့ မျက်ဝန်းလေးတွေမှာ စိတ်ဝင်စားမှုအရောင်တို့နှင့် တဖျတ်ဖျတ် ပြေးသွားရပြီးမှ ...

"ဘယ်ဌာနမှာလဲ ..."

"စာရင်းဌာနပေါ့ ... လှလေးတို့ လုပ်တတ်မှာ ဒါပဲရှိတာပဲ ... ကုန်အဝင်အထွက် စာရင်းလုပ်ရမယ့်ဆီမှာ ထားပေးမယ် ..."

လှလေး မျက်နှာလေးက ခပ်ပုပ်ပုပ် ပြန်ဖြစ်သွားပြီးမှ လေသံပျော့ကလေးနှင့် "စဉ်းစားဦးမယ်" ဟု အိအိညှောက်ညှောက် အသံနှင့် ဆိုလေသည်။ ခေါင်းတညိတ်

ညိတ်နှင့် လှည့်ထွက်ဖို့ ပြင်လိုက်သော ဦးမျိုးမင်းက တီတာ့ လက်ထဲမှ မဝယ်ချင်ဘဲ ဝယ်လာခဲ့ရသော စက္ကူပိပိပန်းလိပ်ကို မြင်လျှင် ... "ဆုံးမစရာ အကွက်ကောင်းတော့ ရပြန်ပြီ" ဟု ရှုံ့ရှုံ့မဲ့မဲ့နှင့် ကြည့်လိုက်ရင်း ...

"ဟင်း ... ကလေးမဟုတ် သူငယ်မဟုတ် ... ညည်းမှာ ဒီလိုအကျင့်တွေ မဖျောက်နိုင်သေးတိုင်း လှလေးကိုပါ လာ,လာပြီး ကလေးလိုလို ဘာလိုလို စာရင်းသွင်းပြီး ကဲချင် ဆော့ချင်တွေ လာမလုပ်နဲ့နော် တီတီတာ၊ လှလေးက အိမ်ထောင်သည် ဖြစ်နေပြီ ... ရင့်ကျက်ဖို့လိုနေပြီ ... ညည်းလည်း တကယ်အလုပ်ဝင်ချင်ရင် ဒါမျိုးအကျင့်တွေ ဖျောက်တော့ ..."

"ဦးမျိုးမင်းရယ် ... တီတာလည်း ဒီလောက်တော့ မပေါတော့ပါဘူး ... ဒါကတော့ ဦးမျိုးမင်းတို့ ရုံးရှေ့က အသည်က အတင်း လမ်းပိတ်ရောင်းလို့ ... ကူညွှေပျက်တော့မှာမို့ ဝယ်လိုက်ရတာ သိရဲ့လား ... ကိုယ့်တိုက်ရှေ့ ဒါမျိုးအသည် ရောက်နေတာရော သိရဲ့လား ... တော်ကြာ သူလိုက်နှောင့်ယှက်နေတာနဲ့ ဦးမျိုးမင်းရဲ့ အလုပ်ဖောက်သည်တွေတောင် ထိခိုက်ချင် ထိခိုက်လာနိုင်တယ် ... တကယ် စိတ်ပျက်စရာကောင်းတာနော် ..."

ဦးမျိုးမင်းက တဟားဟား ရယ်လိုက်သည်။

"အဲဒီလူက အစက ဒီရုံးကပါ ... နောက်တော့ ဦးနှောက်သိပ်မမှန် ဖြစ်လာတာနဲ့ အလုပ်ကနေ အနား



ပေးလိုက်တာ ... သူ့ဘာသာ သံယောဇဉ် မဖြတ်နိုင်ဘဲ ဒီရှေ့မှာလာပြီး လုပ်ကိုင်စားသောက်နေတော့လည်း သနားတာနဲ့ ဘာမှမပြောတော့တာလေ ... သူက လူတိုင်းကိုတော့ အနှောင့်အယှက် မလုပ်ပါဘူး ... သိပ်မဆိုးပါဘူး ..."

"အော ... ဒါဖြင့် တီတာကကျတော့ ဘာဖြစ်နေလို့လဲ"

"မသိဘူးလေ ... ညည်းက စိတ်မမှန်တဲ့လူကိုတောင် ဘာသွားလုပ်သလဲမှ မသိတာ ..."

တီတာက ခွန်းတုံ့တင် ပြန်ပြောဖို့ စကားလုံးရှာနေဆဲမှာပင် ဦးမျိုးမင်းက ... လှလေးဘက်လှည့်ကာ ... "သူငယ်ချင်း ရောက်လာလို့ပါလို့ အခွင့်ကောင်းယူပြီး လက်ဖက်သုပ်တွေ စွတ်စားမထားနဲ့ ... ဒေါ်ညွှန့်ကို မှာခဲ့မယ် ... ဟိုတစ်ခါ တီတီတာ ပြန်သွားမှ သေလောက်အောင် အောင့်ပြီး ကျန်ခဲ့တာ မမေ့နဲ့ ..." ဟု ပြောပြောဆိုဆိုပင် ထွက်ခွာသွားပါတော့သည်။

"ရှင့်ယောက်ျားဟာလေ ... ကျုပ်ကို တော်တော့်ကို အမြင်ကပ်နေပုံပဲ ..."

"စိတ်မပျက်ပါနဲ့ တီတာရယ် ... ကျုပ်မှာ ကယ်မယ့် လူဆိုလို့ ရှင်ပဲရှိတော့တာပါ ... နို့မို့ဆို ကျုပ်ဘဝကြီး ဆိတ်သုန်းတာ ကြာပြီ ..."

"တော်စမ်းပါ ... ဒီရုပ်လား ဆိတ်သုန်းတာ ... အပျော်လွန်ပြီး အရည်တွေ ဖြစ်နေတာ အိုင်တောင် ဖွဲ့နေပါပြီ ..."

"အဟုတ်ပါဟဲ့ ... မပျော်ဘူးလို့လည်း မပြောပါဘူး၊ ဒါပေမယ့် ပျော်တာက သပ်သပ် ... ကျဉ်းကျပ်ကျုတ်ပြီး ဆိတ်သုန်းတာက သပ်သပ် ... မတူဘူး ... တကယ်ပြောတာ ..."

"တော်ပါ သူဌေးကတော်ရယ် ... ဒါဖြင့်ရင် ဆိတ်သုန်းတယ်လည်း ပြောသေး ... ဟိုက အလုပ်လုပ်မလား ဆိုတော့ကျ မလုပ်ချင်ဘူး ... တစ်နေ့ တစ်နေ့ ထိုင်ပျင်းနေရတာနဲ့စာရင် ကျုပ်တို့နှစ်ယောက် အလုပ်တူတူ လုပ်ရရင် ဘယ်လောက် ပျော်စရာကောင်းလိုက်မလဲ ..."

"အမယ်လေး ... အဲဒါ ရှင်မသိလို့ ပြောတာနော် ... သူပေးတဲ့ အလုပ်က တစ်နေ့ တစ်နေ့ သူ့မျက်စိရှေ့အောက်က စားပွဲနဲ့ ကုလားထိုင်မှာ ကော်ကပ်ခံထားရသလိုထိုင်ပြီး ... တစ်နေကုန် လက်ညှောင်းခေါင်းစားနေရမယ့် အလုပ်ကြီး ... အလုပ်ပင်ပန်းတာက အကြောင်းမဟုတ်ပါဘူး ... ဒါပေမယ့် ရှင်တစ်နေကုန်ကြီး သူ့မျက်စိရှေ့အောက်မှာ မလှုပ်မယှက် ထိုင်နေနိုင်လို့လား ..."

"မထိုင်နိုင်ဘူး ..."

"အဲဒါ ပြောတာပေါ့ ... ဒီတစ်ခါကျ သူနဲ့ စကားပြန်စပ်ပြီးရင် ... နယ်က Site တွေကို ပစ္စည်းတွေပို့ဖို့ ပစ္စည်း လိုက်ဝယ် ဘဲ့ ဌာနမှာ သွင်းပေးပါလို့ ပြောသိလား ... အမှန်က အဲဒီဌာနတွေမှာ လုပ်တဲ့သူတွေ



က ဆိုင်တွေကနေ ကော်မရှင် ပြန်ယူတာနဲ့ ... ဘောက်ချာမှာ ပိုရေးခိုင်းကြတာနဲ့ဆိုတော့ တကယ့်လူရင်း လိုတဲ့နေရာမျိုး ..."

"ရပါလိမ့်မယ် အားကြီး ... ရှင့်ယောကျ်ားက သူ့အလုပ်မှာ ငွေနည်းနည်းပါးပါး ဆုံးရှုံးနစ်နာနေတာကိုပဲ ခံနိုင်လိမ့်မယ် ... သူ့မိန်းမ နေ့တိုင်း အပြင်တချောင်းချောင်း ထွက်ပြီး မြို့လုံးပတ်နေတာကိုတော့ လက်သင့်ခံနိုင်မှာ မဟုတ်ဘူး ... ကျုပ်ကို တရားခံမရှာနဲ့ ... ပြောလည်း မပေးနိုင်ဘူး ... ကျုပ်ပါ အလုပ်မရရင်လည်း နေပစေတော့"

"ဒါဆိုရင်လည်း သူပေးတဲ့ ကုလားထိုင်မှာ ကော်နဲ့ကပ်ထားတဲ့အလုပ်ထဲ ရှင်တစ်ယောက်တည်းပဲ ဝင်ပေါ့ ..."

လှလေးက တီတာ့ကို စိတ်ကောက်ပုံနှင့် ပြောကာ နှုတ်ခမ်းကို ရှေ့တစ်တောင်လောက် စူထုတ်ရင်း မျက်နှာလေးကို ပုပ်အဲ့ထားလိုက်လေသည်။ ဟင်း ... ဘယ်လိုပဲ မဲ့ရွဲ့စူလန်နေပါစေ ...။ လှလိုက်တဲ့ မိန်းမ ...။ အဲဒါကြောင့် ဦးမျိုးမင်း ခမျာလည်း စိတ်ပုပ်ကြီးရ ... ကြယ်စင့်မှာလည်း ဒုက္ခတွေရောက် ... သူ့မှာတော့ အလှမပျက်စတမ်း ချစ်စရာလေးပဲ ဖြစ်နေရသည်။ ဘာတဲ့ ... "အချွဲလေး" တဲ့ ...။ ဟင် ... အသည်းယားလိုက်တာ ... စူထုတ်ထားတဲ့ နှုတ်ခမ်းကို အကွင်းလိုက် ဝိုင်းပြီးလိုးပစ်လိုက်ရ။

"ကြည့်လှချေလား ... ဟီဟီ ... သူ့မျက်စိထဲမှာ သိပ်လှနေတယ်နဲ့ တူပါရဲ့ ..."

"သေလိုက်ပါလား ... ရှင့်ကို ကျုပ်ပြောစရာရှိတယ်... ပြောစရာရှိလို့ လာတာ ..."

"သိသားပဲကွယ် ... ပြောနိုင်ပါတယ် ... ပြောနိုင်ပါတယ်"

"နောက်မနေနဲ့ ... ကျုပ် ဒါတွေပြောတာ ရှင်တို့ အိမ်ထောင်ရေးကို ထိခိုက်စေချင်လို့လည်း မဟုတ်ဘူး ... ကျုပ်ဘာသာ အသည်းတွေ ယားနေလို့ ပြောရတာ ... ရှင့် ဦးမျိုးမင်းကို ကျုပ်ဘက်ကလည်း မသိစေရဘူး ... ရှင်လုပ်လို့လည်း မသိပစေနဲ့ ..."

လှလေး မျက်နှာမှာ ဒေါသနှင့် တည်တည်တန့်တန့် ဖြစ်သွားရကာ ... "ကိုကို ဘာဖြစ်သလဲ ... ဖောက်ပြန်သလား ... ရှင် တွေ့ခဲ့သလား" ဟု ဆိုလေသည်။ အင်း ... မိန်းမက သူ့အလှည့်ကျတော့ သိတတ်လိုက်တာ ...။

"ဘယ်ကလာ ဦးမျိုးမင်း ကမှာလဲ ရှင် ... ရှင် ..."

"အလို ... ကျုပ် ..."

"ဟုတ်ပါ့ ... ရှင့်ကို ကျုပ်မေးမယ် ... ရှင် ကြယ်စင်နဲ့ ကြိုက်ခဲ့ကြသေးတယ်ဆို"

လှလေး မျက်နှာကွက်ခနဲ ပျက်သွားကာ ... "သူပြောလား" ဟု ခပ်တိုးတိုး ဆို၏။ ဒီကတည်းက အဖြေမှန်ကို တီတာက ရိပ်မိသွားနိုင်တော့ကာ ... လှလေးထံ မျက်စောင်းတစ်ချက်လောက် ပစ်သွင်းလိုက်ပြီး ...

"ဘယ်လိုလုပ် ပြောနိုင်တော့မှာလဲ ... အခု သူကဖြင့် ပျောက်နေပြီ ..."



"ဟဲ့ ... ပလုပ်တုတ် ... ရှင်ပြောပုံကြီးက လူပျောက်မှုလိုလို ... လန့်စရာ ..."

"ဟုတ်တယ် ... လန့်စရာပဲ ... တကယ်ပဲ လူပျောက်မှုပဲ ... အဲဒီကနေဆက်ပြီး လူသေမှုတောင် ဆက်ဖြစ်သွားနိုင်သေးတယ် ... ခုလောက်ဆို ဘယ်နေရာလောက်မှာများ ပုပ်ပွပြီး အရိုးကျနေပြီလဲ မသိဘူး ..."

"ဟင် ... ကြောက်တယ် ... သေတော့ မသေပါစေနဲ့ တော်ကြာ သူသေရင် ကျုပ်ဆီ သူရဲလာခြောက်နေဦးမယ် ..."

"အော ... တရားကျစရာ ကောင်းလိုက်တာ ... လူတစ်ယောက် မသေသင့်ဘဲ သေရမှာကို သနားကိုယ်ချင်းစာပြီး မသေပါစေနဲ့လို့ ဆုတောင်းပေးသလားမှတ်တယ် ... သူ့ဆီ သူရဲလာခြောက်မှာ ကြောက်လို့ ပြောတာ ဖြစ်နေတယ် ..."

"ဘာလို့ပဲ ပြောပြောပေါ့ဟဲ့ ... မသေစေချင်တာက အဓိကမဲ့ဟာ ... ရှင် ဒါတွေ ဘယ်ကသိလာတာလဲ၊ ဘာလဲ ... ရှင်ပြောနေပုံအရဆို သူပျောက်တာ ကျုပ်ကြောင့်လား"

တီတာက မျက်စောင်းများဖြင့် ထပ်မံပစ်လွှတ်မိပြန်ရင်း ... မာလာသွယ်နှင့် တွေ့ဖြစ်ခဲ့ကြပုံကို ပြန်ပြောပြလိုက်ပါသည်။

"ဟင် ... ရှင်ကလည်း အဲဒီလောက်ကလေးနဲ့တော့ မရေရာ မသေချာနဲ့ ..."

"မဟုတ်ဘူး ... ကျုပ်ဇာ အဲဒီ မာလာသွယ့်ဆီ ဖုန်း ထပ်ဆက်ကြည့်ပြီးပြီ .. "

လှလေးက တီတာ့ကို တစ်မျိုးကြီးကြည့်ကာ... "ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ အလွတ်ကြီးပဲ ... ဘာမှမဆိုင်ဘူး"ဟု ဆို၏။

"ဟင်း ... အခုမှ သိပ်လွတ်ချင်နေတယ် ..."

"ဟုတ်တယ်လေ ... ကျုပ်က ကိုယ့်အိမ်ထောင်နဲ့ကိုယ်ပဲ ဖြစ်နေပြီ ... သိပ်လွတ်ချင်မှ ဖြစ်မှာပေါ့ ... ဒါက ဖြစ်သင့် ဖြစ်ထိုက်တဲ့ အမှန်တရားပဲ ... ကျုပ်ကို သိပ်လွတ်ချင်နေတယ်ဆိုရင် ရှင်ကရော ... ဘာတွေသိပ်မလွတ်ချင် ... ဝင်ပါချင် ဖြစ်နေရတာလဲ"

တီတာ့ ခမျာ လှလေးရဲ့ စကားကြောင့် ခေတ္တမျှ ကြောင်အမ်းအမ်း ဖြစ်သွားရပြီးမှ ...

"မသိဘူး ... မာလာသွယ်ကတော့ ကျုပ်ကို ခေါင်းတပ်လာတာကိုး ..."

"ဒါပေမယ့် အလွတ်ကြီးပါဟာ ... ပစ်ထားလိုက်စမ်းပါ ... ဟင်း ... သူ့မှာ လွန်ခဲ့တဲ့ နှစ်,နှစ်တည်းက စေ့စပ်ထားပြီးသား လူရှိရက်နဲ့များ ကျုပ်ကို လာအီနေသေးတယ် ... အစုတ်ကောင် ..."

"အော ... ရှင်ကျတော့ရော ... နောက်လေးလကြာရင် လက်ထပ်ရတော့မယ့်လူ ရှိရက်နဲ့ ..."

"ကျုပ်ကတော့ အဲဒီလို လက်ထပ်ရတော့မှာမို့လို့ကို စိတ်လေနေတဲ့ အချိန်လေ"



"သူ့ဘက်ကျတော့ သိပ်အပြောကောင်း ... လေစရာလား ... ကဲ ... ခုတော့ လူတစ်ယောက် ဘဝပျက်ပြီ ဘယ်လိုလုပ်ကြမလဲ ..."

"သူ့ဘာသာသူ စိတ်မခိုင်တဲ့ ယောကျ်ားမို့ ... ဒီလောက်လေးနဲ့ ဘဝကို အပျက်ခံတယ်ဆိုရင်လည်း ပျက်ပစေ ... ကျုပ်လည်း ဘာမှ မတတ်နိုင်ဘူး ... ကျုပ်တောင်မတတ်နိုင်တာ ရှင်လည်း အနေသာကြီး ဘာမှ ဝင်ဖြစ်မနေနဲ့ ... ဒီတိုင်းပဲ ထားလိုက်တော့"

"လွယ်လိုက်တာ ဒေါ်လှလေးရယ် ..."

"ဟဲ့ ... မလွယ်လို့ ဘာလုပ်ရမလဲ ... ကျုပ်က ကိုကို့ကို ပြန်ကွာပြီး သူ့ကို လိုက်ရှာပေါင်းပေးရမလား ... ဒါမှမဟုတ်ရင် ဘာနဲ့ အလျော်အစား ပြန်လုပ်ပေးရမှာလဲ ... ကျုပ်ပြောပြီးပြီလေ ... ကျုပ်ဘက်က လွယ်တယ်ဆိုလည်း လွယ်တယ်ပဲ ထားလိုက် ... ရှင်သာ ဝင်ခက်မနေနဲ့ ..."

လှလေးက တီတာ့ကို စိတ်ရှုပ်ရှုပ် ပုံစံနှင့် အကဲခတ်လိုက်ကာ ...

"တစ်သက်မှာ တစ်ခါမှ မမှားဘူးကြတဲ့ လူဆိုတာ ရှားပါတယ် ဒေါ်တီတာရယ် ... ကျုပ်လည်း အဲဒါ ကျုပ်မှားသွားမိတဲ့ အမှားပဲ ထားလိုက်ပါ ... ဒါပေမယ့် ကျုပ်က အခုလမ်းမှန်ပေါ် ပြန်ရောက်နေပြီ ... ကိုကိုနဲ့ ကျုပ်နဲ့ အဆင်လည်းပြေတယ် ... ကျုပ်တကယ်ပြောတာ ... ခုနေခါမှာ ကိုကို့ အချစ်ကိုလည်း ကျုပ်ယုံ

တယ် ... ကျုပ်ဘက်ကလည်း ကိုကို့ကို ပြန်ချစ်တယ်"

"ရှင်က ဦးမျိုးမင်းကို ချစ်တယ် ..."

"အေး ... ဟုတ်တယ် ... ဒါအမှန်ပဲ ... သူ့ရဲ့စည်းစိမ်ချမ်းသာမှာ ယစ်မူးပျော်ရွှင်တာထက် ကျုပ်သူ့ကို ချစ်ကိုချစ်တာ ... မူမူ ပြောခဲ့တာ မှန်တယ် ... ကျုပ်က ကျုပ်ကိုယ်ကျုပ် နားမလည်ခဲ့တာ ... ခုတော့ နားလည်ပြီ ... ကိုကိုက ကျုပ်ကို တိုက်ရိုက်လာဖွင့်မပြောခဲ့လို့ ကျုပ်ရင်ထဲမှာ တိတ်တခိုး ချစ်နေခဲ့မိရက်နဲ့ ဒေါသတကြီးနဲ့ လိုင်းကြောင်ကုန်တာ ... ကြယ်စင်နဲ့ ကိစ္စကတော့ ကျုပ်မှားတယ် ... ကျုပ်ဝန်ခံပါတယ်၊ မှားကို မှားခဲ့တာပါ ... ဒါပေမယ့် အဲဒါဟာ ဒေါသထွက် စိတ်လေနေတဲ့ သူတစ်ယောက်ရဲ့ စိတ်ကစားခဲ့မှုသက်သက်ပဲ ... ဒီ့ထက် ဘာမှ မပိုဘူး ..."

ပိုခဲ့မိရင်တောင် ဒီအချိန်မှာ ကိုယ့်ခင်ပွန်းသည်ကို သစ္စာရှိရှိနဲ့ပဲ နေရတော့မယ် ... သူ့ဘာသာသူ ပျောက်ပျောက် ... သေသေ ... စွမ်းစွမ်းတမံနဲ့ လိုက်စိတ်ဝင်စား ပါဝင်ပတ်သက်မိနေရင် ကိုကို့အပေါ်မှာ သစ္စာမရှိရာ ကျတော့မယ် ... ကျုပ် မလုပ်နိုင်ဘူး... ပြီးတော့ ကိုကို့လိုလူကို ဒီအကြောင်းတွေ ရိုးတိုးရိတ်တိတ်တောင် ပေးသိလို့ မဖြစ်ဘူး"

တီတော့မှာ ငုတ်တုတ်ကြီးပင် ငိုင်တွေနေမိပါသည်။



"ရှင်လည်း မကြာခင် မောင်းမောင်းနဲ့ လက်ထပ်တော့မှာ ... ကျုပ်လို ခုကျမှ နောင်တခိုးရနေရတာမျိုး မဖြစ်ချင်ရင် ခုကိစ္စမှာ ဘာမှဝင်မပါနဲ့တော့ ရပ်တန်းကရပ် ... ဒီတစ်ခါ မာလာသွယ် ဆိုတာ ပေါ်လာရင်လည်း အပြတ်သာ ပြောပစ်လိုက် ... ရှင်ကစပြီး စ,ဆက်သွယ်တာမျိုးကို လုံးဝမလုပ်နဲ့တော့ ... အဲဒါ ရှင့်အတွက် ကျုပ်ကပြောတာ ..."

တီတော့မှာ သက်ပြင်းလေး တစ်ချက်သာ ချလိုက်မိရင်း ...

"အိုင်းပါ ... ကျုပ်ကလည်း ကိုယ်နဲ့ခင်ခင်မင်ကြီးနေခဲ့သူတစ်ယောက် ပျောက်သွားတယ်ဆိုတော့လည်း ဟာယ် ..."

"ပျောက်ချင်မှလည်း ပျောက်မှာပါ ... အဲဒီ မာလာသွယ်ကို မယူချင်တော့လို့ အစဖျောက်ပစ်ခဲ့တာလည်း ဖြစ်နိုင်တာပဲ ... သူနဲ့ စေ့စပ်ထားရက်နဲ့ ကျုပ်ကို လာအီတယ်ဆိုတော့ ဟိုဘက်ကို စိတ်ဝင်စားမှု မရှိတာက အသိအသာကြီးပဲဟာ ... စေ့စပ်ထားတယ် ဆိုတာတောင် ဟုတ်ချင်မှ ဟုတ်မှာပါ ... သူပြောတိုင်း ယုံရတော့မှာလား ... ကြယ်စင် နေနေတဲ့ အိမ်က ငှားနေတာ ... ဒီတော့ အိမ်ရှင်ကို ပြန်အပ်ပြီး သူ့တစ်ကိုယ်စာပစ္စည်းလေးတွေသယ်ပြီး အိမ်ပြောင်းသွားရင် ဘယ်သူမှ သိလိုက်မှာတောင် မဟုတ်ဘူး ... ခုနေ သူကတော့ သူ့ဘာသာ တစ်နေရာရာမှာ အေးအေးဆေး

ဆေး ရှိနေမယ် ... ရှင်နဲ့ မာလာသွယ်နဲ့က သူပျောက်ပါပြီဆိုပြီး အလန့်တကြား စိတ်ပူနေကြမယ်ဆိုရင် ဘယ်လောက် ရယ်ရသလဲ ... ကဲ ..."

အင်း ... အဲဒီလို တွက်တော့လည်း ဟုတ်တုတ်တုတ်။

"ပူမနေပါနဲ့ဟာ ... ကျုပ် ကောင်းကောင်း သိပါတယ်၊ ကြယ်စင်ဟာ လူညံ့လူပျော့ လူအ,မဟုတ်ပါဘူး ... တော်ရုံနဲ့တော့ သူ့ဘဝက မပျက်နိုင်ပါဘူး ..."

"တော်ရုံမဟုတ်ရင်ကော"

"ကျုပ်ကို သိပ်ပြီးတော့ စွဲလမ်းချစ်ခင် နှစ်ဘက်နေခဲ့မယ်လို့ ဆိုလိုတာလား ... မထင်ပါဘူးဟာ ... ဟုတ်တယ်ဆိုရင်တောင် ခုချိန်မှာတော့ ဘာမှမတတ်နိုင်တော့ဘူး ... အဲဒါကိုမှ ရှင်က ကျုပ်ကိုယ်စား Guilty ဖြစ် ... အပြစ်ရှိသလို ခံစားနေရတယ် ဆိုရင်တော့ ပြန်တွေ့လို့ အခြေအနေပေးရင် တောင်းပန်လိုက်မယ်ဟာ ... ကဲ ... ဒါပဲ ... ပြီးပြီ"

မပြီးလို့လည်း မရတော့ပါ ... အခန်းထဲသို့ အိမ်ကမိန်းမကြီး ဒေါ်ညွန့် ဝင်လာပြီး အခန်းရှင်းလင်းခြင်း လုပ်နေပြီ ...။ တီတာ့အဖို့မှာလည်း ဘယ်တုန်းက ဒီလောက်ဖြတ်သားရဲရင့်ပြီး တွေးတတ် ခေါ်တတ် စကားပြောတတ်တွေ ဖြစ်နေမှန်း မသိသော လုလေးရဲ့ ဆုံးမသြဝါဒတို့နှင့် ကိုယ် ဘယ်လိုနေရ ထိုင်ရမလဲ ဆိုတာ ရှင်းရှင်းလင်းလင်းပဲ ပြန်သိသဘောပေါက်လိုက်ပါပြီ။



ဟုတ်လည်း ဟုတ်တာပဲ ... ကိုယ်လည်း ဘာမှ မတတ်နိုင် ... လုလေး ကိုယ်တိုင်လည်း ဘာမှမတတ်နိုင်။ ဒီကိစ္စကို ဒီအတိုင်းပဲ ပစ်မထားလိုက်လို့ ဘာများ ဆက်လုပ်နေရဦးမှာလဲ။

## အခန်း(၂)

"ဟဲ့ ... ဘယ်ကို မောင်းနေတာလဲ ..."
"ဒီနားမှာ ငါ့သူငယ်ချင်း တစ်ယောက်နေနေလို့ ... သူ့ကို ပြောစရာ ကိစ္စတစ်ခု ပေါ်လာလို့ ... ခဏဝင်လိုက်မယ် ..."
"ဖုန်းမရှိဘူးလား ... ဖုန်းနဲ့ပြောတာ မဟုတ်ဘူး ... အိမ်တစ်အိမ်ကို သွားတယ်ဆိုတာ ဝင်ထိုင်စကားပြောဘာညာနဲ့ဆို အနည်းဆုံး မိနစ်နှစ်ဆယ် ... နာရီဝက်လောက်တော့ ကြာမှာပဲ ... ခုပဲ မှောင်တောင်မှောင်တော့မယ် ... နင့်ဟာက မိုးချုပ်သွားမှာပေါ့ ..."
"မိုးချုပ်လို့ မပြန်ရဲတော့ရင်လည်း ခိုးပြေးတာပေါ့ဟာ"
"သေပါလား ... နင့်ဘာသာနင် မသေနိုင်ရင် ငါလုပ်လိုက်လို့ သေနေဦးမယ်"

မောင်းမောင်းက တကိုကိုနှင့် ရယ်နေကာ တီတာ့



စကားကိုတော့ နားမထောင်ဘဲ ကားကို သူမောင်းချင်ရာသို့သာ ဆက်မောင်းနေလေသည်။ အင်း ... တစ်မိသားနဲ့ တစ်မိသား လက်ထပ်ပေါင်းသင်းကြတော့မယ်ဆိုရင် သူနဲ့ကိုယ်ဟာ ရေရှည်ကြီး တစ်ဘဝလုံးစာ လက်တွဲ အတူနေသွားရတော့မှာမို့ တစ်ယောက်ရဲ့စိတ်၊ အကျင့်စရိုက် မှန်သမျှကို ကျန်တစ်ယောက်ရှာ နားလည်ပေးနိုင်လာအောင် ညှိညှိနှိုင်းနှိုင်းနဲ့ အလျော့အတင်း ကိုယ်စီရှိကြဖို့ လိုလာတော့မှာ အမှန်ပင် ...။

ဥပမာဆို ... ခုလို ကိုယ်က မသွားချင် ... သူက သွားချင် ...။ သဘောထား မတူကြသည့် ကိစ္စမျိုးတွေမှာ သူ့အလိုဆန္ဒသို့ပဲ သူလိုက်လိုက်ခြင်းသည် ပုံမှန်အတိုင်းဆိုရင်တော့ တကယ့် အသေးအဖွဲလေးမျှသာပါ။ ကိုယ်နဲ့သူဟာ သူငယ်ချင်းတွေပဲ ဆက်ဖြစ်သွားကြဦးမယ် ဆိုရင်လည်း ဘာမှကိစ္စမရှိ။ စကားထဲတောင် ထည့်ပြောနေဖို့ မလို ...။ ဒါပေမယ့်လည်း သူနဲ့ကိုယ်ဟာ ... နောင်အရှည်သဖြင့် ပေါင်းသင်းဆက်ဆံ သွားရမယ့် သူတွေဆိုတော့ ... ဒီလို အသေးအဖွဲလေးကစ,စပြီး အကျင့်ပါ အထာကျကာ ... ကြီးကြီးမားမားရော ... ဘာကိစ္စမဆိုမှာပါ သူ့သဘော သူ့ဆန္ဒချည်းပဲ ဖြစ်နေတော့မယ် ဆိုရင်တော့ မနိပ်လှပေ ...။

"ငါက လူကြီးတွေ့ စိတ်ပူနေမှာစိုးလို့ ပြောနေတာ"

"မပူပါဘူး ... ပြောပြီးမှ ထွက်လာတာပဲဟာ ... ငါနဲ့သွားတာပဲ ... ဘာပူစရာ ရှိလို့လဲ ..."

"နင့်ကို စိတ်မချတာလို့ ပြောတာမဟုတ်ဘူး ... မှောင်လာတဲ့အထိ ပြန်မရောက်ရင် ကားများတိုက်သလား ... ဘာများဒုက္ခရောက်နေကြပြီလဲ ... စသဖြင့် တွေးပူကြမှာကို ပြောနေတာ ... ငါ့မိဘတွေတင်မကဘူး ... နင့်မိဘတွေကပါ ပူမှာ ... လူကြီးဆိုတာ အဲဒီလိုပဲ ... အသက်ကြီးလာရင် ကြိုဖန်ပူနေတတ်ကြတော့တာပဲ"

"နင့်သူငယ်ချင်းတွေနဲ့ နင် ... ညကြီးမိုးချုပ် ကိုးချင်းကိုးချောင်း ထွက်ကြတော့ရော ... အန်တီတို့က မပူဘူးလား ..."

"မှောင်မှ အိမ်ကစ,ထွက်ပြီး သိပ်ညမနက်ခင် ပြန်ရောက်တာက တစ်မျိုး ... စတိတ်ရှိုးတွေ ဘာတွေသွားကြည့်တာကလည်း ဘယ်ရောက်နေတယ်ဆိုတာ သိပြီးသားဆိုတော့ ဘယ်ပူမလဲ ... မနက်မိုးလင်းထဲက ထွက်သွားပြီး မှောင်လာတာတောင် ပြန်ရောက်မလာတာကျတော့ တစ်မျိုးဟဲ့ ... မတူဘူး ..."

"ငါတို့လည်း မိုးလင်းထဲက ထွက်လာကြတာတော့ မဟုတ်ပါဘူးဟာ ..."

ကဲ ... တော်ပြီ ... မပြောတော့ဘူး ... အာပေါက်တယ် ... ဒီတစ်ခါတော့ ရှိစေတော့ ... နောက်များတော့ ... ဒီလို အကျိုးနဲ့အကြောင်းနဲ့ ပြောတာကို လက်မခံချင်ဘဲ ကိုယ်ထင်ရာမဲ့ ကိုယ်လုပ်ချင်နေမယ် ဆိုရင်တော့ ဒါဟာ အတော်ကြီး အတိုက်အခံ ညှိကြရမယ့်ကိစ္စပဲ ...။



သူနဲ့ မယူဖြစ်ခင် အပြီးညှိမှ ...။ ယူပြီးရင်တော့ ဘယ်လိုမှ လုပ်မရဘူးသာ မှတ်ပေတော့။

ခုတော့ဖြင့် မောင်းမောင်းက သူ့သူငယ်ချင်းအိမ် ဖြစ်နိုင်သော တိုက်ကြီးတစ်ခုရှေ့ ကားတောင်ထိုးရပ်လိုက်ပြီးချပြီ။ စိတ်ထင်လို့လားတော့ မသိ ... ဒီလမ်းထဲ ကားရပ်လိုက်ပြီးကာမှ မိုးကလည်း ရုတ်တရက်ချုပ်ကာ မှောင်သွားသလိုပါပဲ ...။

"အပေါ်တက်လိုက်မလား ..."

"ကြာမှာလား ..."

"ကြာတော့ မကြာပါဘူး ... ဒါပေမယ့် မပြောတတ်ဘူး ... ဟိုကောင့်အပေါ် မူတည်တယ်"

အင်း ... ဒီလိုဆိုရင်တော့ အနည်းဆုံး နာရီဝက်လောက်တော့ ကြာမှာအမှန် ...။ လိုက်ရကောင်းနိုး ... မကောင်းနိုး ရှိနေဆဲမှာပင် လမ်းမီးများက ပျက်ကာ လမ်းကြီးတစ်ခုလုံး မှောင်မဲသွားသဖြင့် တီတာက စိတ်ပျက်လက်ပျက်ပင် ကားပေါ်မှ ဆင်းလိုက်ရပါတော့သည်။

"မီးတွေ ပျက်နေပြီနော် ... ကြည့်လုပ်ဦး ..."

"လမ်းမီးပဲ ပျက်တာပါ ... အိမ်မီးတွေ လာပါတယ်၊ ကြည့်ပါလား ..."

"တော်ကြာ အိမ်မီးပါ ပျက်တော့ ဘယ်လိုလုပ်,လုပ်မလဲ ..."

"အဲဒါဆိုလည်း ဝင်မထိုင်ဘဲ ပြန်တာပေါ့ ... လာ,လာ ပြောနေတာကမှ ကြာသေးတယ် ... သွားလိုက်ရင်

ရောက်နေပြီ ... ပထမထပ်တင် ...”

တီတာ့မှာ မျက်နှာခဲပ်ပုပ်ပုပ်နှင့်ပင် မောင်းမောင်း နောက်သို့ လိုက်ပါရပါတော့သည်။ သို့သော် စိတ်ကတော့ မကျေနပ်နိုင်သေးတာမို့ ပွစိစိနှင့် ...

“ဖုန်းနဲ့တောင် မပြောနိုင်ရအောင် ဘာကိစ္စမို့လဲ ...”

“အော် ... ဖုန်းမရှိလို့ပေါ့ အမိရဲ့ ... စကားကလည်း များလိုက်တာ ... အဘွားကြီးတစ်ယောက် လေပုပ်ထုတ်ဆေးတွေ အများကြီးစားပြီး အီးပေါက်နေသလိုပဲ ... တဘွတ်ဘွတ်နဲ့ ... အရှည်ကြီး မပြီးနိုင်တော့ဘူး ...”

“သေပါလား ... ဒါဖြင့်လည်း အစောတုန်းက ဖုန်းမရှိဘူးလို့ ပြောပါလား ...”

“စမ်းချောင်းမြို့နယ်ထဲပဲ ရောက်နေပြီဟာကွာ ... ဖုန်းရှိရင်လည်း ဝင်လိုက်တာက ပိုပြီးစိတ်ချရတာပေါ့”

မောင်းမောင်းနှင့် တီတာတို့ အခြေအတင် ပွစိစိနှင့်ပင် သူ့သူငယ်ချင်း၏ တိုက်ခန်းဝသို့ရောက်လေသည်။ တံခါးခေါက်လိုက်တာနှင့် ချက်ချင်းလာဖွင့်ပေးလိုက်သော သူ့သူငယ်ချင်း ဖြစ်ဟန်တူသည့် လူတစ်ယောက်မှာ မောင်းမောင်းကိုကျော်လျက် နောက်ဘက်က တီတာ့ထံသာ လှမ်းစိတ်ဝင်စားနေတော့ပြီး ...

“ဝင်လေ ... ဝင်ထိုင်ဦး ... ဘယ်လိုလဲ ... မိတ်ဆက်ပေးပါဦး ... အိမ်က ရှာနေရသေးလား ...”

မောင်းမောင်းခမျာ ကောက်ချိတ်ချိတ် ဖြစ်ချင်



နေသော တီတာ့ကြောင့် ဝင်ရကောင်းနိုး ... အပြင်မှာပဲရပ်ပြီး ကိစ္စဖြတ်ရကောင်းနိုး ဝေခွဲမရ ဖြစ်နေဟန်နှင့် ...

“အိမ်က မရှာရပါဘူး ... အေးလွင်နဲ့တူတူ ဒီနားတစ်ခေါက်ရောက်ဖူးသေးတယ်လေ ... စမ်းချောင်း... (----)လမ်း ... တိုက်အမှတ်(၁၈)၊ ပထမထပ်၊ ညာဘက်က အခန်း ... အားလုံးသိနေတာပဲ ... လွယ်ပါတယ် ...”

တီတာ့မှာ မောင်းမောင်း ရွတ်ပြလိုက်သော လိပ်စာကို အကြားမှာ ရုတ်တရက် ဆတ်ခနဲပင် ဖြစ်သွားမိပါသည်။ အလို ... တိုက်တိုက်ဆိုင်ဆိုင် ...။ ဒီလိပ်စာဟာ ခုတလောလေးတင် တီတာ့ခေါင်းထဲ အမြစ်စွဲ ဝင်ရောက်နေခဲ့သော လိပ်စာပဲ ...။ စမ်းချောင်း၊ (----)လမ်း၊ တိုက်အမှတ်(၁၈)၊ ပထမထပ်၊ ... သို့သော် ဘယ်ဘက်ခန်း။ တီတာက ကိုယ့်နောက်ကျောဘက်သို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်မိပါသည်။

တီတာ့ နောက်ကျောဘက်က အခန်းတစ်ခုမှာ သံပန်းတံခါး စေ့ပိတ်လျက် ... သော့ခလောက်ကြီးကြီးတစ်ခု တပ်လျက်သား ...။ တီတာက မောင်းမောင်းရဲ့ ကျောပြင်ကို မသိမသာ တွန်းကာ သူ့သူငယ်ချင်း၏ တိုက်ခန်းထဲသို့ လှမ်းဝင်စေလိုက်၏။ သို့သော် တောင်မှန်း မြောက်မှန်း မသိ ... တလွဲအဓိပ္ပာယ်တွေပဲ ကောက်တတ်ပုံရသည့် ကိုယ့်ဆရာက ...

“တော်ပြီ ... မဝင်တော့ဘူး ... ကျွန်တော် ခုတ်ခိုင်း

ထားတဲ့ ပင်နယ်လေး ရလောက်ပြီလား ... အဲဒါ လာမေးတာ ... ဖုန်းလည်း ဆက်မလာလို့လေ ..."

"မရသေးဘူး ... အဲဒီဆိုက်(ဖ်) Size အတိုင်းဆို လုပ်မရ ဖြစ်နေတယ် ... အဲဒါ ကိုမောင်းမောင်းဆီ တောင် ကျွန်တော် လာတော့မလို့ ... လာပါ ... ဝင်ပါဦး ... အေးဆေး ပြောရအောင်ပါ ..."

"ဟုတ်သားပဲ ... ဝင်လိုက်လေ ... မောင်းမောင်းရဲ့ အလုပ်ကိစ္စဆိုတော့ အတိအကျလေးပြောမှ ကောင်းမှာပေါ့ ... ဝင် ... ဝင် ..."

မောင်းမောင်းမှာ အူကြောင်ကြောင် ပုံစံနှင့်ပင် တိုက်ခန်းတွင်းသို့ လှမ်းဝင်သွားပါသည်။ တကယ်တမ်းတော့ သူတို့ရဲ့ အလုပ်ကိစ္စမှာ ဘာမှလည်း မရှိပါ။ မောင်းမောင်း လိုချင်နေသည့် စက်ပစ္စည်းလေးမှာ အချင်းဝက် ဘယ်လောက် မီလီမီတာမှ ဘယ်လောက်မီလီမီတာကြား ... ဘယ်လိုမဆို ခုတ်လို့ရတာကို မောင်းမောင်းရော သူ့သူငယ်ချင်း ကိုစိန်မင်း တို့ပါ သိပြီးကြပုံပင် ...။ တီတာ အကဲခတ်ရသလောက်က တော့ "သူလက်ထပ်တော့မည်"ဟု အသိုင်းအဝိုင်းကြားထဲမှာ ကြေညာထားပြီးသား ဖြစ်ဟန်တူသော မောင်းမောင်းဟာ ... တီတာ့ကို သူ့သူငယ်ချင်းထံမှာ ခရီးကြုံလမ်းကြုံ ခပ်ကြွားကြွားလေး ပြချင်ရုံ ... သူ့သူငယ်ချင်းကလည်း စိတ်ဝင်တစားနှင့် စပ်စုသိကျွမ်းလိုရုံ ... ဒီကိစ္စကသာ ပိုအရေးကြီးနေကြပုံပါပဲ ...။

အထဲရောက်တော့ သူတို့ကိစ္စက စကားတစ်ခွန်း



ပြောလိုက်တာနဲ့ ပြီးနေပြီ ...။ ဒီညနေ မောင်းမောင်း ရောက်မလာလည်း ကိုစိန်မင်းက ... "ဒီလို ...၊ ဒီလိုပဲ လုပ်ထားလိုက်ပြီ"ဟု မနက်ဖြန်ကျ ဖုန်းလှမ်းဆက်တော့မလို့ပါပဲ ... တဲ့။ နဂိုကတော့ သူ့ပဲ အကြွားကြီး ကြွားပြချင်နေဟန်ရှိသော မောင်းမောင်းမှာ တီတာ တစ်ယောက် ရုတ်တရက် စိတ်ပြောင်းသွားကာ ကိုစိန်မင်းရဲ့အိမ်ထဲ ဝင်ထိုင်ချင်လာခြင်း အပေါ်ကျတော့ စိတ်ထဲ စနောင့်စနင်း ဖြစ်နေဟန် ရှိပါသည်။ တမင်ပင် ... မပြောလည်းဖြစ်ရက် ...။

"ခင်ဗျား မိန်းမနဲ့ ကလေးနဲ့ မန္တလေး ပြန်သွားတာ နက်ဖြန်ရောက်မယ်နော်"

"ဟုတ်တယ် ... ဘာလဲ ... မိန်းမ မရှိလို့ ဧည့်ဝတ် မကျေနိုင်ဘူး ထင်လို့လား ... ကိစ္စမရှိဘူးနော် ... ဝရန်တာထွက်ပြီး အောက်ကို လက်ခုပ်တီးမှာလိုက်ရုံပဲ ... မြေညီထပ်ရဲ့ ညာဘက်အစွန်မှာတင် လက်ဖက်ရည်ဆိုင်က အသင့် ... တွေ့ရဲ့လား ... ခဏစောင့်"

"ဟာ ... မလုပ်ပါနဲ့တော့ ... မောင်းမောင်း ... မသောက်တော့ဘူး ... ပြောလိုက်ဦး"

"ရောက်မှတော့ သောက်သွားပါဦး ... မသောက်ဘဲ ခဏလေး ဝင်ထိုင်ပြီး ပြန်သွားလို့ ဘယ်ဖြစ်ပါ့မလဲ၊ မောင်းမောင်းနဲ့ ကျွန်တော်နဲ့က သိပ်ခင်ကြတာ ... ပြောရမယ့်လူတွေ မဟုတ်ဘူး ... နောက်မှ ကျွန်တော့် မိန်းမနဲ့ပါ မိတ်ဆက်ပေးထားရဦးမယ်"

တီတာကား စပ်စုစုံစမ်းလိုစိတ်ကို ဆက်လက်

မျှသိပ်မထားနိုင်တော့ပါ။ လှလေးကတော့ "ဝင်မပါနဲ့တော့" ဟု အပြတ်ပြောပြီးသား ... ဒါပေမယ့် ခုဟာကတော့ ကိုယ်ကတာမင်ကြီး ဝင်ပါရတာမဟုတ် ...။ ကိစ္စက ကိုယ့်ရှေ့သို့ တိုက်တိုက်ဆိုင်ဆိုင်ကြီးပင် ရောက်လာခဲ့တာပါ။ ဝင်ပါနေဖို့လည်း မရည်ရွယ်ပါ ... စပ်စုကြည့်ရုံလေးတင်ပါ ...။

"ကိုစိန်မင်းတို့ မျက်နှာချင်းဆိုင် အခန်းက သော့ခပ်ထားတာနော် ..."

"ဟုတ်တယ် ... အဲဒီမှာ အစကတော့ ငှားနေတဲ့လူရှိတယ် ... ခုတော့ ပြန်အပ်သွားပြီလား မသိဘူး ... စိတ်ဝင်စားလို့လား ... ပိုင်ရှင်က ကျွန်တော်နဲ့ခင်ပါတယ် ... ပြောပေးမယ်လေ ... ဝယ်ချင်တာလား ... ငှားချင်တာလား ... ဘာလဲ ... ကိုမောင်းမောင်းတို့ လက်ထပ်ပြီးရင် နေဖို့လား ... လုပ်စမ်းပါ ... အချင်းချင်းတွေ အိမ်နီးနားချင်း ဖြစ်ရမှာ ... ဝမ်းသာစရာကြီး ..."

မောင်းမောင်းက တီတာ့ကို အံ့ဩသလို လှည့်ကြည့်သည်။ မောင်းမောင်းလည်း တစ်ဦးတည်းသောသား၊ တီတာကလည်း တစ်ဦးတည်းသောသမီး ...။ မိဘတွေမှာ ခြံချင်းကပ်ရက် ရှိနေကြတာကိုပင် လက်ထပ်ပြီးလျှင် သူ့အိမ်မှာနေ ... ကိုယ့်အိမ်မှာနေ ... ဟု နယ်လုလျက်ရှိနေကြတဲ့ဥစ္စာ ... တီတာက ဘာကြောင့် ဒီလိုတိုက်ခန်းတစ်ခုကို ထစိတ်ဝင်စားရသလဲ ... ဟု အံ့အားသင့်နေပုံပင်။

"မဟုတ်ပါဘူး ... အဲဒီမှာ နေသွားတဲ့ လူအကြောင်းသိချင်တာပါ ... သူ့နာမည်က ကြယ်စင်နော် ..."

"ဟုတ်တယ် ... ဟုတ်တယ် ... မတီတီတာနဲ့ ခင်လို့လား ... ကျွန်တော်တို့နဲ့တော့ တစ်နှစ် နှစ်နှစ်လောက်သာ ကြာသွားတယ် ... သိပ်မခင်လိုက်ပါဘူး ... လူကတော့ လူတည်လူဖြောင့် ပုံစံပါပဲ ... ဒါပေမယ့် နည်းနည်းတော့ ဒေါသကြီး စိတ်ဆတ်ပြီး ဂျစ်ကန်ကန်နိုင်ပုံရတယ် ... တစ်ယောက်တည်းပဲ ... မိသားစုတွေဘာတွေလည်း ရှိပုံမရဘူး ..."

"ဟိုဟာပါ ... ကျွန်မနဲ့ ခင်တယ်တော့ မဟုတ်ဘူးပေါ့ ... အဲ ... ခင်တော့လည်း ခင်ပါတယ် ... ဘယ်လိုခေါ်မလဲ ... ကျွန်မသူငယ်ချင်းရဲ့ အမျိုးသားပေါ့"

မောင်းမောင်းက ခုမှစိတ်တိုင်းကျသွားပုံနှင့် ... "ဘာလဲ ... သဇင့် ရည်းစားလား" ဟု ဝင်မေးနေ၏။ လှလေးကတော့ အိမ်ထောင်သည်မို့ ... မှူမှူကတော့ အဝေးမှာမို့ ... အနီးစပ်ဆုံးအဖြစ် သဇင့်ကိုသာ ဆွဲထင်လိုက်ပုံပင်။

"မဟုတ်ပါဘူး ... မာလာသွယ်တဲ့ ..."

"မကြားဘူးပါလား ..."

"မောင်းမောင်းက တီတာ့ သူငယ်ချင်းတွေကို အကုန်သိလို့လား ..."

မောင်းမောင်း နှုတ်ပိတ်သွား၏။ ကိုစိန်မင်းကတော့ မောင်းမောင်းရဲ့ ပုံစံကို သဘောအကျကြီး ကျနေပုံပင် ...။

"ဒီလူ့အကြောင်း သိချင်လို့လား ... ကျွန်တော်လည်း သိပ်တော့ မသိဘူးဗျ ..."

"သူ့အကြောင်းထက် သူ ဘယ်ပြောင်းသွားသလဲ ဆိုတာများ သိမလားလို့ပါ ..."

"တီတာ့ သူငယ်ချင်းရဲ့ ရည်းစားဆို ... ကိုယ့်ရည်းစား ဘယ်ပြောင်းသွားသလဲ အဲဒီ မာလာသွယ်က သိမှာပေါ့ တီတာရဲ့ ..."

မောင်းမောင်းက ကိုယ့်စကား မဆုံးခင် ... တီတာ ဆိုလိုချင်သည့် အဓိပ္ပာယ်ကို သဘောပေါက်သွားဟန်နှင့် ... "မသိလိုက်ရဘူးလား" ဟု တအံ့တသြ ဆိုလေသည်။ ဒီနောက်မှာတော့ အမျိုးသားနှစ်ဦးတို့ ခေတ္တမျှ နှုတ်ပိတ်သွားကြလေတော့သည်။

"ကျွန်တော်တို့လည်း မသိလိုက်ဘူးဗျ ... အော် ... ဒီလူက ဒီလိုလား ... ဒီလိုဆိုရင် ဒီနားမှာ နည်းနည်းပါးပါးတော့ စုံစမ်းကြည့်ပါဦးမယ် ... ကြုံကြိုက်လို့တွေ့ရင်လည်း မသိမသာ မေးထားကြည့်လိုက်ပေးမယ် ... ဟား ... သိပြီ ... မှတ်မိပြီ ... ကျွန်တော့်မိန်းမပြောဖူးတာ ... ဒီအိမ်ကို တံခါးခေါက်ပြီး ကြယ်စင့်လိပ်စာလာမေးတဲ့ မိန်းကလေးရှိတယ်တဲ့ ... အဲဒါဖြစ်မယ် ထင်တယ် ..."

"ဟို ... ရပါတယ် ... မစုံစမ်းချင်လည်း မစုံစမ်းပါနဲ့ ... ကျွန်မ နာမည်တော့ မပါချင်ဘူးရှင့် ..."

"သဘောပေါက်ပါတယ် ... မပါစေရပါဘူး ... အော်



ဒီလူ့နှယ် ... ရုပ်ကြည့်တော့ တည်တည်တန့်တန့်နဲ့ မထင်ရဘူးဗျ ..."

ကိုစိန်မင်း အိမ်က ပြန်ထွက်လာကြတော့ လမ်းမီးများ ပြန်လာနေကြပေမယ့် အတော်ကြီးကို မှောင်နေခဲ့ပါပြီ။

"သူ့ကိစ္စရှိတော့ လူကြီးမိဘ စိတ်ပူမှာလည်း သတိမရဘူးနော် ..."

"အောင်မာ ... မိန်းမလို မိန်းမရနဲ့ ... ဒါ ငါ့ကိုတမင်ရွဲ့တာပေါ့ ..."

"မဟုတ်ပါဘူး ပြောကြည့်တာပါ ... ဒါနဲ့ နေပါဦး ဟို ကြယ်စင် ဆိုတဲ့ တစ်ယောက်က နင့်သူငယ်ချင်းမကို ပစ်သွားတာပေါ့ ..."

"ထင်တာပဲ ..."

"ဒါများ ... နင်ကပါ စိတ်ဝင်တစားနဲ့ လိုက်ရှာပေးနေဦးမှာလား ..."

"မရှာပါဘူး ... ခုဟာကတော့ တိုက်ရိုက်ကို ကြုံနေလွန်းလို့ မေးကြည့်တာပါ ..."

"မသိပါဘူး ... အန်တီတို့က ပြောတော့ နင်က အဲဒီလိုပဲ မားခုတ်ရာ လက်ဝင်လျှိုတာတို့ ... သူများကိစ္စ ကိုယ့်ကိစ္စဆိုတာမျိုးတို့ သိပ်ဝါသနာပါတာတဲ့ ... ငါ့ကို ဒီတစ်ခုတော့ သည်းခံရမယ်တဲ့ ... ကြိုမှာထားကြတာ ..."

"အောင်မာ ... နင့်အမေကကျတော့ နင်ဟာ သိပ်ဖွရှုပ်တတ်သတဲ့ ... စည်းကမ်းလည်း မရှိဘူးတဲ့ ... ညစ်ပတ်တာကလည်း လွန်ရောတဲ့ ... ပစ္စည်းဖျောက်

တာကျတော့ အလွန်ဝါသနာပါပြီး ကိုယ့်ဟာကိုယ် ဘယ်တော့မှ ပြန်မရှာနိုင်ဘူးတဲ့ ... သဘောကောင်းပြီး ပျော်တတ်တယ်လို့ ထင်ရပေမယ့် တစ်ခါ တစ်ခါ နင် ပုပ်ပြီဆို ဘယ်သူမှ လိုက်မမီနိုင်အောင် စိတ်ကလည်း ပုပ်စပ်နေလိုက်သေးသတဲ့ ...”

“ကြည့်စမ်း ... ဒီလောက် အပြစ်တွေ ရှာကြံပြောထားတာတောင် နင်က အိုကေပဲ လက်ခံနိုင်တယ်ဆိုတော့ နင့်ရဲ့မေတ္တာတရားက ငါ့အပေါ်မှာ အတော်များပြားနေတာပေါ့နော်”

“သေလိုက်ပါလားဟဲ့ ...”

“နင်က သေချည်းခိုင်းနေတာပဲ ... မသေနိုင်သေးပါဘူး ... မိန်းမယူရဦးမယ်ဟ ... ဒါနဲ့ နေပါဦး ... နင်နဲ့ လက်ထပ်ခါနီး ငါ ပျောက်သွားရင်ကော ... နင် ဘယ်လိုလဲ ... ခုလိုပဲ စုံစမ်းပြီး လိုက်ရှာနေမှာလား”

“သတင်းစာထဲမှာ အလွန်ဝမ်းသာပါကြောင်း ကြော်ငြာသွားထည့်ပစ်မယ် ...”

မောင်းမောင်းက တဟားဟား အော်ရယ်နေလေတော့သည်။ မောင်းမောင်းဟာ အဘက်ဘက်က ပြည့်စုံသည့် အရွယ်ရောက် ခေတ်လူငယ်တစ်ယောက် ဖြစ်ရက်နဲ့ တီတာနဲ့ ကိစ္စမှာ လူကြီးမိဘ စီမံတာကို ဘာ့ကြောင့်များ အသာတကြည် လက်ခံထားရတာပါလိမ့်။ အေးလေ ... မောင်းမောင်းဘက်ကိုပဲ သွားစဉ်းစားနေ ... ကိုယ်ကရော ဘာ့ကြောင့်များ ခေါင်းညိတ်လိုက်မိတာပါလိမ့် ...။ “ငြင်းစရာ မဟုတ်လို့



ခေါင်းညိတ်တာ”ဟူသော အဖြေသည် မောင်းမောင်းရော တီတာ့ဆီမှာပါ ဖြစ်ပေါ်နေလျှင် ဒါသိပ်ကောင်းသည့် အလားအလာတော့ မဟုတ်ပေ ...။

လှလေးကတော့ ... “ကျုပ် ကိုကို့ကို အရမ်းချစ်တယ် ... ခုချိန်မှာ ကိုကို့ဘက်က ကျုပ်ကို မချစ်နိုင်တော့ပါဘူး ဆိုရင်တောင် ကျုပ်ဘက်ကတော့ ချစ်မြဲ ... ချစ်ဆဲ ... တစ်သက်လုံးပဲ ဆက်ချစ်သွားတော့မှာပဲ”တဲ့။ အံ့သြစရာ ကောင်းလိုက်တာ ... ယူခါနီးတောင် အော်ဟစ်ငိုယိုနေခဲ့သေးသော မိန်းမဟာ နှစ်လအတွင်း ဒီလောက် အဖြေပေါ် အမှန်သိသွားရသတဲ့လား။ တီတာနဲ့ မောင်းမောင်းတို့သည်လည်း အဲဒီလို ဖြစ်သွားကြလျှင်တော့ ခပ်ကောင်းကောင်းပေါ့ ...။

“စိတ်ကစားတာနဲ့ တကယ် နှစ်နှစ်ကာကာ ချစ်သွားတာဟာ ဘယ်လိုမှ ပြည့်ဝမှု လေးနက်မှုတွေမှာမတူနိုင်ဘူး တီတာရဲ့ ... ကျုပ်က နှစ်ခုလုံး ဖြစ်ဖူးတော့ သူများတွေထက်အသိတယ် ... အပုံကြီးကွာတယ် ...”တဲ့။ ဒါဖြင့်ရင် ဒီလိုပဲ မကင်းရာ မကင်းကြောင်း မငြင်းသင့်လို့ လက်ထပ်လိုက်ကြပြီးမှ နှစ်နှစ်ကာကာကြီး ဖြစ်မလာတဲ့ အဖြစ်အပျက်မျိုးကိုကျရင်ကော ... ဘယ်အမျိုးအစားထဲ ထည့်ထားကြည့်ရမလဲ ...။ အဲဒီလိုကြီးပဲ ဖြစ်လာမည်ဆိုရင်တော့ တီတာက တကယ့်ကိုပဲ စိတ်ပျက်စိုးရိမ်ပါသည်။

လှလေးတို့ကတော့ ပြောတတ်လိုက်တာ ... ညွှန့်လို့ ...။ အေးလေ ... အဲဒါကြောင့်ပဲ “အချွဲလေး”ရယ်

လို့ အမည်တွင်လာရတာပေါ့ ...။ ဒါပေမယ့် ထိုအချွဲလေးကမှ တစ်ကြိမ်တစ်ခါမှာ စိတ်လေပြီး စိတ်ကစားမိသွားခဲ့ပေမယ့် ကိုယ်လျှောက်ရမည့် လမ်းမှန်ပေါ် ပြန်ရောက်သောအခါမှာ ဖြစ်သင့်ဖြစ်ထိုက်သည့်အတိုင်း ပုံမှန်ပဲ ဖြစ်လာခဲ့သေးသည်။ တီတာတော့ မောင်းမောင်းကို ချစ်မလာခဲ့ရင် မောင်းမောင်းကလည်း တီတာ့ကို လုံးဝ ချစ်မလာနိုင်တော့ပါဘူး ဆိုရင်တော့ ... ဒုက္ခပဲ ...။ ကိုယ်နဲ့သူနဲ့ဟာ လင်မယားဆိုပေမယ့် "အချစ်"မှ မပါရင် ဘာမှမပတ်သက်တော့သယောင် လူသူစိမ်းကြီးတွေလည်း ဖြစ်နေနိုင်တာပဲ ...။

အဲဒီအခါမှာ အဲဒီလူသူစိမ်းကြီးရဲ့ ဇရတ်သုက္ခ ဒုက္ခပေါင်းစုံကို ကိုယ့်မှာ မျှဝေခံစားပေးရတော့မှာများ ခံနိုင်ရည်မှ ရှိပါ့မလား ...။ "ဟဲ့ မောင်းမောင်းရယ် ... ငါလည်း နင့်ကို ချစ်မယ်နော် ... နင်လည်း ငါ့ကို ချစ်လာစမ်းပါဟာ" ဟုပင် ပြောရတော့မယောင်ယောင် ဖြစ်နေပြီ။ "ချစ်တိုင်းမညား၊ ညားတိုင်းမချစ်" အုပ်စုထဲမှာတော့ဖြင့် ကိုယ်က ပါဝင်မနေချင်ပါ ...။

"တီတ်လှချေလား ... ကြယ်စင်နဲ့ မာလာသွယ် အကြောင်း စဉ်းစားနေတာမှ ဟုတ်ရဲ့လား ..."

"ဟင့်အင်း ... နင့်အကြောင်း စဉ်းစားနေတာပါ မောင်းမောင်းရဲ့ ..."

မောင်းမောင်းက မယုံကြည်သလို ဟန်ပန်နှင့် တဟားဟားသာ ရယ်နေလေသည်။



စိတ်ရှုပ်ရှုပ်နှင့် အိမ်ပေါ် လှမ်းတက်လိုက်စဉ်မှာ ဧည့်ခန်း၌ တစ်ယောက်တည်း ထိုင်နေသော သဇင့်ကို မြင်လေသည်။

"ဟဲ့ ... သဇင် ... ရှင် ကျုပ်ဆီလာတာလား ..."

"ရှင့်ဆီမလာရင် ရှင့်အိမ်ဧည့်ခန်းထဲ ရောက်နေပါ့မလား ... အန်တီက ရှင်အပြင်သွားတယ်ဆိုလို့ ... ရတယ်ဆိုပြီး ထိုင်စောင့်နေလိုက်တာ ... ဘယ်သွားတာလဲ ..."

တီတာက ကိုယ့်ကိစ္စအကြောင်းကို သဇင့်ကို ပြောမပြချင်တာမို့ "ဒီလိုပါပဲ"ဟုသာ ပြောလိုက်ပါသည်။

"ဘာ ဒီလိုပါပဲလဲ ... ဘယ်ဖြင့်ဘယ် ... ဒီဖြင့်ဒီ ... ဟိုဖြင့်ဟိုပေါ့ ... ဘာကိစ္စ အတိအကျ မပြောနိုင်ရတာလဲ ... ပြောစမ်း ... ဘယ်ကို သွားတာလဲ ... ဘာကိစ္စလဲ ... ဘယ်သူနဲ့ တွေ့ခဲ့လဲ ..."

"ဘယ်လို ဖြစ်နေတာလဲ ... လူကို တရားခံ မှတ်နေလား ... ရှင့်ကိုယ်ရှင်ကျတော့ တရားသူကြီး မှတ်နေလို့လား ..."

"မှတ်ရမယ်လေ ... မဟုတ်မှလွဲရော ... ရှင် ဒီနေ့ အပြင်ထွက်တာ ကြယ်စင့်ကိစ္စပဲ"

တီတာက "ဟဲ့"ဟု အလန့်တကြား အော်လိုက်မိပါသည်။

"လုပ်မနေနဲ့ ... ကျုပ်ဆီ လှလေးက တကူးတက ဖုန်းဆက်တိုင်ပြီးပြီ ... ရှင်ဟာ ကိုယ့်အလုပ် မဟုတ်တာတွေကို လိုက်လုပ်နေပါတယ်တဲ့ ... သူ့အိမ်လာည်း ရောက်လာပြီး သူ့မှာ တာဝန်ရှိလို့ ဘာလုပ်ရမလိုလို ညာလုပ်ရမလိုလို ပြောတယ်တဲ့ ... သူက သေချာဆုံးမ ရှင်းပြပြီး လွှတ်လိုက်တာတောင်မှ ကြယ်စင့် အိမ်ကို ထပ်ရောက်သွားသေးသတဲ့ ..."

"သူဘယ်လိုလုပ် သိသလဲ ..."

"သူ့ဘာသာသူ ဘယ်လိုသိသိ ... ရှင်ကရော ဘာကိစ္စ သွားရတာလဲ ..."

"ကြယ်စင့်အိမ်ကို သွားတာ မဟုတ်ပါဘူး ... သူ့အိမ်ဘေးခန်းက ကိုစိန်မင်းဆီ သွားရင်း တိုက်ဆိုင်တာပါ ..."

သဇင်က တီတာ့ကို သိပ်မယုံလှသလို ခပ်မဲ့မဲ့ ကြည့်ရင်းက ... "ဒါဖြင့် ဒီနေ့ရော ... ဘာကိစ္စနဲ့ ဘယ်သွားတာတုန်း"ဟု မေးလေသည်။ တီတာက ဖုံးလို့မရနိုင်သော သဇင့်ကို ဆက်ပြီး ဖုံးဖိမနေချင်တော့ပါ။

"မာလာသွယ်နဲ့ သွားတွေ့တာ"

"ကြည့် ... ဘာတွေ လုပ်နေတာလဲ ... ရှင်က အဲဒီ ကြယ်စင်တို့ မာလာသွယ်တို့ဘက်ပါပြီး လှလေးကို ချဲချင်နေတာလား ... လှလေး မကောင်းခဲ့တာက



မကောင်းခဲ့တာပါပဲ ... ဒါပေမယ့် သူကသာ ကျုပ်တို့ရဲ့သူငယ်ချင်းပါဟဲ့ ... သူ့ဘာသာ မကောင်းခဲ့တာက သပ်သပ် ... အဲဒီလို မကောင်းလို့တော့ ရှင်က တစ်ဘက်က အုပ်စုထဲ ပါစရာ မလိုပါဘူး ..."

"ခက်တာပဲ... ကျုပ်ပြောတာ နားထောင်ဦး ဒေါ်သဇင်ရဲ့ ... မနေ့က ကြယ်စင် ကျုပ်ဆီ ဖုန်းဆက်တယ်..."

"အမယ် ... ဘာလုပ်တာလဲ ... ဆက်စရာလား ... ဒါဖြင့် ဒင်းက ရှင်တို့ပြောသလို သေတော့ မသေသေးဘူးပေါ့ ..."

"မသေသေးဘူး ... ဆက်တဲ့လူက ကြယ်စင် ဆိုတာတော့ သေချာတယ် ... စကားကတော့ တစ်ခွန်း နှစ်ခွန်းပဲ ပြောတာပါ ... ဘာလို့ သူ့အိမ်ကို လာစုံစမ်းရတာလဲတဲ့ ... ကျုပ်ကလည်း အမှန်အတိုင်းပဲ ကိုစိန်မင်းဆီ သွားတာပါပေါ့ ... ဒါကို သူက ယုံကိုမယုံဘူး ... ဘာပဲဖြစ်ဖြစ် ဝင်မပါပါနဲ့တဲ့ ..."

"ရှင်ကလည်း ယုံချင်စရာမှ မရှိတာ ..."

"ယုံယုံ မယုံယုံဟာယ် ... မတတ်နိုင်ဘူး ... လူက ဝင်မပါတော့ဘဲ နေနေကာမှ သူက လာဆွသလိုလုပ်တော့ စိတ်က ဝို[illegible]ာရော ... ပြောပုံကလည်း ငေါက်ငေါက်ငန်းငန်းနဲ့ ..."

"သူက အဲဒီလိုပဲ ပြောတတ်တာပဲဟာ ..."

"မတူဘူး ... ခါတိုင်းက ဘုကျတာ ... ခုဟာက ဒေါသကြီးနဲ့ ... အဲဒီလို သူက ညကဆက်လို့ စိတ်ခု

နေတုန်း ဒီမနက်ပဲ မာလာသွယ်ကလည်း ဆက်လာပြန်တယ် ...”

“တိုင်ပင်ပြီးများ လုပ်ကြသလား ...”

“ပြောတတ်ဘူး ... မဟုတ်နိုင်ဘူးတော့ ထင်ပါတယ်၊ ကျုပ်က ကြယ်စင့်အကြောင်း ပြောပြလိုက်တယ် ... အဲဒီမှာတင် သူက အတင်းပဲ တွေ့ပါရစေ ဖြစ်တော့တာပဲ ... အတင်းကို အိမ်လာမယ် ဖြစ်နေတယ် ... အိမ်မှာတော့ မေမေတို့နဲ့ ဘယ်ဖြစ်မလဲ ... အဲဒါကြောင့် ကျုပ်က သူချိန်းတာကို လက်ခံပြီး အပြင်မှာ သွားတွေ့လိုက်တာ ...”

“အဲဒီတော့ ဘာတဲ့လဲ”

“သူကလည်း တစ်မျိုးလေ ... ဘယ်လိုမှ ရှင်းပြလို့ မရဘူး ... ကျုပ်ကို ကြယ်စင်နဲ့ ကြိုက်ခဲ့တယ်ချည်း ထင်နေတာ ... နေဦး ... ဟိုမိန်းမ ဒေါ်လှလေးက ရှင့်ကိုရော သူ့နဲ့ ကြယ်စင်နဲ့အကြောင်း ... အမှန်အတိုင်း ပြောပြသလား ...”

“ပြောတယ် ... သူ အဖြေပြန်ပေးမိခဲ့တယ်တဲ့ ...”

“ဟင်း ... ဒီလိုတော့လည်း ဝန်ခံသားပဲ ... ဒါပေမယ့် မာလာသွယ်ကတော့ ကျုပ်ကိုချည်း ထင်နေတယ် ... ကျုပ်ကလည်း သူ့ကို ကျုပ်မဟုတ်ဘူးလို့သာ ပြောတာ ... လှလေးနဲ့ပါပဲဆိုတာမှ ဖွင့်မပြောတာဆိုတော့လည်း ... သူက ဘယ်ယုံမလဲ ... အဲဒီမှာတင် သူက ခု ကြယ်စင်က ကျုပ်ကို စဆက်သွယ်လာပြီဆိုတော့



ကျုပ် ဒုက္ခရောက်တော့မယ်ဆိုပြီး သတိခေါ်ပေးတာ၊ ကျုပ်ကို မိန်းကလေးချင်း ကိုယ်ချင်းစာလို့ ... သနားလို့ ... ပြီးကျတော့ ကြယ်စင့်ကိုလည်း ပေါက်ကရတွေ ဆက်ဖြစ်မနေစေချင်လို့ ပြောရတာဆိုပဲ ...”

“ဟယ် ... ဘာတွေလဲ ...”

“ကြယ်စင်ဟာ အလွန်ကြောက်ဖို့ ကောင်းတယ်တဲ့၊ မာနကြီးတယ်တဲ့ ... အငြိုးကြီးကြီး ထားတတ်တယ်တဲ့ ... လက်စားချေတတ်တယ်တဲ့ ... ကျုပ်ကို ခြိမ်းခြောက်တာတော့ မဟုတ်ပါဘူး ... ဒါပေမယ့် ကျုပ်သာ တကယ် လက်ထပ်သွားရင်တော့ ကြယ်စင့်လက်ချက်နဲ့ ကျုပ်ဟာ တကယ်ပဲ ဒုက္ခရောက်လိမ့်မယ်တဲ့၊ သတိဝီရိယ ကြီးကြီးထားပါတဲ့ ...”

သဇင့် ကြည့်ရတာ တီတာ့လိုပဲ စိတ်ရှုပ်ရှုပ်ဖြစ်သွားဟန် တူပါသည်။

“သူက ကြယ်စင်ကို ဘာလို့ အသည်းအသန် လိုက်ရှာနေရသလဲဆိုတာက အကြောင်းရှိတယ်တဲ့ ... ကြယ်စင့်ကို သူ ချစ်မိပါတယ်တဲ့ ... ဒါပေမယ့် ကိုယ့်ကိုမယူချင်လို့ ထွက်ပြေးတိမ်းရှောင်သွားတဲ့ ယောကျ်ားမျိုးဆိုရင်တော့ သူ့ဘက်က အသည်းအသန် လိုက်ရှာနေစရာ အကြောင်းမရှိပါဘူးတဲ့ ...”

တီတာမှာ မာလာသွယ့်ကို ပြန်ပြီးမြင်ယောင်လာမိပါတော့သည်။ ပထမတစ်ကြိမ် စတွေ့လိုက်ကြစဉ်ကပင် မာလာသွယ်ရဲ့ ပုံစံကို မနှစ်မြို့လိုက်မိသော တီတာဟာ

တကယ်တမ်းဆိုရင် မာလာသွယ်ရဲ့ ခြိမ်းခြောက်သလိုလို စကားမျိုးတွေကို ယုံကြည်နေစရာ အကြောင်းမရှိပါ ...။ သို့သော် ... "မာလာက ကြယ်စင့်ကို သိပ်ချစ်နေတာကိုး မတီတီတာရဲ့"ဟု ဆိုလိုက်သောအခါတွင်မတော့ "အချစ်" ဆိုတဲ့ အကြောင်းအရာ တစ်ခုကို အလွန်အမင်း စိတ်ဝင်တစား ရှိနေသည့် တီတာ့ အဖို့ ရင်ထဲ ကျဉ်ခနဲပင် ဖြစ်သွားခဲ့ရပြီးလျှင် ... ထို့နောက်ပိုင်းမှာ မာလာသွယ့်ကို တစ်စထက်တစ်စကို ပိုပိုပြီး ယုံကြည်လက်ခံနိုင်သလို ဖြစ်လာခဲ့ရပါတော့သည်။

မာလာသွယ့် အဖို့မှာ ကြယ်စင့် အကြောင်းတွေကို ပြောခွင့်ရနေတဲ့ ဘဝကိုပဲ သိပ်ကြီး လူဖြစ်ရကျိုး နပ်နေတော့သလိုလို ...။

"မာလာ့ ဖေဖေ ဦးစောသွယ် ဆိုတာ မတီတီတာတော့ သိချင်မှသိလိမ့်မယ် ... ဒါပေမယ့် စီးပွားရေး လောကမှာရော ... သူတို့ အသိုင်းအဝန်းကြီးထဲမှာရော လူသိများ ထင်ရှားပါတယ် ... ဒါပေမယ့် နော် ... ဘယ်လိုခေါ်မလဲ ... ကောင်းသတင်းနဲ့ရော ... မကောင်းသတင်းနဲ့ပါပေါ့ ... မာလာ ပြောရဲပါတယ် ... ဖေဖေဟာ နာမည်ကြီးသလောက် ချစ်ကြောက်ရိုသေတဲ့လူရော... ချဉ်စုတ်ရွံမုန်းတဲ့လူရော ... အများကြီးပေါ့ ...

အဲဒီ ဖေဖေက ဘာမှမဟုတ်တဲ့ လုပ်ငန်းပေါက်စလေးနဲ့ ကြယ်စင့်ကို မျက်စိကျ အကြိုက်တွေ့တယ်လေ ... ကြယ်စင်ကလည်း ဦးစောသွယ် ဆိုရင် ချဉ်း



ကပ်ပေါင်းသင်း ထားချင်တယ် ... ဒါနဲ့ပဲ နောက်ဆုံးကြယ်စင်နဲ့ မာလာတို့ စေ့စပ်ဖြစ်ကြတဲ့ အထိပဲဆိုပါတော့ ...

လွန်ခဲ့တဲ့ ခြောက်လကစလို့ ကြယ်စင်က မိန်းကလေးတစ်ယောက်နဲ့တဲ့ဆိုတာ ဖေဖေသိသွားတော့ ခေါ်လည်း မေးတယ် ... မကြိုက်ဘူး ဆိုတာလည်း ပြောတယ် ... အဲလိုဖြစ်ပြီးမှ ... ဖေဖေ့ ပြိုင်ဘက်တစ်ယောက်ကို ဖေဖေက ထုထည့်လိုက်တာမှာ အဖျားအနားခတ်ပြီး ကြယ်စင်ပါ အချိုကြီးထိပြီး ဒလိမ့်ခေါက်ကွေး ဖြစ်သွားတယ်တဲ့ ...။ တကယ်ပါ ... ဖေဖေက ကြယ်စင့်လို စီးပွားပိစိလေးကို ရည်ရွယ်ခဲ့တာ မဟုတ်ပါဘူး။ ဒါပေမယ့် ကြယ်စင်ပါ ထိသွားတယ်ဆိုတော့လည်း အမြင်ခပ်ကပ်ကပ် လက်စလည်း ရှိနေတာနဲ့ဆိုတော့ ... ကဲ ... ထိသွားလည်း ဘာဖြစ်လဲ ကောင်းတယ်ပေါ့ ...

တစ်နေ့မှာ ဖေဖေ ရှုံးသွားတယ် ... ချော်လဲတယ် ... ခြေကျိုးသွားတယ် ... ခုထက်ထိ ချိုင်းထောက်နဲ့ ... ဖြစ်စတုန်းကတော့ မတော်တဆလောက်ထင်ထားတာ ... ခုလေးတင်မှ သိလာရတာ အဲဒါဟာ ကြယ်စင့်ရဲ့ ကြိုတင်ကြံစည်မှုတဲ့ ... မတီတီတာရယ် ခု ဖေဖေက ကြယ်စင့်ကို တွေ့ရာသချိုင်း ဓားမဆိုင်း လိုက်ရှာနေပြီလေ ... တွေ့ရင် ဘာဖြစ်မလဲဆိုတာ မာလာ မပြောနိုင်ဘူး ... ဖေဖေက ဥပဒေမဲ့တော့

မလုပ်နိုင်ပါဘူး … ဒါပေမယ့် မာလာကြောက်တယ် စိုးရိမ်တယ် … ဖေဖေ တွေ့မသွားသေးခင် ကြယ်စင့်ကို မာလာ တွေ့မှ ဖြစ်မယ် … သတိပေးနိုင်မှ ဖြစ်မယ် …”

“ဒါဖြင့်ရင် … ကြယ်စင်ဟာ မာလာသွယ် ပြောသလို အသည်းကွဲပြီး လေလွင့်သွားတာ မဟုတ်ဘဲ … မာလာသွယ်ရဲ့ အဖေကို ကြောက်လို့ ရှောင်ပြေးသွားတာရော မဖြစ်နိုင်ဘူးလား …”

“မဟုတ်ဘူး … သူပျောက်နေတာက အရင် … ဖေဖေ ဖြစ်တာ သူ့လက်ချက်ပဲဆိုတာ ဖေဖေတို့ သိလာပြီး လိုက်ရှာကြတာက ခုမှ … သူသိချင်မှတောင် သိဦးမယ်”

“ဒီလောက်နဲ့တော့ ကြယ်စင်ဟာ အငြိုးကြီးပြီး လက်စားချေတတ်တယ်လို့ မဆိုနိုင်ဘူး ထင်ပါတယ် …”

“မဟုတ်ဘူးနော် မတီတီတာ … ဒါ ဥပမာတစ်ခုပဲ ရှိသေးတာ … ဒီကြားတည်းမှာ သူအဲဒီလို မရမက တစိမ့်စိမ့်စောင့်ပြီး ကြိုးစားပမ်းစား ပြန်လုပ်တဲ့ ဥပမာတွေ တစ်ပုံကြီး မာလာ ကြုံခဲ့ဖူးသေးတယ် … တစ်ချို့ဆို သူတို့ကို ကြယ်စင်က လုပ်လိုက်တာပါဆိုတာကိုတောင် သိလိုက်ကြတာ မဟုတ်ပါဘူး …”

“ဒီလိုဆိုရင် ကြယ်စင်က တို့အကြောင်းကို တို့နဲ့ လက်ထပ်မယ့်လူကို သွားပြောလိမ့်မယ်ပေါ့ … ဒီလိုလား …”



တော်ကြာ ဦးမျိုးမင်းကို သွားပြောလိုက်မှဖြင့် လုလေးတစ်ယောက် ခက်ရချည့်ဟု တီတာက စိုးရိမ်စိတ်ကလေးနှင့် မေးလိုက်မိသည်တွင် … မာလာသွယ်က ပြုံးမဲ့မဲ့လေးနှင့် ခေါင်းခါပြလိုက်ရင်းက …

“ဟင့်အင်း … သူက အဲဒီလိုနည်းလမ်းတော့ သုံးမယ် မထင်ဘူး … သူလုပ်မယ်ဆိုရင် အခုလောက်ရှိ လုပ်ပြီးရောပေါ့ … သူက ဒီ့ပြင်နည်းကိုပဲ သုံးမှာပါ … ဒါပေမယ့် တကယ့်ကို နစ်နစ်နာနာ ဖြစ်အောင်တော့ လုပ်လိမ့်မယ် မတီတီတာ … ရှင် တကယ်လက်မထပ်ဖြစ်သေးလို့ သူ စောင့်နေသေးတာလည်း ပါချင်ပါမှာပါ … ဒါပေမယ့် မာလာ ထင်တာ မလွဲနိုင်ဘူး … သူ တစ်ခုခုတော့ လုပ်ကို လုပ်မှာပဲ … ခုချိန်မှာ ပိုလို့တောင် ဆိုးပြီး လုပ်လိမ့်ဦးမယ် …

သူဟာ ခုချိန်မှာ ကျားနာလို ဖြစ်နေတယ်လေ၊ ရှင်က ဖြတ်ပစ်လိုက်တယ် … သူ ခံလိုက်ရတယ် … အသည်းကွဲတယ် … ပြီးတော့ စီးပွားရေးအရလည်း အတော်ကြီး ဆိုးဆိုးဝါးဝါး ဖြစ်နေတယ် … သူ့မှာ ဆင်းရဲခဲ့တဲ့ တစ်ကောင်ကြွက်ရဲ့ ခံစားချက်ဆိုးကြီးက Complex တစ်ခုအဖြစ် အမြဲရှိတယ် မတီတီတာ … သူ့ စီးပွားရေးကို တစ်စုံတစ်ယောက်က ဖျက်လိုဖျက်စီး လုပ်ပစ်မှာကို သူ ခံနိုင်ရည် မရှိသလို … သူချစ်တဲ့ သံယောဇဉ်ရှိတဲ့ လူက သူ့ကို ဖြတ်ပစ်လေခြင်းဆိုတဲ့ အချက်ကိုလည်း သူ ခံနိုင်မှာ မဟုတ်ဘူး …

အခု အဲဒီနှစ်ခုဟာ တစ်ပြိုင်နက်လိုလိုကို ဖြစ်သွားခဲ့တာ ...

ဖေဖေ့ကို သူပြန်လုပ်ပြီးပြီ ... ရှင်ပဲကျန်တော့တယ် ... မာလာ့ကို ရှင်ယုံစမ်းပါ ... မာလာ ရှင့်ကို အစကတော့ အတော် အမြင်ကပ်တယ် ... မာလာ ချစ်ရတဲ့ ချစ်သူကိုမှ လုပ်ရက်လေတဲ့သူ ဆိုပြီးတော့ပေါ့ ... ဒါပေမယ့် ခုတော့ စိတ်ဖြေပါတယ် ... မတီတီတာလည်း ကိုယ့်အဖို့ ပိုအဆင်ပြေမယ့်လမ်းကိုပဲ ရွေးချယ်ချင်မှာပေါ့ ... အမြင်ကပ်စိတ် လျော့သွားတော့ စိုးရိမ်စိတ် ဝင်လာတယ် ... ရှင့်ကိုရော ... မဟုတ်တာ လုပ်ဖြစ်သွားမယ့် ကြယ်စင့်ကိုရော ... မာလာ စိုးရိမ်တယ် ... စိတ်ပူတယ် ... အခု သူ ရှင့်ကို စဆက်သွယ်လာပြီ ... အဲဒါ သူ့ရဲ့ အကြံအစည်တွေအတွက် အောင်မြင်သေချာစေမယ့် နည်းလမ်းကောင်းတစ်ခု သူရသွားပြီမို့လို့ပဲ ... သူ စတော့မယ်"

တီတာက မာလာသွယ် ပြောသမျှကို တစ်လုံးမှ မကျန်အောင် ပြန်ပြောလိုက်ပြီး အဲဒီလို ပြန်ပြောလိုက်ရတာကိုပင် စိတ်ရှုပ်ခေါင်းကိုက်သွာ ရကာ မျက်နှာလေးက ခပ်ရှုံ့ရှုံ့လေး ဖြစ်သွားရပါတော့သည်။ တီတာ့ စကားအဆုံးမှာ သဇင်က ကြောက်လန့်တကြားနှင့် "ဟယ်"ခနဲ ထအော်လိုက်ပါတော့သည်။

"ဘာဖြစ်တာလဲ အလန့်တကြား ..."



"ဒါ ... ဒါဆိုတော့ ဟုတ်ပြီထင်တယ် ... ဒါပဲ ထင်တယ် ..."

"ဘာ ... ဘာလဲ ... ဘာဖြစ်ပြီလဲ ... လှလေးလား"

"အေး ..."

"သေပြီလား ... အကျိုးလား ..."

"ကျွတ် ... သူသေရင် ကျုပ် ခုလို အေးအေးလေး လာထိုင်နေပါ့မလား ... ကျိုးလည်း မကျိုးပါဘူးဟဲ့ ..."

"ဒါဖြင့် ဘာဖြစ်လဲ ..."

"ဘာမှမဖြစ်ဘူး ... အကောင်းပဲ ..."

တီတာက စိတ်ပေါက်ပေါက်နှင့် သဇင့်ကို ပိတ်တွန်းပစ်လိုက်တော့သည်။ သဇင်က ဆိုဖာဆက်တီပေါ် တုံးလုံးလဲမတတ် လန်ကျသွားပြီးမှ ပြန်ထလာကာ ...

"မနေ့က လှလေးက ဦးမျိုးမင်း အလစ်မှာ အိမ်က ခိုးထွက်တယ်လေ ... အဲဒီမှာ ရုံးကလူတွေများ သူ့ကို မြင်ကုန်ကြမလားလို့ လှည့်ကြည့် လှည့်ကြည့်နဲ့ လျှောက်လာနေတုန်း အဝေးကနေ အပြင်းမောင်းလာတဲ့ ကားတစ်စီးဟာ သူ့နားကျကာမှ လမ်းဘေးကို ကပ်လာပြီး သူ့ကို ပွတ်ဆွဲသွားတာတဲ့ ..."

"ဟယ် ..."

"အဲဒီမှာ သူ မမြင်စေချင်တဲ့ ရုံးကလူတွေကပဲ သူ့ကို ကယ်တင်လိုက်တာပေါ့ ... အဲဒီလူတစ်ယောက် ဆွဲလိုက်တာမြန်လို့တဲ့ ... နို့မို့ဆို ဟိုကားနဲ့ ငြိပါသွားပြီး သေတာကြာပြီတဲ့ ..."

"အဲဒီကားကရော ... ဘယ်သူ မောင်းလာတာလဲ ... ဘာကားလဲ ... နံပါတ်ကရော ..."

"ဘာမှမသိလိုက်ဘူး ... ဆက်မောင်းပြေးသွားတာတဲ့ ရုံးက လူကလည်း သူ့ သူ့ဒွေးကတော်ကိုပဲ သည်းနေရတော့ ဘာမှကို မမှတ်လိုက်မိတာပေါ့ ... မိန်းမက ကျုပ်ကို ပြန်ပြောပြတော့ သူကိုယ်သူ "သေရွာပြန်မမ"ဆိုပြီး တဟီးဟီး တဟဲဟဲနဲ့ ပြောင်နေနိုင်သေးတာ ... ခု ရှင်ပြောမှ ကျုပ်က ဆက်စပ် စဉ်းစားလိုက်မိတာလေ ... အဲဒါ ကြယ်စင်များ ဖြစ်နေမလား ..."

"မပြောတတ်ဘူး ... တကယ်ပဲ ဟုတ်နေတယ်ဆိုရင်တော့ ဒုက္ခပဲ ... လုလေးတော့ ကျားမြီးဆွဲမိပြီထင်တယ် ..."

တီတာက အသည်းတယားယားနှင့် ရင်တဒိတ်ဒိတ် ဖြစ်လာပါတော့သည်။ မာလာက တီတာ့ကို ပူသည်။ သို့သော် တီတာကား ဘာမှ မဖြစ်နိုင် ... တီတာကသာ လုလေးကို ပူနေရပါပြီ ...။ မဟုတ်ပါစေနဲ့ ... မာလာ အစိုးရိမ်လွန်တာပဲ ဖြစ်ပါစေ ...။ ပြီးတော့ ဟိုကားကိစ္စဟာလည်း တိုက်ဆိုင်တာပဲ ဖြစ်ပါစေ ...။

"ဟိုမိန်းမကိုတော့ ပြောပြထားမှ ဖြစ်မယ်ထင်တယ်နော် ... သဇင် ဒါမှ သူ ဆင်ခြင်နိုင်အောင် ..."

"အင်း ... ပြောတာကတော့ ပြောသင့်ပါတယ် ... သူသိထားတာ ကောင်းတာပေါ့ ... ဒါပေမယ့် ခုလောလောဆယ်အတွင်းတော့ သူ့ဘာသာသူ ဆင်ခြင်တာ



ထက် ဦးမျိုးမင်းက သူ့ကို ထိပ်တုံးခတ်ထားသလောက်ကို မသွားရ ... မလာရလို့ အမိန့်ချပစ်လိုက်ပြီလေ ... ဦးမျိုးမင်းကြီးလည်း စိတ်ပူပြီး ဒေါသတွေဖြစ်လိုက်တာဆိုတာ တစ်ကိုယ်လုံးကို တုန်နေတာပဲတဲ့ ... ကောင်းတယ် ... သူ့ဟာနဲ့သူ ဆင်ခြင်နိုင်းရင်တောင် ယိုပေါက်က ရှိချင်ရှိနေဦးမှာ ... ခုတော့ ဦးမျိုးမင်း ကိုယ်တိုင်က ပိတ်ထားလိုက်တာဆိုတော့ ပြီးရော ..."

တီတာ့မှာ "တော်ပါသေးရဲ့"ဟု စိတ်ထဲကပင် ကျိတ်ပြောလိုက်မိပါတော့သည်။ မာလာ့ဆီက ဒီသတင်းတွေ ကြားလာကတည်းက ကြယ်စင့် မျက်နှာကိုလည်း တမြင်မြင်။ ကိုယ် တစ်ကယ်ပဲ ခင်မင်ခဲ့ဖူးတဲ့ လူတစ်ယောက်ဟာ အဲဒီလောက်တောင် သတိထား ကြောက်စရာကောင်းရမယ့်လူ ဖြစ်နေသတဲ့လား ။ ဟုတ်မှာပါ ... ဟုတ်ဖို့က ပိုများပါသည်။ ညက ဖုန်းဆက်သော ကြယ်စင့် အသံကိုပဲကြည့်လေ ...။ ဒေါသတကြီးနှင့် ကမူးရှူးထိုး အော်ဟစ်သွားလိုက်သည်မှာ ခါတိုင်းတုန်းက ဘုကျပေမယ့် ခင်မင်ဖို့တော့ ကောင်းသေးသော ကြယ်စင်မှ ဟုတ်ပါလေစဟုတောင် ထင်ရပါသည်။ တီတာ့ ဖုန်းနံပါတ်ကို ဘယ်လိုက ဘယ်လို သိရှိသွားသည်မသိ ...။

မှားနိုင်စရာမရှိသော သူ့အသံတစ်ခုကိုသာ သေချာမမှတ်မိလျှင် ဖုန်းသူရဲ တစ်ယောက်ယောက်က ဝင်နှောက်သွားသလားဟုတောင် ထင်စရာ ...။ "ခင်ဗျားကိစ္စ ဘာမှ

မရှိဘူး ... ခင်ဗျား ဝင်မပါပါနဲ့ ... ခင်ဗျားဘာသာ ဆန္ဒရှိလို့ ထ,စုံစမ်းတာပဲ ဖြစ်ပစေ ... သူများတကာက မဲဆွယ်တိုက်တွန်းလို့ပဲ ဖြစ်ပစေ ... ဘယ်နည်းနဲ့မှ ကျွန်တော့်ကို လိုက်မစုံစမ်းပါနဲ့ ... ခင်ဗျား ဒုက္ခရောက်သွားမယ် ... နားလည်လား ... နောက်တစ်ခွန်း ထပ်ပြောဦးမယ် ... ခင်ဗျား အကြီးအကျယ် ဒုက္ခများသွားမယ် မှတ်" တဲ့။

ကြယ်စင်ရယ် ... "ဟော့ ... ဆင်ကြယ်ဖိနပ်"လို့ စလိုက်တိုင်း ... ပုပ်အဲ့မှုန်တင်းသွားတဲ့ မျက်နှာနဲ့ ... "မစနဲ့နော် ... တီတီတာ ... ကျွန်တော် ပြန်ပြောမှ ခင်ဗျား မလွယ်ဘူး ... ငိုချည်း နေရမယ်"ရယ်လို့ အမြဲပြန်ပြောတတ်ပေမယ့် ဘယ်တော့မှလည်း ငိုရလောက်အောင် ပြန်မပြောတတ်တဲ့ ... ခင်မင်ဖွယ် သူငယ်ချင်း အသစ်ကလေး ...။ ခုတော့ဖြင့် သူဟာ မည်းမည်းမြင်တိုင်း ကိုက်တော့မယ့် ကျားနာတစ်ကောင်လို ဖြစ်နေခဲ့ပါပြီတဲ့ ...။

သူ့ဘက်ကတော့ မသိ ... လေးလမျှသာ ခင်မင်လိုက်ရစဉ်အတွင်း တီတာကတော့ ကျောင်းက သူငယ်ချင်းကောင်လေးများလိုပဲ တကယ်ပဲ ခင်မင်ခဲ့မိတာမို့ ... အခုလို သူ့ရန်ကိုပဲ ပြန်ကြောက်နေရတော့နိုးနိုး အခြေအနေကြီးကို တကယ်ပဲ စိတ်ပျက်ဝမ်းနည်းနေရပါတော့သည်။

"တီတာ ... တီတာ ... သမီး ... ဖုန်းလာတယ် ..."

"ဟုတ် ... မေမေ ... လာပါပြီ ... ဘယ်သူလဲ မသိဘူးနော် ..."

"ဒေါ်ညွှန့် တဲ့ ..."



တီတာက သဇင့်ကို တစ်ချက်ကြည့်လိုက်ပြီး ဖုန်းရှိရာသို့ ထပြေးလာခဲ့ပါသည်။ သဇင်ကလည်း ထိုင်ရာက ထကာ တီတာ့နောက်သို့ ခပ်ဖြည်းဖြည်း လိုက်လာ၏။

"ဟလို ဒေါ်ညွှန့် ... တီတာပါ ... ဘာလဲ ... လှလေး ဆက်ခိုင်းတာလား ..."

"ဟုတ်တယ် မတီတာ ... မသဇင် ဆီလည်း ဆက်သေးတယ် ... မရှိလို့ ..."

"အော် ... သဇင်က ခု ဒီကိုရောက်နေတာ ... ဘာတဲ့လဲ လှလေးက ..."

"မမလေး မနက်က သတိလစ်သွားလို့ ... အဲဒါ ဆေးတွေဘာတွေတောင် သွင်းယူရတယ် ... အဲဒါ မမလေးက မတီတာတို့နှစ်ယောက်နဲ့ တွေ့ချင်လို့ လာခဲ့ကြပါတဲ့"

"ဟယ် ... ဘာဖြစ်လို့လဲ ... ဘယ်လိုက ဘယ်လို သတိလစ်တဲ့အထိ ဖြစ်ရတာလဲ ... ဆရာဝန်က ဘာရောဂါတဲ့လဲ ... အခုကော အိပ်ရာထဲမှာလား ..."

"ဟုတ်တယ် ... ဆရာက အိပ်ရာထဲက မထွက်ရဘူးဆိုလို့ အခုတော့ အိပ်ရာထဲမှာပဲ ... လူကတော့ ကောင်းနေပါပြီ ... ဘာရောဂါမှလည်း မရှိပါဘူး ... သတိလစ်တာက လန့်သွားလို့ပါ"

"လန့်လို့ ..."

"ဟုတ်ကဲ့ ... မမလေး ဒီမနက် ဝရန်တာ ထွက်ရပ်နေတုန်း ... ဟိုးခေါင်မိုးပေါ်က ပန်းအိုးတစ်အိုးက ခေါင်းပေါ် ပြုတ်ကျလာတာ ... ကံကောင်းလို့ တည့်

တည့်ကြီး မကျတယ် ... အနားကပ်ပြီး ခွမ်းခနဲကျလာတော့ မမလေးက လန့်ပြီး သတိလစ်သလို ဘာလိုလိုဖြစ်သွားတာပေါ့ ... ခေါ်မရတော့ဘူး ... အဲဒါနဲ့ ဆရာဝန်ပြေးခေါ်ကြရတာ ...”

တီတာ့ တစ်ကိုယ်လုံး တောင့်တောင့်ကြီး ဖြစ်သွားရပါတော့သည်။ လှလေးတို့ တိုက်ကြီးမှာ မြေညီနှင့်ပထမထပ်က ရုံးခန်းနှင့် ဆိုင်ခန်း ... ဒုတိယထပ်က ပစ္စည်းသိုလှောင်ပြီး ... တတိယထပ်မှာ လှလေးတို့ နေသည့်အထပ်ဖြစ်ပါသည်။ ပြီးရင်တော့ ခေါင်မိုးဟာ သူတကာလို အချွန်မိုး မဟုတ်ဘဲ ... အပြန့်ကျယ်၊ ပြင်ညီမိုးကြီးဖြစ်ကာ တစ်ခါတစ်ရံကျ အပေါ်မှာ တက်အနားယူနေလို့ရအောင် ... ပန်းခြံနှင့် စားပွဲကုလားထိုင်နှင့် ဖြစ်ပါသည်။

ထိုအပေါ်သို့ တက်လိုလျှင် လှလေးတို့အထပ်မှ အထဲလှေကားသာရှိသည် ဆိုပေမယ့် ... ခြံမရှိ ဝင်းမရှိ ... မြို့ထဲလို နေရာမျိုးမှာ ... စွန့်စားရဲလျှင် ... တစ်အိမ်၏တိုက်ခေါင်မိုးပေါ်သို့ ကပ်လျက်တစ်အိမ်မှ လှမ်းတက်လို့ ရနိုင်စရာအခွင့်အရေးတွေက အများကြီးပဲ မဟုတ်လား ...။ တိုက်တွေက ကြားနေရာလပ်မရှိဘဲ ကပ်ရက်တွေ ဖြစ်နေကြတာလေ။ ပြီးကျတော့လည်း တစ်ခုမလုံခြုံသလို ဖြစ်ရပြန်တာက ရုံးကိစ္စနှင့် မပတ်သက်သော ရှီးရှီးသာမန်ဧည့်သည်များ လှလေးတို့အထပ်သို့လာလျှင် ရုံးထဲမှဖြတ်ပြီး ကသိကအောက် မဖြစ်ကြရအောင် အထပ်တိုင်းစေ့ကို ရောက်နိုင်သည့် ဘေးလှေကားကြီးတစ်ခုကလည်း ရှိနေသေးသည်လေ ...။



“လာခဲ့မယ်လို့ ပြောလိုက်နော် ဒေါ်ညွှန့် ... သူ့ကို အိပ်ရာထဲမှာပဲ နေပစေနော် ... ဝရန်တာတွေ ဘာတွေလည်း ထပ်မထွက်စေနဲ့ ... ဦးမျိုးမင်း မရှိတဲ့အချိန်တွေဆိုရင် ဒေါ်ညွှန့်ဖြစ်ဖြစ် ကောင်မလေး တစ်ယောက်ယောက်ဖြစ်ဖြစ်လည်း အမြဲအနားမှာ နေပါနော် ... သိရဲ့လား ... ဒီညနေပဲ လာခဲ့မယ်လို့ ပြောလိုက်ပါ”

တီတာက ဖုန်းချပြီး သဇင့် ဘက်ကို အလန့်တကြားလှည့်ကြည့်လိုက်မိသည်။

“ဖြစ်ပြန်ပြီလား ...”

“အေး ... ဝရန်တာပေါ်ကို ခေါင်မိုးပေါ်က ပန်းအိုးပြုတ်ကျတယ်တဲ့ ...”

“အသက်အန္တရာယ်တွေချည်းပဲ နီးနီးကပ်ကပ် တိုက်တိုက် ဆိုင်ဆိုင် နှစ်ရက်ဆက်တိုက်ကြီးနော် ...”

တီတာက သဇင် ဘာဆိုလိုချင်နေသလဲ ဆိုတာသိပါသည်။ သဇင်သည်လည်း တစ်စုံတစ်ယောက်၏ လက်ချက်ဆိုတာထက် တိုက်ဆိုင်မှု မတော်တဆမှု အဖြစ်သာရှိနေစေချင်သည့်ပုံ ...။ တစ်စုံတစ်ယောက်၏ လက်ချက်ဆိုရင် ထိုတစ်စုံတစ်ယောက်ဟာ သူလိုချင်သည့် ဆန္ဒတစ်စုံတစ်ခု မပြည့်မချင်း မရပ်မနားကို ဆက်လုပ်ရှားနေတော့မှာပဲ မဟုတ်လား ...။ မတော်တဆ တိုက်ဆိုင်မှု ဆိုတာကတော့ ကုသိုလ်ကံ အလွန်အမင်း ဆိုးနေပါမှ ... အလွန်ဆုံး တိုက်ဆိုင်နိုင်ပါမှ ... နှစ်ခါ ...သုံးခါပေါ့ ...။

“သူ့လက်ချက်ဆိုရင် သူက ဘာဖြစ်လို့ လှလေး

လက်ထပ်ထပ်သွားသွားချင်း ဒါတွေကိုမလုပ်ဘဲ အခု နှစ်လ သုံးလ ကြာလာမှ ဘာလို့ ရုတ်တရက် စတိုက် ခိုက်ချင်လာရတာလဲ သဇင် ...”

“အေးလေ ... အဲဒါကြောင့် ... သူ့လက်ချက်လည်း ဟုတ်ချင်မှ ဟုတ်မှာပါ ...”

“ဒါပေမယ့် ခုချိန်ကျမှ ထပြီး မာလာသွယ်က စလုပ် ရှားလာတာမို့ရယ် ... ကျုပ်ကလည်း တိုက်တိုက်ဆိုင် ဆိုင် ဆိုသလို ကိုစိန်မင်းတို့ အိမ်ကိုမှ သွားလိုက်မိ တာရယ်တွေက သူ့ကိုသွားဆွသလို ဖြစ်သွားစေလား မှ မသိတာဟာယ် ...”

သဇင်က ဘာအဓိပ္ပာယ်နှင့်မှန်း မသိ ... ရှုံ့ရှုံ့ မဲ့မဲ့နှင့် ခေါင်းချည်းစွတ်ယမ်းလို့ နေလေသည်။

“ကဲ ... ကျုပ်တို့ သွားလိုက်ကြရအောင် ...”

တီတာက သဇင့်ဘက်လှည့်ပြီး ပြောလိုက်သည်။

❋ ❋

တီတာမှာ သူ့ကိုမြင်လိုက်ရလျှင် ရုတ်တရက် ဆုံးဖြတ်ချက်တစ်ခုကို မိုက်မိုက်မဲမဲပင် ချပစ်လိုက်မိတော့ကာ ကိုယ့်ကားကို လမ်းဘေးသို့ ချက်ချင်းပင် ထိုးကပ်ရပ်တန့် ပစ်လိုက်လေတော့သည်။ တီတာရဲ့ နံဘေးမှ ... နောက်မှ ကားများထံမှ ဟွန်းသံ၊ ဘရိတ်သံ၊ ဆဲသံများ ဆူညံမြည်ဟီး သွားလေသည်။ ပတ်ဝန်းကျင်မှ လူများနည်းတူ သူသည်လည်း



ရုတ်ချည်း ရှုပ်ထွေးသွားသော အခြေအနေကို လှမ်းကြည့် ကာ ကြောင်နေဆဲ ... တီတာက ကားပေါ်မှ ပြေးဆင်းကာ သူ့နားသို့ အပြေးလှမ်းသွားလိုက်သည်။

“ဟော့ ... ဆင်ကြယ်ဖိနပ် ...”

တမင်ပင် ... တရင်းတနှီး နာမည်ကို ပြန်ခေါ် သုံးလိုက်ခြင်း ဖြစ်ပါသည်။ တီတာမှာ “ခါးပိုက်နှိုက်နဲ့ သူငယ်ချင်း ဖြစ်ရင်တောင် အနည်းဆုံးတော့ သူက ကိုယ့်ကို မနှိုက်ဘူးဆိုတဲ့ အကျိုးကျေးဇူးတော့ ရှိနိုင်သေးတာပေါ့ ...” ဟူသော စကားကို ဒီနေရာမှာ (နဂိုက သိပ်လက်မခံချင်ရင် တောင်)ဖွတ်ကြီးပင် ယုံကြည်ရတော့မည်ပဲ ဖြစ်ပါသည်။

“တောက်”

သူက တီတာ့ကို မြင်မြင်ချင်း ခပ်ကျယ်ကျယ် တစ်ချက် တောက်ခေါက်လိုက်သည်။ တီတာ့မှာ ဘာစ်မျိုး လေး ဖြစ်သွားရပေမယ့် ကိုယ့်လိုဘာတစ်ခုက ရှိနေချိန်မို့ ... အပြုံးလေးတစ်ခုကို မျက်နှာပေါ် အမြန်တင်လိုက်ရင်းက ပင် ...

“မပြေးနဲ့”

“ဘယ်မှာ ပြေးလို့လဲ ... ရပ်နေတာ ... ခင်ဗျားမျက်စိ က မမြင်ဘူးလား ...”

ဒီတစ်ခါမှာတော့ သူ့ရဲ့ ပြန်ပက်လိုက်သံကို တကယ် သဘောတကျနှင့်ပင် တီတာက ဟန်ဆောင်မှုမပါ တော့သည့် အပြုံးတစ်ခုကို နှစ်နှစ်ခြိုက်ခြိုက်ပင် ပြုံးလိုက်မိ ပါ[illegible] ဘုကျတတ်လေ့ရှိသော လူတစ်ယောက်၏ ဒေါသသံ

သိပ်မထွက်လှသော ဘုကျကျ အသံမှာ ခင်မင်ရင်းနှီးခြင်းရဲ့ ပြယုဂ်တစ်ခုပဲ ဖြစ်နိုင်သည်ဟု တီတာက ခံယူသည်လေ။

"ဘာလုပ်တာလဲ ... ကားတိုက်ပြီး သေချင်လို့လား... ကျွန်တော်သာ ခင်ဗျားအဖေဆို ချက်ချင်း ခင်ဗျားလက်ထဲက ကားသော့ကို ပြန်သိမ်းထားလိုက်ပြီ ..."

"ဒါပေမယ့် ကြယ်စင်က တီတာ့ ဖေဖေမှ မဟုတ်ဘဲ"

"အဲဒါ ခက်နေတာပေါ့ ... ကိုယ့်ဘာသာ သေချင်နေရင် ရေထဲသွားခုန်ချချေ ... ခုတော့ ခင်ဗျားလုပ်ပုံကြောင့် ဘေးလူတွေပါ လိုက်သေကုန်ကြရရင် မကောင်းဘူး"

"ဟုတ်တာပေါ့ ... ကိုယ့်ကြောင့် တခြားလူတွေ သကျေကျိုးပဲ့ကုန်ကြရရင် ဘယ်ကောင်းပါ့မလဲနော် ... ဟုတ်တယ် ... တီတာ မှားတယ် ... နောက်ဆိုရင် ဆင်ခြင်ရမယ် ..."

ကြယ်စင်က တီတာ့ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ ခပ်စောင်းစောင်း ထေ့ထေ့လေး ပြောလိုက်သော တီတာကတော့ ကြယ်စင့် အကြည့်ကို မသိချင်ယောင်ဘဲ ဆောင်နေလိုက်သည်။ တီတာကား ခုချိန်မှာ ကြယ်စင့်ကို အငြိုးတကြီး ကလဲ့စားချေတတ်လေ့ ရှိသည်ဆိုသော လူဆိုးကြီးတစ်ယောက်အဖြစ် မမြင်နိုင်တော့ပေ ...။ သူဟာခင်မင်စရာ လူတစ်ယောက်အဖြစ် ဆက်လက်တည်ရှိနေဆဲပါပဲ ...။

စခင်မင်မိချိန် တည်းက သူ့အသက်က ဘယ်လောက် ... ကိုယ့်အသက်က ဘယ်လောက် စသဖြင့် တွက်ဆကာ ပေါင်းကြတာမျိုး မဟုတ်ဘဲ ... ရွယ်တူသူငယ်ချင်း



တွေလိုပဲ သဘောထား ပေါင်းခဲ့ကြသော ကြယ်စင့်ကို ခုနေခါမှာ တီတာက ကိုယ့်ထက်တောင်မှ ငယ်သေးသည့် ကောင်ကလေးတစ်ယောက်အဖြစ်တောင် မြင်နေမိတော့သည်။ ခင်မင်ရသည့် ကောင်ကလေးရဲ့ မျက်နှာပေါ်က သောကဒုက္ခတွေကို ရောင်ပြန်ဟပ် ခံစားကာ သိရှိနေနိုင်ရလို့လည်း တီတာ့မှာ စိတ်မကောင်း လက်မကောင်းနှင့် ကရုဏာ သက်နေမိရသေးသည်။

အင်း ... ဘယ့်နှယ့်ကြောင့် ဒီလိုဖြစ်နေရတာလဲ ... ကိုယ့်သူငယ်ချင်းကို လက်စားလိုက်ချေနေတာလည်း ဖြစ်နိုင်သေးသော အန္တရာယ်ကောင်တစ်ကောင်ကို တီတာ့ဘက်က ဒီလောက် ယုံစားကာ ခင်မင်မှု ပိုနေမိတာ ကောင်းတဲ့အလားအလာ တစ်ခုတော့ မဟုတ်ပေ ...။ သို့သော် မတတ်နိုင်ပါ ...။ အုပ်စုလိုက်ကြီးပဲ အမြဲတွေ့ဆုံ ခင်မင်ခဲ့ရသော ဒီလူတစ်ယောက်ကို ခုလို နှစ်ယောက်တည်း ပြန်ဆုံတွေ့လိုက်သည့် အခါမှာ တီတာ့ စိတ်က ကြောက်မရအောင် မုန်းမရအောင်ကို ခင်တွယ်နေမိရက်သား ဖြစ်နေပြီပဲ ...။ ကဲ ... ဘာတတ်နိုင်မှာလဲ ...။

"ကြယ်စင် ... ကားပါလား ... မပါရင် တီတာ့ ကားပေါ်တက် ... စကားပြောချင်တယ်"

ကြယ်စင်က တီတာ့ကို မဲ့ရွဲ့ကာ ကြည့်နေရင်း ...

"ခင်ဗျားကို ကျွန်တော်နဲ့ မပတ်သက်ဖို့ ကျွန်တော်ပြောထားတယ် တီတီတာ"

"ဒါပေမယ့် စကားအေးဆေးပြောမှ ဖြစ်တော့မယ့် အကြောင်းကိစ္စက ရှိနေပြီ ... ဘယ်လိုလုပ်မလဲ ..."

"ကျွတ် ... ခင်ဗျား ဒုက္ခရောက်သွားနိုင်လို့ ပြောနေတာပါဆိုမှ ..."

"ကြယ်စင်ကတော့ ဘာမှမလုပ်ဘူး မဟုတ်လား ..."

ကြယ်စင်ရဲ့ မဲ့မဲ့ရွဲ့ရွဲ့ အကြည့်က ခပ်လှောင်လှောင် အကြည့်အဖြစ် ပြောင်းသွားသည်။ ပြီးလျှင် ခေါင်းမော့ကာ "ဟားဟားဟား"ဟု ခြောက်ကပ်ကပ် ရယ်လိုက်ရင်း ...

"ခင်ဗျားကို ကျွန်တော့် အကြောင်းတွေ တစ်ယောက်ယောက်တော့ ပြောထားပြီ ..."

"မာလာသွယ် ပြောတယ် ကြယ်စင် ..."

"မာလာသွယ် ... ကျွတ် ... အဲဒီတစ်ယောက်ဟာလည်း ငြိမ်ငြိမ်ဆိမ်ဆိမ် အေးအေးဆေးဆေးကို မနေနိုင်တဲ့ မိန်းမမျိုးတွေထဲမှာ ပါတာပဲ ..."

"သူအဲဒီလို ဖြစ်နေတာ ကြယ်စင့် အကျိုးအတွက်ပါလို့ သူက ပြောတယ် ..."

"ဒါဖြင့် ခင်ဗျား ဒီလိုဖြစ်နေတာကော ကြယ်စင့် အကျိုးအတွက်ပါလို့ ပြောဦးမလို့လား ..."

တီတာက ခပ်ရှက်ရှက်နှင့် ခပ်အမ်းအမ်း ဖြစ်သွားမိစဉ်မှာ ကြယ်စင်က ဘေးပတ်ဝန်းကျင်ကို ဟိုဘက်ဒီဘက် ခေါင်းချိုး ကိုယ်လှည့်ကာ စောင်းငဲ့ကြည့်လိုက်ရင်း တီတာတို့၏ နောက်ကျောဘက်မှ ရှမ်းစားသောက်ဆိုင်တစ်ခု



ထဲသို့ ခြေလှမ်းကျဲများဖြင့် လှမ်းဝင်သွားလေသည်။ ဒါတီတာ့ကို ... စကားပြောဖို့ လက်ခံလိုက်တာပဲ ... ဟု တီတာက ယူဆလိုက်ပြီး သူ့နောက်က အပြေးလေးပင် လိုက်ပါလာခဲ့ရပါသည်။

"ကဲ ... ပြောပါဦး ... ခင်ဗျား ပြောချင်တဲ့ ကျုပ်အတွက် အကျိုးကျေးဇူးတွေ ..."

အမှန်စင်စစ်တော့ ခုလောလောဆယ် တီတာ သူ့ကို တွေ့ချင်နေရခြင်း အကြောင်းရင်းမှာ သူ့အကျိုးထက် ကိုယ့်အကျိုး (လှလေးအတွက်)ကသာ ပိုများနေပါသည်။ သူဟာ တကယ်ပဲ အငြိုးကြီး လက်စားချေတတ်သူတစ်ယောက်ဆိုရင်တောင် သူ့ကို ထိခိုက်နစ်နာအောင် တမင်ကြံရွယ်ခဲ့တာ မဟုတ်ဘဲ စိတ်လေနေတုန်း စိတ်ကစားမိခဲ့သည့် မလိမ်မိုး မလိမ္မာ မိန်းကလေးတစ်ယောက်ကိုတော့ ခွင့်လွှတ်ပေးလိုက်ပါဟု တီတာက သူ့ကို တော့တော့ဆိုင်ဆိုင် ကိုယ်ထိလက်ရောက် တောင်းပန်ချင်နေသည်။ သို့သော် အဲဒီကိစ္စက အပြောရ ခက်လှပါသည်။

တော်တော်ကြာကျ လှလေးရဲ့ အသက်အန္တရာယ်ကိစ္စများဟာ တကယ်ပဲ မတော်တဆ တိုက်ဆိုင် ကြုံကြိုက်ခဲ့တာတွေ ဖြစ်နေရင် သူလည်း မလုပ်ရဘဲ သူ့ကိုသွားအပြစ်တင်မိသလိုဖြစ်ကာ သူ့ဒေါသကို သွားဆွရာ ရောက်သွားမှာကိုလည်း စိုးရပါသေးသည်။ တီတာကား သိပ်ကြီး စကားပြော ချက်ချက်ချာချာ လည်လည်ဝယ်ဝယ်ကြီးနှင့် နှုတ်ရေးကြွယ်သူလည်း မဟုတ် ...။ ပြောကလည်း ပြောချင် ...

ကိုယ် အပြောမတတ်လို့ ပိုဆိုးသွားမှာကလည်းကြောက် ...။ တကယ့်ကို မဟာဒုက္ခပင်တည်း။ ဒီတော့ စကားစကိုရှာရင်း အကွက်ကောင်းကို စောင့်ရင်းနှင့်ပင် ...

"မာလာသွယ့် အမေက ကြယ်စင့်ကို လိုက်ရှာနေတယ်တဲ့ ..."

"သိသားပဲ ..."

"ဟင် ..."

"သိသားပဲ ... ရှာပေ့စေပေါ့ ... ဒါများ တွေ့သွားလည်း အရေးမကြီးလှပါဘူး ... တမင်တကာကြီးလည်း မပုန်းပါဘူး ... ခုထက်ထိ မတွေ့သေးတာကတော့ သူတို့ ညံ့လို့ပေါ့ ...၊ ခင်ဗျားတောင် တွေ့သေးတာ ... ခုချိန်မှာ သူတို့ ရှာတွေ့သင့်ပြီပေါ့ မဟုတ်ဘူးလား ..."

"ဒါဖြင့် ကြယ်စင်က တကယ်ပဲ မာလာသွယ့် အဖေကို ချော်လဲပြီး ခြေကျိုးအောင် လုပ်ပစ်ခဲ့တာပေါ့ ..."

"အဲဒါ ခင်ဗျားနဲ့ ဘာဆိုင်သလဲ ... လုပ်တော့ရော ဘာဖြစ်သလဲ ... အဲဒီလူက ခင်ဗျားဘကြီးလား ..."

တီတာက ခိခနဲ အသံထွက် ရယ်လိုက်မိသည်။ ကြယ်စင်က ရယ်သံထွက်လာသော တီတာ့ကို စိတ်ပျက်သလို ကြည့်လိုက်ရင်း ...

"ကျွန်တော်နဲ့ တွေ့ဖို့ မကြိုးစားနဲ့ဆိုတာ အဲဒါကို ပြောတာ ... သူတို့ကြောင့် ကျွန်တော် ဘာမှ မဖြစ်နိုင်ဘူး ... ဒါလုံးဝသေချာတယ်... ဒါပေမယ့် ခင်ဗျားလို မအူမလည်ကတော့ ဒီအထဲကို မျက်စိလည်ပြီး



ဝင်လာရင် ထိမှာပဲ သေချာတယ် ... သူတို့ကတော့ ခင်ဗျားကို ဘာမှလုပ်မှာ မဟုတ်ဘူး ... ကျွန်တော့်ကို လုပ်ရင်းနဲ့ပဲ အဖျားခတ်ပြီး ခင်ဗျားပါထိမှာ ... ကျွန်တော်က ကိုယ့်ဘာသာပဲ လွတ်အောင်ရှောင်နိုင်မယ်... ခင်ဗျားကိုတော့ ကယ်နိုင်မှာ မဟုတ်ဘူး ... ပြောထားရက်နဲ့ နားမထောင်တဲ့သူကိုလည်း ကိုယ်ပါအနစ်နာခံပြီး ကယ်ဖို့ စိတ်ကူးမရှိပါဘူး ..."

တီတာက မရည်ရွယ်ပါဘဲနှင့် ကြယ်စင့်ကို မျက်စောင်းတစ်ချက် လှမ်းရွယ်လိုက်မိပါသည်။ ကြယ်စင်က တီတာ့ မျက်စောင်းကို မသိဟန်ဆောင်မနေဘဲ တည့်တည့်ကြီး လာစိုက်ကြည့်နေသော အခါမှာတော့ တီတာသည်ပင် မနေတတ် မထိုင်တတ်နှင့် ဟိုလိုလို သည်လိုလို ရှက်ဝါးဝါးကြီး ဖြစ်သွားရင်း ... ပြောမိပြောရာ ...

"ကြယ်စင်တို့ကိစ္စကို ခုမှသိတယ် ..."

"ဘာကိစ္စလဲ ..."

"လှလေးနဲ့ကိစ္စ ... ပြီးတော့ မာလာသွယ်နဲ့ကိစ္စ ..."

ကြယ်စင့် မျက်နှာကကွက်ပြီး ပျက်သွားသလိုရှိလျှင် တီတာက ပြောမိပြောရာတွေ လျှောက်ပြောမိကုန် ပြီ ... ဟု အမြန်ဆုံး စိတ်ထိန်း ဘရိတ်အုပ်လိုက်ရရင်း ... "ဆောရီး ကြယ်စင်"ဟု ခပ်သွက်သွက် တောင်းပန်လိုက်မိပါသည်။

"မလိုပါဘူး ... ဒါတွေက ကိုယ်ညံ့လို့ ကိုယ်ခံလိုက်ရတာပါ ..."

"မာလာသွယ်နဲ့က ..."

"အေးလေ ... ကိုယ်ညှဲ့လို့ သူ့အဖေက ဖမ်းစေ့စပ်တာကို ငြိမ်ခံနေလိုက်မိတာပေါ့ ... ဟားဟားဟား ..."

"အဲလိုတော့ မပြောပါနဲ့ ... မာလာသွယ်က သနားဖို့ကောင်းပါတယ် ..."

"ခင်ဗျားကို ကျွန်တော် အကဲခတ်နိုင်သွားပြီ ... ခင်ဗျားဟာ တကယ် စိတ်ပျော့တယ် တီတီတာ ... ခင်ဗျား ဟိုစပ်စပ် ... ဒီစပ်စပ်နဲ့ စပ်စပ်စုစု ဖြစ်ချင်နေတာလည်း၊ အဲဒီ စိတ်ပျော့တဲ့ အချက်ကြောင့်ပဲ ... ခင်ဗျားမှာ ဟိုလူ့ကို ကရုဏာကြီးသလိုလို ... ဒီလူ့ကို ကိုယ်ချင်းစာသလိုလိုနဲ့ သူများကိစ္စ ဝင်ဝင်ပါတတ်တဲ့ စိတ်ပျော့ပျော့တစ်ခု ရှိနေတာ ခင်ဗျားကို တစ်နေ့နေ့မှာ ဒုက္ခကောင်းကောင်း ပေးလာလိမ့်မယ် ..."

"ဒါက ဘာဆိုင်လဲ ..."

"ဘာဆိုင်လဲဆိုရင် ကျွန်တော်ပြောသလို မဟုတ်ရင် ခင်ဗျား ဘာလို့ ကျွန်တော့်ကို လိုက်ရှာနေသလဲ ..."

"မရှာပါဘူး ... ကိုစိန်မင်း အိမ်ကို သွားမိတာ တကယ်ပဲ တိုက်ဆိုင်တာပါ ..."

"ဒါဖြင့်ရင် ... အခုကော ဘာလို့ ကားတွေအကုန်တိုက်တော့မတတ် ဖြစ်ရတာလဲ"

တီတာ ဘာမှမပြောနိုင် ဖြစ်နေစဉ်မှာ သူက ထိုင်ရာမှ ထရပ်လိုက်သည်။

"သွားတော့မယ် ... ထပ်ပြောဦးမယ် ... လိုက်မရှာပါ

စစ်ချောင်း



နဲ့ ... ခုလို မတော်တဆ ကြုံကြိုက်ပြီဆိုရင်လည်း ခေါ်နေ နှုတ်ဆက်နေစရာ မလိုဘူး ... ခင်ဗျားနဲ့ ခင်ခဲ့ဖူးတာကိုတော့ ကျွန်တော့် စိတ်ထဲမှာ အမှတ်ရနေပါ့မယ် ... ဟုတ်ပြီလား"

နောက်တစ်ကြိမ် ထပ်ကြုံဖို့ကလည်းမလွယ် ... ကြုံခဲ့ရင်တောင်မှ မခေါ်ရဘူးဆိုတော့ကာ ... တီတာကလည်း ခပ်မြန်မြန် လိုက်ထရပ်လိုက်မိကာ ...

"ဟို ... ဟို ... လှလေး ... လှလေးကိုတော့ ..."

"ဘာဖြစ်သလဲ ..."

"လှလေးကိုတော့ ဘာမှမလုပ်ပါနဲ့ ကြယ်စင် ... ခွင့်လွှတ်လိုက်ပါတော့ ..."

ဖြစ်ချင်ရာဖြစ် ... ဟု ခပ်မြန်မြန် ပြောချလိုက်တော့သည့် တီတာ့ကို ကြယ်စင်က မျက်ခုံးပင့်တင်ကာ ခပ်လှောင်လှောင် ကြည့်နေရင်း ... ခဏအကြာမှာ ... တဟားဟား ရယ်ချလိုက်လေတော့သည်။

"တစ်အုပ်စုလုံး ကိုယ်စား တီတာကပဲ တောင်းပန်ပါတယ် ... တီတာတို့ အုပ်စုကို တကယ်ပဲ ခင်မင်ခဲ့တယ်ဆိုရင် တီတာ တောင်းပန်တာကို လက်ခံပါ ကြယ်စင်ရယ် ... နော် ..."

ကြယ်စင်က သူ့အရယ်ကို ရပ်တန့်လိုက်ပါသည်။

"ကျွန်တော် ဘာဖြစ်လို့ အဲဒီညက ခင်ဗျားတို့စားပွဲကို ကူးလာခဲ့မိသလဲ ခင်ဗျား သိလား ... အခု ဖြစ်နေတဲ့ ခင်ဗျားရဲ့ မျက်နှာပေးနဲ့ စကားပြောတဲ့ ဟန်ပန်ကို

လှမ်းမြင်ပြီး သဘောကျလိုက်မိလို့ပဲ ... ဒါပေမယ့် လည်း ... နောက်တော့ ..."

တီတာ့ခမျာ ရှက်စိတ်တွေ တစ်ဟုန်ထိုး မွန် တက်ပြီး ပါးစပ်အဟောင်းသား မျက်လုံးအပြူးသားကြီးနှင့် ငြိမ်ငြိမ်ကြီး ဖြစ်သွားပါသည်။ ဒီတော့မှ သူကလည်း တီတာ့ ရုပ်ကိုကြည့်ပြီး ... "အေးလေ ... ထားလိုက်ပါ" ဟု စကား ကို ဖြတ်ချပစ်လိုက်လေသည်။ သူက တီတာ့ကို ကျောပေး ကာ လှည့်ထွက်သည်တွင် တီတာ့မှာလည်း ကြောင်ငေးရုပ် နှင့် သူ့နောက်က ရည်ရွယ်ချက်မရှိ ဆက်ကပ်လိုက်လာမိ သည်။ ကြယ်စင်က ဆိုင်ပေါက်ဝရောက်မှ တီတာ့ကို ဖျတ်ခနဲ ပြန်လှည့်ကြည့်ရင်း ...

"ဘာလိုက်လုပ်ဦးမလို့လဲ ..."

တီတာ့မှာ ဘာမှ ပြန်မဖြေနိုင် ကြောင်အမ်းအမ်း ကြီးပင် ဖြစ်နေမိဆဲ ... မမျှော်လင့်သူ တစ်ယောက်က ဆိုင် ရှေ့သို့ ဘွားခနဲ ရောက်လာလေသည်။

"တီတာ ..."

ခပ်ဆတ်ဆတ် ခေါ်လိုက်ရင်း ကြယ်စင့်ကို အကဲခတ်နေသူကား မောင်းမောင်း ပင်တည်း ...။ မောင်း မောင်းရဲ့ ပုံစံက မျက်စိပျက် မျက်နှာပျက် ကြောင်တောင် တောင် ဖြစ်နေသည့် တီတာ့ကို တော်တော်ကလေး မသင် မကာနှင့် "ဘယ်လို ဖြစ်ရတာလဲ" ဟု ဆိုချင်ဟန်ရှိလေသည်။

"မောင်းမောင်း ..."

"အေး ... နင့်ကား ရပ်ထားတာ မြင်လို့ ..."



တီတာ့ နားထဲမှာ "ရှင်လည်း မကြာခင် မောင်းမောင်းနဲ့ လက်ထပ်တော့မှာ" ဟူသော လှလေးရဲ့ စကားသံကို ပြန်ကြားယောင်လာမိလျှင် အတော်ကြီး သိသိ သာသာ ပျက်ယွင်းနေမည့် ကိုယ့်မျက်နှာကိုယ် အမြန်ဆုံး ကြိုးစားကာ ပြင်ယူလိုက်ရင်း ...

"ကြယ်စင် ... ခဏ ... မိတ်ဆက်ပေးချင်လို့ ... ဒါ အောင်မောင်းသံ တဲ့ ... တီတာနဲ့ လက်ထပ်မယ့် တီတာ့ခင်ပွန်းလောင်းပါ ... မောင်းမောင်း ... ဒါက တော့ ကြယ်စင် တဲ့ ..."

တီတာ့ မိတ်ဆက်ပေးပုံကို စိတ်တိုင်းကျသွား ဟန်ရှိသည့် မောင်းမောင်းက ကြယ်စင့်ကို ခေါင်းညိတ်ကာ လှမ်းပြုံးပြလိုက်ရင်း ... တီတာ့ကိုတော့ နောက်တောက်တောက် ဟန်နှင့် ...

"ဟာ ... ဟိုတစ်နေ့က နင်လိုက်ရှာနေတယ်ဆိုတဲ့ တစ်ယောက်ပေါ့ ... ခုတွေ့ပြီပေါ့"

ကြယ်စင့် မျက်နှာ မှုန်မှိုင်းမှိုင်းက ခပ်တင်း တင်း ဖြစ်သွားတော့ကာ လူမှုရေးတွေ ဘာတွေ သိပ်ငဲ့မနေ တော့ဘဲ မြှုန်းစားကြီး လှစ်ခနဲဆိုသလို ဆိုင်ထဲမှ ထွက်ခွာ သွားပါတော့သည်။ နောက်တောက်တောက် ဟန်နှင့် မောင်းမောင်းလည်း ချက်ချင်း မှုန်ကုပ်ကုပ် ဖြစ်သွားတော့ သည်။

"ဘယ်လိုလူလဲဟ ..."

"သူက ဒီလိုပဲ ..."

"ဟင်း … ဒီလိုလူကိုများ ကိုစိန်မင်းက မိန်းကလေးတစ်ယောက်ကို ပစ်ပြေးမယ့်ရုပ်လို့ မထင်ရဘူးတဲ့ … တည်တည်တန့်တန့်နဲ့ပါတဲ့ … ခုပုံဆိုရင် ဘာမထင်စရာ ရှိသလဲ … ဒီလောက် လူမှုရေးမှာ ဖျင်းရျော်နေတဲ့လူက ဒီလိုပဲ လာမှာပေါ့ …"

"အဲလိုတော့လည်း မဟုတ်ပါဘူးဟာ … သူ့ခမျာ … သူက ,ပစ်ပြေးတာထက် အပစ်ခံလိုက်ရတာပါ …"

"ဟင် … နင်ပဲ ဟိုတစ်နေ့ကပြောတော့ သူအိမ်ပြောင်းသွားတာ သူ့ရည်းစားက မသိလိုက်ရဘူးဆို … သူ့ရည်းစားက လိုက်ရှာနေရတဲ့ဟာ … ပစ်ပြေးတဲ့လူ ဟုတ်ပါ့မလား"

အင်း … ရှုပ်ကုန်ပြီ …။ ဟောဒီပါးစပ်ဟာလေ အဲဒီလိုပဲ ထိန်းချုပ်ထားတဲ့ကြားကပဲ လွှတ်ခနဲ … လွှတ်ခနဲ ယောင်,ယောင်ပြီး ထွက်သွားလိုက်သေးသည်။ ခက်တာပဲ။

"နင်တို့ဟာက တစ်ခုခုတော့ ရှုပ်ထွေးနေသလိုပဲ … နင်ကိုယ်တိုင်က သိပ်ဟန်ပုံ မရဘူး တီတာ … လျှို့ဝှက်မှု တစ်ခုခု ရှိပုံပဲ …"

"အောင်မာ … ငါက ဘာဆိုင်လို့ ဝင်လျှို့ဝှက်နေရမှာလဲ …"

"လျှို့ဝှက်မှု မဟုတ်ရင် လိမ်လည်မှုပေါ့ …"

"ဘာမှ မလိမ်လည် မလျှို့ဝှက်ဘူး … ငါ့မှာသာ လိမ်လည်လျှို့ဝှက်မှု တစ်ခုခု ရှိနေရင် နင်တို့နှစ်ယောက်ကို ဒီလို မိတ်ဆက်ပေးပါ့မလား …"



"ဒါကတော့ မရတော့လို့ … ငါနဲ့မှ တည့်တည့်ကြီး လာတိုးနေလို့ နေမှာပေါ့ …"

"မောင်းမောင်း …"

မောင်းမောင်းက တီတာ့ရဲ့ ဒေါသသံကို သဘောတကျ "တကိကိ" ဖြစ်နေပြီး …

"နင်တို့နှစ်ယောက် ချိန်းတွေ့နေကြတာတော့ မဟုတ်ပါဘူးနော် …"

"ဟုတ်တယ်ဟယ် … ကဲ … ချိန်းတွေ့တယ်ဟယ် … ဘာဖြစ်လဲ …"

"ဘာမှ မဖြစ်ပါဘူး … နင်က ငါ့ကိုပဲ ရွေးချယ်လက်ထပ်ချင်တာမို့သာ ငါ့ကို ခေါင်းပြန်ညိတ်ထားတာပေါ့ … နင့်မှာ ရည်းစားရှိနေပြီး အဲဒီရည်းစားကို နင်တကယ်ချစ်နေမယ်ဆိုရင် နင် ငါ့ကို လက်သင့်ခံခေါင်းညိတ်မှာ မဟုတ်ပါဘူး … နင့်အကြောင်း ငါသိပါတယ် …"

တီတာက မောင်းမောင်းရဲ့ စကားကို သဘောတကျ ဖြစ်သွားရရင်း …

"အဲဒါဆိုလည်း ဘာဖြစ်လို့ လာပြောနေသေးလဲ"

"နင်ကလည်း ဘာဖြစ်လို့ တကယ်မရှိဘဲနဲ့ သူငယ်ချင်းမာလာသွယ်တွေ ဘာတွေ ဇာတ်လမ်းဆင် စတန့်ထွင်ထားသေးလဲ …"

"အော် … ခက်လိုက်တာ … တကယ်ရှိတာပါဟဲ့ …"

"ဒါဖြင့် ဆုံပေး … မိတ်ဆက်ပေးစမ်း …"

အံမယ် … ဘယ်ဖြစ်ပါမလဲ …။ တီတာ့ကို ကြယ်စင့်ရဲ့ ချစ်သူဟောင်းဟု (ဘယ်လိုရှင်းပြပြ မရဘဲ) တသမတ် ထင်ထားသူ မာလာသွယ်နှင့် မောင်းမောင်းတို့သာ ဆုံဖြစ်လိုက်ကြလျှင် … ဒီကိစ္စဟာ ရှင်းမရနိုင်အောင် ပိုရှုပ်လာပေတော့မည်။

"လူချင်းဆုံဖို့က ခက်လည်းခက် ရှုပ်လည်းရှုပ်ပါတယ် ဟာ … အခု ငါ သူ့ဆီ ဖုန်းသွားဆက်ရမယ် … နင် လိုက်ခဲ့ပေါ့ … ဘေးကနေ လိုက်နားထောင် …"

"အံမယ်လေး … ဒါမျိုးတွေက ရိုးနေပါပြီနော် … ငါက ဖြစ်တဲ့ဟာတွေပါ … နင်နဲ့ ဖုန်းပြောနေမယ့် တစ်ယောက်က သခင်လည်း ဖြစ်နိုင်တာပဲ … လှလေးလည်း ဖြစ်နိုင်တာပဲ … ငါမြင်ရတာလည်း မဟုတ်ဘဲ နင်ပြောချင်ရာတွေ ပြောထည့်နေမှာကို လိုက်နားထောင်ရလောက်အောင်လည်း၊ ငါ မအ,သေးပါဘူး ဒေါ်တီတီတာရယ် …"

"ဖုန်းနံပါတ်က ရှိသေးတယ်လေ …"

မောင်းမောင်းက ခေါင်းပဲခါပြပါသည်။

"မယုံလည်းနေ … စိတ်တိုလာပြီ … ဆက်တာကတော့ သွားဆက်ရမှာပဲ … နင်က ဘာလိုက်ဖြစ်နေတာလဲ … မနာလိုတာလား … စိုးရိမ်တာလား … ငါ့ရည်းစားနဲ့ ငါ ချိန်းတွေ့နေတာကို နင်က မိသွားတယ်လို့ ပြောချင်တာလား … ဘာလဲ …"

"အဲဒီတစ်ယောက်က နင့်ရည်းစား မဟုတ်ပါဘူး …



ငါ ဒီလောက်တော့ သိပါတယ်"

"အေးလေ … ဒါဆိုလည်း ဘာတွေလိုက်ဖြစ်နေတာလဲ ဆို …"

"ရည်းစား ဖြစ်သွားမှာကို လက်မခံနိုင်တာ … အဲဒါကို စိုးရိမ်နေတာ …"

တီတာက မောင်းမောင်းကို မျက်လုံးပြူးကြီးနှင့် ကြည့်လိုက်သည်။ မောင်းမောင်းက တီတာ့လက်မောင်းကို အသာဆွဲရင်း ဆိုင်ရှေ့ကခွာကာ တီတာ့နားရွက်နားထိ သူ့ခေါင်းကို ငုံ့ကိုင်းလာပြီး ခပ်တိုးတိုးလေသံနှင့် …

"ငါ့က နင်နဲ့ လက်ထပ်ပြီးရင်တော့ နင့်ကို တကယ် ချစ်တော့မှာ တီတာ … ငါတို့ နှစ်ယောက်ရဲ့ လက်ထပ်ခြင်းမှာ ချစ်ခြင်းတရားလည်း လိုကိုလိုအပ်တယ် … ငါ့ကို ခေါင်းညိတ်ပြီးကာမှ တခြားတစ်ယောက်ကို ထပ်ချစ်မိသွားလို့ နင်ဒုက္ခရောက်ရတော့မှာကိုလည်း ငါမမြင်ချင်ဘူး … ဒီ့ပြင် လူတစ်ယောက်ကို ချစ်နေခဲ့ပြီးတဲ့ … ကိုယ့်အတွက် အချစ်ပါမလာမယ့် … မိန်းမတစ်ယောက်ကိုလည်း ငါလက်မထပ်နိုင်ဘူး … ဒါပေမယ့် နင့်ကိုလည်း ငါက လက်ထပ်ချင်တယ် … ရှင်းလား … ရှုပ်လား …"

တီတာ့မှာ ရင်တွေ တဒိုင်းဒိုင်း အခုန်မြန်မြည်ဟီးကာ … အနှစ်နှစ် အလလက အားမနာ လျှာမကျိုးငယ်နိုင် … လည်ပင်းဖက် ကြီးပြင်းခဲ့သော မောင်းမောင်းကို ပင် မကြည့်ရဲရတော့မလိုလို ဖြစ်လာပါသည်။ မောင်းမောင်း

ဟာ လက်ထပ်ပြီးရင်တော့ တီတာ့ကို တကယ်ချစ်ကိုချစ်မှာ တဲ့ ...။ ဘုရားရေ ... သူပြောပုံအရ အခုပဲ ချစ်နေပြီလား တောင် မသိ ...။

ဒီနေ့အဖို့ လူတွေ ဘယ့်လို ဖြစ်နေကြပါသလဲ။ တီတာ့ကို ရှက်ပြီးရင်း ရှက်ရအောင်ပဲ လုပ်ချင်နေကြပုံရသည်။ မှုန်ကုပ်ပုပ်သိုးနေသော ကြယ်စင်ကလည်း "ခင်ဗျားရဲ့ မျက်နှာပေးနဲ့ ဟန်ပန်ကို အရင်သဘော်ကျမိခဲ့တာ" ဆိုပဲ။ တစ်သက်လုံး (တီတာနဲ့သာဆိုရင်) ပြောင်တောင်တောင် နောက်တောက်တောက် မျက်နှာပေးပဲ ရှိခဲ့တဲ့ မောင်းမောင်းကလည်း အတည်အတန့် မျက်နှာနဲ့ ... လေသံကတောင်မှ ခပ်တိုးတိုး နူးနူးညံ့ညံ့နဲ့ ... ချစ်မလေး ... ကြိုက်မလေး စကားတွေကို ပြောလို့ ...။

မောင်းမောင်း မယုံလျှင်တော့ မတတ်နိုင်ပါ ...။ တီတာ့မှာ ခပ်ရှက်ရှက်နှင့်ပင် မောင်းမောင်းကို မျက်နှာချင်း ပြန်မဆိုင်တော့ဘဲ ... လမ်းဘေးကဖုန်းတစ်ခုနှင့် မာလာ့ဆီ ဖုန်းဆက်ရပါသည်။

"မာလာသွယ့် ဖေဖေ လိုက်ရှာနေတဲ့ ကိစ္စကို သိတယ်တဲ့ ... ကိစ္စမရှိပါဘူးတဲ့ ... သူ့နေရပ် လိပ်စာတော့ မေးမထားလိုက်မိဘူး ...။ ပြီးတော့ မာလာ့ကို ပြောစရာ ရှိတယ် ... တို့သူငယ်ချင်း တစ်ယောက်ဟာ နှစ်ခါ တိတိ မတော်တဆမှုတွေ သေလောက်အောင်ချည်းပဲ ဆက်တိုက်ဖြစ်နေတယ် မာလာ ... အဲဒါ သူ့လက် ချက်လို့ ဆိုနိုင်မလား ... ဟင့်အင်း ... တို့မဟုတ်ပါ



ဘူး ... တို့သူငယ်ချင်းပါ ... သေချာပါတယ် မာလာ ရယ် ... မာလာ့ကို တို့ပြောပြီးပြီပဲ ... တို့နဲ့ ဘာမှ မဆိုင်ပါဘူးလို့ ... ခုတကယ်အန္တရာယ်ရှိသလို ဖြစ် နေတာက တို့သူငယ်ချင်း ဖြစ်နေပြီ ...။

ဟင့်အင်း ... ရှင်လုပ်တာလားလို့ တို့ ဘယ်လို လုပ် မေးမလဲ ... တော်ကြာ မဟုတ်ဘဲနဲ့ သွားဆွသ လို ဖြစ်သွားရင် ဘယ်လိုလုပ်မလဲ ... ဒါပေမယ့် တို့ သူ့ကို တောင်းပန်လိုက်တယ် ... တို့သူငယ်ချင်း အတွက်ရော ... အားလုံးရဲ့ ကိုယ်စားရောပေါ့ ... သူ လက်ခံမယ် ထင်သလား ...

ဟင့်အင်း ... ဟင့်အင်း .. တို့ မပြောပါရစေ နဲ့ ... ဘယ်သူဘယ်ဝါဆိုတာ တို့ နှုတ်က မထွက်ချင် ပါဘူး ... အန္တရာယ် ကြုံရတယ်လို့ တို့ပြောမိတာ တောင် မှားပြီထင်တယ် ... မာလာ ကျေးဇူးပြုပြီး သဇင်နဲ့ လှလေးကို မဆက်သွယ်ပါနဲ့နော် ... တို့ တောင်းပန်ပါတယ် ... သဇင်နဲ့ လှလေးကို မာလာ ဘာမှ သွားမပတ်သက်ပါနဲ့ ... ဟုတ်ကဲ့ ... ဟုတ်တယ် ဟုတ် ... ဟုတ် ... ဒါဆို ဒါပဲနော် မာလာ ... ကျေး ဇူးတင်ပါတယ်"

ဖုန်းချလိုက်ပြီး စိတ်ညစ်ညိုမှိုင်းနေသည့် တီတာ့ မျက်နှာကို မောင်းမောင်းက အကဲခတ်နေပါသည်။ ဒုက္ခပဲ တီတာ့မှာ ဘာမှမဖြစ်ဘူး ... သူငယ်ချင်းတစ်ယောက်မှာသာ ဖြစ်နေတာပါလို့ ပြောလိုက်မိတော့ မာလာသွယ်က သဇင်လား

လှလေးလားလို့ နင်းလိုက်ပြီပေါ့ ...။ ကျွတ် ... ကိုယ့်စကားကြောင့် မာလာသွယ်က စိုးရိမ်တကြီး လျှောက်ရမ်းကုန်ရင် ဦးမျိုးမင်း ရိပ်မိသွားပါက ဒုက္ခများတော့မည်။

ခက်တယ် ... ခက်တယ် ... ဒုက္ခပဲ ... ဒုက္ခပဲ...။ အဲဒါကြောင့်ပဲ ကြယ်စင် က "ခင်ဗျားမှာ သူများကိစ္စဝင်ပါတတ်တဲ့ စိတ်ပျော့ပျော့တစ်ခု ရှိနေတာ ခင်ဗျားကို တစ်နေ့နေ့မှာ ဒုက္ခကောင်းကောင်း ပေးဘာလိမ့်မယ်"လို့ ပြောသွားတာ ...။ ခုတော့ တစ်နေ့နေ့မဟုတ် ... ဒီနေ့ပဲ ခက်ရတော့မည် ထင်သည်။

"နင် ငါ့ကို အားလုံး အမှန်တွေပဲ ဖွင့်ပြောဖို့ သင့်ပြီ ထင်တယ် တီတာ ... နင်တို့ ဘာတွေ ဖြစ်နေကြသလဲ ..."

တီတာက မောင်းမောင်းကို မော့ကြည့်လိုက်သည်။ ကိုယ့်ကို လက်ထပ်ပြီးရင် မြတ်မြတ်နိုးနိုး ချစ်ပါ့မည်ဟု ကတိပေးထားသူ တစ်ယောက်ကို တီတာက ဒီလောက်တော့ ဂရုတစိုက် လိုက်လျောသင့်သည်ဟု ထင်ပါသည်။ ဘယ်လိုထင်လဲဟင် ... ဒီတစ်ခါရော ... တီတာ့ ဆုံးဖြတ်ချက်က မှားဦးမှာပဲလား ...။



## အခန်း(၃)

လှလေးက "အမြန်ဆုံး ... အခုချက်ချင်း သူ့ဆီလာခဲ့ဖို့" ဖုန်းလှမ်းဆက်သည်တွင် တီတာ့ ခမျာ အဝတ်အစားပင် မလဲနိုင်တော့လောက်အောင် စိုးရိမ်တကြီးနှင့်ပြေးလာခဲ့မိရပါသည်။ လှလေးဆီရောက်တော့ သူတို့တိုက်ရှေ့မှာ ရပ်ထားသည့် ကားတစ်စီးကို အမြင်မှာတင် တီတာက "ကျွတ်"ခနဲ စိတ်ပျက်လက်ပျက်ကြီး ဖြစ်သွားမိရတော့သည်။ မာလာသွယ်ဟာ ပြောထားသည့် ကြားက လှလေးဆီကို မနေနိုင် မထိုင်နိုင် ကြွမြန်းလာခဲ့ပေပြီ ...။

လှလေးတို့အိမ် ဧည့်ခန်းထဲမှာတော့ မာလာသွယ်အပြင် ဒေါသတကြီး တရှူးရှူး တရှဲရှဲ ဖြစ်နေဟန်ရှိသည့် ဦးမျိုးမင်းကိုပါ တွေ့လိုက်ရသည့်အတွက် တီတာ့မှာ "ဒိန်း"ခနဲပင် ဖြစ်သွားရပါသည်။ ဘာတွေ ဖြစ်ကုန်ပြီလဲ ... ဦးမျိုးမင်း ဘာတွေ သိကုန်ပြီလဲ ...။ ဒါမှမဟုတ် ဘာမှ

မသိရသေးဘူးဆိုရင် မာလာသွယ်နဲ့ လှလေးတို့ရဲ့ စကားအဆက်အစပ်ဟာ ဘာများဖြစ်နေမလဲ ...။ ဦးမျိုးမင်း မရိပ်မိရအောင် တီတာက ဘယ်လိုများ အလိုက်သင့် မျှောပါနင်းပြောပေးရမလဲ ...။ လှလေးရဲ့ မျက်နှာကို ကြည့်ရတာကတော့ စိတ်ခပ်ရှုပ်ရှုပ် ဒေါသခပ်ဖြစ်ဖြစ် အသွင်ကိုဆောင်လျက် သိပ်ကြီး ဆိုးဆိုးဝါးဝါး ပြဿနာနှင့်တော့ ရင်ဆိုင်နေရဟန် မတူသေး။

"ကဲ ... ဒေါ်တီတီတာ ... လာ ... လာ ... ကိုယ့်ကိစ္စကိုယ်လာရှင်း ..."

"ဘာလဲဟင် ဦးမျိုးမင်း ..."

"ညည်းက လှလေးဟာ တစ်စုံတစ်ယောက်ရဲ့ လုပ်ကြံနေမှုကြောင့် အသက်အန္တရာယ်ကိစ္စတွေနဲ့ချည်း ကြုံကြုံနေရပါတယ်လို့ ဒီကဧည့်သည်ကို ပြောတယ်ဆို ..."

တီတာက လှလေးနှင့် မာလာသွယ်တို့ကို တစ်ချက်စီ လှမ်းကြည့်လိုက်ပြီး ဘာမှ ပြန်မဖြေလိုက်ပါ ...။

"ညည်းက ဘာကိစ္စ အဲဒီလို လျှောက်ပြီး လျှာချောင်ချင်ရတာလဲ ... ညည်းက အဲဒီလိုပြောတော့ လှလေးကပဲ ကိစ္စရှုပ်ရှုပ်ယှက်ယှက် ပြဿနာကြီးကြီးကျယ်ကျယ်တွေနဲ့ ပတ်သက်မိလို့ လူလုပ်ကြံတာတောင်ခံနေရတဲ့အထိ ဖြစ်ရသလို ဖြစ်မနေဘူးလား ... ပတ်ဝန်းကျင်က ကြားရင် လှလေးကိုပဲ ဘယ်လိုထင်ကြမလဲ ..."

အော် ... ကြည့်ရတာ ကြယ်စင့် အကြောင်း



အထိတော့ ဦးမျိုးမင်းကြီး သိဟန်မတူသေး ...။ တီတာကအခြေအနေကို အကဲခတ်နေရင်းကပင် ...

"မဟုတ်ပါဘူး ... တီတာဆိုလိုတာကို ဦးမျိုးမင်းကအမှိမှားယ်ကောက်လွဲ ..."

"ဘာမှမလွဲဘူး ... သူတို့နှစ်ယောက် ပြောနေကြတာကိုနားနဲ့ ဆတ်ဆတ်ကို ကြားလိုက်ရတာ ..."

လှလေးမှာ ဆောင့်ဆောင့်အောင့်အောင့် လေသံနှင့် ဝင်ပြီး ...

"သူ မမြင်ဘူးတဲ့ ဧည့်သည်တစ်ယောက် တက်သွားတာ မြင်လိုက်လို့ဆိုပြီး ရုံးကနေ တိတ်တိတ်လေးတက်လာပြီး လာချောင်းနားထောင်တယ်လေ"

"လှလေး ဒီလိုတော့ မပြောနဲ့ ... ကိုကိုက ကိုကိုသိသင့်တယ် ထင်လို့ လုပ်တာ ... အဲဒီလိုလုပ်လို့လည်း လှလေးမှာ နေရင်းထိုင်ရင်း နာမည်ပျက်ကိန်း ဝင်ဖြစ်နေတာကို ... ကိုကို သိလိုက်ရတာပေါ့ ... ကိုကိုသာ မသိလိုက်ရဘဲ ဒီသတင်းမျိုးကို အချိန်မီ မအုပ်နိုင်ဘဲ ပွထနေရင် လှလေးပဲ ဘယ်လောက် နာမည်ပျက်လိုက်မလဲ ... ဘာပဲဖြစ်ဖြစ် ကိုကိုလုပ်တာ မှန်တယ်"

"ဒါကတော့ ကိုကိုက ကိုယ့်ကိုကိုယ်တော့ ကိုယ်မှန်တယ်ပဲ ပြောမှာပေါ့ ..."

"မှန်လို့ မှန်တယ် ပြောတာပဲ ... ကိုကိုက အမြဲတမ်း မှန်နေနိုင်အောင် ကြိုးစားတယ် ... မှန်တာကိုလုပ် ... ဟုတ်တာကိုပဲ ပြောတယ် ..."

"ကိုကိုက ဒီလိုဆိုတော့ လှလေးကပဲ မဟုတ်တာ မမှန်တာတွေ လုပ်နေသလိုလို ... အလိမ်အညာတွေ ချည်းပဲ လျှောက်ပြောနေသလိုလို ..."

"ကိုကိုက ကိုယ့်ဘာသာပဲ ပြောတာပါ ... လှလေးကို ဘာမှ မပြောပါဘူး ..."

အင်း ... ဘာမှ မသိသေးတာတောင် ဒီလောက်။ သိများသာ သိသွားရင်တော့ ဦးမျိုးမင်းဟာ တီတာ့ကို ထ, တောင်သတ်မလား မဆိုနိုင်ပါ ...။ ခုလည်း သူ မနိုင်နိုင် မည့် သူ့မိန်းမသူတော့ ဘာမှဆက်ပြောမနေတော့ဘဲ တီတာ့ ဘက်သာ လှည့်ကာ ...

"ကဲ ... ပြောစမ်း ... ဒီစည့်သည် ရှေ့မှာတင် တစ်ခါ တည်းပြော ... ညည်းဘာသာ လျှောက်အာချောင်မိတာ ပါ ... လှလေးမှာ ဘာပြဿနာမှ ရှိမနေပါဘူးလို့ ... ဒီဧည့်သည်ကို ရှင်းရှင်းလင်းလင်း ဖြစ်စေချင်လို့ ညည်း ကို တမင်ခေါ်ပြောခိုင်းတာပဲ ... ညည်း ရှုပ်တဲ့ကိစ္စ ညည်းဘာသာ ပြန်ရှင်းမှ ကြားရတဲ့လူကလည်း ယုံမှာ ပေါ့ ..."

တီတာက ပြီးပြီးရောသဘောနှင့် ... မာလာသွယ့် ဘက် လှည့်ကာ ဦးမျိုးမင်း ချပေးသည့် စကားအတိုင်း လိုက်ပြောလိုက်ပါသည်။ မာလာသွယ့်ရဲ့ ပုံစံကတော့ တီတာ့ ကို အားတုံ့အားနာ ဖြစ်နေပုံရသည်။

"ကဲ ... ပြီးပြီ ... ကျေနပ်ပြီလား ... ကျေနပ်ရင် ကိုကို ရုံးပြန်တော့"



ဦးမျိုးမင်းမှာ ကျေနပ်လှဟန် မရှိပေမယ့် သူ့ မိန်းမက သူ့ကို နည်းနည်း စိတ်တိုစပြုနေပြီ ဆိုတာကိုတော့ အကဲခတ်မိဟန်နှင့် ထိုင်ရာမှမထချင် ထချင်နှင့် ထရပ်လိုက် ကာ ...

"ကိုကို ပြန်ရင် စကားဆက်ပြောကြမယ်ပေါ့ ..."

"ဟုတ်တယ် ... ဘာလဲ ကြားချင်သေးလို့လား ... ကြားချင်ရင် ကက်ဆက်တစ်လုံးယူ ... Record ခလုတ်နှိပ်ပြီး ဒီစားပွဲပေါ် တင်ထားခဲ့ ..."

ဦးမျိုးမင်းမှာ တကယ်ဖြစ်နိုင်ရင် အဲဒီလိုသာ လုပ်ထားခဲ့ချင်ပုံနှင့် နောက်ဆံတတင်းတင်း ပုံစံနှင့် ရှိလေ သည်။ ဦးမျိုးမင်း ထထွက်သွားသည်နှင့် မာလာက တီတာ့ ဘက် လှည့်လိုက်ကာ ...

"မာလာ့ အပြစ်ပဲ မတီတီတာ... မတီတီတာ ဒီလောက် တားနေတဲ့ကြားက မာလာက လှလေးကို သိပ်စိုးရိမ် မိသလို ဖြစ်သွားတယ် ..."

သူ့ကိုလည်း အပြစ်ရယ်လို့ တင်မနေချင်တော့ ပါ ... လွှတ်ခနဲ နှုတ်မခိုင်လိုက်မိတာကပဲ ကိုယ့်အပြစ်တွေ အများကြီး ပါနေပြီးခဲ့ပြီပဲဟာ ...။ လှလေးက မူလထိုင်နေ ရာနေရာမှ သူတို့အိမ်တံခါးမကြီးကို လှမ်းမြင်ရမည့် ခုံနေရာ သို့ ပြောင်းရွှေ့ ထိုင်လိုက်သည်။ ပြီးမှ ... ဒီနှစ်ယောက်လုံးကို တော့ မျိုသိပ်ထားစရာ မလိုတော့ဘူးဟူသည့် ပုံစံနှင့် ခပ် တည်တည် ပွင့်ပွင့်လင်းလင်းပင် ...

"ရှင် သူနဲ့ ထပ်တွေ့တယ်ဆို ဒေါ်တီတာ ..."

"ဟုတ်တယ် ... မြို့ထဲမှာပဲ ... မတော်တဆ သွားရင်း လာရင်းနဲ့ ..."

"ရှင် ဘယ်လိုထင်လဲ ..."

"ဘာကိုလဲ"

"သူ့ပုံစံဟာ ကျုပ်ကို တကယ်ပဲ သေကြောင်းကြံတော့မယ့်ပုံ ပေါက် မပေါက်"

အမှန်အတိုင်း ကိုယ့်စိတ်ထဲရှိတဲ့အတိုင်း ပြောပြလိုက်မိရင်တော့ ကြယ်စင်နှင့် ပတ်သက်ခဲ့ဖူးသော မိန်းမသားနှစ်ယောက်တို့ဟာ တီတာ့ကို "ဘယ်လိုလဲ ... သီတာရော ကြယ်စင့်ရဲ့ မှိုင်းမှာ မိလာပြီလား"ဟု ဒက်ခနဲ တွေးကြတော့မှာ အမှန်ပင် ...။ တစ်ခါ တွေ့လိုက်ရုံနှင့်ပင် တီတာဟာ ကြယ်စင့်ကို လူဆိုးကြီးအဖြစ် မမြင်နိုင်တော့မှန်း ... သူတို့နှစ်ယောက်စလုံးကို ... အထူးသဖြင့် ... အနှစ်နှစ် အလလ အတွေ့အကြုံ ရှိခဲ့ပါသည်ဆိုသော မာလာသွယ့်ကို မသိစေချင်ပေ ...။

"ပြောတတ်ဘူး ... စိတ်ခပ်တိုတို ဘုကျကျပုံကတော့ ပေါက်နေတာပဲ ..."

"ရှင်ကလည်း ညှဲ့လိုက်တာ ... ကျုပ်တောင် မမြင်ရဘဲနဲ့ မှန်းနိုင်တယ် ... ကျုပ်ကို လုပ်နေတာ ကြယ်စင်ပဲ ... ဟိုတစ်နေ့က ရှင်တို့ လာပြောတုန်းကတော့ ဇဝေဇဝါပဲ ... ခုတော့ ဒီက မမာလာသွယ်နဲ့ စကားပြောဖြစ်လိုက်ကြတော့မှ သေချာသွားတာပဲ ..."

ဟင် ... လုလေးကတော့ မာလာသွယ်နှင့်



တစ်ခါလေး စကားပြော့ဖူးလိုက်တာနဲ့ကို ကြယ်စင့်ကို လူဆိုးစာရင်း တန်းသွင်းလိုက်တော့တာပဲကိုး ...။

"အေးလေ ... ထင်ရင်တော့လည်း ဆင်ခြင်ပေါ့ ..."

"ဆင်ခြင်နေရမှာလား ... အမှိုပွာယ် မရှိတာ ... ဘယ်အထိ ဆက်ဆင်ခြင်နေရမှာလဲ ... ကျုပ်မသေမချင်း သူမသေမချင်းလား ... ကျုပ်ကတော့ သူ့လက်ချက်နဲ့ ဆိုရင်တော့ မပြောတတ်ဘူး ... သူကတော့ နောင်အနှစ်ငါးဆယ်အထိ သေမယ့်ပုံ မရှိဘူး ... ကျုပ်မှာ နောင်အနှစ်ငါးဆယ်အထိ ဝရန်တာတောင် ထွက်မရပ်ရဘဲ အိပ်ရာထဲမှာပဲ စောင်ခြုံအိပ်နေရတော့မှာလား... ဖြစ်နိုင်ပါ့မလား ..."

"ရှင်က ဒါဆို ဘယ်လိုလုပ်ချင်လို့လဲ ..."

"မမာလာသွယ်နဲ့တောင် ကျုပ်ပြောပြီးပြီ ... သူ့ကို သွားတွေ့မယ် ..."

"ဟဲ့ ..."

"အဟုတ်ပြောတာ ... အင်အားတောင့်အောင် ရှင်တို့နှစ်ယောက်လုံးလိုက်ခဲ့ရမယ် ... ရှင်တို့ရော ... တခြားလူတွေရော ဘယ်သူမှမသိတဲ့ သူ့အိမ်လိပ်စာကို ကျုပ်သိတယ်"

"ရှင်က ဘယ်လိုလုပ် သိနေရပြန်တာလဲ ... ခက်တာပဲ ... ရှင်ပဲပြောတော့ ဒီကိစ္စမျိုးကို ရှင် ပါဝင်ပတ်သက်နေမိရင် ရှင့်ယောကျ်ားအပေါ် သစ္စာမရှိရာ ကျမယ်ဆို ... အဲဒီလို ဆိုရင်တော့ ကျုပ်တို့တွေလည်း မကောင်းဘူး ..."

"သူက ကျုပ်ကို ဘာမှဆက်မလုပ်တော့ဘူး ဆိုရင်တော့ ဒီကိစ္စဟာ ဒီနေရာမှာတင်ရပ် ... သူ့ဘာသူ ဘာဖြစ်ဖြစ် ... ဘယ်လိုနေနေ ကျုပ်ဝင်ပါနေစရာ မလိုဘူးပေါ့ ... အခုဟာကတော့ ဟုတ်မှမဟုတ်တာ... လူတစ်ယောက်က ကိုယ့်ကို မကောင်းကြံလာနိုင်တာကို သိသိကြီးနဲ့ တထိတ်ထိတ် စောင့်နေရမှာမျိုးကို ကျုပ် မကြိုက်ဘူး ... ပြီးတော့ ခုနက ပြောသလိုပဲ အိပ်ရာထဲမှာလည်း အနှစ်ငါးဆယ်တိတိ စောင်ခြုံအိပ် မနေနိုင်ဘူး ... ဒါ ကိုယ်ချစ်တဲ့ အားကိုးတဲ့ ကိုယ့်ယောကျ်ားကို သစ္စာဖောက်တာ မဟုတ်ဘူးလို့ ကျုပ်ခံယူတယ် ... ကျုပ်ဘဝ နှောင်ရေး သာသာယာယာနဲ့ အေးအေးငြိမ်းငြိမ်း ရှိမှာကို သူလည်း ကျေနပ်ရမှာပေါ့ ..."

"ရှင်က တွေ့ရင် ဘာလုပ်မှာလဲ ..."

"တောင်းပန်မယ် ... လိုအပ်ရင် ထိုင်တောင် ရှိခိုးခဲ့လိုက်ဦးမယ် ... ဒါ ကိုယ့်အသက်အန္တရာယ်ကိုကြောက်လို့ သွေးရူးသွေးတန်း ဖြစ်နေတဲ့ ဆုံးဖြတ်ချက် မဟုတ်ဘူးနော် ... ကိုယ့်အမှားအတွက် ကိုယ်တာဝန်ယူမှာ ... အခုဟာက အရင်ကလိုတွေ့မှ ... ပြန်ကြုံမှ တောင်းပန်ရမယ့် အဆင့်မဟုတ်တော့ဘူး ... တငွေ့ငွေ့ ... တငွေ့ငွေ့နဲ့ အရှိန်အဟုန် ကြီးလာနိုင်တဲ့ မီးစကို မတွေ့,တွေ့အောင်ရှာပြီး လိုက်ငြိမ်းပစ်ရတော့မှာ ..."



"ရှင်က ဘယ်လိုလုပ်ပြီး သူ့လိပ်စာသစ်ကို သိနေရတာလဲ ..."

"အစောတည်းက သူ့မှာ အိမ်ပိုင်တစ်လုံး ရှိနေတာကျုပ် သိထားတာပဲ ..."

မာလာသွယ် မျက်နှာ ခပ်ပျက်ပျက် ဖြစ်သွားပါသည်။ သို့သော် ကြယ်စင်နှင့် မတွေ့တွေ့မှ ဖြစ်မည်ဟု သံမဏိဌာန် ချထားပုံရသော မာလာသွယ်မှာ ဒီလောက်ကိုတော့ ခံနိုင်ရည် ရှိရတော့မည်ဟု တင်းခံထားပုံနှင့် ... တီတာက ကပျက်ယပျက် လုပ်နေရင် သူ့ကြယ်စင်ကို မတွေ့ရတော့မှာကိုလည်း အတော်ကြီး စိုးရိမ်နေပုံရကာ ...

"သွားလိုက်ကြရအောင်ပါ မတီတီတာရယ် ... ဟုတ်တယ် အဲဒီလို ကိုယ်တိုင်ကိုယ်ကျလေး တောင်းပန်လိုက်နိုင်ရင်တော့ အကောင်းဆုံးပဲ ..."

"ဦးမျိုးမင်း ပြန်သိသွားရင်ကော လှလေးရယ် ... ကျုပ် ကြောက်တယ်နော် ... ရှင် မလိုက်ရင် မလိုက်ပါနဲ့တော့လား ... လိပ်စာပဲ ပြောပြလိုက် ..."

"မသိအောင် လုပ်မှာပေါ့ ... ကျုပ် မလိုက်လို့ကတော့ ဘယ်နည်းနဲ့မှ မဖြစ်ဘူး ကျုပ်သိတယ် ..."

ဒေါ်လှလေးကား သူပါ မပါရရင်တော့ လိပ်စာကိုချည်းတော့ ပြောပြမည့်ပုံ မရှိပေ။

"သွားမယ် ... သွားမယ် ... သွားဆို ခုပဲသွားမှ ဖြစ်မယ် ... ခုလောလောဆယ်ဆို ကိုကိုကလည်း ကျုပ်ကို အပေါ်မှာ ဧည့်သည်တွေနဲ့ပဲလို့ စိတ်ချထားနေမှာ ...

ဒီအချိန်မှာထွက်တာ အကောင်းဆုံးပဲ ... ရှင် ဘာမှ ကြွေမပျက်စေနဲ့ ... ကျုပ်နောက်က အသာကပ်လိုက်ခဲ့ ...”

“ဘာပဲဖြစ်ဖြစ် ရှင် အပြင်ခိုးထွက်တာတော့ ဦးမျိုးမင်းက သိမှာပေါ့ ...”

“အော် ... သွားပြီးမှ သိတော့ သူဘာတတ်နိုင်တော့မှာမို့လဲ ... ရှင့်တာဝန် မဖြစ်စေရပါဘူး ... သူဆူရင်လည်း ကျုပ်ပဲ ခံလိုက်မှာပါ ... စိတ်ချစမ်းပါ”

တီတာ့ ခမျာ ဘာမှ ထပ်မပြောသာတော့ဘဲ ... သူများအိမ်ကို ဝင်ခိုးကြတော့မည့် သူခိုးမများနှယ် ... အလစ်ချောင်းကာ လှုပ်ရှားကြရပါတော့သည်။ လှလေးက အရင်ဦးစွာ တီတာနှင့် မာလာသွယ့်ကို အပြင်ထွက်စေပြီးမှ အားလုံးပဲ သူ့အိပ်ခန်းထဲ ဝင်သွားကြသယောင်ယောင် ... အိမ်ကလူများထင်အောင် သူ့အခန်းတံခါးကို အထဲမှ သော့ကျစေကာ တီတာတို့နောက်သို့ အလစ်မှာ လိုက်ပြီးလစ်ထွက်လာသည်။ ပြီးလျှင်တော့ တီတာနှင့် မာလာသွယ်တို့က သူ့ကို ခပ်ကွယ်ကွယ်လုပ်ပြီးမှ ရုံးကလူများ မမြင်သာအောင် ဘေးလှေကားကြီးမှတစ်ဆင့် ... အောက်ဆင်းကြရလေတော့သည်။

သို့သော် သုံးယောက်သားစလုံး ဘယ်လိုမှ မတွက်ထားမိကြသော အဖြစ်အပျက်တို့က ပလက်ဖောင်းပေါ်သို့ ရောက်ရောက်ချင်း ရုတ်ချည်းပင် ဖြစ်ပေါ်လာပါတော့သည်။



“ဟာ ... ဟော့ ... ဟော့ ... ဟော့ ...”

“အမယ်လေး ... လှလေး ... လှလေး ... လှလေးပါသွားပြီ ...”

“ဒါ ဘာလုပ်တာလဲ ... လွှတ် ... လွှတ် ... လာကြပါဦးရှင် ... ဒီမှာ ...”

တီတာနှင့် မာလာသွယ်တို့၏ အော်သံများကြောင့် ပတ်ဝန်းကျင်မှာ ရုတ်ရုတ်သဲသဲနှင့် ရှုပ်ယှက်ခတ်ဆူညံသွားရပါတော့သည်။ ရုံးထဲမှလူများ ပြေးထွက်လာကြချိန်မှာတော့ လှလေးမှာ မျက်နှာတွေ နီရဲကာ ဒေါသတကြီးတောက်ခေါက် ခြေဆောင့်လို့နေပြီ။ တီတာနှင့် မာလာသွယ်တို့ကတော့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြသည်။ ပြီးတာနဲ့ လှစ်ခနဲ ထွက်ပြေးသွားသူ တစ်ယောက်နောက်သို့ နှစ်ဦးသားစလုံး တိုင်ပင်ထားသလိုပင် ပြေးလိုက်လာမိကြပါတော့သည်။ ထိုသူကား ရုံးရှေ့မှ ဂျိုကာအကျႌအဝတ်အစား၊ ဂျိုကာ မျက်နှာဖုံးနှင့် စက္ကူပြိပီသည်ကြီးပင်တည်း။

ဖြစ်ပုံမှာ တီတာတို့ သုံးယောက် ပလက်ဖောင်းပေါ်သို့ ရောက်ရောက်ချင်း ထိုဂျိုကာကြီးမှာ အနားသို့ လှစ်ခနဲပင် ရောက်ရှိလာကာ လှလေးရဲ့လက်ကို ရုတ်တရက်ဆောင့်ဆွဲလိုက်ပြီး ... မလွှတ်စတမ်းပင် အတင်းကြီး ဒရွတ်တိုက် ဆွဲခေါ်ပါတော့သည်။ လှလေးခမျာ ရှန်းရင်းကန်ရင်း ဒရွတ်ဆွဲကြီး ဖြစ်နေစဉ် တီတာနှင့် မာလာသွယ်တို့၏ အော်သံများကြောင့် ဂျိုကာက လှလေးကို ဆက်ဆွဲမနေတော့

ဘဲ လက်နှစ်ဖက်နှင့် စုံပိတ်တွန်းပစ်လိုက်သည်မှာ ... လှလေး တစ်ယောက် ကံကောင်းလွန်း၍သာ ဝလက်ဖောင်းစပ်က ရေမြောင်းထဲ ခြေချော်ကျမသွားခြင်းပင် ...။ ဂျိုကာကတော့ ပိတ်တွန်းပြီးတာနှင့် တန်းပြီးထွက်ပြေးပါတော့သည်။

တီတာနှင့် မာလာသွယ်တို့ကလည်း နောက်မှ ထပ်ချပ်မခွာ ...။ ရုံးမှ လုံခြုံရေးဝန်ထမ်းနှင့် ယောကျ်ားကြီး တစ်ချို့တို့ကလည်း ပြေးလိုက်လာကြပါသည်။ ဒီနောက်မှာ တော့ တီတာနှင့် မာလာတို့ တော်လို့မဟုတ်ဘဲ ... ဂျိုကာ့ ခမျာ သူ့အဝတ်အစား ပုံစံကြီးနှင့် ပြေးနေရတာ မလွတ် လပ်မှုကြောင့်ရယ် ... ရုံးမှ ဝန်ထမ်းယောကျ်ားများက သူ့ ထက်ပိုပြီး အပြေးသန် အဖွဲ့တောင့်နေကြတာရယ်နှင့် ဆက် မပြေးနိုင်တော့ဘဲ ဝန်ထမ်းများလက်မှာ ဖမ်းမိသွားတော့သည်။

မိလျှင်မိချင်းပင် တီတာရော မာလာသွယ်ပါ သူ့ထက်ငါဦးအောင် ... ဂျိုကာရဲ့ မျက်နှာဖုံးကို ဆွဲအဖြုတ်...

"ဟင် ..."

နှစ်ယောက်စလုံး စိတ်ပျက်လက်ပျက်ပင် ဖြစ် သွားကြရပါတော့သည်။ ရုံးက လုံခြုံရေးဝန်ထမ်းကြီးကတော့ ငိုမဲ့မဲ့ ဖြစ်ချင်နေသည့် ဂျိုကာ့ကို ပခုံးဖက်၍ပင် နှစ်သိမ့်လိုက် ရင်းက ...

"မင်းက ဘာလို့ မမလေးကို ထိခိုက်နာကျင်အောင် လုပ်ချင်ရတာလဲ ဖိုးတင့်ရယ် ..."

"မမလေးကို ဆရာက အပြင်မထွက်ရဘူးလို့ မှာထား တယ်ဆို ... အဲဒါကြောင့် ရုံးထဲပြန်တွန်းပို့တာပါ ..."



တီတာက မာလာသွယ့်ကို ..."သူက သိပ်စိတ် မမှန်ရှာဘူး" ဟု ခပ်တိုးတိုး ကပ်ပြောလိုက်ပါသည်။ အင်း... စိတ်သာ မမှန်တာ ... သူ့အပေါ် ကောင်းပုံရသည့် သူ့ဆရာ အတွက်တော့ ကြိုးစားပမ်းစား အလိုက်တသိ ရှိရှာသား ...။ သို့သော် သူ့ဘာသာ ကျေးဇူးသိတတ်တာက အရေးမကြီး။ တီတာနှင့် မာလာသွယ်တို့မှာတော့ ဘာစကားမှ ထပ်ပြောချင် တော့ဟန် မရှိဘဲ ... နှုတ်ခမ်းပါးတို့ကို တင်းတင်းသာ စေ့ ကာ ဝင်းဝင်းတောက် မျက်လုံးများနှင့် ရန်လိုမောင်းမဲလာ စိုက်ကြည့်နေတော့သော ဦးမျိုးမင်းရဲ့ ဒေါသကို ရှုးသလို ပေါ်သလို ရှုံ့မဲ့မဲ့ မျက်နှာပေးလေးများနှင့်သာ ရင်ဆိုင်လိုက် ရပါတော့သည်။

"တောက် ... ကိုကို့ အရှုံးကို ကြည့်ပြောထားဦး ... ဒီမှာ လှလေးတစ်ကိုယ်လုံး နာကျင်စုတ်ပြတ်သွား တာ ... သေတော့မယ် ..."

"ဘာမှ ပြောမနေနဲ့ လှလေး ... ဖိုးတင်မှာ ဘာအပြစ် မှ မရှိဘူး ... ဒါ သူက လှလေးကို စိုးရိမ်တာ ... လှလေးသာ လမ်းပေါ် ခိုးရောက်မလာရင် ဒီလိုဖြစ်စ ရာ ဘာအကြောင်းမှ မရှိဘူး ..."

လှလေးမှာ ဦးမျိုးမင်းကို ဂျစ်ကန်ကန်နှင့် ချက် ချင်း အိမ်ပေါ်ပြန်မတက်သေးဘဲ လမ်းမကြီးပေါ်မှာတင် ပေ ကပ်ကပ်နှင့် ဆက်ရပ်နေသည်။ တီတာတို့မှာတော့ ဦးမျိုးမင်း အပေါ်မှာ လှလေးလိုလည်း အနိုင်မယူနိုင်တာမို့ ကိုယ့်အပြစ် နဲ့ကိုယ် ခပ်ကုပ်ကုပ်နှင့် လှည့်ပြန်တော့ဖို့ ဟန်ပြင်လိုက်ဆဲ

တီတာ့ရဲ့ မျက်လုံးများက လူအုပ်ကိုကျော်ကာ ... ကိုယ်နှင့် ဘယ်လောက်မှ မဝေးကွာသော ... လေးငါးခြေလှမ်းစာ လောက် အကွာက ပလက်ဖောင်းဘေး ကပ်ရပ်ထားသော ကားတစ်စီးထံသို့ ဘာရယ်မဟုတ် အရောက်တွင် ...။

ဟင် ...။ တီတာက "မာလာသွယ်"ဟု ခပ်တိုးတိုး တစ်ချက်ခေါ်လိုက်သည်။ သို့သော် မာလာသွယ်တင်မက ပေကပ်ဂျစ်တိုက်နေသော လှလေးကပါ ... တီတာ လှမ်းမခေါ်လိုက်ခင်ကလေးကတင် တီတာ မြင်လိုက်သော မြင်ကွင်းကို မြင်ပြီးသွားကြပုံပင် ...။ သုံးယောက်လုံး တောင့်တောင့်ကြီးတွေနှင့် ငြိမ်သက်သွားကြပါသည်။

တီတာတို့ တိုက်ပေါ်က ဆင်းလာကြပုံ ... ဂျိုကာက လှမ်းဆွဲပုံ ... တီတာတို့ ဂျိုကာ့နောက်သို့ ပြေးလိုက်ကာ မျက်နှာဖုံးကို ဆွဲချွတ်ကြပုံ ... ခု နောက်ဆုံး လှလေးရဲ့ ဂျစ်ကန်ကန်ကလေး ဆက်လုပ်နေပုံတို့ကိုပါ အားလုံး အလုံးစုံကို အသေအချာကြီး စောင့်ကြည့်မြင်တွေ့ပြီး သွားပုံရသည့် ကြယ်စင်က ... ခေါင်းကိုမော့လှန်ကာ အားပါးတရ "တဟားဟား" အော်ရယ်ထည့်လိုက်ပြီးမှ ... သူ့ကားကလေးကို လျှောခနဲ မောင်းထွက်သွားပါတော့သည်။

သူ ...။ ကြယ်စင် ...။ လှလေးရဲ့ တိုက်ရှေ့မှာ ဘယ်တုန်းကတည်းက လာရပ်ကာ စောင့်ကြည့်နေခဲ့ပါသလဲ။ ဘာလုပ်ဖို့လဲ ...။



ညကြီးမင်းကြီး တယ်လီဖုန်းသံ မြည်လာလျှင် တီတာက အိပ်ရာထက်မှ ချက်ချင်းထထိုင်လိုက်ကာ အိမ်အောက်ထပ်သို့ အမြန်ဆုံး ပြေးဆင်းလာမိပါသည်။ နံပါတ်တစ်အချက်က ... ဖုန်းကို အိမ်ကကောင်မလေးဖြစ်ဖြစ် ... မေမေတို့ဖြစ်ဖြစ် မကိုင်လိုက်စေချင် ... သူတို့အိပ်ရေးကို အနှောင့်အယှက် ဖြစ်မှာစိုးတာရော ... တီတာဟာ ညကြီးမင်းကြီးမှာ ဖုန်းလာသူနှင့် ဘာများ စကားတွေ ဆိုနေကြဦးမှာလဲဟု သံသယ မဝင်စေချင်တာရော ...။

နံပါတ်နှစ် အနေနှင့်ကတော့ သူ့ဖုန်းကို တီတာက စောင့်ကိုစောင့်နေခဲ့သည် ဆိုတာ သူသိစေချင်သည်။ သူ့ဆီက ဖုန်းလာကို လာရမည်ဆိုတာ တီတာ တွက်ဆနိုင်မှန်း သူသိစေချင်သည်။ သို့သော် တီတာမှာ ဖုန်းကို ကိုင်လိုက်မိပြီးကာမှ ဘယ်လိုက ဘယ်လို ဟန်ဆောင်ပန်ဆောင် လုပ်လိုသော စိတ်တွေက ရင်ထဲ ရုတ်တရက် ရောက်လာခဲ့သလဲ ... ကိုယ်ကိုယ်တိုင်တောင်မှ မသိလိုက်မိဘဲ ...

"မောင်းမောင်းလား"

တစ်ဘက်မှ ရယ်သံက အရင်ထွက်လာပါသည်။ ပြီးမှ ...

"ခင်ဗျားဆီကို ခင်ဗျားရဲ့ မောင်းမောင်းက ဒီအချိန်မျိုးမှာ ဖုန်းဆက်လေ့ ရှိသလား ..."

မုန်းစရာ ကောင်းလှသော တီတာ၏ စိတ်မှာ သူက အဲသည်လို ဆိုလိုက်တော့မှပင် "မောင်းမောင်းဟာ တီတာ့ဆီကို ဒီလိုအချိန်မရှိ အချိန်ရှိမျိုးကြီးမှာ ဖုန်းဆက်ဖို့ မဆိုထားနဲ့ ဣန္ဒြေရရ သင့်သင့်တော်တော် ဆက်နိုင်သော အချိန်မျိုးတွေမှာတောင်မှ ကိစ္စမရှိရင် ဖုန်းဆက်လာလေ့ မရှိပါကြောင်း"ကို အတင်းကြီး ပြန်ဖြေရှင်း ငြင်းဆန်ပစ်ချင်စိတ်တွေ ရင်ထဲမှာ ပလုံစီထလို့ လာပါတော့သည်။

"ကဲ ... ဘယ်လိုလဲ ... မောင်းမောင်းတော့ မဟုတ်ဘူး ... ပြောမှာလား ..."

"ရှင် ပြောစရာရှိတာကို ပြောပါလား ... ဘာလို့ သူများ နာမည်ကိုပဲ ခဏ,ခဏ ရေရွတ်နေရတာလဲ"

"အော် ... မသိဘူးလေ ... တစ်ချို့ မိန်းကလေးတွေကျတော့ အဲဒီလိုမျိုး ထည့်ထည့်ပြောပေးနေမှ ဣန္ဒြေရရ တည်တည်ခန့်ခန့် ရှိတယ်ထင်ပြီး ကျေနပ်တတ်ကြတာမျိုး"

ကြည့်စမ်း ... သူဟာ ဖုန်းကို ကိုင်ကိုင်လိုက်ချင်း ဖြစ်ပေါ်သွားခဲ့သော တီတာ့ရဲ့ ဟန်ဆောင်ပန်ဆောင်လိုစိတ်ကို ကြိုသိရိပ်မိနေသည်။ တီတာက ရှက်စိတ်နှင့် ဖုန်းကို ခပ်တင်းတင်း ဆုပ်ကိုင်ထားမိရင်းက နှုတ်ပိတ်ပိတ်ကြီး ဖြစ်နေမိလေသည်။ နှစ်ဦးသား ခေတ္တမျှ တိတ်နေကြပြီးမှ သူက ရှက်တရက် ကျယ်ကျယ်လောင်လောင်ကြီး ရယ်ချလိုက်ပါသည်။

"ဟား ဟား ဟား ဟား "



"ဘယ်လို ဖြစ်နေတာလဲ"

"ဟား ဟား ဟား ... သိပ်ရယ်ဖို့ ကောင်းတာပဲ ... စုံထောက်မကြီး နှစ်ယောက်ဟာ တစ်ခါတည်း ဂျိုကာကြီးကို ခုန်အုပ်ဖမ်းပစ်လိုက်ပြီးတော့လေ ... မျက်နှာဖုံးကြီးကို ဟန်နဲ့ပန်နဲ့ ဆွဲချွတ် ... ဟားဟားဟား ..."

"ရှင်နော် ... ရှင် .... ဘယ်မှာ ခုန်အုပ်ဖမ်းလို့လဲ ... အပိုတွေ မပြောပါနဲ့ ..."

"ဟားဟားဟား ... ကျွန်တော့်ကိုယ် ကျွန်တော်တော့ အဲဒီလူကြီးလောက် မဝသေးပါဘူးလို့ ထင်တာပဲ တီတီတာရယ် ... ကျွန်တော် အဲဒီလောက် ပုံပျက်နေပြီလား ..."

"ဒါကတော့ ဂျိုကာဝတ်စုံဆိုတော့ ရယ်စရာကောင်းအောင် ... ရုပ်ပျက်အောင် အထဲမှာ ဘာတွေညာတွေ ထည့်ပြီး ခပ်ပွပွ ဖောင်းဖောင်းကြီး ချုပ်ဝတ်ထားလည်း ရတာပဲလို့ပေါ့ ... ဟင်း ဟင်း ဟင်း ..."

တီတာမှာ ပြောရင်း ပြောရင်း သူ့လိုပင် ရယ်ချင်လာရကာ ... သူနှင့်အပြိုင်ပင် လိုက်ရယ်နေမိပါတော့သည်။ တီတာနဲ့ မာလာတို့ ကိုယ့်ကိုကိုယ် အဟုတ်ကြီးထင်ကာ လူဆိုးဖမ်းကြသော အဖြစ်မှာ ထိုအဖမ်းခံရသူ ကိုယ်တိုင်က တစ်နေရာရာကနေ အစအဆုံး ပြန်မြင်နေနိုင်ပြီး အမှားကြီးဖြစ်နေသည့်အတွက် ... သူက ဟားသလို လှောင်သလို ရယ်ချင်နေတာသည် နည်းတောင် နည်းပါသေးသည်။ သူ့နေရာမှာသာ တီတာတို့ ဝင်ကြည့်နေရလျှင်လည်း ရယ်စရာ

ကောင်းလိုက်မယ့် ဖြစ်ခြင်း ...။

တီတာက ခဏ လိုက်ရယ်နေမိပြီးမှ သူအဲဒီနေရာသို့ ရောက်နေခြင်းအတွက် ကြောက်ဖို့ ... မေးမြန်းစပ်စုကြည့်ဖို့ သတိရရပါတော့သည်။

"ကြယ်စင် ... ရှင် အဲဒီနေရာမှာ ဘာလာလုပ်နေပြန်တာလဲ ..."

"မေးခွန်းထဲမှာ 'နေပြန်'လို့ပါတော့ ဒါပထမဦးဆုံးရောက်လာတာ မဟုတ်ဘဲ အရင်အခါတွေလည်း ရောက်ပြီးပါပြီလို့ တစ်ချက်ခုတ် နှစ်ချက်ပြတ် ထည့်စွပ်စွဲလိုက်တာပေါ့နော် ..."

"အဲဒီလို ဆိုချင်တာပါဆိုရင် ရှင်က ငြင်းမလို့လား"

"မငြင်းဘူး ..."

"ကြယ်စင် ... ရှင် လှလေးကို တကယ်ပဲ အရမ်းစိတ်နာနေတယ်ပေါ့နော် ..."

"အင်း ... ဘယ်လိုပြောရင် ကောင်းမလဲ ... ဆိုပါတော့ ... ဆိုပါတော့ ..."

တီတာက တိတ်တခိုး သက်ပြင်းချလိုက်မိပါသည်။ ဒီလိုလူကို ဘယ်လို နားချယူရရင် ကောင်းမလဲ ...။

"တီတီတာ စဉ်းစားကြည့်လေ ... သူ ကျွန်တော့်ကို ရှင်းရှင်းလင်းလင်း ဖွင့်ပြောပြထားဖို့ ကောင်းတယ်ဗျာ၊ မဟုတ်ဘူးလား ..."

တီတာက ... "ဟုတ်တာပေါ့ရှင်"ဟု ထောက်ခံမိတော့မလိုရှိဆဲ ... ကြယ်စင်က ဆက်တိုက်ဆိုသလိုပင် ...



"ဥပမာဆိုရင်တော့ ခင်ဗျားလိုပေါ့ဗျာ ..."ဟု ဆိုလိုက်သည့်အတွက် ဘာဆက်ပြောရမှန်း မသိတော့လောက်အောင်ပင် ဖြစ်သွားရပြန်ပါသည်။

"ဒါပေမယ့် ခင်ဗျားတို့ ထင်နေသလိုတော့ မဟုတ်ဘူးဗျ ..."

"ဘာကိုလဲဟင် ..."

"ဒီနေ့ အဲဒီရုံးရှေ့က ကြားလာခဲ့ရတယ်လေ... သူတို့ရဲ့ သူဌေးကတော်လေးဟာ ခုတလော မတော်တဆမှုတွေနဲ့ အသက်အန္တရာယ်ကို မကြာခဏ စိုးရိမ်နေရလို့ သူတို့သူဌေးခမျာ အလုပ်တောင် ဖြောင့်ဖြောင့်မလုပ်နိုင်ဘဲ အစိုးရိမ်ကြီးနေရသတဲ့ ... အဲဒီမှာတင် ကျွန်တော် သဘောပေါက်လိုက်ပြီ ... ခင်ဗျားရောမာလာသွယ်ပါ ကျွန်တော့်ကို ကောင်းကောင်းစွပ်စွဲနေပြီဆိုတာကို ... ဒါပေမယ့် ခင်ဗျားတို့ မှားတယ်ဗျ ... သူ့အသက်အန္တရာယ်ကို ရန်ရှာနေတာ ကျွန်တော် မဟုတ်ဘူး ..."

"ဟင် ... ဒါဖြင့် ဘယ်သူလဲ ..."

"ခင်ဗျားတို့ ဟာကလည်း ဘယ်လိုလဲ ... တစ်ယောက်ယောက်ကတော့ ဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့ အချိုးအချိုတ်မျိုးလား ... သူ့ဘာသာသူ မတော်တဆတွေလည်း ဖြစ်နိုင်တာပဲ"

"တိုက်ဆိုင်လွန်းပါတယ်"

"ဒါတော့ မတတ်နိုင်ဘူး ..."

"မာလာနဲ့ လှလေးကတော့ တစ်ထစ်ချကို ထင်နေကြတာပဲ ..."

"ဒါဆို ခင်ဗျားကတော့ တစ်ထစ်ချထဲမှာ မပါဘူးပေါ့ ... ကောင်းတယ် ... ဟိုနှစ်ယောက်တော့ ဘာထင်ထင် ကိစ္စမရှိပါဘူး ... သူတို့နှစ်ယောက်ရဲ့ ဦးနှောက်တွေက ပုံမှန်အလုပ် မလုပ်နိုင်ကြတာ ကျွန်တော်သိပြီးသားပဲ ... အရေးမကြီးဘူး ... သူတို့ဘာသာဘာထင်ထင် ... ခင်ဗျား မပါဘူးဆိုရင် ပြီးတာပဲ ..."

ဟင် ... နေရင်းထိုင်ရင်းနဲ့ တီတာက သူ့ကို လူဆိုးလို့ မထင်တဲ့ သူ့ဘက်သား စာရင်းဝင်တစ်ယောက် ဖြစ်မှန်းမသိ ဖြစ်သွားပါပေါ့လား။ ခုမှထပြီး ... "မဟုတ်ဘူး... မဟုတ်ဘူး ... ကျွန်မပါ ပါတယ်"ဟု ပြောဖို့ကျတော့လည်း တစ်မျိုးကြီး ...။ ပြောလည်း မပြောချင်တော့ပါ ...။ မာလာရဲ့ အနှစ်နှစ် အလလ အတွေ့အကြုံ၊ လှလေးရဲ့ ချစ်သူရည်းစားဘဝအထိ ရင်းနှီးဖြစ်ခဲ့မှုများရဲ့ အတွေ့အကြုံတို့နှင့် ယှဉ်ကာ "သူ့ကြောင့်ပဲ ဖြစ်ရမည်"ဟူသော အထင်များကို သူက "ကျွန်တော်မဟုတ်ဘူးဗျ"ဟု တစ်ခွန်းပြောရုံနှင့် တီတာက ချေဖျက်နိုင်လိုက်ကာ ... သူ့ကိုသာ ယုံကြည်မိသွားသည် ဆိုလျှင် လှလေးနှင့် မာလာတို့ကတော့ တီတာ့ကို ကောင်းကောင်းကြီး အပြစ်ပြော ရှုတ်ချချင်ကြလိမ့်မည် ထင်သည်။

"ခင်ဗျားကို ကျွန်တော်နဲ့ ကင်းကင်းနေပါ ... လုံးဝ အဆက်အဆံ မလုပ်ပါနဲ့တော့လို့ ပြောခဲ့ရက်နဲ့ အခု



ဘာဖြစ်လို့ ကျွန်တော့်ဘက်က ဖုန်းစဆက်ရသလဲလို့ ခင်ဗျားစိတ်ထဲမှာ မထင်ဘူးလားဗျ ..."

လုံးလုံးကို မထင်မိသည့် ကိစ္စမို့ တီတာ့မှာ ပြန်ဖြေစရာ အဖြေမရှိပါ။

"ဒီကနေ့ ခင်ဗျားကို မြင်လိုက်ရတော့ ကျွန်တော်သိလိုက်တယ် ... ခင်ဗျားနဲ့ ကျွန်တော်နဲ့ ဆက်ပြီး ပတ်သက်ဖြစ်သွားတော့မယ် ..."

ဘုရားရေ ... အဲဒါ ဘာလဲ ...။

"အဲဒီမှာတင် ကျွန်တော် ဆုံးဖြတ်လိုက်တယ် ... မာလာသွယ့် အဖေ ဦးစောသွယ်နဲ့ ကိစ္စကို ကျွန်တော် ရအောင်ရှင်းရတော့မယ် ... နို့မို့ဆို ခင်ဗျားနဲ့ လာပတ်သက်လို့ မဖြစ်ဘူး ... အခု ဦးစောသွယ်နဲ့ ငြိမ်းချမ်းရေးရအောင် ဘယ်လိုလုပ်ရမလဲလို့ ကျွန်တော် အကွက်ချပြီး ကြံစည်နေတယ် ... အဲဒါပြီးမှ ကျွန်တော်တို့ လူချင်းတွေ့လို့ ဖြစ်မယ် ... ဒီကြားထဲမှာတော့ ဖုန်းနဲ့ပဲ ဆက်သွယ်မှ ဖြစ်မှာ ... အဲ့ဒါကို နေ့လည်ထဲက လုပ်သင့် မလုပ်သင့် ဆုံးဖြတ်ချက် ထိုင်ချနေတာ ခုမှ ဆုံးဖြတ်ချက်က ကျတယ် ... အဲဒါကြောင့် ဒီအချိန်ကျမှ ဖုန်းဆက်လိုက်နိုင်တာ ..."

"ကြယ်စင် ဖုန်းဆက်လာလိမ့်မယ်လို့ တီတာ ထင်နေသားပဲ ..."

ကျွတ် ... ပြောမိသွားပြန်ပြီ ... ဒီပါးစပ် ... ဒီပါးစပ်ဟာလေ ...။ စိတ်ရဲ့အလိုကို နှုတ်က သိပ်လိုက်လျော

လွန်းနေတာ သိပ်မကောင်းဘူး ထင်တယ်နော် ...။ စိတ်ညစ်လိုက်တာ ...။ သို့သော် ပြောမိသွားပြီဆိုတော့ နှုတ်ကျွံခြင်းကို ပြန်နုတ်ယူလို့ မရနိုင်တော့ပေ ...။ ကြယ်စင်က တိတော့စကားကြောင့် ခြောက်ကပ်ကပ် တစ်ချက် ရယ်လိုက်သည်။

"ဒါနဲ့တောင် ဖုန်းစကိုင်တော့ မောင်းမောင်း လားတဲ့၊ လာလိုက်သေးတယ် ... ခင်ဗျားတို့ မိန်းမတွေဟာ သိပ်စိတ်ပျက်ဖို့ ကောင်းတယ်ဗျ ..."

"လူနည်းစုကြောင့်တော့ ခင်ဗျားတို့ မိန်းမတွေလို့ သိမ်းကျုံး မယမ်းချင်ပါနဲ့ရှင်"

"ဘာလို့ လူနည်းစုလို့ ပြောရတာလဲ ... လူများစုဗျ လူများစု ..."

"ကြယ်စင်က မိန်းကလေး ဘယ်နှစ်ယောက်နဲ့များ ရင်းရင်းနှီးနှီး ပတ်သက်ဖူးလို့ လူများစုလို့ ဆိုနိုင်ရတာလဲ ..."

"ခုနစ်ယောက်ဗျ ... နှစ်ယောက်ကတော့ အမေနဲ့အစ်မ၊ ဆုံးသွားကြပါပြီ ... ကျန်ငါးယောက်ကတော့ ကျွန်တော်ကလည်း ချစ်ခဲ့တဲ့ ... ကျွန်တော့်ကိုလည်း ချစ်တယ်လို့ ထင်ခဲ့တဲ့ ကျွန်တော့်ချစ်သူတွေ ... ခုနောက်ဆုံးကတော့ ခင်ဗျားပဲ ..."

"ဘာ ..."

"ဘာလို့ အော်တာလဲ ... ရင်းနှီးတဲ့ မိန်းကလေးဆိုလို့ ခင်ဗျားပဲလို့ ပြောတာပဲ ... ခင်ဗျားကိုပါ ကျွန်တော့်ချစ်သူတွေထဲက တစ်ယောက်လို့မှ မပြောဘဲ ... အော်စရာ မလိုဘူး"



တိတော့မှာ အောင့်သက်သက်နှင့်ပင် ငြိမ်နေလိုက်ရပါသည်။ ရည်းစားကလည်း များလိုက်တာနော် ... ငါးယောက်တောင် ရှိခဲ့သတဲ့ ...။ အားလုံးကိုလည်း ချစ်ခဲ့သတဲ့၊ အံ့ဖွယ်သူရဲပဲ ...။

"ရှင့်ဟာကလည်း ချစ် ... ချစ်နိုင်လွန်း ... ချစ်သူတွေ ဒီလောက်များခဲ့ ပြတ်ခဲ့ပြီးတာများ ... ခုနောက်ဆုံးပြတ်တဲ့ လှလေးကိုကျမှ ကွက်စိတ်နာနေမယ် ဆိုရင်တော့ မတရားပါဘူး ..."

"ကျန်တဲ့လူတွေကိုရော မနာဘူးလို့ ဘယ်သူကပြောလို့လဲ ... အားလုံး တစ်ယောက်မှ ကောင်းကြတာမှ မဟုတ်တာ ... အားလုံးကို နာတာပဲ ... ချစ်သူငါးယောက်တောင် ရှိခဲ့တယ်ဆိုတော့ ကျွန်တော်ကပဲ ငရှုပ်တစ်ကောင်လိုလို ... အမှန်ကတော့ ကိုယ်ချည်းကျန်ခဲ့တာချည်းပဲ ... တစ်ယောက်ကိုမှ ကျွန်တော်က ထားရစ်ခဲ့တာ မဟုတ်ဘူး ... မိန်းကလေးတွေဆိုတာက ဘယ်လိုခေါ်မလဲ ... နည်းနည်းတော့ ငွေမက်တယ်လေ ... အင်း ... အဲဒါ ... အဲဒါပဲပေါ့ ..."

"ဒါပေမယ့် ရှင်က နောက်တစ်ယောက်ကိုတော့ ထပ်ချစ်နိုင်သေးတာပဲ ..."

"ဘာလို့ မချစ်ရမှာလဲ ... ကိုယ့်ကို ထားသွားကြသူတွေကို ဘာကိစ္စ ဆက်လက်တမ်းတနေရဦးမှာလဲ ... ကိုယ့်ရင်ထဲကို နောက်တစ်ယောက် ထပ်ထည့်လိုက်တယ် ... ဒါပုံမှန်ပဲ ... အဲဒီလိုမှ မြန်မြန်ဆန်ဆန် ထပ်

မထည့်ရင် အရင်တစ်ယောက်ကို စိတ်နာနေတာနဲ့ ခံင်ဗျားတို့ စိုးရိမ်ကြသလို အငြိုးကြီးရတာ လက်စားချေချင်ရတာတွေ ပေါ်လာဦးမယ် ... ကိုယ့်ရင်ထဲ နောက်တစ်ယောက် ရောက်လာတော့ အဲဒီတစ်ယောက်ကို ချစ်လိုက်ရတဲ့ အချစ်တွေနဲ့ ကိုယ်ကဘာပဲပြောပြော ငြိမ်းချမ်းနူးညံ့သွားမယ် ... အဲဒီအဖြစ်အပျက်ဟာ နာကြည်းငြိုးတေးနေရတာနဲ့စာရင် ပိုမကောင်းပေဘူးလား"

"အဆန်းပဲ"

"အဲဒါ ဆန်းသလား ... မသိဘူးလေ ... တခြားသူတွေတော့ ဘယ်လိုရှိကြသလဲ မသိဘူး ... ကျွန်တော်ကတော့ အဲဒီလိုပဲ ... တစ်ချို့ကတော့ ပြောတယ် ... ဒါ အစားထိုးတာတဲ့ ... လက်မခံချင်ကြဘူး ... မိန်းကလေးတွေက ပထမ အချစ် မဖြစ်ရတာတို့ ... အစားထိုးခံရတာတို့ကို ဘာကြောင့် ဆတ်ဆတ်ထိမခံ ဖြစ်ချင်နေကြသလဲ မသိဘူး ... တကယ်တော့ အစားထိုးတာလည်း မဟုတ်ပါဘူး ...

အစားထိုးတယ်ဆိုတာ ဥပမာဗျာ ... ကြွေပန်းကန်တစ်ချပ် တစ်နေ့ရာကနေ ကွဲပြီးပဲ့ထွက်သွားတယ်၊ သစ်တုံးတစ်တုံး အသားတစ်ထွက်ပြီး ပဲ့သွားတယ် ... အဲဒီနေရာတွေမှာ ပြန်အစားထိုးရမယ်ဆိုရင် ခုနက ပဲ့သွားတဲ့ အသားစနဲ့ပဲ ပြန်ထိုးမှ အံကိုက်ကျမှာပေါ့။ ဒါမှမဟုတ်ရင်လည်း ချုတ်စွပ်တူ ... ဆိုက်ဇ်တူ ...



အရောင်တူ ... အသားတူကိုရမှ ဖြစ်မယ် ... လူမှာတော့ အမြွှာတွေ မဟုတ်ရင် အဲဒီလို ချုတ်စွပ်တူကြီးတွေ ရှိနိုင်ပါ့မလား ... မဟုတ်ဘူးဗျ ... ဒါ အစားထိုးတာ မဟုတ်ဘူး ... ကျွန်တော်ကလည်း ပဲ့ပြီးကွဲပြီးကြီး ပြန်မလိုချင်ဘူး ... နေပေ့စေ ... လွှင့်ပစ်လိုက်တယ် ... နောက်အသစ်တစ်ခု ထပ်ဝယ်လိုက်တယ် ... ဒါပဲ ...

အစားထိုးတာ မဟုတ်ဘူးဗျ ... အသစ်တစ်ဖန် ပြန်လည်တည်ဆောက်ယူတာ"

အင်း ... ကိုယ့်သူငယ်ချင်း လုလေးတစ်ယောက် ငြိုးတေးမုန်းမျက်မှုတွေကို ခံမနေရအောင်ဆိုရင် သူ့ရဲ့အသစ်တစ်ဖန် ပြန်လည်တည်ဆောက်မှုမှာ ကိုယ်တို့ကပဲ စွမ်းစွမ်းတမံ ဝင်ကူဝိုင်းရှာပေးရမလို ဖြစ် ...နေ ...။ အင် ...နေ ... နေပါဦး ...။ သူ ... သူက အဲဒီဟာတွေကို ဘာကိစ္စကိုယ့်ကို လာရှင်းပြနေရတာလဲ ...။

"ရှင့်ရဲ့ ငါးယောက်ထဲမှာ မမာလာသွယ်ကတော့ ရှင့်ကို မထားခဲ့ပါဘူး ..."

"မာလာသွယ် ... အင်း ... သူကတော့ ကျွန်တော့်ကို မထားရစ်ပါဘူး ... ဒါပေမယ့် ... ကျွန်တော့်ရဲ့ ငါးယောက်ထဲမှာလည်း သူ မပါပါဘူး ..."

"သူ့ကိုတော့ ရှင်က ထားခဲ့တာ ..."

"မထားခဲ့လို့ မဖြစ်ဘူး ... မိန်းမတွေကို ငွေမက်တယ်လို့ ကျွန်တော်က စွပ်စွဲချင်ရင် ကျွန်တော်လည်း အလားသဏ္ဌာန်တူစွာ ငွေမက်မိတဲ့ ပုံစံမျိုး ဖြစ်နေလို့ မရဘူး ..."

"ရှင် သူ့ကို ခုနက အကြောင်းတွေတော့ ပြောပြတယ်ပေါ့ ..."

"မပြောပြပါဘူး ... ဘာလို့ ပြောပြရမှာလဲ ... သူဘာမှမသိဘူး ... သူက သူ့ကိုယ်သူ ကျွန်တော့်အကြောင်း သိပ်သိ သိပ်နားလည်တဲ့ လူလို့ထင်နေတယ် ... အမှန်ကတော့ သူဘာမှမသိဘူး ... ဘာဆိုဘာမှ မသိဘူး ..."

"လှလေးကတော့ သိတယ်ပေါ့ ..."

"သူလည်း မသိဘူး ... ကိုယ့်ကိုကိုယ် ဒီယောကျ်ားတစ်ယောက်ရဲ့ အချစ်ဦးလို့ ထင်နေတဲ့ မိန်းမတွေဟာ တစ်ချိန်တည်းမှာ ချစ်ဖို့လည်းကောင်း ... သနားဖို့လည်းကောင်း ... ပြီးတော့ ရယ်ဖို့လည်း ကောင်းတယ်ဗျ ..."

တီတာက ရုတ်တရက် စိတ်တိုသွားမိပါသည်။

"ဒါဖြင့် ရှင်က လှလေးကို လိမ်ပြီး ချစ်ခဲ့တာပဲ ..."

"မလိမ်ပါဘူး ... မပြောတာသာ ရှိတာပါ ..."

"ကိုယ်တောင်မှ မပြောသေးတာ ... သူ မပြောခဲ့တာကိုလည်း ဘာမှ စိတ်တိုနေဖို့ အငြိုးအမျက်ကြီးနေဖို့ မလိုဘူး ..."

"မဟုတ်ဘူးလေ ... ကျွန်တော် မပြောတဲ့ ဇာတ်လမ်းတွေထဲက တစ်ယောက်ကို ကျွန်တော်က လက်ထပ်လိမ့်မှာ မဟုတ်ဘူး ... သူကတော့ ဦးမျိုးမင်းနဲ့ လက်ထပ်ဖြစ်ကြဖို့ကို အဲဒီကတည်းက သေချာနေပြီးသားပဲ ... ဘယ်တူမလဲ"



ကြယ်စင်က ရုတ်တရက် "ခင်ဗျား နာရီကြည့်မိရဲ့လား" ဟု ခပ်ဆတ်ဆတ် မေးလိုက်ပါသည်။

"ကျွန်တော်သာ ခင်ဗျားအဖေဆိုရင် ကျွန်တော့်သမီးကို ဒီအချိန်အထိ ယောကျ်ားတစ်ယောက်နဲ့ ဖုန်းပြောနေမှာမျိုးကို ခွင့်ပြုနိုင်လိမ့်မှာ မဟုတ်ဘူး ... အဲဒီတော့ တော်ပြီ ..."

တီတာမှာ ကိုယ့်ကိုကိုယ်ပင် ထုချင်ရိုက်ချင်စိတ်တွေ ဖြစ်သွားမိရပါတော့သည်။

"ဒီမှာ ... ခင်ဗျားရဲ့ မောင်းမောင်းက သူနဲ့လက်ထပ်မယ့် မိန်းကလေးတစ်ယောက်က သူငယ်ချင်းယောကျ်ားလေးတစ်ယောက်နဲ့ ဖုန်းစကား အမြဲပြောဖြစ်နေမှာမျိုးကို ခွင့်ပြုနိုင်ရဲ့လား မသိဘူးနော် ..."

တီတာမှာ ဘယ်လိုမှ အဖြေမရှိသဖြင့် ငြိမ်ပိတ်ပြီးတော့သာ နေရပါသည်။

"ဒီနေရာမှာ ခင်ဗျား စဉ်းစားဖို့ လိုလာတာက ကျွန်တော်နောက်ပိုင်းမှာ မကြာမကြာ ဖုန်းဆက်ဖြစ်တော့မယ့်ကိစ္စကို မောင်းမောင်းကို ပြန်ပြောပြမလား ... မပြောဘူးလား ... ပြောလိုက်လို့ သူက ခွင့်မပြုနိုင်ပါဘူးဆိုရင်ကော ... ခင်ဗျားက ကျွန်တော့်ရဲ့ ဖုန်းတွေကို လက်ခံစကား ပြောမလား ... မပြောတော့ဘူးလား ... ကဲ ... ခင်ဗျားအဖြေပေါ်အောင် စဉ်းစားထားပါ ... အဲဒါ ဒီညအတွက် ခေါင်းကိုက်ဆေးပဲ ... ဂွတ်နိုက်"

သူဖုန်းချသွားသောအခါ ကီတာ့ ရင်ထဲ ငိုချင်

သလိုလိုကြီးဖြစ်ကာ ကျန်ရစ်ပါသည်။ ဘယ်လိုကြီးမှန်းကို မသိ ...။ သူရည်ရွယ်သလိုပင် တစ်ညလုံး အိပ်မရမှုတို့နှင့် တီတာ့မှာ ခေါင်းအပြင်းအထန်ကိုက်ကာ မိုးလင်းရပါတော့သည်။ မိုးလင်းလင်းချင်း ဆိုသလိုပင် တီတာက မာလာသွယ့်ထံ ဖုန်းလှည့်လိုက်မိသည်။ "ကြယ်စင့်ကို အရမ်းချစ်တာပဲ" ဟု ဖွင့်ဟဝန်ခံထားသော မိန်းကလေးတစ်ဦးထံ ကြယ်စင့်ရဲ့ လုပ်ရပ်များကို ဖွင့်ချတိုင်တန်းပစ်လိုက်ရလျှင် ကိုယ့်ရဲ့ ရင်ထဲမှာ အတော်ကြီးပေါ့ပြီး ကျန်ရစ်မည်ဟု တီတာက ယုံကြည်သည်။

"အရမ်း အံ့ဩဖို့ ကောင်းတာပဲ မတီတီတာ ... သူဘာကိုရည်ရွယ်နေပြီလဲ ... မာလာတောင် လိုက်လို့ မမီနိုင်တော့ပါဘူး ... အဲဒါတွေဟာ တစ်ခုမှ မဟုတ်ဘူး မတီတီတာရယ် ... ကြယ်စင့် ဘဝမှာ "အချွဲလေး" တစ်ယောက်တည်းပဲ ရှိခဲ့တာပါ ..."

"သူကပြောတော့ သူ့အကြောင်း မာလာ ဘာမှမသိပါဘူးတဲ့ ..."

"ညာတာ ... အဲဒါ သူသက်သက်ညာတာ ... သူ့ကို မာလာ နားလည်တာ ... သိတာ သူကောင်းကောင်းသိပါတယ် ... မာလာ ပိုကြောက်လာပြီ မတီတီတာ... သူဟာ မာလာတို့ တွက်ဆထားနိုင်တာထက်တောင်မှ ပိုပြီးအငြိုးကြီး ငြိုးနေခဲ့ပြီထင်တယ် ..."

"အဲဒီလို ရင်ထဲက အငြိုးတွေကို ဖြေပစ်ဖို့ နောက်ထပ် ချစ်သူတစ်ယောက် ထပ်ရှာလိုက်ရတာတဲ့ ... အဲဒါနဲ့ပဲ



ငါးယောက်တောင် ဖြစ် ..."

"အို ... မဟုတ်တာ ... လုံးဝမဟုတ်ဘူး ... ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ ... ကြယ်စင့်လိုလူလား ချစ်သူတစ်ယောက်ပြီးတစ်ယောက် ထားခဲ့မှာ ... သူ့ရုပ်လည်း ကြည့်ပါဦး ... ဒုက္ခပဲ ... သူဘာတွေလျှောက်လုပ်ဦးမလဲ မသိတော့ဘူး ..."

"တို့နဲ့ ရင်းရင်းနှီးနှီး ပတ်ပတ်သက်သက် နေလို့ရအောင်တော့ ဦးစောသွယ်နဲ့ ငြိမ်းချမ်းရေး ပြန်ယူဦးမယ်တဲ့ ..."

"အဲဒါတော့ ဖြစ်နိုင်တယ် ... ကျန်တာကတော့ လုံးဝပဲ ... အဓိပ္ပာယ်ကို မရှိဘူး"

တကယ့်ကို ခါးခါးသီးသီး ငြင်းဆန်နေသော မာလာသွယ့် လေသံကို နားထောင်မိရင်း ဘယ်သူ့ကို ယုံကြည်ရမလဲ ဆိုတာကို တီတာ့ရင်ထဲ တကယ်ပဲ ဝေခွဲနိုင်စွမ်း မရှိတော့ပါ ...။ အဲဒီနေ့လည်း တစ်နေကုန်အောင်ပင် ခေါင်းကိုက်နေခဲ့လေသည်။

တီတာက ဧည့်ခန်းပြတင်းပေါက်မှ တစ်ဆင့် ဟိုဘက်ခြံထဲသို့ လှမ်းချောင်းလိုက်သည်။ ဒီနေ့ဟာ တနင်္ဂနွေနေ့ဖြစ်သည့်အတွက် မောင်းမောင်း တစ်ယောက် အလုပ်သွားလိမ့်မှာ မဟုတ်ပါ။ အပြင်လည်း မထွက်ဘူးဆိုရင်တော့ သူ့အိမ်မှာ သူရှိနေပေလိမ့်မည်။ သူ့အိမ်မှာ ... သူ့အခန်းထဲမှာ သူ့ဟာနဲ့သူ ရှိနေရင်တော့ တီတာ့အတွက် ဘာမှအရေးမကြီး ...။ တော်တော်ကြာကျ မောင်းမောင်းက သူ့ဝါသနာဖြစ်သည့် ခြံထဲက ပန်းပင် သီးပင်လေးများထံ ရောက်နေကာ ရေလောင်းပေါင်းသင် ပြုပြင်နေပါရင် ... မလွယ် ...။ သူတို့ခြံထဲကဆိုရင် ခြံပြင်လမ်းမပေါ်ကို ကောင်းကောင်းကြီးပင် လှမ်းမြင်နေနိုင်လေသည်။

"ဟဲ့ ... သမီး ..."

"အား ... ပလုပ်တုတ် ... လန့်လိုက်တာ မေမေရယ်"

မေမေက မောင်းမောင်းတို့ ခြံဘက်သို့ ကုန်းကိုင်းပြီး ချောင်းနေသည့် ကိုယ့်သမီးကိုယ် သဘောတကျနှင့် "တဟင်းဟင်း" ရယ်နေတော့ပြီးလျှင် ...

"မောင်းမောင်းကို ချောင်းနေတာလား ..."

တီတာက "ဟုတ်"လိုလို ... "ဟော့"လိုလို အသံထွက်တစ်မျိုးကို ပြုလိုက်သော် မေမေက တီတာ့ပါးကလေးကို ချစ်စနိုးနှင့် လိမ်ဆွဲလိုက်ရင်း ...



"မောင်းမောင်းတို့ သားအမိ မရှိကြဘူး ... ပဲခူးဘက်က ဆွေမျိုးအလှူတစ်ခုကို သွားကြတယ် ... မေမေ့ကိုတောင်မှ လိုက်ခဲ့ပါလားလို့ ခေါ်နေသေးတာ ... ဘုရားဖူးသက်သက် မဟုတ်ဘဲ ... အလှူကြီးပါနေတာနဲ့ မေမေက တော်ပါပြီဆိုပြီး နေခဲ့တာ ..."

"မောင်းမောင်း မရှိပါဘူး" ဆိုမှ ဘဝင်ကျသွားဟန် ပေါက်သွားသည့် သမီးဖြစ်သူကို မေမေက အံ့သြသလို ဖြစ်နေပြီးမှ ... "ဘာလုပ်မလို့လဲ ... ဘာကိစ္စရှိလို့လဲ"ဟု မေးလိုက်ပါသည်။

"အပြင်သွားမလို့လေ ... ဖေဖေက တီတာ့ကားကို ယူသွားတော့ တီတာက တက္ကစီနဲ့ သွားရမလို ဖြစ်နေတယ် မဟုတ်လား ..."

"မောင်းမောင်း ရှိရင် လိုက်ပို့ခိုင်းမလို့ပေါ့ ဟုတ်လား"

"ဟင့်အင်း ... သူငယ်ချင်းတစ်ယောက်က လာခေါ်မှာပါ ... အဲဒါကို မောင်းမောင်း မြင်သွားရင် တော်ကြာကျ ငါ့ကျတော့ လိုက်မပို့ခိုင်းရကောင်းလားလို့ ဖြစ်နေမှာစိုးလို့ပါ ..."

"အော် ... ကလေးတွေ ကျနေတာပဲ သမီးတို့ဟာက လည်း ... မောင်းမောင်းက အဲဒီလို ထင်မယ်မထင်ပါဘူး ... သမီးဟာလေ ကလေးစိတ်ကို မပျောက်သေးဘူး ... မောင်းမောင်း မကြိုက်မှာ ကြောက်ရင်လည်း သူ အားလားလို့ အရင်မေးပြီးမှ သူများကို လာကြိုခိုင်းလိုက်ပေါ့ ... ခုတော့ သူများနဲ့ ပြောပြီးဆိုပြီးမှ

မောင်းမောင်း စိတ်တိုမှာစိုးလို့ ချောင်းပြီးမှ ခိုးလုပ် ရမယ်လို့ပဲ ... ဟင်း ဟင်း ဟင်း ..."

သူ့သမီးသူ သဘောတကျနှင့် တဟင်းဟင်း ရယ်နေခဲ့သော မေမေသည် ... ခဏအကြာ ... တီတာ အပြင်ထွက်ခါနီး ကားရောက်လာသောအခါမှာတော့ ကား မောင်းလာသူဟာ လူရွယ်ယောက်ျားလေး တစ်ယောက် ဖြစ် နေသည့်အတွက် မျက်ခုံးပင့် မျက်လုံးပြူးကာ တီတာ့ကို စပ်စု စုံစမ်းလိုဟန်နှင့် လိုက်ကြည့်နေပါတော့သည်။ တစ်ဦး တည်းသော သမီးကလေးကို လွတ်လပ်ခွင့် အပြည့်ပေးပြီး အုပ်ထိန်းတတ်သော မေမေက ဘာရယ်ညာရယ်တော့ ပြော ချင်ဟန် မတူ ...။ သို့သော် ထိုလူရွယ် ယောက်ျားလေးကို သမီးရဲ့ အပေါင်းအသင်းတွေထဲမှာ တစ်ခါမှ မမြင်ဘူးတာ ရယ် ... သူနှင့် အပြင်ထွက်မှာမို့လို့ မောင်းမောင်း များ တွေ့ သွားမလား ... လို့ ကြိုချောင်းနေခဲ့တာတွေရယ်ဟာ မေမေ့ ကို သံသယတွေ ပွားနေစေခဲ့ဟန် တူလေသည်။

"ကြယ်စင် ... ဒါ ... တီတာ့ မေမေပါ ... ဒေါ်နီနီတာ တဲ့ ... မေမေ ဒါက ကြယ်စင်ပါ ... တီတာတို့ သူငယ် ချင်းပဲ ... မူမူတို့ သဇင်တို့ တစ်အုပ်လုံးနဲ့လည်း ခင်တယ်လေ ..."

"အော် ... အော် ... အရင်က မမြင်ဘူးလို့ ... ကျောင်း က သူငယ်ချင်းပဲလား ..."

"ကျောင်းက မဟုတ်ပါဘူး ..."

အဲဒီလောက်ပဲ ပြောပြီးတာနဲ့ တီတာ့မှာ ကြယ်စင့်



အကြောင်း ဆက်ပြောစရာ စကားက မရှိတော့ပြီ ...။ သူ့ အကြောင်း တီတာ ဘာတစ်ခုမှ သိမထားပါလား ဆိုတာကို အဲဒီတော့မှပင် တီတာက ကိုယ့်ဘာသာကိုယ် ပြန်လည်ရိပ် စားမိလို့ လာရသည်။ ကိုယ်နှင့် ခင်သည်ဆိုသည့် လူတစ်ဦးကို နောက်တစ်ဦးနှင့် မိတ်ဆက်ပေးရသည့် ကိစ္စတွင် ပြောစရာ စကား မရှိတော့ခြင်းသည် အတော့ကို ဆိုးဝါးလှကာ မဖြစ် စကောင်းသော အဖြစ်မျိုးပင် ...။ တီတာတော့ ဒုက္ခရောက် နေလောက်ပြီဆိုတာ သိလိုက်ဟန်ရှိသော ကြယ်စင်က ထိုအဖြစ် ကို ဝင်ပြီး ကယ်တင်လိုက်ပါသည်။

"ကျွန်တော်က တီတီတာတို့ထက် တစ်နှစ်လောက် စောပြီး ... စက်မှုတက္ကသိုလ်ကနေ ကျောင်းပြီးပါတယ် အန်တီ ... ကျွန်တော်က လှလှလေးရဲ့ သူငယ်ချင်းပါ... တီတီတာတို့ သဇင်တို့နဲ့ကတော့ ဒီလိုပဲ ဆက်ခင် သွားကြတာပေါ့ ..."

သူ အင်ဂျင်နီယာဘွဲ့ ရထားတာ တီတာ့မှာ ခုမှပင် သိပါသည်။ မေမေ့ကို သူပြောရင်း သူ့အကြောင်းကို ကိုယ်ပါရောသိလိုက်ရတာကိုတော့ ကျေနပ်မိပေမယ့် တီတာ တောင် တမင်တကာပဲ ထည့်မပြောတော့သည့် လှလေးရဲ့ နာမည်ကိုမှ သူက ရှေ့တန်းတင်ပြီး ထည့်သုံးလိုက်တာကို တော့ ရင်ထဲကနေ မကျေနပ်မိသလိုလို ဘာလိုလို ...။

"အော် ... အေး ... အေး ... ခုဟာက ဘယ်သွားကြ မလို့လဲ ..."

တီတာ ဘယ်ကိုသွားသွား တစ်ခါမှ ဘယ်လဲ

ညာလဲနှင့် လိုက်မေးစစ်ဆေးဖူးခြင်း မရှိသည့် မေမေက အခု သူ့အစဉ်အလာကို သူ ချိုးဖောက်ပြီး မေးလိုက်မိတာကို သူ့ဘာသာလည်း မလုံမလဲနှင့် တစ်မျိုးကြီး ဖြစ်နေဟန် ...။ သို့သော် မမေးဘဲနဲ့တော့လည်း မနေနိုင်ဟန် ...။

"အလုပ်ဝင်ဖို့လေ မေမေ ... ကြယ်စင်က အဲဒီအလုပ်ထဲက လူကြီးနဲ့ လိုက်တွေ့ပေးမလို့ပါ"

"အော် ... အော် ... မောင်မျိုးမင်းကို ပြောထားတာကရော ..."

"ဟင် ... အဲဒီ ဦးမျိုးမင်းကြီးကဖြင့် တီတာ့ကို နေရာကောင်းကောင်း တစ်ခုခုမှာမှ သွင်းမပေးဘဲနဲ့ ..."

"အော် ... အေး ... အေး ... သွားကြ ... သွားကြ... မြန်မြန်သွား ... မြန်မြန်ပြန်ကြနော် ..."

တီတာတို့ ထွက်လာကြသည်အထိ မေမေ့မှာ စိတ်ရှင်းနိုင်ဟန် မတူသေးပါ ...။ တီတာကလည်း မေမေ့နှုတ်ဖျားမှ ဦးမျိုးမင်းရဲ့ နာမည်စထွက်လာတာကို စိတ်ထဲမှာ တထင့်ထင့် ...။ ကြယ်စင် ကြားချင်မှာ မဟုတ်သည့် ဒီနာမည်ကို ကြယ်စင့် ရှေ့မှာ တတ်နိုင်သမျှ ထုတ်မပြောရင် အကောင်းဆုံးပဲ မဟုတ်လား ...။ ကြည့်လေ ... အခုဆိုရင် ကြယ်စင့်ရဲ့ မျက်နှာဟာ တီတာတို့အိမ်ထဲ စဝင်လာကာစနှင့်မှ မတူတာ ...။ ခပ်မှဲ့မှဲ့ရယ် ...။

"ဘာဖြစ်နေတာလဲ ကြယ်စင် ..."

"အော် ... သမီးမိန်းကလေးများ မိဘတွေကိုညာဖြီးဖို့ကိစ္စမှာ ... မစီစဉ်ရဘဲ လွတ်ခနဲလည်း ယုတ္တိရှိရှိတွေ



ထွက်လာတတ်သားပဲလို့ ... နော် ... ကျွန်တော်ဖြင့် ဒီလိုသာဆိုရင် သမီးမိန်းကလေး မွေးရမှာ ... ဒီလို သမီးမျိုးရဲ့ အဖေ ဖြစ်ရမှာ ခပ်ကြောက်ကြောက်ပဲ"

တီတာ့ မျက်နှာက ရှက်စိတ်နှင့် ဖြန်းခနဲ နီရဲသွားမိပါသည်။ မှားပါတယ် ... ဒီလိုလူမျိုးရဲ့ ရှေ့မှာမှ တီတာကလည်း လျှပ်တစ်ပြက် အညာအရှိုးတွေကို ထုတ်သုံးပြမိရတယ်လို့ပဲ ...။

"ဘယ်တတ်နိုင်မလဲ ... ကြယ်စင်က ကိစ္စရှိလို့ ခဏတွေ့ကြရအောင် ... ကားမရှိရင်လည်း လာခေါ်ပါ့မယ် ဆိုတော့လည်း ဒီလိုပဲ ကြည့်ကျက်ပြောရတော့တာပေါ့ ... မေမေကလည်း ခါတိုင်းဆိုရင်တော့ ဒီလိုမစုံစမ်း မခေါ်နှုန်းဖူးပါဘူး ..."

"ဒါဆို ... ခင်ဗျားက ကျွန်တော့်အတွက်သာဆိုရင် မိဘကိုလည်း ညာနိုင်တယ် ... အိုကေပဲပေါ့ ... ဒီလိုလား ..."

အင်မတန် မုန်းစရာကောင်းသော စကားမျိုးဖြစ်သဖြင့် တီတာက ခွန်းတုံ့မပြန်ဘဲ နေလိုက်ပါသည်။ ဒီလူနဲ့ တွေ့ရင် ဒါမျိုးတွေ အပြောခံရတော့မယ်ဆိုတာ တီတာ သိထားသင့်တာပေါ့ ...။ ဘာလို့ လိုက်တွေ့သေးလဲ။ ကိုယ့်အပြစ်နဲ့ကိုယ် ခံပေါ့။ ကြယ်စင်က ကားမောင်းရင်း တီတာ့ကို အကဲခတ်နေရာက မေးခွန်းထပ်ထုတ်လိုက်၏။

"တီတီတာ့ အမေက အရင်က ဒါမျိုး မစုံစမ်းဖူးဘူးဆိုရင် ခုကျတော့မှ ဘာလို့ ထစုံစမ်းနေရတာလဲ ...

ကျွန်တော့်ရုပ်က မသကာစရာ ဖြစ်နေလို့လား မသိဘူး"

"မဟုတ်နိုင်ပါဘူး ..."

"ဒါဖြင့် ဘာလို့လဲ ..."

"အင်း ... မေမေက မောင်းမောင်းနဲ့ကိစ္စကို ရည်ရွယ်ချင်တာနဲ့ တူပါတယ် ..."

"အဲဒါ ဘာလဲ ... သိပ်မရှင်းဘူး ..."

"အရင်ကဆို တီတာက ဘာမှမဟုတ်ဘူးလေ ... ခုတော့ မောင်းမောင်းနဲ့ ပြောပြီးဆိုပြီး လူကြီးချင်း အသိအမှတ် ပြုပြီးသားဆိုတော့ ... ဟို ... ဘာခေါ်မလဲ ..."

"ဘာမှ မခေါ်ပါနဲ့တော့ ... [illegible]ပြီ ... ခင်ဗျားနဲ့ မောင်းမောင်းက ဘာလဲ ... သမီးရည်းစားတွေလား... စေ့စပ်ထားကြတာလား ..."

"အဲလိုတော့ မဟုတ်ဘူးပေါ့ ... စေ့စပ်တယ်ရယ်လည်း မဟုတ်ဘူးလေ ..."

"ဒါနဲ့များ ဒါ ကျွန်မနဲ့ လက်ထပ်မယ့် ခင်ပွန်းလောင်းပဲလို့ ခင်ဗျားက ပြောရဲသလား"

"ဟင် ... ဘာလို့ မပြောရမလဲ ..."

"ခင်ဗျားကမှ အဲဒီ မောင်းမောင်းကို မချစ်ဘဲနဲ့ ... မချစ်ပါဘူး ..."

တီတာက ကြယ်စင့်ကို အံ့သြတကြီးနှင့် လှည့်ကြည့်လိုက်မိသည်။



"ကိုယ်မချစ်တဲ့လူကို ခင်ဗျားဒို့ ယူဦးမယ် ... ဘာလဲ... ဒါလဲ ... မန်းနီး ... မန်းနီး(Money)ပဲလား ..."

"ဘာမှ မဆိုင်ဘူး ... မောင်းမောင်းတို့ကလည်း တီတာတို့ထက် ထူးကဲသာလွန်ပြီး ပိုက်ဆံရှိနေတာ မဟုတ်ပါဘူး ..."

"ဒါဆို ဘာလဲ ..."

တီတာကား ပြန်မဖြေတတ်တော့ပါ။ လူကြီးမိဘတွေကလည်း ဖြစ်သင့်တယ် ထင်လို့ ...။ ကိုယ်ကလည်း ငြင်းစရာမရှိလို့ ... သင့်တော်နေလို့ ... စတာတွေကို သူ့ကို ဒီအချိန်မှာ သွားမပြောလိုက်ရပါ ...။ လှလေး ဘာသာ လှလေး စိတ်ကစားပြီး သူ့ကို မထိခလုပ် ထိခလုပ် သွားလုပ်လိုက်မိခြင်းအတွက် သူဟာ (မာလာသွယ့် အပြောအရ) ကျားနာတစ်ကောင်လို ဖြစ်နေပြီးပြီ မဟုတ်လား။ ဒဏ်ရာဟာ သေးသည်ဖြစ်စေ ကြီးသည်ဖြစ်စေ ... ဒဏ်ရာအနာတရ တစ်ခုခု ရသွားပြီဆိုရင်တော့ ဒီကျားဟာ ကျားနာပဲ မဟုတ်လား။ ထိုကျားနာကို တီတာက ဓားနဲ့လည်း ထပ်မခုတ်ရဲသလို ... တုတ်နဲ့လည်း သွားမဆွရဲပါ ...။

လှလေးရဲ့ ကိစ္စဟာ ဖြစ်သင့်တာ၊ ငြင်းစရာမရှိတာ ... သင့်တော်နေတာတွေထက် လှလေးကိုယ်တိုင်က ချစ်ကိုချစ်လို့ပါ ဆိုတာကို သူသိရင် သူပိုဆိုးမည် ...။ မသိသေးရင်လည်း ထိုစကားလုံးများကို စိတ်နာနေနိုင်သူထံမှာ ထိုစကားလုံးတွေကို သွားပြောလို့ ဖြစ်ပါ့မလား ...။ သို့သော် "တီတာဟာ မောင်းမောင်းကို မချစ်ပါဘူး"ဟု ထပ်ချမတ်ချ

သူ စွပ်စွဲဝန့်တာကိုတော့ တီတာက အလွန် အံ့သြမိလေသည်။

"ဖြေလေ ..."

"အို ... ဖြေချင်မှ ဖြေပေါ့ ... ဘာလို့ ဒါတွေကို လာပြောနေတာလဲ ... ကြယ်စင် ကိစ္စရှိတယ်ဆိုရင် ကိုယ့်ကိစ္စပဲ ကိုယ်ပြော ကိုယ်လုပ်ပါလား ... ဘာကိစ္စ တီတာတို့ မောင်းမောင်းတို့ ကိစ္စတွေကိုပဲ ရှေ့တန်းတင်ပြီး ပြောနေရတာလဲ ..."

"ပြောရမယ်လေ ... ကျွန်တော်ပြောမယ့် ကိစ္စကလည်း အဲဒါပဲဟာ"

"ဟင်"

"တခြားလူတစ်ယောက်ကို ကျွန်မရဲ့ ခင်ပွန်းလောင်းပါလို့ ပြောထားတဲ့ မိန်းကလေးတစ်ယောက်ကို ကျွန်တော်က ချစ်ခွင့်ပန်မယ် ဆိုပါစို့ ... အဲဒီမိန်းကလေးဟာ အဲဒီလူကို ချစ်သလား ... ဘာကြောင့် ခင်ပွန်းလောင်းလို့ လက်သင့်ခံပြီး ပြောချင်ရတာလဲ ... အဲဒီလူကို သူတကယ်မချစ်ရင် ... လက်ထပ်ဖို့အတွက် ခိုင်လုံတဲ့ အကြောင်းပြချက်တစ်ခု ရှိမနေဘူးဆိုရင် ကိုယ့်အတွက် အခွင့်အရေးများ ရှိလာနိုင်မလား ... ဒါ ကျွန်တော့်အတွက် အရေးကြီးတာပေါ့ ... မဟုတ်ဘူးလား ..."

"ဟင် ... ဘာ ... ဘာ ... အယ်လို ..."

"ခင်ဗျားကို ကျွန်တော့်ရဲ့ချစ်သူ ဖြစ်စေချင်တယ် တီတီတာ ..."



တီတာ တစ်ယောက် ပြုံးပြုံးငိုင်ငိုင်လေးနှင့် ငြိမ်ကျသွားရပါတော့သည်။ တီတာ့ဟာက "ကျောချမှ ဓားပြမှန်းသိ"တာမျိုး မဟုတ် ...။ ဓားပြမှန်း သိသိကြီးနှင့် အမှုမဲ့ အမှတ်မဲ့ထား ... အရောဝင်မျက်နှာသာ ပေးမိတဲ့အတွက် ကျောချခံလိုက်ရခြင်းမျိုးပင် ဖြစ်နေပါပြီ ...။

"ရှင် ... ရှင် ... အသစ်တစ်ဖန် ပြန်လည့်တည်ဆောက်ယူပြန်ဦးမယ်ပေါ့ ..."

အနိုင်နိုင် ထွက်လာရသော စကားသံလေးကို ကြယ်စင်က သဘောကျသလို "တဟင်းဟင်း"နှင့် ရယ်နေလေသည်။ သူ့ရယ်သံဟာ တီတာ့အပေါ်မှာ ချစ်စနိုးလေးနှင့် ကလေးငယ်တစ်ယောက်ကို စချင်နေသော လူကြီးတစ်ယောက်ရဲ့ အသံမျိုးများ ဖြစ်နေမလား ... တီတာက ရုတ်တရက် ခေါင်းကို ခါယမ်း ထုတ်လိုက်မိပါသည်။ ကြယ်စင်က တီတာ့ ခေါင်းအခါကို ငဲ့ကြည့်လိုက်ကာ ...

"ဘာလဲ ... တစ်ထိုင်တည်းပဲ အငြင်းခံလိုက်ရပြီလား"

"ရှင် တီတာ့ကို ဒါမျိုး မပြောသင့်ပါဘူး ကြယ်စင် ... တီတာဟာ လက်ထပ်ရမယ့် ခင်ပွန်းလောင်း ရှိနေပြီးတာလည်း ရှင်အသိပဲ"

"ဟာ ... ဒါက အရေးမပါပါဘူး ..."

"ရှင် ပြောလိုက်ပြီးမှ စကားပဲ အဖတ်တင်ကျန်ရစ်ပြီး တီတာကတော့ မောင်းမောင်းနဲ့ပဲ လက်ထပ်သွားမှာကို ရှင်တွက်သင့်တာပေါ့ ..."

"ခင်ဗျားမှ အဲဒီ မောင်းမောင်းကို မချစ်ဘဲ ...

အကယ်၍ ခင်ဗျားသာ ကျွန်တော့်ကို ချစ်လာခဲ့ရင် ခင်ဗျား သူ့ကို ဘယ်ရွေးတော့မလဲ ... ကျွန်တော် ဘာပူစရာရှိလဲ ...”

တီတာမှာ ကျောထဲက ဘာဖြစ်မှန်းမသိ စိမ့်ခနဲ တစ်ချက်လိုလို ဖြစ်သွားမိသည်။

“ဒါဖြင့်ရင်လည်း ရှင်ဟာ လှလေးရဲ့ သူငယ်ချင်း ဖြစ်တဲ့ တီတာ့ကို ဒါမျိုး လာမပြောသင့်ဘူးပေါ့”

“ဘာမှမဆိုင်ဘူး ... ကျွန်တော်ဟာ အခုလက်ရှိမှာ ခင်ဗျားသူငယ်ချင်း ဒေါ်လှလှလေးရဲ့ ချစ်သူဘဝပဲ ဆက်ဖြစ်နေဦးမယ် ဆိုရင်တော့ ခင်ဗျားပြောသလိုပဲ လာမပြောသင့်ဘူးပေါ့ ... ဒါပေမယ့် ခုအချိန်ကနေတော့ ဘာမှမဆိုင်ဘူး ... ခင်ဗျားလည်း အကယ်၍ ကျွန်တော့်ကို စဉ်းစားမယ်ဆိုရင် အဲဒီအချက်ကို လုံးဝထည့်မစဉ်းစားနဲ့ ...”

တီတာက ခံရခက်ကာ တုန့်နှံ့လည်း ဖြစ်နေပါသည်။ ဒါ ... ဒါ ... ဘာသဘောလဲ ... မျက်နှာသာ ပေးမိလို့ အထင်သေးပြီး စော်ကားခံရတာလား ...။ ဒါမှမဟုတ် ... ဒီနည်းဟာ အထိရောက်ဆုံး လက်စားချေနည်းလို့ သူက သတ်မှတ်တာလား ...။

“ခင်ဗျား ထင်နေတာတွေ တစ်ခုမှ မဟုတ်ဘူးနော် တီတီတာ ...”

“ဟင် ...”

“ခင်ဗျား စိတ်ထဲမှာ ခင်ဗျားက ခင်ခင်မင်မင်ပေါင်း



မိလို့ ကျွန်တော့်ဘက်က အထင်သေးပြီး နှုတ်ဆော့တယ်လို့ ထင်နေရင် အဲဒါ မှားတယ် ... ခင်ဗျားရဲ့ ဘော်ဒါသူငယ်ချင်း စိတ်ဓာတ်ကို အထင်မသေးမိတဲ့ အပြင် ကျွန်တော်က တလေးတစားနဲ့ သဘောတောင်မှ ကျမိသေးတယ်ဗျ ...

ဒါပေမယ့် ခင်ဗျားကို တစ်ခုတော့ ဝန်ခံမယ် ... ခင်ဗျားကို ကျွန်တော့်ချစ်သူ ဖြစ်စေချင်တာ ကျွန်တော်က ကိုယ့်ဘက်ကိုယ်ယက်တာဗျ ... အဲဒီလို ဖြစ်ရရင် ကျွန်တော် ပျော်မယ်လို့ ကျွန်တော်ထင်တယ် ...”

“ဘာလို့ ပျော်မှာလဲ ... လှလေးကို လက်စားချေလိုက်ရလို့လား ...”

တီတာ့ အသံက အနည်းငယ်လေး အဖျားခတ်တုန်ယင်နေကာ ... လေသံကတော့ ထိတ်လန့်တကြား အော်ပြောလိုက်သံလို နှုတ်ဖျားမှ ခုန်ပေါက်ကျယ်လောင်ပြီး ထွက်သွားပါသည်။ တီတာ့အသံက မငြိမ်သက်သလောက် ကြယ်စင့် လေသံကတော့ ခပ်အေးအေး ... ခပ်တိုးတိုးသာ။

“လက်စားချေရတာ ပျော်စရာ မကောင်းဘူး တီတီတာ တကယ်ပဲ တီတီကျကျ လက်စားချေနိုင်လိုက်ပြီ ဆိုရင်တောင် နာကျင်မှုတွေ စွက်နေတဲ့ အားရမှုတစ်ခုပဲ ကျန်ရစ်မယ် ... ဘယ်နည်းနဲ့မှ မပျော်နိုင်ဘူး ...”

ကြယ်စင်က ကားကိုမောင်းနေရင်းက ဂငယ်ချိုးကြီးနောက်ကြောင်းသို့ ပြန်လှည့်ချိုးကွေ့လိုက်သည်။

"ခင်ဗျား စဉ်းစားပေးသင့်ပါတယ် တီတီတာ ... သိပ်မြန်လွန်းနေတယ်လို့ ထင်ရင်လည်း ... အဲဒီလိုပဲ မြန်မြန်တွေချည်းပဲ ဖြစ်,ဖြစ်နေရတဲ့ ကျွန်တော့်ရဲ့ ရှေ့ရှေ့က ဇာကြမ္မာတွေ အကြောင်းကိုပါ ပြန်ထည့်တွေးပေးပါ ... နေဦး ... ခင်ဗျား တွေးသင့်တာတွေ ကျွန်တော်ပြောပြမယ် ... ခင်ဗျားတို့အုပ်ထဲ ကျွန်တော်စဝင်ခဲ့တာကို ပြန်စတွက်ပေါ့ ... အဲဒီကတည်းက ခင်ဗျားရဲ့ ခင်စရာကောင်းတဲ့ အပေါင်းအသင်းဆန်တဲ့ မျက်နှာထားကို ကျွန်တော် သဘောကျလိုက်မိလို့ပဲ ဆိုတာ ကျွန်တော် ပြောပြီးပြီ ...."

"နေဦး ... အဲဒီလိုဆိုရင် ရှင်က ဘာလို့ လှလေးနဲ့ ချစ်ကြိုက်တဲ့အထိ ဖြစ်သွားရတာလဲ ... အဲဒါကိုဖြေ"

"ဟာ ... အဲဒါကတော့ အသိသာကြီးပဲ ... ယှဉ်ကြည့်လိုက်တာနဲ့ လှလှလေးက ခင်ဗျားထက် အများကြီးပိုပြီးလှနေတယ်လေ ... ယောကျ်ားလေးတွေဆိုတာ လှတာမက်လို့ ညစာခက်ရတဲ့ လူတွေချည်းပဲ ... ခင်ဗျား မသိဘူးလား ... ပြီးတော့ ခင်ဗျားတို့ အုပ်စုထဲမှာ ကျွန်တော့်ကို ဖော်ရွေရင်းနှီးဟန်ပြပြီး အလုံးထွေးဆုံးက ဘယ်သူလဲ ... ဘယ်တစ်ယောက်က ကျွန်တော့်ဆီ ဖုန်းတကျိုကျိုဆက်ပြီး ဇာတ်လမ်းကို အဆက်မပြတ် ဖြစ်စေခဲ့သလဲ ... ဘယ်တစ်ယောက်ကများ အရည်မပျော် ပျော်အောင် လာချွဲနွဲ့နေခဲ့လို့လဲ ..."

အဲဒီလောက် ပွင့်ပွင့်လင်းလင်းကြီး ပြောင်ပြော



ချလိုက်ပြန်တော့ တီတာသည်ပဲ အခံရခက် နားခါးသွားရပြန်ပါသည်။

"ဒါဖြင့် ရှင်က ရင်းနှီးနီးစပ်မှုကို တောင့်မခံနိုင်တဲ့ လူစားပေါ့ ... ရှင့်စကားထဲမှာကိုက အဖြေပါနေပြီးပြီ ... ဒီလောက် အလှကြိုက်ရက်နဲ့ သဇင့်ကို ဆက်မရွေးချယ်ဘဲ တီတာ့ကိုမှ လာပြောတာဟာ ... တီတာက ရှင်နဲ့ ဆက်နီးစပ်နေလို့ ... ဒါသေချာတယ်"

"ကိုယ့်ရဲ့ အနေအထားတစ်ခု မြင့်ဖို့ နိမ့်ဖို့ဆိုတာ အေးပတ်ဝန်းကျင်က ဝိုင်းသတ်မှတ်တာထက် ကိုယ်ကိုယ်တိုင်ရဲ့ သတ်မှတ်ချက်က ပိုအရေးကြီးတယ် တီတီတာ ... ခင်ဗျား ဘာကြောင့်များ ကိုယ့်အနေအထားကို ကိုယ်မြှင့်တင်ပြီး ... ငါ့ကို သူဟာတကယ်ပဲ မြတ်မြတ်နိုးနိုး ရှိရှာမှာပါ ... လို့ မတွေးတောနိုင်ရတာလဲ ... ခင်ဗျားကို ခင်ဗျား ... ငါဟာအကြောင်းရင်းခံ တစ်ခုခုမရှိဘဲ ယောကျ်ားတစ်ယောက်က မြတ်မြတ်နိုးနိုး ကြိုက်လာနိုင်မယ့် မိန်းကလေးမျိုး မဟုတ်ဘူးလို့ နှိမ့်ချမြင်ထားတာလား ..."

တီတာ့မှာ ဘာပြန်ပြောရမှန်း မသိနိုင်တော့လောက်အောင် ဖြစ်သွားရပြန်ပါသည်။ ထိုစဉ်မှာပဲ ... နောက်ကြောင်းပြန်လှည့်ကာ မောင်းလာခဲ့သည်ဖြစ်သော သူ့ကားက တီတာတို့ရဲ့ ခြံဝသို့ ပြန်လည်ရောက်ရှိနေပေပြီ။

"ခင်ဗျား အခုချိန်ကစပြီး စဉ်းစားမှ ဖြစ်တော့မယ် တီတီတာ ... ဘာလို့လဲဆိုတော့ ခင်ဗျား ကျွန်တော့်ကို

ဆောရီးပဲလို့ လုံးဝမငြင်းထုတ်လိုက်မချင်း ... အခုညနေကစပြီး ခင်ဗျားဆီက အဖြေကို ကျွန်တော်က တရစပ်ပဲ တောင်းတော့မှာ ... ဒီနေ့လည်း တောင်းမယ် ... နောက်နေ့တိုင်းလည်းတောင်းမယ် .... ငြင်းမှာဖြစ်စေ လက်ခံမှာဖြစ်စေ ခင်ဗျား မစဉ်းစားလို့တော့ မရတော့ဘူး ... စဉ်းကို စဉ်းစားရတော့မယ်"

နာသာခံခက် ရှိလှပေမယ့် သူ့ပြောတဲ့ စကားတိုင်းဟာ ဟုတ်တော့လည်း ဟုတ်နေတာချည်းပဲမို့ တီတာ့မှာ ဘာမှပြန် မပြောနိုင်ဘဲ သူ့ကားပေါ်မှသာ ဆင်းလိုက်ရပါသည်။

"အလုပ်တစ်ခုခု ရဖို့အတွက် အလုပ်ရှင်တစ်ယောက်ယောက်နဲ့ သွားတွေ့ရတဲ့ အချိန်ထက်တော့ အများကြီး ပိုပြီး မြန်နေတယ် ... ပြီးကျတော့ အလုပ်လည်း ရလာမှာ မဟုတ်ဘူး ... အေးလေ ... ခင်ဗျားကောင်းကောင်းကြည့် ဖြီးတတ်မှာပါ ... ကျွန်တော် သင်ပေးစရာ လိုမယ်မထင်ပါဘူး ... ကဲ ... သွားပြီနော် ... ညကျရင် ဖုန်းဆက်လိုက်မယ် ..."

မေမေ လိုက်အကဲခတ်နေတာကို သိသိကြီးနှင့် တီတာက မျက်စိမျက်နှာ အပျက်ပျက်နှင့် ကိုယ့်အခန်းရှိရာ အပေါ်ထပ်သို့ တစ်ဟုန်ထိုးပင် တက်လာမိလေသည်။



## အခန်း(၄)

"ဒီမှာ ... ဒီသူငယ်မကို ကြည့်ပြောစမ်းပါဦး သဇင် ... နင်နဲ့မှ ဖြစ်တော့မယ်လို့ ငါထင်တယ် ..."

မောင်းမောင်းကား တီတာ့ သူငယ်ချင်းများအားလုံးနှင့်လည်း နင်တစ်လုံး ငါတစ်လုံး ရိုက်ကာ ခင်မင်နေသည့် သူငယ်ချင်းတွေပဲ ဖြစ်ကြပါသည်။ တီတာတို့ အုပ်စုထဲမှာဆိုရင် သဇင်ဟာ လူကြီးအဆန်ဆုံးနဲ့ စိတ်ဓာတ်ရေးရာအရ အတည်ငြိမ် အရင့်ကျက်ဆုံးဟုလည်း သူကသတ်မှတ်ကာ အမှတ်ပေးထားသူ ဖြစ်၏။ ထို့ကြောင့်ပင် ... တီတာ့ကို အတော်ကြီး ကြည့်မရဖြစ်လာဟန် ရှိသောအခါ ... တီတာက "မသွားချင်ပါဘူး" ဟု အထပ်ထပ် အခါခါ ငြင်းဆန်နေသည့် ကြားကပင် ... သဇင့်ဆီသို့ တီတာ့ကို ဖွတ်ကြီးဆွဲခေါ်မကာတတ်ပင် ခေါ်ဟောကော တိုင်တန်းသတင်းပို့လေတော့သည်။

"ဘာတွေ ဖြစ်နေလို့လဲ"

"နင်မပြောနဲ့ ... ငါပြောလိုက်မယ် ... နင် ဒီမှာနေခဲ့၊ ငါတို့ဘာသာ အခန်းထဲ ဝင်ပြောမယ် ... ဒါမှမဟုတ် နင်ပြန်တော့ ..."

တီတာက မောင်းမောင်း ဘာမှ မပြောနိုင်ခင် ဦးအောင် ဝင်ပြောလိုက်သည်။

"မပြန်ဘူး ... ဒီမှာပဲနေမယ် ..."

"ဒါဖြင့် ဒီမှာပဲနေခဲ့ ... သူများ စကားဝိုင်းထဲ ဝင်မစွက်ချင်နဲ့ ..."

သဇင်က မောင်းမောင်းနှင့် တီတာတို့ကို တစ်ယောက်တစ်လှည့်စီ အကဲခတ်လိုက်ကာ ...

"နေပါဦး ... ဘာတွေပြောမှာမို့ မောင်းမောင်း မကြားအောင် အခန်းထဲ သွားဝင်ပြောရမှာလဲ ... ကျုပ်တို့က အခန်းထဲမှာပိတ်အောင်းနေပြီး မောင်းမောင်းက ဧည့်ခန်းထဲမှာ တစ်ယောက်တည်း ငုတ်တုတ်ကြီးဆိုတော့ ဘယ်ကောင်းပါ့မလဲ ဒေါ်တီတာရဲ့ ..."

"မကောင်းရင် ပြန်ပေါ့ ... ပြန်ဆိုတာကို သူကမှ မပြန်တာ ... ဘာမှ သိနားနေစရာ မရှိဘူး ..."

"ရှင်နော်ရှင် ... ဒေါ်တီတာ ... ခုကောင်းကောင်းဆိုးပြထား ... လက်ထပ်ပြီးမှ ယောက်ျားက အငြိုးနဲ့ အတိုးနဲ့ လိုမ့်ရိုက်တာကို ခံနေရမယ် ... ဘာမှတ်သလဲ ... ရှင် ..."

"အောင်မာ ... သူရိုက်ချင်တိုင်း ရိုက်လို့ရမလား ..."



"ငါကလည်း ရိုက်မယ်လို့ မပြောရသေးပါဘူး ... အဲဒီလို ငြိုးထားပြီး ရိုက်ချင်လို့တောင် သူက ငါ့ကို ယူကောယူဦးမှာလားဆိုတာ မေးကြည့်ပေးဦး သဇင်ရဲ့ ..."

သဇင်က တီတာ့ဘက် ဖျတ်ခနဲလှည့်ကာ "ရှင်က ဘာဖြစ်ပြန်ပြီလဲ ... ဘာစတန့်လဲ"ဟု ခပ်ဆတ်ဆတ် မေးလိုက်ပါသည်။

"ကြောက်နေရပါလား ဒေါ်သဇင် ... ရှင့်ကြည့်ရတာ ကျုပ်သူငယ်ချင်း ဖြစ်ရက် သူ့ဘက်ကပဲ ပါမယ့်ပုံကြီး"

"ပေါက်ကရတွေနဲ့ စကားလမ်းကြောင်း လွှဲမနေနဲ့လေ ... ဟိုကောင့်အကြောင်း ပြောပြလိုက်လေ ..."

မောင်းမောင်းက ဝင်ပြီး သွေးထိုးသည်။ မောင်းမောင်း စကားကြောင့် သဇင့်မှာ အလန့်တကြားနှင့် ဆတ်ခနဲပင် ဖြစ်သွားပြီး ... "ဘယ့်ကောင်လဲ ... ဘယ်ကကောင်တစ်ကောင်က ဝင်လာရတာလဲ"ဟု အလောသုံးဆယ်ကြီး မေးလိုက်လေသည်။ တီတာက ချက်ချင်း ပြန်မဖြေသေးဘဲ မောင်းမောင်းကို မျက်စောင်းလှည့်ထိုးလိုက်ပြီးမှ ...

"အစုတ်ပလုတ် ... ဂုံးချောကြီး ..."

"အပိုတွေ ပြောမနေနဲ့ ဒေါ်တီတာရယ် ... ပြောပြော ဘယ်သူလဲပြော ... ကျုပ်အသည်းယားလာပြီ ..."

"နင်တို့အုပ်စုကြီးရဲ့ ဓာတ်လိုက်ကျော် ကြယ်စင်လေ၊ သူ့ကို ဆန်းဒေးတုန်းက ပရိုပို့စ်လုပ်လို့တဲ့ ... နင့်သူ

ငယ်ချင်း နင်ကြည့်ပြောဦး ... ဒါအိမ်အထိတောင် ပါလာရမယ့်ကိစ္စ မဟုတ်ဘူး ... လမ်းတင်ကိစ္စဖြတ်ခဲ့ရမှာကို ... ခုတော့ အဲဒါကိုပဲ ခုထက်ထိသယ်ဆောင်ပြီး ဂုဏ်လုပ်နေတယ် ... ည,ညကျရင်လည်း ဖုန်းပြောကြရတာ အမောပဲတဲ့ ..."

တီတာ ဘာမှ မပြောရသေးခင်ပင် မောင်းမောင်းက မှုလိုတမာသံကြီးနှင့် ဖြစ်ကြောင်းရယ် ကုန်စင်ကို ဖာတ်စုံခင်း ဖွင့်ချလိုက်ပါသည်။ မောင်းမောင်း စကားအဆုံးသဇင့် မျက်နှာက နီရဲတင်းမာသွားလေတော့သည်။

"ဘယ်လို ဖြစ်ဟာလဲ ... အဲဒါ ဘယ်လိုဖြစ်ရတာလဲ"

"အား ... ဖြည်းဖြည်း ပြောပါဟ ... အော်လိုက်တာနားကို အူသွားတာပဲ..."

"အူရုံမကလို့ [illegible]ကျကျ ... ပြောစမ်း ရှင် ဒါဘာသဘောလဲ ... "

"ဘာကိုလဲ ...[illegible]မေးတာလဲ ..."

"ဘာမေးရမလဲ ... ဟိုသတ္တဝါက ရှင့်ကို ခုတုံးလုပ်ပြီး ငါးစာချချင်တဲ့ ကိစ္စကို ရှင်က ဘာကြောင့် ကိုယ့်နာမည် အပျက်ခံ ... အရှက်ကွဲခံပြီး ဝင်ပါနေရတာလဲ ... မောင်းမောင်း ပြောသလိုပဲ သူဖွင့်ပြောကတည်းက ငြင်းရုံတင်မကဘူး ... ပိတ်ပါရိုက်ပစ်ခဲ့ရမယ့်ကိစ္စကို ... ရှင်က ခုချိန်ထိ ညတိုင်း ဖုန်းလက်ခံပြောနေတာ ဘာအဓိပ္ပာယ်လဲ အရူးမရဲ့ ... ရှင် ဘာလုပ်မလို့လဲ ..."



"ဘာမှ မလုပ်ပါဘူး ... ဘာလုပ်သေးလို့လဲ ... သူကလည်း စဉ်းစားဖို့ပဲ ပြောတာ"

"မြတ်စွာဘုရားရေ ... ရှင်က ခေါင်းထဲထည့်ပြီးတော့တောင် စဉ်းစားပေးဦးမယ် ..."

သဇင်က အသည်းယားလာဟန်နှင့် တီတာ့နားရွက်တစ်ဖက်ကို လှမ်းပြီးဆွဲလိမ်ပစ်လိုက်သည်။ စသလိုလိုနှင့် တကယ်နာအောင် လုပ်တာမျိုးမို့ တီတာ့မှာ နားရွက်ကြီးနီရဲပြီး နာကျင်သွားရပါသည်။

"ကဲ ... ပြောစမ်း ... အားလုံး ဖွင့်ပြော ... တစ်လုံးမှမကျန်စေနဲ့ ... မောင်းမောင်း ရှေ့မှာ မပြောရဲလို့လား ... ဒါဖြင့် ရှောင်ပေးခိုင်းမယ် ... ပြောတာကတော့ တစ်လုံးမှ မကျန်မှကို ဖြစ်မယ် ..."

တီတာက မောင်းမောင်းကို လှည့်ကြည့်လိုက်သည်။ အုံ့မှိုင်းကာ ဒေါသလည်း ခပ်ဖြစ်ဖြစ်ဟန် ပေါက်နေသော မောင်းမောင်းရဲ့ မျက်နှာပြင်မှ ခံစားချက် အစစ်အမှန်ကို တီတာ သိပ်သိချင်မိပါသည်။ သူနှင့် လက်ထပ်ဖို့အထိ ပြောပြီးဆိုပြီးသာ[illegible]ကလေးမှာ နောက်ထပ်ယောကျ်ားတစ်ယောက် ပါဝင်ပေါ်ပေါက်ပြီး အပြိုင်ဖြစ်လာတာမျိုးကို မကျေနပ်နိုင်တာလား။

သူပြောထားသလို "ကိုယ့်အတွက် အချစ် ပါမလာနိုင်မယ့် မိန်းမတစ်ယောက်" ဆိုရင် ခပ်စော[illegible]ကပဲ အဆက်ဖြတ်ကြဖို့ တရားခံ ရှာချင်နေတာမျိုးလား။ ဒါမှမဟုတ်ရင်တော့ သူကိုယ်တိုင်က လက်ထပ်ချင်ပါတယ်လို့

ပြောပြီးသား မိန်းကလေးတစ်ယောက်ကို လက်လွှတ်ဆုံးရှုံးရမှာမျိုးကို ပူပင်ကြောင့်ကြနေတာမျိုးလား ...။

ဘာပဲဖြစ်နေဖြစ်နေ ... တီတာကတော့ မောင်းမောင်းကို ကြည့်နေရင်း ကြည့်နေရင်းနှင့်ပင် ကြယ်စင်ရဲ့ အကြောင်းတွေ ... စကားတွေကို မောင်းမောင်း သိစေချင်လာသည်။ ဒီကိစ္စကြီးကို အပေါ်ယံလေးတင် "ဒီလို ... ဒီလို ဖြစ်ပျက်ပါသည်"ဟု သိရုံလေးနှင့်တင် ဒီလောက် အုံ့မှိုင်းမှိုင်း ... မလိုတမာကြီး ဖြစ်နေပြီဖြစ်သော မောင်းမောင်းဟာ စကားအသွားအလာ အားလုံးကိုပါ လုံးစေ့ပတ်စေ့ သိလိုက်ရရင် ဘယ်လိုနေလိမ့်မလဲ ...။

တီတာက ကြယ်စင် ဖုန်းဆက်ချိန်းတာမှစကာ အဖြစ်အပျက် အားလုံးတို့ကို ဆရာစားပင် ချန်မထားတော့ဘဲ အရင်းအတိုင်းကို ပြန်ဖောက်သည်ချလိုက်ပါတော့သည်။ တီတာ ပြောပြနေစဉ် တစ်လျှောက်လုံးမှာ မောင်းမောင်းနှင့် သဇင်တို့ကိုလည်း မပြတ်အကဲခတ်နေမိ၏။ သဇင့်ပုံစံကတော့ အရိုးခံအတိုင်း ... တစ်ခွန်းစီ ပြောလိုက်တိုင်း ပြောလိုက်တိုင်းမှာ ကြယ်စင့်ကိုရော ... တီတာ့ကိုပါ တစ်ခါဒေါသထွက်သွားဟန်နှင့် တဖြည်းဖြည်းချင်း ဒေါသတွေသာ ပိုပိုလာတော့သည့် မျက်နှာနှင့်ပါ။

မောင်းမောင်းကိုတော့ တီတာက ဒီလောက်ကြီး အကဲမခတ်နိုင် ... မမှိတ်မသုန် လာစိုက်ကြည့်နေသော မျက်ဝန်းများ၏ ဒဏ်ကို တီတာက ရင်မဆိုင်နိုင်ပါ ... ပြောမနာဆိုမနာ သူငယ်ချင်းတစ်ယောက် ဘယ်လောက်ဖြစ်ဖြစ် ...



ထိုသူသည် သူစိမ်းယောက်ျားတစ်ယောက်သာပင် မဟုတ်လား ...။ သူစိမ်းယောက်ျားတစ်ယောက်ရဲ့ မမှိတ်မသုန် တစိမ့်စိမ့်ကြီး စိုက်ကြည့်နေသော မျက်ဝန်းတို့ကို ရင်ဆိုင်ခေါင်းမော့ ဟန်မပျက်နေနိုင်သော မိန်းကလေးဆိုတာ ရှိတော့ရှိမည်။ ရှားမည်လေ ...။

"ဖြစ်ပြန်ပြီတစ်ယောက်"

တီတာ့ စကားအဆုံးမှာ သဇင်က အော်ထည့်လိုက်ပြန်ကာ တီတာ့နားရွက်ဆီ လက်ကဝှေ့ဝဲလာပြန်သဖြင့် တီတာ့မှာ ငုံ့စောင်းပြီးတော့ ရှောင်လိုက်ရပါသည်။

"လေပြန်ပြီစိတ်က ... ရှင်စိတ်လေပြန်ပြီ တီတာ ... လှလေးကို ရှင်ဘယ်လိုမြင်လဲ ... လက်ခံနိုင်သလား... အေး ... ခု လှလေးလိုပဲ ရှင်ဖြစ်ပြန်ပြီမှတ် ... သူ့အချိုးအတိုင်း ဆက်သွားလို့ကတော့ သူ့လိုပဲ ရှင်လည်း ခုချိန်ကျမှ ဒုက္ခလှလှ တွေ့ရမယ်မှတ် ...

ရှင်တို့တွေဟာလေ ... ကိုယ့်,ကိုယ်ချင်း ကြိုက်ပြီး ချစ်ပြီးမှ ယူကြ လက်ထပ်ကြတာမျိုး မဟုတ်ဘဲ မိဘတွေက စပ်လို့ မြန်းလို့ ... သင့်တော်လို့ ယူကြရမှာပါဆိုပြီး ... တကယ်တမ်း လက်ထပ်တော့မယ့် အချိန်တွေမှာ ရှင့်တို့ရဲ့ စိတ်တွေက လေကုန်ကြတာ၊ စိတ်မခိုင်တဲ့ မိန်းမတွေ ... အချစ်, အချစ် ... အချစ်ကသာ အဓိက အရေးပါမယ်လို့ ထင်နေကြတဲ့ ဟာမတွေ ..."

"သဇင်"

သဇင်က ဖြတ်ခေါ်လိုက်သော မောင်းမောင်းကို "ခဏနေဦး"ဟု လက်ကာပြထားလိုက်သည်။

"အိမ်ထောင်တစ်ခုမှာ အချစ်ဟာ အရေးမကြီးပါဘူး လို့ ကျုပ်လည်း မပြောရဲပါဘူး ... ဒါပေမယ့် အချစ်ဆိုတာ အမျိုးမျိုး အဖုံဖုံရှိတယ် ... ပုံစံအမျိုးမျိုးနဲ့ရှိတယ် ... ပြီးကျတော့ ကိုယ်က အဲဒီအချစ်ဆိုတာကို လိုချင်ရင် ကိုယ့်ဘက်ကပေးမှ ပြန်ရနိုင်မှာမျိုးလည်း ရှိတယ် ... ကျုပ်ကိုပြောစမ်း ... ရှင်က ဘာဖြစ်ချင်နေတာလဲ ဒေါ်တီတာ ... ကိုယ့်ရှေ့မှာ ဥပမာကောင်းအဖြစ် လှလေးတစ်ယောက်လုံးလည်း ရှိနေပါရက်နဲ့ ဒီလမ်းကြောင်းတစ်ခုကိုပဲ ခြေရာထပ်ချ လိုက်ချပြီး လိုက်မှားချင်ရအောင် ရှင့်မှာ အသိဉာဏ်မရှိဘူးလား... ဦးနှောက် မရှိဘူးလား တီတာရယ် ...

အံ့သြဖို့ ကောင်းတာက သူမှားခဲ့တဲ့အတိုင်း ရှင်လိုက်မှားမယ့် ကိစ္စမှာ လူတောင်မှ မလွဲဘူးတဲ့ ... ဒီ ကြယ်စင် ဆိုတဲ့ သူတစ်ယောက်တည်းပဲတဲ့ ... အံ့ရောဟယ်"

တီတာက လှလေးမျက်နှာကို ပြေးမြင်ကာ "မတူဘူး"ဟု ခေါင်းကို ယမ်းခါပြလိုက်ပါသည်။

"ဘာမတူတာလဲ ... အားလုံးတူတယ် ... ရှင်ကရှင့်ကို ရှင် ... အဲဒီ ကြယ်စင်ဆိုတဲ့လူကို ချစ်မိပြီလို့ ထင်နေလို့လား ... မဟုတ်ဘူးနော် ဒေါ်တီတာ ... ရှင်ကြယ်စင့်ကို မချစ်ပါဘူး ကျုပ်ပြောတာ ယုံစမ်းပါ ..."



"ဒါပေမယ့် အနည်းဆုံးတော့ ကျုပ်ကိုချစ်တဲ့လူတော့ ရမယ်ဟာ ..."

တီတာက ဇွတ်မှတ်ပြီး ပြောချလိုက်ပါတော့သည်။ တီတာ့စကားကြောင့် သဇင်ရော မောင်းမောင်းပါ လှုပ်လှုပ်ရှားရှားတွေ ဖြစ်ကုန်ကြသည်။ သဇင်က ... "ကြယ်စင်က ရှင့်ကို မချစ်ပါဘူး"ဟု ကျုံးအော်လိုက်စဉ်မှာ ... မောင်းမောင်းက အော်ဟစ်ရန်လိုကုန်ကြသော မိန်းမနှစ်ယောက်ကို လက်ကာပြ လိုက်တားဆီးနေလိုက်ရင်း ...

"နေကြပါဦး ... နေကြပါဦး ... ငါ့ကိုလည်း ပြောခွင့်ပေးကြပါဦး ..."

တီတာက မောင်းမောင်းကို စွေစောင်းပြီး ကြည့်လိုက်သည်။

"နင့်သူငယ်ချင်းဟာ လက်ထပ်ပြီးရင် သူချစ်ကိုယ်ချစ် အိမ်ထောင်ရေးမျိုး မရမှာကို စိုးရိမ်နေတာလား ... ဟုတ်လား သဇင်"

"ဟုတ်တယ် ... အဲဒီအတိုင်းပဲ"

ကာယကံရှင်ကိုတော့ လာမမေးဘဲ သူများကိုသာ သွားမေးနေပြီး အဲဒီသူများကလည်း ကာယခံရှင်ရဲ့ သဘောဆန္ဒကိုတော့ဖြင့် မစောင်းဘဲ "ဟုတ်တယ်"တွေ ဘာတွေနှင့် အတိုင်အဖောက် ညီနေကြသူ နှစ်ဦးကို တီတာက စိတ်တိုတိုနှင့် ရှုပုပ်နေမိလေသည်။

"ငါ နင့်ကို ပြောပြီးပြီပဲ တီတာ ... ငါတို့နှစ်ယောက်ရဲ့ အိမ်ထောင်ရေးမှာ ချစ်မြတ်နိုးခြင်းဟာလည်း လိုကို

လိုပါတယ်လို့ ... နင့်ကို ငါကလက်လည်း လက်ထပ်ချင်တယ် ... လက်ထပ်ပြီးရင်လည်း ချစ်မှာပါလို့ ... ငါမပြောခဲ့ဖူးဘူးလား ..."

တီတာက မောင်းမောင်းကို စူပုပ်ပုပ်ကြီး စိုက်ကြည့်နေရင်းကပင် သူကတောင် မျက်နှာချင်းဆိုင်ကြီး ... ကြားလူကြီး ငုတ်တုတ်နဲ့ ပွင့်လင်းရဲသေးတာ ... ကိုယ်က မဖြူတစ်ကြီး ဆက်လုပ်နေရင် ကိုယ့်ပဲ အပြစ်ကြီးတော့မယ့်ပုံပေါ့ ...ဟု တွေးမိနိုင်သွားသောအခါ ...

"နင်ပြောပုံကို နင်ပြန်စဉ်းစားမိရဲ့လား ... လက်ထပ်ပြီးရင် ချစ်မှာပါဆို့ ကတိပေးတယ်ဆိုတာ နင့်ကိုနင်တော့ သိပ်အကြင်နာကြီးလှပြီ ... ယောကျ်ားကောင်းဖြစ်လှပြီလို့ ထင်ရင်ထင်နေမှာပေါ့ ... ငါကတော့ အကျောကြီးနဲ့ ပြောတယ်ပဲ ထင်တယ် ... ကဲ ... ထားပါ ... ကျောတာ မဟုတ်ဘူးပဲထား ...

သဇင် ... ရှင် ကလည်း ကျုပ်ကို လှလေးနဲ့ တူတယ်ဆိုလို့ ကျုပ်က ချေပမှာ ... ဦးမျိုးမင်းဟာ လှလေးကို လက်ထပ်ပြီးမှ ချစ်တာမဟုတ်ဘူးဟဲ့ ... ဟိုးကလေးငယ်ဘဝထဲက ချေးကလူ ... သေးကလူဘဝထဲကစောင့်ချစ်လာခဲ့တာ ... ကဲ ... သူနဲ့မောင်းမောင်းနဲ့ တူသလား ... ဘယ်မှာတူလို့လဲ ... လက်ထပ်ပြီးမှ အိမ်ထောင်တစ်ခုမှာ အချစ်ပါဖို့ လိုကိုလိုလို့ ချစ်ပါမယ်ဆိုတာထက် ... ငါ့ကိုချစ်ကိုချစ်တဲ့ ယောကျ်ား... ငါက ချစ်ကိုချစ်တဲ့ ယောကျ်ားကိုပဲ ငါကလိုချင်တာ..."



"နင် ငါ့ကို အစက အဲဒီအချက်ကို ... မညှိနှိုင်းပါလား"

"ငါ့ကိုငါ သိတာတောင် ခုမှ ..."

"အော် ... အော် ... ဒါဖြင့် နင်က ဒါကြောင့်မို့ ဟိုကောင့်ကို ရွေးချယ်မယ်ပေါ့ ... နင့်ရင်ထဲ ခေါင်းထဲထည့်စဉ်းစားမယ်ပေါ့ ... အဲဒီကောင်က နင့်ကိုချစ်တယ်လို့ နင်ထင်တယ်ပေါ့ ... ယုံကြည်တယ်ပေါ့"

တီတာက ဘာမှ ပြန်မပြောဘဲ နေလိုက်ပါသည်။ အဲဒီလိုတော့လည်း မဟုတ်ပါ ... ဒါဆို ဘာလဲဆိုရင်တော့ တီတာလည်း မဖြေတတ်တော့ပါ ... တီတာဟာ တကယ်ပဲ သဇင် ပြောသလို စိတ်လေလို့နေခဲ့ပြီလား။ သဇင်ဟာလှလေးကို စိတ်လေတာ စိတ်ကစားတာဟု နှစ်မျိုး ခွဲခဲ့သည်။ တီတာ့ကိုတော့ "စိတ်ကစားသည်"ဟု မပြောပါ။ ပြောလည်း တီတာက ခံမှာမဟုတ် ... တီတာ စိတ်မကစားပါ။ "စိတ်လေသလား"ဆိုရင်တော့ တီတာလည်း မပြောတတ် ...။ ဒီအချိန်မှာ တီတာဟာ ဘာဆိုဘာမှကို ပြောလည်းမပြောတတ် ... ရှင်းလည်း မပြတတ် ...။ ကိုယ့်ဘာသာကိုယ် ဘာဖြစ်နေမှန်းလည်း ဂဃနဏ မသိ။ တီတာ သိတာ စိတ်ညစ်နေတာပဲ သိပါသည်။

ဒါဖြင့်ရင်လည်း ကြယ်စင့်ရဲ့ ကမ်းလှမ်းချက်ကို လက်မခံဘဲ ... ပိုနေမြဲ ကျားနေမြဲ အတိုင်း ... ကိုယ့်ကို ချစ်တော့ ချစ်ပါမည်။ (တစ်ချိန်ချိန်ကျ ... လက်ထပ်ပြီးရင်) ဟု အာမဘန္တေပေးထားသည့် မောင်းမောင်းနှင့်ပဲ ငြိမ်ငြိမ်

ကလေး လက်ထပ်လိုက်ပြီး ဘဝကို ဒီတိုင်းပဲ ပြီးသွားစေရင်ကော ...။ ဟင့်အင်း ...။ အဲလိုကြီး ကျပြန်တော့လည်း ကိုယ့်အဖို့မှာ အကြီးအကျယ်ကြီး ဆုံးရှုံးနစ်နာသွားမည်ဟု တီတာက ထင်နေပြီ ...။

ကြယ်စင့်ကိုရော တီတာက ချစ်လို့လား ...။ သဇင်ကတော့ သနားကရုဏာနဲ့ အားနာတာဟာ အချစ်မဟုတ်ဟု ပြောချင်မည် ထင်ပါသည့်။

"တီတာ ..."

မောင်းမောင်းက တီတာ့ ဘယ်ဘက်လက်ဖျားလေးကို ဆတ်ခနဲ ဖမ်းကိုင်လိုက်သည်။ တီတာ့ တစ်ကိုယ်လုံး ဓာတ်လိုက်ခံလိုက်ရသလို ရုတ်တရက် တုန်ယင်လို့သွားချိန်မှာ သဇင့်ထံမှ "ဟောတော့ရေ ..."ဟူသည့် အသံထွက်ပေါ်လာလေသည်။

"တီတာ ... နင့်ကို ငါကရော မချစ်ဘူးလို့ နင်ထင်နေလို့လား ... နင့်ကို ငါအရမ်းချစ်တယ် ... ဒါအမှန်အတိုင်းပဲ ... လက်ထပ်ပြီးမှ မဟုတ်ဘူး ... အခုကိုချစ်တယ်ဟာ ... နင့်ဘာသာနင် ချစ်ချစ် မချစ်မချစ် ငါကတော့ နင့်ကို ချစ်တယ် ... ဒါပဲ ..."

မောင်းမောင်းက ကမ္ဘာ့ရှုးထိုးကြီးကို ပြောချလိုက်ပါတော့သည်။ သဇင့်ထံမှ ... "ခိ ... ခိ ... ခိ ..."ဟု ရယ်သံကလေး ထွက်ပေါ်လာ၏။ တီတာကတော့ ထောင်းခနဲပင် ဒေါပွသွားရပြီး ... ကိုယ့်လက်ကို သူ့လက်ထဲက ရုန်းထွက်ပစ်လိုက်သည်။



"ကဲ ... နင်ဘယ်လိုလဲ ..."

"ဘယ်လိုရမလဲ ... နင်ငါ့ကို လက်ထပ်ဖြစ်ဖို့ ဒီလောက်တောင် အရေးတကြီး လိုအပ်သလား မောင်းမောင်း ... နင့်မှာ ငါ့ထက်ပြည့်စုံသင့်တော်တဲ့ ကောင်မလေးတွေ ရိုက်သတ်လို့တောင် ကုန်မှာမဟုတ်ဘူး ... နင်အဆင်ပြေပြေ မြန်မြန်ဆန်ဆန်နဲ့ ဘဝကို အခြေချချင်လို့ မိန်းကလေးကောင်းကောင်း တစ်ယောက်ကို ရနိုင်ဖို့ အတွက်ဆိုရင်တော့ ငါ့ဆီမှာ နင်ဒီလောက်ထိ ပေးဆပ်လိုက်စရာ မလိုပါဘူး ... တခြားတစ်ယောက်ယောက်ကိုပဲ နင် ရွေးလိုက်ပါ ..."

၊ သဇင့်လက်က တီတာ့နားရွက်နား ဝဲပျံလာသလို မောင်းမောင်း တစ်ယောက်လည်း တောက်ခေါက်သံတစ်ချက်နှင့် ဒေါပွသွားလေသည်။

"ကောင်းပြီ ... နင်က ဟိုကောင့်ကိုပဲ ယုံကြည်တယ် ... ငါ့ကိုတော့ မယုံကြည်ဘူး ... ကိစ္စမရှိဘူး... ကိုယ်ချစ်တဲ့ မိန်းကလေးတစ်ယောက် ယုံကြည်လာဖို့ အပြိုင်တစ်ယောက်နဲ့ ယှဉ်ပြိုင်ပြီး ကြိုးစားရမှာက ငါ့တာဝန်ပဲပေါ့ ... အိုကေ ... ဒီပွဲကို ငါဝင်တယ်နော် တီတာ၊ နင့် ခေါင်းထဲမှာ ငါ့ကိုပါ ထည့်ပြီး စဉ်းစားထားလိုက် ..."

"နင်က ဘာပေါ်တာလဲ မောင်းမောင်းရယ် ..."

"မဟုတ်ဘူး သဇင် ... ဒါ လိုကိုလိုတယ် ... တခြားသူတွေမှာ မလိုဘူး ဆိုရင်တောင် ဒီဟာမလေးဆီမှာ

တော့ လိုတယ် ... ငါသိတယ် ... ငါ့ဘက်ကလည်း ဒါမျိုးကို ကြိုက်တယ် ... ရတယ် ...”

မောင်းမောင်းက ထိုင်ရာမှ ထရပ်လိုက်ပါသည်။ ပြီးသော် တီတာ့ရဲ့ ခေါင်းကို သူ့လက်နှင့် အုပ်မိုးကိုင်လျက် အကြမ်းပတမ်းကြီး လှုပ်ခါပစ်လိုက်ကာ ...

“ဟိုကောင် ပြောသလို ပြောရမယ် ဆိုရင်တော့ ... ငါ့ကိုလည်း ခုချိန်ကစပြီး နင်စဉ်းစားတော့ ... ခေါင်းထဲက အစုတ်ပလုတ်၊ အသေးအမွှားတွေ အားလုံး လွှင့်ခါထုတ်ပစ်လိုက် ... ပြီးရင် ငါ့ကိုပြန်ထည့် ... ဒါပဲ ...

ကဲ ... ငါပြန်မယ် ... သဇင် ... နင်ပြီးရင် ဒီဟာမလေးကို အိမ်တိုင်ယာရောက် ပြန်လိုက်ပို့လိုက်၊ ငါ ဟိုကောင့်ကို စိတ်မချဘူး ... ဒီမှာတီတာ ... ပြိုင်ဘက်မို့ စိတ်ပုပ်ပြီး ဂုံးချောတာ မဟုတ်ဘူးနော် ... အဲဒီကောင် စိတ်ဓာတ်က မှန်ပုံမရဘူး ... နင် မယုံသင့်ဘူး ... ငါ့ကိုမှ ယုံရမယ်တော့ မဟုတ်ဘူး ... ဒါပေမယ့် အဲဒီကောင်ကိုတော့ နင်ယုံကို မယုံသင့်ဘူး ...”

မောင်းမောင်း ထွက်ခွာသွားသောအခါ နောက်ကနေ တံခါးလိုက်ပိတ်ပြီး ပြန်ဝင်လာသော သဇင့်ရဲ့မျက်နှာလေးက နှစ်လိုမှုတို့နှင့် ပြုံးမြမြလေး ဖြစ်နေလေသည်။

“မောင်းမောင်းက လက်စသပ်တော့ ရှင့်ကို ကျိတ်ချစ်နေရှာတာကိုး ဒေါ်တီတာရဲ့”



“တော်စမ်းပါ ... ခုမှလာပြီး သွေးရှူးသွေးတန်းနဲ့ ...”

“ဒါပေမယ့် ... ဒါအမှန်တရားပဲ ... သူကမှ တကယ့်ကို ယုံကြည်ရမယ့်လူ ...”

“အဲဒါဆိုလည်း ယုံလေ ... ရှင် ယုံလိုက်ပေါ့ ...”

တီတာ့ နားရွက်ကလေးမှာ ဒီတစ်ခါမှာတော့ သဇင့် လက်ထဲ ထိထိမိမိပင် ပါသွားပြန်ပါလေတော့သည်။

“နာလိုက်တာဟယ် ... လက်ကလည်း ပြင်းလိုက်တာ”

“ဒါ အစမ်းပဲ ရှိသေးတယ် ... တကယ်တမ်း ပြောမရရင် ဒီ့ထက်နာမယ် ... ဘယ်အချိန်မှာလဲ သိလား ... မောင်းမောင်းကို ရှင် မယုံဘူးလို့ ထပ်ပြောပြီး ခေါင်းမြန်မြန် ပြန်မညိတ်ရင်ပေါ့ ...”

“အော် ... ကျုပ်က ကြယ်စင့်ကို ပြန်လက်ခံပြီး စဉ်းစားရင်လားလို့ ...”

“အဲဒါ စကားထဲ ထည့်ပြောနေစရာတောင် မလိုဘူး၊ ရှင်သာ အဲဒီလိုဆိုရင်တော့ မယုံမရှိနဲ့ အမိ ... လုံးဝ သေခန်းပြတ်ပဲ ...”

သဇင်က ပြန်ပြီး ဒေါသတွေ ထွက်လာပြန်လေသည်။

"လှလေး မရှိဘူး ... ဘယ်ထွက်သွားလဲ မသိဘူး ... တောက်"

တီတာက ဇက်ကလေးကိုပုကာ ... စိတ်ထဲမှ "အိ"ခနဲ အော်လိုက်မိသည်။

"ညည်း သိသလား ... သူ ဘယ်ထွက်သွားသလဲ ဆိုတာ"

"ဘယ်သိနိုင်မှာလဲ ဦးမျိုးမင်းရယ် ... တီတာလည်း ခုမှ ရောက်လာတဲ့ဟာကို ... ဦးမျိုးမင်း ပြောပြမှ လှလေး မရှိဘူးဆိုတာကို သိတဲ့ဟာပဲ ..."

"ညည်းတို့နှစ်ယောက်အိမ်ရော ... သူ့မိဘအိမ်ရော... ဆွေမျိုးတွေ ဝမ်းကွဲတွေ အိမ်တွေအားလုံး ဖုန်းလိုက်ဆက်ကြည့်ပြီးပြီ ... ဘယ်အိမ်မှာမှ မရှိဘူး ... အဲဒါ ဘယ်သူကျန်သေးလဲ ... တခြား ညည်းတို့ကျောင်းက သူငယ်ချင်းတွေ ဘာတွေမှာရော သူသွားတတ်တဲ့ အိမ် ... ဖုန်းရှိတဲ့အိမ် ကျန်သေးလား ..."

"တီတာတို့က လေးယောက်ပဲပေါင်းတော့ တခြား သူငယ်ချင်းတွေနဲ့ ဒီလောက် အတွဲကြီးမဟုတ်လှဘူး၊ အဲဒီအိမ်တွေတော့ သွားမယ်မထင်ဘူး ... ဒါပေမယ့် ဦးမျိုးမင်း သိချင်ရင်တော့ လိပ်စာတွေ ဖုန်းနံပါတ်တွေ ပြောပြနိုင်ပါတယ် ... ခုတော့မဟုတ်ဘူး ... မှတ်ထား



တဲ့ စာအုပ်က အိမ်မှာကျန်ခဲ့တယ် ... အိမ်ကို ဖုန်းနဲ့ လှမ်းဆက်မေးမှ ရလိမ့်မယ် ..."

ဦးမျိုးမင်းက တီတာ့ကိုကျော်ပြီး အဝေးကို ခပ်တွေတွေကြီး စိုက်ကြည့်နေပါသည်။ တီတာ့ ရင်ထဲမှာ တဒိတ်ဒိတ်နှင့် ဖြစ်လာရသည်။ ဒေါ်လှလေးဟာ ကြယ်စင့် အိမ်သို့ သွားနေပြီပေါ့။ ကြယ်စင်က တီတာ့ကို ချစ်ခွင့်ပန်ကြောင်း, သဇင်ကတစ်ဆင့် လှလေး ပြန်သိသောအခါ သဇင်တို့ ယူဆသလိုပဲ ... ဒါဟာ ကြယ်စင့်ရဲ့ လက်စားချေမှု တစ်ရပ်ဟု ယူဆကာ လိုက်ရန်တွေ့ (သို့မဟုတ်) တောင်းပန်ခြင်း အမှုကို သွားလုပ်နေပြီပေါ့ ...။

ဧ မိုက်လိုက်တာ လှလေးရယ် ...။ ဦးမျိုးမင်းရဲ့ ဒေါသကိုလည်း သူ မသိတာ မဟုတ် ...။ လက်ထပ်ပြီး သုံးလေး ငါးလအကြာမှာ ရည်းစားဟောင်း၏ အိမ်သို့ အဖော်အပေါင်းမပါတဲ ပြန်သွားသည့် မိန်းမတစ်ယောက်ရဲ့ အပြစ်ကို သူ မတွက်နိုင်တော့ဘူးတဲ့လား။ သူ့ကို ကြယ်စင့်ကသာ ဖြိုးထားနေဆဲဆိုရင် ဟိုကနေ ဆီးပြီး တစ်ခုခု လုပ်ထားလိုက်မှာကိုရော သူ မစဉ်းစားမိတော့ဘူးလား ...။

ကိုယ့်အန္တရာယ်ကိုတော့ ကိုယ်မမြင်နိုင်ဘဲ ... တီတာ့အတွက်သာ အပူလုံးကြီးနေတော့သည့် လှလေးကို တီတာက ကျေးဇူးတင်တာထက် ရိုက်ကိုရိုက်ချင်နေတော့တာဖြစ်သည်။ တီတာကဖြင့် ဘာမှမဖြစ်နိုင်ပါဘူး ... သူသာဒုက္ခရောက်မှာ ...။

"စဉ်းစားလို့ ရပြီလား ... ဘယ်သွားသလဲဆိုတာ ..."

ရုတ်တရက် အသံထွက်လာ၍ ကြည့်လိုက်တော့ ကိုယ့်ကို စိုက်ကြည့်နေသည့် ဦးမျိုးမင်း ...။ ဘယ်တုန်းထဲက အကဲခတ်နေသည်မသိ ...။ တီတာက မျက်လုံးချင်းကို ရင်မဆိုင်ရဲဘဲ ခပ်လွဲလွဲသာ ထားလိုက်ကာ ...

"ဟင့်အင်း ... ဟိုသူငယ်ချင်းတွေရဲ့ လိပ်စာနဲ့ ဖုန်းနံပါတ်တွေ ယူမှာလား ... ဒါပေမယ့် တီတာ့ စိတ်ထင်တော့ အဲဒီလို ဟိုဟိုဒီဒီ လျှောက်ဖုန်းဆက်ရင် အားလုံးက ဘာလဲညာလဲ ... ဘာတွေဖြစ်ကုန်ပြီလဲပဲ ထင်ပြီး လှလေးပဲ နာမည်ပျက်နိုင်တယ်လို့ ထင်တယ် ... လှလေးကလည်း သူ့ဘာသာ တစ်နေရာရာကို သွားနေတာပဲဟာ ... ပြန်မလာမှာမှ မဟုတ်တာ ... သူလည်လို့ဝရင် ညနေလောက်ကျ ပြန်ရင်ပြန်လာမှာပေါ့ ... တီတာထင်တော့ မိုလ်ချုပ်ဈေးတို့ ဘာတို့များ သွားသလားပဲ ..."

ဦးမျိုးမင်းက ခေါင်းယမ်းခါလိုက်သည်။

"မနေ့ကပဲ ညည်းသူငယ်ချင်းနဲ့ ကျုပ်နဲ့ ဈေးပေါင်းစုံလျှောက်သွားသေးတယ်"

ဒုက္ခ ...။ လမ်းလွှဲပေးတာလည်း မရပါလား။ ဟိုမိန်းမတော့ အေးဆေးပြန်လာနိုင်ရင် ကောင်းပါရဲ့ ...။ သူ့ယောကျ်ားနှင့် သူတို့ရန်ဖြစ်ကြရုံကလွဲလို့ ဘာမှမဖြစ်နိုင်။ သို့သော် ... ဘုရား ... ဘုရား ...။ အန္တရာယ်တစ်စုံတစ်ရာ တွေ့ရတာတို့ ... ကျော်မကောင်း ကြားမကောင်းတို့ ... ဦးမျိုးမင်းရဲ့ အဆက်အသွယ် တစ်ယောက်ယောက်က မတော်



တဆ မြင်လိုက်တာတို့ ဆိုရင်တော့ ကိစ္စတွေက ရှုပ်ကုန်တော့မည်။

မီးခိုးကြွက်လျှောက် အကုန်လျှောက်ပေါ်ကာ... ဒီလူတစ်ယောက်ဟာ သူနဲ့ လက်မထပ်ခင် လေးလလောက် လှလေးနဲ့ ကြိုက်ဖြစ်လိုက်တာ ... လှလေးဘက်က စဖြတ်လိုက်တာတွေပါ ပေါ်ကုန်ရင်တော့ သွားပါပြီ ...။ အဲဒါကို ကာကွယ်နိုင်ဖို့က တစ်နည်းပဲ ရှိသည်။ သူတို့နှစ်ယောက် ဆုံဖြစ်နေကြမယ့် နေရာသို့ တီတာပါ လိုက်သွားလိုက်ဖို့ပါပဲ။ နှစ်ယောက်တည်းဟာ မတင့်တယ်ပေမယ့် ... သုံးယောက်ဆိုရင်တော့ ... ပြဿနာပေါ်ရင်တောင် ... မြင်တဲ့လူက မြင်ရင်တောင် တီတာ့ဘက် လွှဲချလို့ ရဦးမည်။

ခုခါမှာ တီတာက လှလေး ထုတ်ဖော်မပြောသော လိပ်စာတစ်ခုကို ကြယ်စင်နှင့် ဖုန်းပြောရင်းနှင့်ပင် သိပြီးနေခဲ့ပါပြီ။ သွားမှ ... သွားမှ ...။ မြန်မြန်ရောက်နိုင်လေ ကောင်းလေ ...။ ဒီနေ့ ဒီကိုလာမိလို့ လှလေး အဲဒီကို သွားနေပြီဆိုတာ သိရပြီး လိုက်ကာယ်ဆယ်ခွင့်ရမှာ ... ကံကောင်းလိုက်တာ ...။ သို့သော် ဦးမျိုးမင်းကြီးနှင့် ဆုံကြရတာကတော့ သိပ်မကောင်း ...။ သူနှင့်ပါ မတွေ့လိုက်ရရင်တော့ အတိုင်းထက် အလွန်ပေါ့လေ။

"ပြန်တော့မယ် ဦးမျိုးမင်း ..."

မျက်နှာချင်း ခပ်လွှဲလွှဲနှင့်ပင် တီတာက ဆိုတော့ ဦးမျိုးမင်းက "အေး ... အေး ..."ဟု ဆိုသည်။ ဦးမျိုးမင်းရဲ့ မျက်နှာကို မကြည့်ရဲလို့ မကြည့်မိသည့်အတွက် မျက်နှာ

ရိပ် မျက်နှာကဲကိုလည်း မသိခဲ့ရပါ။ ဦးမျိုးမင်းကတော့ "လှလေး ဘယ်သွားသလဲ"ဆိုတာကို သိနေပြီးသားပုံတွေ အထင်းသားနှင့်ပင် ဖြစ်နေသော တီတာ့ရဲ့ ဟန်ပန်ကို ရိပ်မိကာနေရင်း တီတာ ထွက်သွားလျှင် သွားချင်း ဆိုသလိုပင် ထိုင်ရာက ထရပ်လိုက်ပါသည်။

"ဒေါ်ညွှန့် ... အောက်ထပ်က ကိစ္စရှိလို့ ကျုပ်ကိုတက်ခေါ်ရင် အပြင်သွားတယ်ပဲ ပြောထား ... ပြန်လာရင်လည်း ဘယ်သူနဲ့မှ တွေ့နိုင်တော့မှာ မဟုတ်လို့ ရှိသမျှ ကိစ္စအားလုံးကို ဖြတ်ထားလို့ အောက်ကလူတွေကို ပြောခိုင်းလိုက် ... ကြားလား ..."

ဒီနောက်မှာတော့ ဦးမျိုးမင်းဟာ ဘယ်သူ့ကိုမှ အဖော်ခေါ်မနေတော့ဘဲ တစ်ယောက်တည်းပင် ကားကို ကိုယ်တိုင်မောင်းကာ တီတီတာရဲ့ကားနောက်က လိုက်ပါလာနိုင်ခဲ့ပါတော့သည်။

တီတာကား ဘာမှမသိ ... အ,တယ်ပြောလည်း ခံရတော့မှာပင် ...။ ဦးမျိုးမင်းတစ်ယောက် ကိုယ့်နောက်ကနေ ကားတစ်စီးနဲ့ လိုက်ပါလာနိုင်မယ်လို့များ စိုးစဉ်းမျှ တောင်မှ မထင်မိပါ။ တီတာရဲ့ စိတ်ထဲမှာ ကြယ်စင့်အိမ်ကို အမြန်ရောက်နိုင်ဖို့ပဲ အရေးကြီးသည်။ ထိုအိမ်လိပ်စာကို ပြောပြစဉ်က ... "ခင်ဗျားသိအောင်သာ ပြောထားတာပါ ... ကျွန်တော် တစ်ယောက်တည်းနေတဲ့ အိမ်မို့ ခင်ဗျားကို လာခဲ့ပါလို့တော့ မဖိတ်ခေါ်ပါဘူး"လို့ သူက ပြောထားခဲ့တာပါ။ ခုတော့ဖြင့် သူက မဖိတ်ခေါ်ဘဲ တီတာက အရောက်လာနေမိပြီ။



သူဟာ လှလေးကိုရော လိပ်စာ ပြောပြထားပြီး ဖိတ်ခေါ်ခြင်းကော ပြုခဲ့ပါသလား ...။ အော် ... ဘယ့်နှယ် ... ငါ့နှယ် ... ဘာ့ကြောင့်များ လှလေးနဲ့ ကိုယ့်ကိုကိုယ်ကို လိုက်နှိုင်းယှဉ်နေမိပါလိမ့်။ လှလေး ... လှလေး ...။ သူက ရော မဖိတ်ခေါ်ဘဲ ဘယ်နှစ်ကြိမ် ဘယ်နှစ်ခါလောက်များ အဲဒီအိမ်ကို အရောက်သွားခဲ့ဖူးပါလိမ့်။ ဘယ်တုန်းက ဘယ်လိုပင်သွားသွား ... ဒီတစ်ခါ သွားခဲ့တာကတော့ ရှင်သိပ်မှားပြီ လှလေးရယ် ...။

သဇင်က ပြောတယ် ... လှလေးရဲ့ မှားပုံအဆင့်ဆင့်ကို ဘေးလူအနေနဲ့ ရှင်မြင်လားတဲ့ ... မှားတယ်လို့ကော ထင်သလားတဲ့။ အဲဒါမျိုး ရှင်ကိုယ်တိုင် လိုက်မဖြစ်ချင်ရင် ရှင့်ကိစ္စတွေကို ရပ်တန်းက ရပ်လိုက်ပါတဲ့။ ထိုအခါကျမှပင် လက်ထပ်ခါနီး လေးလလောက် အလိုမှာ သူစိမ်းယောကျ်ား လေးတစ်ယောက်ကို ခုတွေ့ ခုကြိုက် ခုလက်ခံကာ လေးလ သက်တမ်းပြည့်လို့ သူတကယ် လက်ထပ်ပါတော့မည် ဆိုကာမှ ဗွတ်ကြီး ဖြတ်ချချန်ထားရစ်ခဲ့သည့် လှလေးကို တီတာ့ စိတ်ထဲက အပြင်းအထန်ပင် အပြစ်တင်၊ အားမလို အားမရ ဖြစ်ခဲ့ရတာတွေကို တီတာက ပြန်စဉ်းစားမိလာပါသည်။

ဟင့်အင်း ... မဟုတ်ဘူး ... လှလေးဟာ တစ်ချိန်တည်းမှာပဲ ဦးမျိုးမင်းကို မသိစိတ်ထဲကနေ ချစ်နေမိခဲ့တာတဲ့ ...။ သူဟာ နောက်ဆုံးကျတော့ သူတကယ်ချစ်တဲ့ ဦးမျိုးမင်းကိုပဲ လက်ခံလိုက်တာပဲဟာ ...။ တီတာကတော့ မောင်းမောင်းကို မသိစိတ်ကရော သိစိတ်ကပါ ချစ်နေမိတယ်

လို့ ဘယ်သူက ပြောလို့လဲ ...။ ပြီးကျတော့ မောင်းမောင်းကိုသာ ပြန်ပြီး လက်ကိုလက်ထပ်ပါမယ်လို့ကော ဘယ်သူကပြောလို့လဲ ...။ တခြားစီ ...။ သပ်သပ်စီပဲ ...။

"ဟော ..."

တီတာက မြောက်ဒဂုံ၊ (၂၉)ရပ်ကွက်။ (--) လမ်းကလေးထဲသို့ အရောက်မှာ ကားကို စက်သပ်ပြီး ရပ်တန့်လိုက်ပါသည်။ ရပ်ကွက်ကလေးဟာ ခုလိုနေ့လယ်နေ့ခင်းအချိန်မှာ လမ်းပေါ်၌ သိပ်ကြီး လူထူထပ်များပြားမနေသော်လည်း လူစည်ကားတဲ့ ရပ်ကွက်ကလေး တစ်ခုတော့ဖြင့် ဖြစ်နေသည် ...။ လှလေး ... လှလေး ... မိန်းမ ...။ အိမ်ထဲမှာ နှစ်ယောက်တည်း ရှိနေကြမှာလား ...။ လမ်းပေါ်မှာ ကြယ်စင့်ရဲ့ ကားရပ်ထားသည့်အတွက် အိမ်ထဲမှာ ကြယ်စင် ရှိနေတာတော့ သေချာပြီ ...။

အော ... ဟိုမှာ ...။ ကြယ်စင့်ရဲ့ အိမ်ကလေးဟာ အိမ်ကပြီးရင် လမ်းမကြီးသဘော အိမ်တိမြေတိလေး မဟုတ်ဘဲ ရှေ့မှာ မြေကွက်လပ်လေး နည်းနည်းကျန်ကာ ခြံကလေး ခပ်ထားသည့်အတွက် ခြံကလေး ဝင်းကလေးနှင့်လို ဖြစ်နေကာ သပ်သပ်ရပ်ရပ်နှင့် ချစ်စရာလေး ဖြစ်နေပါသည်။ ထိုခြံဝင်းလေးထဲရှိ အပြာနုရောင် ဒါန်းသေးသေးလေး တစ်ခုပေါ်မှာ ကြယ်စင်က မှီလျှောလျှောထိုင်ကာ ကောင်းကင်ပြာကြီးကို မော့ကြည့်နေပြီး ခပ်လှမ်းလှမ်း (အတော်ကြီးကို ဣန္ဒြေရရနိုင်သော ခပ်လှမ်းလှမ်းမျိုး) မှာတော့ လှလေးက လက်ပိုက်ပြီး ခပ်မတ်မတ်နှင့် မတ်တတ်ရပ်နေလေသည်။



တီတာက ကားကို သူတို့ခြံကလေးနား မရောက်ခင်မှာပင် ထိုးရပ်လိုက်ကာ ကားပေါ်မှ ဆင်းလိုက်စဉ် ...

"ဟင် ..."

ဒိန်းခနဲ သွေးကဆောင့်တိုးတက်ကာ ... လူက မိုက်ခနဲ ပြာဝေသွားသလားပင် ထင်လိုက်ရပါသည်။ ဦး ... ဦးမျိုးမင်း ပါလား ...။ သူကလည်း တီတာ့လိုပင် တီတာ့ကားနောက်မှာ ကားကို ထိုးကပ်ရပ်ပစ်လိုက်ကာ ကားတံခါးဆောင့်ပိတ်သံ ကျယ်ကျယ်တစ်ခုနှင့် ကားပေါ်မှ ဆင်းလာလေသည်။ သေပါပြီ ...။ ဦးမျိုးမင်းဟာ တီတာ့ရဲ့ကားနောက်ကနေ တောက်လျှောက် နောက်ယောင်ခံ လိုက်လာခဲ့တာ ဒီအထိတောင် ပါလာခဲ့ပြီပဲကိုး ...။

"ဦး ... ဦးမျိုးမင်း ..."

တီတာက သူ့ဆီ ပြေးသွားလိုက်ကာ ...သင့်၊ မသင့် ကောင်း၊မကောင်းတွေ ဘာတွေ စဉ်းစားမနေနိုင်တော့ဘဲ သူ့ရှေ့သို့ ပြေးရပ် ... သူ့တစ်ကိုယ်လုံးကို ကိုယ့်တစ်လုံးနှင့်ကာထားကာ စုံတွန်းထားလိုက်မိလေသည်။ ဦးမျိုးမင်းက တီတာ့ကို အသာတိမ်းရှောင် ... ဘယ်တိမ်း ... ညာယိမ်း ဘယ်လိုမှ လုပ်မရသည်တွင် တီတာ့ လက်မောင်း ကို ဆွဲကိုင်ပစ်လိုက်ပြီး လမ်းဘေးသို့ တွန်းပို့ပစ်လိုက်ကာ ...

"ညည်းဖယ်စမ်း ..."

"မ ... မဟုတ်ဘူးနော် ... အဲဒါ တီတာ့ကိစ္စနော် ... လှလေးက သက်သက် တမင်တကာ တီတာ့အတွက် လာပေးနေတာ ... တီတာ့အတွက် လာပြောပေးနေတာ ..."

"ညည်း အဲဒီလောက် ရှင်းပြနေကတည်းက ဘာလဲဆိုတာ ... ငါမှန်းနိုင်တယ် ... ငါ ဒီလောက် အတွေးအခေါ်မရှိတဲ့ အစားထဲက မဟုတ်ဘူး ... ညည်းတို့ တစ်သိုက်လုံးကိုလည်း စောင့်ကြည့်နေခဲ့တာ ကြာပြီ"

"ဦးမျိုးမင်းရယ် ... နေပါဦးနော် ... ခဏလေး တဆိတ်လောက်ပဲ ... ဟိုဟာ ..."

လမ်းသွားလမ်းလာတချို့မှာ တီတာနှင့် ဦးမျိုးမင်းတို့ရဲ့ အတွန်းအထိုး အဆွဲအလွဲ တို့ကို သတိထားမိစပြုကြပါပြီ ...။ ဦးမျိုးမင်းက သူ့လက်ကို နင်းကန်ဆွဲထားသည့် တီတာ့ထံမှ ဖွတ်ပင် ရုန်းထွက်ပစ်လိုက်ကာ နေရာကနေတင်ပဲ ... အော်သံကျယ်ကျယ်ကြီးနှင့် ...

"လှလှလေး ..."

လှလေး တုန်ခနဲ ဖြစ်သွားချိန်မှာ တီတာ့ မျက်ဝန်းတွေ ဝေဝါးသွားကာ တီတာ မျက်ရည်ဝဲပြီ ဆိုတာ ကိုယ့်ကိုကိုယ် သိလိုက်ပါသည်။ ဦးမျိုးမင်းက အော်ခေါ်ပြီးပြီး ချင်းပင် ကြယ်စင့် အိမ်ကလေး ရှိရာသို့ ခြေလှမ်းကျဲများဖြင့် ပြေးသွားလေရာ တီတာ့မှာ ရပ်ကျန်မနေရဲဘဲ ပြေးလိုက်ရပြန်ပါသည်။

"လှလေး ... လှလေး ... ကျုပ် သူ့ကို ... ဦးမျိုးမင်းကို ခေါ်လာခဲ့တာ မဟုတ်ဘူးနော် ... ကျုပ်ဘာသာ ရှင့်ကို စိတ်ပူပြီး ရှင် ဘယ်သွားမလဲ မသိဘူးဆိုပြီး ဒီကိုလိုက်လာတာ ... ဦးမျိုးမင်း ကျုပ်ကားနောက်ကနေ နောက်ယောင်ခံပြီး ပါလာခဲ့တာကို ကျုပ်ခုမှ သိတာ ..."



လှလေးက နှုတ်ခမ်းကို တင်းတင်းစေ့ကာ သက်ပြင်းတစ်ချက်ချရင်း ဦးမျိုးမင်းကို ဆီးကြိုမော့ကြည့်လိုက်ပါသည်။

"လှလေး ... မင်း ... မင်း ... မင်း ဘာပြောမလဲ ..."

"ဘာမှ ထွေထွေထူးထူး ပြောစရာမရှိဘူးကိုကို ... ဒါပေမယ့် သေချာတာတစ်ခုကတော့ လှလေး ကိုကို့အပေါ်မှာ သစ္စာမမဲ့ဘူး ... အိမ်ထောင်ရေး မဖောက်ပြန်ဘူး ..."

"ဒါ ... ဒါပေမယ့် ... မင်း ... မင်း ... အိမ်ကခိုးထွက်ဖို့ ... ငါမသိဘဲ အကြိမ်ကြိမ် အလစ်ချောင်း ကြိုးစားနေခဲ့တာ ... ဒီ ... ဒီကို အရောက်လာနိုင်ဖို့ပဲ မဟုတ်လား ..."

လှလေးက ပြန်မဖြေပါ ...။ နှုတ်ခမ်းကိုသာ ခပ်နာနာ ဖိကိုက်ထားလေသည်။ ထိုစဉ်မှာ ... ဒါန်းပေါ် ပက်လက်လှန် မှီလျော ထိုင်ထားသည့် ကြယ်စင်က ခါးကို လိမ် အပျင်းဆန့်လိုက်ပြီး ... ဒါန်းပေါ်မှ ရှေ့သို့ခပ်ကိုင်းကိုင်းသဏ္ဌာန်နှင့် ပြင်ပြီး ထိုင်လိုက်သည်။

"ဒါ ... ဒါကရော ဘယ်သူလဲ လှလေး ... ဒီကောင်က ဘယ်သူလဲ ..."

လှလေးက မဖြေပြန်ပါ ...။ တီတာကသာ ဝင်ပြီး ... "သူ ... သူက ... တီ ... တီတာနဲ့ မိတ်ဆွေ ... ဟိုဒင်း" စသဖြင့် စကားတွေ ထစ်အဆို့နှင့် နေစဉ် ... မဲ့ပြုံးပြုံးတစ်ခုနှင့် လှလေးကို စိုက်ကြည့်နေခဲ့သော ကြယ်စင့်ထံမှ အသံ ထွက်လာပါသည်။

"ကျွန်တော်က သူ့ရည်းစားဦး ... ပြီးတော့ ရည်းစားဟောင်း ဆိုပါတော့ ဦးမျိုးမင်း ... ခင်ဗျားနဲ့ လက်ထပ်ခါနီး တဲတဲလေးကျမှ သူ ကျွန်တော့်ကို ဖြတ်ပစ်လိုက်တယ် ..."

ဦးမျိုးမင်း၏ မျက်နှာမှာ မည်းခနဲ ဖြစ်သွားကာ ... ဒါမျိုးကိုပဲ ကြိုတင်မျှော်လင့်ထားပြီး ဖြစ်ရက်ကကယ်တမ်း သေချာကြီး ကြားလိုက်ရသောအခါမှာတော့ သူ့ခေါင်းကို ဆယ်ပေါင်တူနှင့် အထုခံလိုက်ရသလိုကို နာကျင်ထိခိုက်သွားဟန် ရှိလေသည်။ ဦးမျိုးမင်းက ကြယ်စင့်ကို စက်ဆုပ်မုန်းတီးစွာ ကြည့်လိုက်သည်။ ပြီးသောအခါမှာ လှလေးကို ပြန်ကြည့်သည်။ ကြယ်စင့် အိမ်ရှေ့မှာတော့ လမ်းထဲမှ လူများနှင့် တဖြည်းဖြည်း များပြားလူစည်လို့ လာခဲ့ချေပြီ ...။ ဦးမျိုးမင်းက လူအုပ်ကို တစ်ချက်ငဲ့ကြည့်လိုက်ပြီးမှ ... လူကြီးလူကောင်း ပညာရှိဆန်စွာ စိတ်ရိုင်းကို ချွန်းအုပ်နိုင်လိုက်ဟန် တူပါသည်။ သွားကြားထဲမှ ဖြစ်ညှစ်ကျိတ်ပြီး ထွက်လာသော လေသံမျိုး ... ခပ်တိုးတိုးနှင့် ...

"ပြန်မယ် လှလေး ..."

လှလေးက ဘယ်သူ့ကိုမှ ထပ်မကြည့်တော့ဘဲ ဦးမျိုးမင်းရဲ့ နောက်သို့ ကောက်ခါငင်ခါပင် ကောက်ကောက်ပါအောင် လိုက်ချသွားပါတော့သည်။ တီတာ့မှာ ကြယ်စင့်ရဲ့ ခြံလေးထဲ တစ်ယောက်တည်း ကျန်ရစ်ကာ ... ဝိုင်းကြည့်နေကြဆဲ လူအုပ်ကို တွန်းထိုးပြီး ဦးမျိုးမင်းနှင့် လှလေးတို့ နောက်သို့ပဲ ပြေးလိုက်ရကောင်းနိုးနိုး ...။ အမြင်ကပ်စရာကောင်းလောက်အောင် သွေးအေးနေသည့် ကြယ်စင့်ကိုပဲ တစ်ခုခု ပြောရ ... လုပ်ရ ကောင်းနိုးနိုး ...။ နောက်ဆုံးမှတော့ ...



"ကြယ် ... ကြယ်စင် ... ရှင် ... ရှင် ... လှလေးကို တစ်ခုခု ... ဘာတစ်ခုခု လုပ်သေးလဲ ..."

"ခင်ဗျား ရောက်လာချိန်မှာ ဘယ်လိုပုံစံနဲ့ တွေ့သလဲ"

"ရှင် ... ဘာပဲဖြစ်ဖြစ် သူတို့ အိမ်ထောင်ရေးကိုတော့ ထိခိုက်စေဖို့ မကောင်းပါဘူး ..."

"ဟာ ... ဒါဆိုရင်တော့ ခင်ဗျားမှားပြီ တီတီတာ ... ကျွန်တော့်ဘာသာ အိမ်မှာ တစ်ယောက်တည်း ခပ်အေးအေးလေး ထိုင်နေတာ ... ခင်ဗျားတို့ တစ်တွေကသာ တစ်ယောက်ပြီးတစ်ယောက် ရောက်လာခဲ့ကြတာပါ"

"ဒါပေမယ့် ... ရည်းစားဦးတွေ ရည်းစားဟောင်းတွေ ဆိုတာကတော့ ..."

"မဟုတ်လို့လား ... ကျွန်တော် လီဆယ်ပြီးများ ပြောမိလို့လား ... လှလှလေးရဲ့ ခင်ပွန်းက မေးနေပြီလေ ... ဒီလို အမှန်အတိုင်းကို ထုတ်မပြောလိုက်ရင် သူ့နောက်မှ ပေါ်လာတဲ့ကောင်လို့ ထင်သွားနိုင်တယ် ... "လင်ငယ်"ဆိုတဲ့ ဝေါဟာရဟာ အတော်ယုတ်နိမ့်တယ်ဗျ ... ကျွန်တော် အထင်မှား မခံနိုင်ဘူး ..."

အင်း ... သူပြောတော့လည်း ဟုတ်တုတ်တုတ်။ သူ့မှာ ဘာအပြစ်မှ ရှာလို့မရရတော့ မလိုလို ... သူ့စကားတွေဟာ မှုသားလည်းမပါ ... လိမ်ညာမှုလည်းမဟုတ် ... မမှန်

မကာန်တာမျိုးလည်း စိုးစဉ်းမျှ မပါပါချေ ...။ သို့သော် ...

"ကဲ ... ပြန်တော့ တီတီတာ ... ဒီကိစ္စဟာ ခင်ဗျားနဲ့
ဘာမှမဆိုင်ဘူး ... ခင်ဗျား ပါဝင်ဖြေရှင်းပေးလို့ ရနိုင်
လောက်မယ့် အနေအထားလည်း မဟုတ်တော့ဘူး ...
ခင်ဗျား စိုးရိမ်သလို ခင်ဗျားသူငယ်ချင်းမှာ အသက်
အန္တရာယ် ... အရှက်အန္တရာယ်လည်း ဘာတစ်ခုမှ
မကြုံသွားဘူး ... သူ့ကို ကျွန်တော်သာ သတ်ချင်ဖြတ်
ချင်စိတ် ရှိမယ်ဆိုရင် ... ဘယ်သူမှတောင် မသိလိုက်
ရဘဲ ခင်ဗျားတို့ အသက်မီလိုက်ကြမှာတောင် မဟုတ်
ဘူး ... ပြန် ... ပြန် ... ဟိုလင်မယား ကြားထဲလည်း
သွားထပ်ပြီး မဝင်နဲ့ ... ခင်ဗျား ဘယ်လိုဝင်ဝ
အောင်မြင်မှာလဲ မဟုတ်ဘူး ... ခင်ဗျားအပေါ် အမုန်း
ပွားသွားကြမှာသာ အဖတ်တင်နိုင်တယ် ..."

"သူ ... သူတို့ ဘာဆက်ဖြစ်ကြမလဲ မသိဘူး ..."

"ကိုယ်မသိနိုင်တာ တစ်ခုကို ဘာလို့ ခေါင်းခြောက်
ခံပြီး စဉ်းစားနေမလဲ"

"ဒါ ... ဒါပေမယ့် ... အဲဒါ တီတာ့ကြောင့် ရှင့် ...
တီတာ အ,လို့၊ ညံ့လို့ ဦးမျိုးမင်းကို ဒီအထိ အိမ်တို
ယာရောက် လိုက်ပို့လိုက်သလို ဖြစ်သွားတာ ...
သူတို့ချင်း ကွဲတာ ပြဲတာ အထိ ဖြစ်ရင် ဒါ တီတာ
ပယောဂနဲ့ မကင်းဘူး ..."

"မဆိုင်ဘူး ... လုလုလေးသာ ဒီအိမ်ကို ရောက်မလာ
ရင် ဒီကိစ္စက ဖြစ်မလာဘူး ..."



"ဒါပေမယ့် သူ ... ဒီ ... ဒီကို ရောက်လာရတာက
လည်း တီတာ့အတွက်ပဲ မဟုတ်လား ... ရှင့်ကို
တီတာ့ အကြောင်းတွေ လာပြောတာ မဟုတ်လား ...
တီတာ့အတွက် သူစိတ်ပူတာ တီတာ သိတယ် ...
အဲဒါကြောင့်ပဲ သူရောက်လာတာ ..."

ကြယ်စင်က တီတာ့စကားကြောင့် နှစ်နှစ်ခြိုက်
ခြိုက်ကြီး ပြုံးလိုက်သည်။

"ခင်ဗျားတို့ သူငယ်ချင်းတွေဟာ အချင်းချင်း သိပ်ချစ်၊
သိပ်ငဲ့တတ်ကြတယ်နော် ... ဒါကို ကျွန်တော် ဟိုးအစ
တုန်းကတည်းက သတိထားမိတယ် ... ကျွန်တော့်မှာ
တော့ ကိုယ့်အပေါ် အဲဒီလောက်အထိ လိုက်ကောင်း
ပေးမယ့် သူငယ်ချင်းမျိုး တစ်ယောက်မှ မရှိဘူး ...
ဒါပေမယ့် ခင်ဗျားတို့ဟာကလည်း ... တစ်မျိုးကောင်း
တော့ တစ်မျိုးက ဆိုးပြန်ရော ...

သံယောဇဉ်ဆိုတာ မီးလေ ... ကိုယ့်ကို လောင်
မြိုက်မှာ အမှန်ပဲ ... တစ်ယောက်ကြောင့် တစ်ယောက်
မှာ တစ်ခုခု ပြဿနာပေါ်ရရင် အဲဒါ ဘယ်သူဘယ်ဝါ
ကြောင့်မှ မဟုတ်ဘူး ... ခင်ဗျားတို့ချင်း တစ်ယောက်
နဲ့တစ်ယောက် သိတတ်ကြလွန်းလို့၊ အပြန်အလှန်
သံယောဇဉ်ကြိုးတွေနဲ့ ရှုပ်ယှက်ခတ်နေကြလွန်းလို့ပဲ။
ဒီကိစ္စဟာ နောက်ဆုံးတော့ ဒီလိုပဲ အဆုံးသတ်ရမှာ
ပဲ ..."

"ဘာကိစ္စကို ပြောတာလဲ ..."

ကြယ်စင်က ပခုံးတစ်ချက် တွန့်လိုက်ကာ ... "ကဲ ... ပြန်တော့"ဟု သာ တီတာ့ကို အမိန့်ပေးလိုက်ပါသည်။ တီတာ့မှာလည်း နေရင်းထိုင်ရင်း အလိုလိုနေရင်းက ပင် သူ့စကားတွေကို လက်သင့်ခံ နာယူနေမိတော့ကာ ... ခြံပေါက်ဝထဲမှ အပြင်သို့ ပြန်အထွက် ...

"အော် ... ခင်ဗျားကို ခင်ဗျားရဲ့ ခင်ပွန်းလောင်းက ရည်းစားစကားပြော ... ပရိုပို့စ်လုပ်တယ်လို့ သတင်းကြားတယ် ... အဲဒီကိစ္စကကော ဘယ်လိုလဲ ..."

တီတာက ကြယ်စင့်ကို နည်းနည်း ရှက်အမ်းအမ်း ... ပြီးတော့ ... အဲဒီကိစ္စအတွက် ကြယ်စင်ရဲ့ စိတ်ခံစားချက်က ဘယ်လိုလဲဟု အကဲလည်း ခတ်ချင်ချင်နှင့် နောက်ပြန်လှည့်ကာ မော့ကြည့်လိုက်သည် ...။ ကြယ်စင်က သူ့စကားသူ တအားကြီးကို ပြန်သဘောကျနေတော့ကာ ... "တဟားဟား"အသံကျယ်ကြီးနှင့် မပြီးနိုင် မဆုံးနိုင်အောင်ပင် ရယ်နေပါလေတော့သည်။

လှလေးကား သူ့မိဘအိမ်သို့ ပြန်ရောက်သွားလေပြီ ...။ သဇင်က "ကျုပ်တို့သွားမှ ကောင်းမယ်"ဟု ဆိုကာ လာခေါ်လို့သာ ပါလာရပေမယ့် လှလေးရဲ့ သဘောထား၊ လှလေးမိဘတွေရဲ့ ကိုယ့်အပေါ် သဘောထားက ဘယ်လိုများ ရှိနေမလဲဟု တီတာ့စိတ်ထဲမှာတော့ ခပ်လန့်လန့်။ ဒါပေမယ့်



လှလေးရဲ့အိမ်သို့ ရောက်သောအခါမှာ တီတာ စိုးရိမ်ထားသလိုတော့ ဖြစ်မလာပါ။ သူ့အမေ မိဘများရဲ့ မျက်နှာထားဟာ စိတ်မကောင်း ဖြစ်နေဟန် တစ်ခုနှင့် ခပ်မှိုင်မှိုင်ရှိနေကြသော်လည်း လှလေးကတော့ဖြင့် အနေအထားမပျက်။

"ဟော့ ... လာကြ ... လာကြ ... အမယ်လေး ... ရှင်တို့မှ ပေါ်လာပါ့မလားလို့ ... ကျုပ်မှာ ပျင်းလွန်းလို့ သေတော့မယ် ..."

"ဘာလို့ ပျင်းတာလဲဟဲ့ ..."

"အော် ... ဟိုမှာကမှ ဘယ်မှ မထွက်ရဘူး ဆိုပေမယ့် ... ညနေဘက် ကိုကိုရုံးဆင်းရင် ... သူ့ဘာသာဘယ်လောက် ပင်ပန်းလာလာ အနည်းဆုံး ကားတစ်ပတ်လောက်တော့ မောင်းပို့ခိုင်းပြီး ထွက်ဖြစ်အောင်တော့ ထွက်လိုက်သေးတာပဲ ... ခု ဒီပြန်ရောက်မှ ... အချုပ်အချယ်က လွတ်ပြီဟဲ့လို့ ထင်ထားတာ ... မဟုတ်ဘူးတော့ ... ပိုဆိုးနေသေးတယ် ..."

သဇင်နှင့် တီတာတို့မှာ မှိုင်တွေ ငိုယိုမနေသော လှလေးရဲ့ အဖြစ်ကိုကြည့်ကာ အတူပူးတွဲပြီးတော့ပဲ သက်ပြင်းချရကောင်းနိုးနိုးနှင့် ... ဟန်ဆောင်ပန်ဆောင်လား ... တကယ်ပဲ ဘာမှထိထိခိုက်ခိုက် ရှိမနေဘူးလား ဆိုတာကို အကဲခတ် နေကြပါသည်။

"မေမေတို့က ပြောတယ်လေ ... ယောကျ်ားနဲ့ စိတ်ဆိုးပြီး မိဘအိမ် ပြန်တက်လာရတဲ့ မိန်းကလေးဟာ ပတ်ဝန်းကျင်က မျက်စိဒေါက်ထောက်ပြီး ကြည့်နေကြတာ

တဲ့ ... အနေအထိုင် အတော်ကြီး ဆင်ခြင်နိုင်ကာမှ တော်ရုံကျမယ်တဲ့ ... ဘယ်လောက်တောင်လဲ သိလား၊ အပျိုမနှစ်ယောက်ကို ဗဟုသုတဖြစ်အောင် ပြောပြရဦးမယ် ... ရေမိုးချိုးပြီး သနပ်ခါးလိမ်း အလှပြင်တာတောင်မှ မယုတ်မလွန်လေး ရှိစေရမယ်တဲ့ ... ရှင်တို့တစ်ခါမှ မကြားဖူးဘူး မဟုတ်လား ... ရှေးလူကြီးတွေများ တယ်စေ့စပ်တာနော်"

"ဘာလို့လဲ"

"အော် ... ပြင်ပြင်ဆင်ဆင်ကြီး နေမိရင်လည်း ယောကျ်ားက နှင်ချလိုက်တာတောင် အမှတ်မရှိဘူး... နေထိုင်ပုံ လော်မာလိုက်တာလို့ အတင်းပြောကြမယ်တဲ့။ မပြင်မဆင်နဲ့ ပစ္စုတ်ဒေဝကြီး နေမိပြန်ရင်လည်း ... ယောကျ်ားနဲ့ ကွဲလာရလို့ တမှိုင်မှိုင် တတွေတွေနဲ့ ရေမိုးတောင် မချိုးနိုင်ဘဲ ခေါင်းစုတ်ဖွားကြီးနဲ့တော့လို့ ကဲ့ရဲ့ခံရနိုင်တယ်တဲ့ ... ကျုပ်မှာလေ တစ်နေ့တစ်နေ့ ရေချိုး သနပ်ခါးလိမ်းပြီးရင် မေမေ ဒီလောက်ဆို အတော်ပဲလားလို့, ပြန်ပြန်မေးနေရပါတယ်ဆို ..."

သဇင်နှင့် တီတာတို့ ခုနက မချဖြစ်သေးသော သက်ပြင်းကိုယ်စီကို ဖြိုင်တူကြီးပင် ချလိုက်မိကြပါတော့သည်။

"အဲဒီအခါကျတော့ သူ့ကို လာရှဲ့ရပါ့မလားလို့ မေမေက သိပ်မကြည်ဘူးဟဲ့ ..."

"ရှင် ဒီပြန်ရောက်လာတဲ့ ကိစ္စကို ဘာကြောင့်လို့ ရှင့်မိဘတွေ သိကြသလား ..."



"ကျုပ်ကတော့ ရန်ဖြစ်ပြီး စိတ်ဆိုးလာတယ်ပဲ ပြောထားတယ် ... သူတို့ဘာသာ စုံစမ်းကြသေးလားတော့ မသိပါဘူး ... ကျုပ်ကတော့ ဘာဆို ဘာမှကို မပြောပြဘူး"

"ရှင် အခု ဒီပြန်ရောက်နေတာရော ... ဦးမျိုးမင်းရဲ့ ဆုံးဖြတ်ချက်လား ... ရှင့် ဆုံးဖြတ်ချက်လား"

"အင်း ... ဘယ်လိုခေါ်မလဲ ... နှစ်ဦးသဘောတူသဘောပဲ ထားပါတော့ ... ဒင်းကြီးကတော့ ကျုပ်ဆင်းလာခဲ့တဲ့ နောက်တစ်နေ့ကစပြီး မိန်းမက စိတ်ဆိုးလို့ ဆင်းသွားတာ ... သူကလည်း စိတ်ဆိုးလို့ ပစ်ထားတာ ... ကွဲကြ ကွာကြတာတော့ မဟုတ်ပါဘူး၊ သူ့ဘက်က စိတ်ဆိုး အရင်ပြေရင် ပြန်တက်လာလိမ့်မယ် ... ကိုယ့်ဘက်က အရင်ပြေရင်တော့ သွားပြန်လိုက်ခေါ်လိုက်မယ် ... လို့ လိုက်ပြီး သတင်းလွှင့်သတဲ့"

"ဟဲ့ ... ဒါဆိုကောင်းတာပေါ့ ... တော်ပါသေးရဲ့ ... ဦးမျိုးမင်းက ပညာရှိတယ်တော့ ... ဒါ နှစ်ယောက်စလုံးအတွက် ထွက်ပေါက်ဟာထားပေးတဲ့ သဘောပေါ့"

လှလေးက မဲ့လိုက်သည်။

"ဟင်း ... ဒါပေမယ့် ဘယ်သူက ကိုယ့်သိက္ခာကျအအောက်ခံပြီး အရင်ပြေမှာလဲ ... စဉ်းစားကြည့်ပါလား၊ ကျုပ်ကလည်း မပြေသလို ... သူကလည်း စလာခေါ်မယ့်ပုံကို မဟုတ်ပါဘူး ..."

"ဒီလိုတော့လည်း ဘယ်ဟုတ်မလဲဟဲ့ ..."

တစ်ချိန်လုံး အာဘောင်အာချရင်းသန်နေခဲ့သည့် လှလေးတစ်ယောက် နည်းနည်းတော့ ငြိမ်ကျသွားပါသည်။

"ကိုကို့အကြောင်း ကျုပ်သိပါတယ်ဟယ် ... ပြီးတော့ မှားတာကလည်း သူမှမဟုတ်ဘဲ ... ကျုပ်လေ ..."ဟု ဖြည်းဖြည်းချင်း ပြောလိုက်ပြီးမှ ...

"ကျုပ်လည်း ဒေါသအလျှောက်သာ ဆင်းလာတာပါဟယ် ... သူက ဒရိုင်ဘာကြီးကို လိုက်ပို့လိုက်ချေလို့ ပြောလို့ မခံချင်တာလည်း ပါတာပေါ့ ... ဒါမေမယ့် ဒီစရောက်လာတည်းကကို စပြန်ချင်တာပါပဲ ... ကျုပ်က ပြောမယ့်သာ ပြောနေတာ ... မာနကြီးတွေဘာတွေနဲ့ လင်မယား အကွဲခံနိုင်တဲ့ အထဲက မဟုတ်ပါဘူးဟယ် ... သူပြေတဲ့အထိတော့ ခဏစောင့်ရမှာပေါ့ ... ပြီးရင်တော့ ကျုပ်ဘက်ကပဲ စပြန်တက်ရမယ့် သဘောမှာ ရှိနေတာပဲ ... ဒီကြားထဲမှာတော့ မေမေ ပြောသလို ရေမိုးချိုးပြီး သနပ်ခါးလိမ်းတာတောင်မှ မယုတ်မလွန်ကလေးနဲ့ ... ပတ်ဝန်းကျင်က ဘာမှ ထပ်မပြောအောင် ... ကိုကို့ဘက်ကလည်း ထပ်ထောက်စရာ အကွက်မရအောင် နေရမှာပေါ့ ... ဒါပါပဲ ..."

"အဲဒါမှ လိမ္မာတယ် ခေါ်တာပေါ့ လှလေးရယ် ... ရှင်က တစ်ခါတလေကျရင်သာ စိတ်လိုက်မာန်ပါပေါက်ကရ လုပ်တတ်ပေမယ့် ... ရှင့်မှာ မှန်ကန်တဲ့ အတွေးအခေါ်တော့ ရှိပါသေးတယ် ..."

"မရှိလို့ မဖြစ်ဘူး ဒေါ်သဇင်ရေ ... ဒါ ဘဝက ကျုပ်



ကို ပြန်သင်သွားတဲ့ ပညာတွေပဲ ... ခုတော့ နောင်တကို သင်ခန်းစာယူပြီးမှ ရလာတဲ့ ပညာတွေကို အရင်းအတိုင်း ပြန်ဖောက်သည်ချ ဝေငှပစ်နေတယ် ... ကိုယ်က သင်ခန်းစာနဲ့ နောင်တနဲ့ ရင်းခဲ့ရပေမယ့် သူများတွေကိုတော့ ဒါတွေနဲ့ ထပ်မရင်းရတော့ဘဲနဲ့ ... ကျုပ်ရဲ့ ကိုယ်တွေ့အပြောနဲ့တင် သဘောပေါက် နားလည် ... အမှန်သိသွားစေချင်တယ် ..."

အော ... လက်စသပ်တော့ ဘာလဲလို့ ... ဒင်းတို့နှစ်ယောက်က အတိုင်ရယ် အဖောက်ရယ် ခပ်ညီညီနဲ့ ကိုယ့်ကို စောင်းပြီး ပညာပေးနေကြတာကိုး။

"အဲဒီအကောင်ဟာလေ ... ယုတ်ကိုယုတ်တာ ... ပညာသားကပါပြီး ကောက်ကျစ်လွန်းတော့ သူလုပ်တာပါဆိုတာကိုတောင် လက်ညှိုးထိုးပြလို့မရ ဖြစ်သွားတာပေါ့ ... ခုချိန်မှာ ဘေးလူတစ်ယောက်ကို ဖြစ်ရပ်တွေ ပြောပြရင်တောင် သူ့အပြစ်မပါပါဘူးပဲ မြင်ကြမှာ ... တကယ်ကတော့ ဒါ လှလှပပကလေး အကွက်ဆင်လိုက်တာပဲ ... ကျုပ်ရဲ့ နောင်တတွေထဲမှာတော့ အဲဒီလောက် ပိပိရိရိ ယုတ်တတ်တဲ့ အကောင်နဲ့မှ သွားပြီး စိတ်ကစားမိတာက အမှားဆုံးပဲ ... ဒီ့ပြင် တစ်ယောက်ယောက်ဆိုရင်မှ သူ့လောက်တော့ သေသေသပ်သပ် ရှိမှာမဟုတ်ဘူး ..."

လှလေးက တွေးတွေးဆဆနှင့် ဆက်ပြောနေပြန်ပါသည်။ ဒီတစ်ခါမှာတော့ လှလေးရဲ့ အပြောကို

တီတာက မထောက်ခံနိုင်တော့ ...။ ကန့်ကို ကန့်ကွက်လို လာသည်။ ကိုယ့်ကို ဆုံးမနေတာကမှ လက်ခံလိုလှည်း လက်ခံ ... လက်မခံလိုပါရင်လည်း ငြိမ်နေသေးရင် ရနိုင်သေးသည်။ ဒီလို ... ဟုတ်တိကိုမဟုတ်တာကြီး တစ်ခုကို အဟုတ်လုပ်ပြီး ပြောနေတာကြီးကကျတော့ နားထောင်နေရတာတောင် လူက ကလိကလိ ဖြစ်ချင်လာသည်။

အမယ် ... ဒီတစ်ခါမှာလည်း အတိုင်က စလိုက်တော့ အဖောက်ကလည်း တစ်ပြန် ...

"သူ တီတာ့ကို ချိန်ရွယ်လိုက်ပြီဆိုရင် ရှင် ဝင်ကို ဝင်ပါလာမှာ သူ သိကိုသိနေတယ်လေ လှလေးရယ် ... ဒီလူဟာ တော်တော့လည်း အတော်တော်သား ... ဒီလို ကွက်တိဝင်အောင် ကြံနိုင်ဖို့ဆိုတာ တော်ရုံလူ စဉ်းစားမိနိုင်မှာကို မဟုတ်ဘူး ..."

"ကျုပ်ကလည်း သူ့အကွက်ထွင်တာမှန်း သိသိကြီးနဲ့ကို မနေနိုင်တာလေ ... သိရက်နဲ့ သူ့ခွင်ထဲကို မိုက်ပြီး ဝင်ချသွားမိတာလေ ... နေမှမနေနိုင်ပဲကိုး ... ဒီမိန်းမကို ကျုပ်က ပူပြီကိုး ..."

"ရှင်တို့ ပြောနေကြတာတွေက မဟုတ်သေးဘူး ထင်ပါတယ်ဟာ ..."

သခင်ရော လှလေးပါ တီတာ့ကို ဆတ်ခနဲ လှည့်ကြည့်လိုက်ကြသည်။ ခုနက ခပ်အေးအေးပုံစံသာ ရှိခဲ့သည့် လှလေးရဲ့ မျက်နှာက ဒေါသနှင့် တဖြည်းဖြည်း သွေးရောင်လွှမ်းလာလေသည်။



"ဟိုတစ်နေ့က ဖြစ်သွားတဲ့ ကိစ္စမှာ လှလေး အဲဒီကို သွားနေပြီဆိုတာလည်း ကျုပ်မသိဘူး ... သိလို့ သူ့အိမ်ကို လိုက်တာလဲမဟုတ်ဘူး ... ကျုပ်ဘာသာ မတော်တဆနဲ့ ရောက်သွားတာ ... ဟိုရောက်မှသိပြီး ဒုက္ခပါပဲဆိုပြီး ပြေးလိုက်လာတာ ... ကျုပ်ပြေးလိုက်လာမိလို့ ဦးမျိုးမင်းက နောက်ယောင်ခံပြီး ပါလာနိုင်တာ ... အားလုံးဟာ မတော်တဆနဲ့ ကံဆိုးလွန်းလို့ အကြောင်းတိုက်ဆိုင်သွားကြတာချည်းပဲ ... တမင်စီစဉ်ထားတာ ဘာတစ်ခုမှ မပါဘူး"

"ရှင့်ကိုလည်း ကျုပ်တို့က ရှင်တမင်လုပ်တယ်လို့ မပြောပါဘူး ..."

"ဒါပေမယ့် သူလည်း ဘယ်လိုလုပ် အဲဒီလောက်အထိ ကြိုသိတွက်ချက် ထားနိုင်မှာလဲ ... ဗေဒင်ဆရာမှ မဟုတ်တာ ..."

"ဗေဒင်ဆရာ ဖြစ်ဖို့မလိုဘူး ... ရှင့်ကို သူ့အကွက်ထွင်ပြီဆိုရင် လှလေး ဝင်ပါကို ပါမှာ သူသိတယ် ... လှလေး ဝင်ပါပြီဆိုရင် လှလေးကို မျက်စိဒေါက်ထောက် အလွတ်မပေးတဲ့ ဦးမျိုးမင်း သိကိုသိတော့မှာ သူသေချာတယ် ... ဦးမျိုးမင်းကို တိုက်ရိုက်တက်ပြီး "လှလေးနဲ့ ကျွန်တော်ဟာ အရင်က ဒီလို ...ဒီလိုပါ" လို့ သွားပြောတာမျိုးကို သူဘယ်တော့မှ လုပ်မှာ မဟုတ်ဘူး ... သူ့အဲဒီလောက် ပညာမဲ့ဆန်ဆန် အောက်တန်းကျမပြုချင်ဘူး ...

ဒါပေမယ့် သူ့ကို အောက်တန်းမကျဘူးလို့ ကျုပ်က ဆိုလိုတာ မဟုတ်ဘူး … သူဟာ အောက်တန်းကျကိုကျတယ် … ဒါပေမယ့် ပညာရှိဆန်တယ်၊ ယုတ္တိရှိရှိနဲ့ကို သူ့ကို သူများလက်ညှိုးထိုးလို့ မရအောင် ပိရိတယ် …”

“ဒါပေမယ့် လှလေး လိုက်မသွားရင် ဘာမှမဖြစ်နိုင်ပါဘူး …”

“ရှင် ထင်သလား …”

“ထင်တယ် …”

“လှလေးက ရှင့်အတွက် သွားရတာလေ …”

“ကျုပ်သိတယ်လေ … ကျုပ်ကို သူစိတ်ပူတာ ကျုပ်သိပြီး ကျေးဇူးတင်သားပဲ … ဒါပေမယ့် သူလိုက်မသွားရဘူး … လိုက်သွားတာ သူမှားတယ် … သူစမှားလို့ ကံကြမ္မာကြီး တစ်ခုလုံးကပါ လိုက်မှားပြီး ဒါမျိုးတွေ လျှောက်ဖြစ်ကုန်တာ … ဒါ ကြယ်စင်နဲ့ ဘာမှ မဆိုင်ဘူးလို့ ကျုပ်ထင်တယ် …

ဟိုမှာ ကြယ်စင် ပြောလိုက်တဲ့ စကားဟာလည်း ဦးမျိုးမင်းက မေးနေပြီ … မဖြေရင် ပိုဆိုးတော့မယ်၊ ရည်းစားဟောင်းဆိုတဲ့ စကားဟာ လင်ငယ်ဆိုတဲ့ အဖြစ်ထက်တော့ အများကြီးသက်သာတယ် … အဲဒါကြောင့် သူက အဲဒီလို ဝင်ဖြေလိုက်တာပဲ … ရှင်တို့ခေါင်းအေးအေးနဲ့ စဉ်းစားကြစမ်းပါ … လှလေးမှာ သူ့ကြောင့် အသက်အန္တရာယ်တွေနဲ့ ကြုံနေရတယ်လို့



ရှင်တို့ စွပ်စွဲရင်တောင် ကျုပ် လက်ခံနိုင်သေးတယ်… ခုကိစ္စကတော့ သူနဲ့ အလွတ်ကြီးပဲ … ဘာမှ မဆိုင်ဘူး …”

သဇင်နှင့် လှလေးက တစ်ဘက် … တီတာ တစ်ဦးတည်းကတစ်ဘက် … တစ်ဘက်နှင့်တစ်ဘက် အခြေအနေက တင်းမာစ ပြုလာလေသည်။

“ဟိုတစ်နေ့က ကိစ္စက တိုက်ဆိုင်တာ မှန်ပေမယ့် … သူ ရှင့်ကို ချိန်ရွယ်နေသရွေ့ … လှလေးကလည်း စိတ်ပူပြီး ဝင်ပါနေသရွေ့ … တစ်နေ့နေ့မှာတော့ တစ်နည်းနည်းနဲ့ အဲဒီလိုပဲ တိုက်ဆိုင်ပြီး ဦးမျိုးမင်း သိကိုပြန်သိတော့မှာ သူတွက်ကို တွက်ထားတယ် တီတာ … ရှင် မမှန်နဲ့ …”

“ကျုပ်ကို မှန်တယ်လို့ ပြောရအောင် ကျုပ်က သူ့ကို ချစ်ပါပြီ ကြိုက်ပါပြီလို့ ရှင်တို့ကိုများ ပြောမိလို့လား”

“မပြောပါဘူး … ရှင်လည်း သူ့ကို မကြိုက်ပါဘူး … ဒါပေမယ့် ရှင်က ဘာဖြစ်နေသလဲ သိလား … “အချစ်”ဆိုတဲ့ အရာကို စိတ်ဝင်စားနေတယ် … ရှေ့ရှေ့က ဥပမာတွေကို ကြည့်ပြီး ရှင်လက်ထပ်တဲ့ အခါမှာ ရှင့်ယောကျ်ားဟာ ရှင့်ကို သိပ်ချစ်နေစေချင်တယ် … အဲဒီအချိန်မှာ ယောကျ်ားတစ်ယောက်က ရှင့်ကို “ချစ်ပါတယ်”လို့ အချိန်ကိုက် ပြောလိုက်မိတဲ့ အခါမှာ ရှင်က အဲဒါကို ဖွတ်ယုံကြည်ပစ်လိုက်ပြီး … တကယ်ပဲ ဖြစ်စေချင်နေတယ် …

သူများတကာက မဖြစ်နိုင်ပါဘူး ... အကွက်ထွင်တာပါလို့ ပြောကြတာကို လုံးဝ လက်မခံနိုင်တော့ဘူး ဖြစ်နေတယ် ... ရှင်ကတော့ ပြန်ကြိုက်ချင်မှ ပြန်ကြိုက်မယ် ... ဒါပေမယ့် ရှင့်ကို အလွန်အမင်း ချစ်နေတဲ့ ယောကျ်ားမျိုးတော့ ... ရှိနေစေချင်တဲ့ ရှင့်မသိစိတ်က ... ရှင့်ရဲ့ အမြင်မှန်တွေကို ဖုံးအုပ်ထားတယ် ...

လှလေးနဲ့ လေးလထဲ ချစ်ခဲ့ကြပြီး ပြတ်ခဲ့ကြတဲ့ ယောကျ်ားတစ်ယောက်က နောက်ထပ်သုံးလလောက်အတွင်းမှာ ရှင့်ကို ကြိုက်ပြန်ပြီဆိုတာ မဖြစ်နိုင်ဘူးလို့ကို ရှင် အမှန်ကို မမြင်နိုင်ဘူး ... ရှင်အမှားကြီး မှားလိမ့်မယ် ဒေါ်တီတာ ... မောင်းမောင်းလိုလူမျိုးနဲ့ အေးချမ်းသာယာတဲ့ ဘဝတစ်ခုကို တည်ဆောက်ရကာနီးမှာမှ အဖျက်တွေ ဝင်လာရတာ ရှင့်ရဲ့ ရှေးဘဝကုသိုလ်ကြောင့်ပဲ ...

ကျုပ်အမှန်အတိုင်းပဲ ပြောမယ် ... မောင်းမောင်းဟာ ဦးမျိုးမင်းထက်တောင်မှ သာသေးတယ် ... ကျုပ် ပြောရဲတယ် ... အစစအရာရာ ပြည့်စုံကောင်းမွန်တဲ့ ယောကျ်ားချင်း ... ကိုယ့်မိန်းမကိုယ် သိပ်ချစ်ကြတာချင်း တူရင်တောင်မှ ... ဒေါသနည်းတာ... နားလည်နိုင်တာ ... ညှိနှိုင်းလို့ရတာ ... တရားလွန်မချုပ်ချယ်ဘဲ အမှန်အတိုင်း ချစ်တတ်တာတွေမှာ ဦးမျိုးမင်းထက် သူကသာတယ် ... တစ်ခုပဲ ... သူရှင့်ကို ဖွင့်ပြောလိုက်တဲ့ အချိန်ဟာ သိပ်နောက်ကျသွားတယ် ...



ဒီထက်စောစော ဖွင့်ပြောဖြစ်လိုက်ပြီး ... သူ့ချစ်တတ်ပုံဟာ ဒီလောက် ကြမ္မြေရရကြီး ဖြစ်မနေဘဲ နည်းနည်းလေး ပိုလှုပ်ပေးလိုက်ရင် ... ဒီပြဿနာတွေ အားလုံး ဘာတစ်ခုမှကို ဖြစ်လာမှာ မဟုတ်ဘူး ... ဒါပဲ ..."

တီတာက "သဇင်"ဟု ဒေါသတကြီးနှင့် ကျုံးအော်ပစ်လိုက်ပါသည်။

"ရှင့် စကားလုံးတွေက ကျုပ်ကို သိပ်ကို စော်ကားလွန်းနေပြီ ... ရစရာကို မရှိတော့ဘူး ..."

"မတတ်နိုင်ဘူး ... အဲဒီလို နစ်နစ်နာနာကလေး ပြောပေးမှ ခေါင်းထဲရောက်မယ်ဆိုရင် အဲဒီလိုပဲ ပြောရမှာပဲ ... ဒီမိန်းမ ဒေါ်လှလေးတုန်းက ကျုပ် ဘယ်လိုပြောခဲ့သလဲ ... ပြန်မေးကြည့် ... သူ မျက်ရည်တောင်ပေါက်ပေါက်ကျရတယ် ... ခု ရှင်မငိုသေးဘူး ... ရသေးတယ် ... ကိစ္စမရှိဘူး ..."

"ဒါပေမယ့် ... ရှင့်ကိုတော့ သိပ်မုန်းတယ် ... နားလည်လား ..."

"ရတယ် ... ရှင်ဒုက္ခမရောက်ရင် ပြီးရော ... ကျုပ်ထပ်ပြောလိုက်ဦးမယ် ... ခု ဦးမျိုးမင်းက လင်မယားချင်း စိတ်ဆိုးလို့ ခဏခွဲနေကြတာပါ ... ကွဲတာမဟုတ်ပါဘူး ပြန်ခေါ်မှာပါလို့ သတင်းလွှင့်နေတော့ အဲဒီသတင်းသာ သူ့ဆီရောက်သွားရင် ... ပြန်မခေါ်ဖြစ်တော့အောင် ... ခွဲနေကြတုန်းမှာ ဒီ့ထက်ဒီ ပိုစိတ်နာ

ရအောင် သူလုပ်လိမ့်မယ် ... မယုံရင် ကြည့်နေ ...”

“ရှင်ကသာ လူတစ်ဘက်သားကို လျှာအရိုးမရှိ ဖိနှိပ်
နှိပ်ကွပ်နေတာ ... ကြယ်စင် ကတော့ ... ကျုပ်တို့
သူငယ်ချင်းတွေ တစ်ယောက်နဲ့ တစ်ယောက် သိတတ်
သိပ်ငဲ့ သိပ်ချစ်တတ်ကြပုံကို သူ တကယ်လေးစားပြီး
အားကျတယ်တဲ့ ... ဒီလိုမျိုး အတွင်းဘက်မှာ စော်
ကား တိုက်ခိုက်နေကြတာကိုတော့ သူသိမှာမဟုတ်
ဘူး”

“တွေ့လား ... စကားထဲက ဇာတိပြနေတာ ... ကျုပ်
တို့ ဘယ်လောက်ချစ်ပြီး တစ်ယောက်ထိရင် တစ်
ယောက်က မခံနိုင်သလဲဆိုတာ သူသိတယ်လို့ ပြောက
တည်းက အဲဒီအချက်ကို နင်းပြီး အကွက်ဆင်တာ...
ထင်းနေတာပဲ ... ရှင်သာ တွေဝေစိတ်လေနေတဲ့
မျက်ခိုးတွေ ပိတ်နေလို့ အမှန်ကို မမြင်နိုင်တာ ...”

တီတာ့မှာ သဇင့်ကို ဘာပြန်လုပ်၊ ဘာပြန်ပြော
ရမလဲ ... မစဉ်းစားတတ်တော့အောင် ရှိနေပြီး ရှက်ဒေါသ
ကြောင့် လူတစ်ကိုယ်လုံးပဲ တုန်ရီနေရပါတော့သည်။ တီတာ
နှင့် သဇင်တို့ တစ်ယောက်ကိုတစ်ယောက် စူးစူးရဲရဲတွေ
စိုက်ကြည့်နေကြပြီး ခေတ္တမျှ စကားသံတွေ တိတ်နေရစဉ်
လှလေးကဝင်ပြီး ...

“ကျုပ်ကပါ ဝင်ပြောရင် ... ကြယ်စင်နဲ့ ကျုပ်နဲ့ဟာ
ကြိုက်ခဲ့ကြလို့ ရှင့်ကို ချစ်ပြန်ပြီဆိုတာကို ကျုပ်က
လက်မခံနိုင်ဘဲ မနာလိုတာ မယုံကြည်တာလို့ ရှင်က



စွပ်စွဲဦးမှာကြောက်လို့ ငြိမ်နေရတာ ဒေါ်တီတာ ...
ကျုပ်ရဲ့ ခံယူချက်ဟာလည်း သဇင့်အတိုင်းပဲ ... မယုံ
မရှိနဲ့ ... သဇင်ပြောသလို ရှင် တကယ်ပဲ ဖြစ်နေ
တယ် ... ဘေးလူတွေကမြင်တယ် ... ပြောရမယ်ဆို
ရင် ကိုယ်တွေ့ဖြစ်ခဲ့ဖူးတဲ့ ကျုပ်က ပိုလို့တောင် မြင်
သေးတယ် ... လက်ခံစမ်းပါ တီတာရယ် ... ကျုပ်တို့
နှစ်ယောက်ကို မုန်းချင်လည်း မုန်းပါ ... ဒါပေမယ့်
ကျုပ်တို့ ပြောတာကိုတော့ လက်ခံလိုက်စမ်းပါ ...”

တီတာက ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်ပါ
သည်။ တီတာ့ခေါင်းထဲမှာ မဝေခွဲနိုင်ခြင်းတွေ ... ဘာမှမသိ
ခြင်းတွေဟာ ကြီးစိုးနေဆဲ ...။ ကြယ်စင် ကိုယ့်ကို ချစ်သည်
ဆိုတာ ကိုယ်တကယ်ပဲ ယုံကြည်လို့လား ဆိုတာကိုလည်း
ကိုယ့်ဘာသာ မသိ ...။ ဒါပေမယ့် လူ့သဘာဝ သဘောတရား
အရတော့ ဘေးကနေ နင်းကန်ဝိုင်းပြောနေလေ ... အဲဒါကို
လက်သင့်မခံဘဲ ပြန်ရွဲ့ချင်နေလေလေ ...။

သူတို့ပြောတဲ့ အဓိပ္ပာယ်အရဆိုရင် ... ကိုယ့်ကို
တကယ်ချစ်တဲ့ ယောကျ်ားဆိုတာ မရှိဖူးလို့ ... ကိုယ်က
မကြုံဖူးလို့ ... သူ့ဘာသာ အကွက်ထွင်ပြီး လာပြောတဲ့လူ
တစ်ယောက်ကို ကိုယ်က မဖြစ်မနေ ဖမ်းဆွဲပြီး လက်ခံယုံ
ကြည်ထားရတဲ့ ပုံစံမျိုး ဖြစ်မနေပေဘူးလား ...။ ရက်စက်
လိုက်ကြတာ ... ပြောရက်လိုက်ကြတာ ...။ ပြောမှာပေါ့ ...
သူတို့နှစ်ယောက်ကတော့ အချောအလှ ပဂေးတွေဆိုတော့
ကျောင်းတုန်းထဲက သူတို့နားမှာ တဝိုင်းဝိုင်း တလည်လည်နဲ့

လူစည်ကား ကျပ်တောက်နေခဲ့တဲ့ မိန်းမတွေပဲဟာ ... ပြော အားရှိမှာပေါ့ ...။

ဒါပေမယ့် သူတို့ ပြောသလို တီတာကရော ဘဝမှာ ကြယ်စင်ကသာ ပထမဆုံး လာပြောခဲ့တဲ့ ယောကျ်ား မို့လို့လား ...။ ဒီရှေ့ရှေ့မှာ တစ်ခါမှ ... ယောကျ်ားလေး တစ်ယောက်၏ "ချစ်တယ်"ဆိုသော အဖြစ်ကို တစ်ခါမှ မကြုံဖူး မခံစားဖူးခဲ့လို့ ပထမဆုံး လာပြောတဲ့ ရရာလူကို ဖမ်းယုံပစ်ထားရတဲ့ ဘဝမို့လို့လား ...။ တောက် ... ဒေါသ ဖြစ်စရာ ကောင်းလိုက်တာ ...။ သိပ်ချစ်ရတဲ့ သူငယ်ချင်းမတွေ မို့ စိတ်နာကြည်းမိရတဲ့ အဖြစ်အထိ မဖြစ်ဘူး ဆိုရင်တောင် မှ မုန်းတော့ မုန်းလိုက်တာ ...။ ဒီနှစ်ယောက် မျက်နှာကြည့် ပြီး ... "မုန်း ... မုန်း"ဟုတောင် မြည်နေသလား ထင်ရ သည်။

"ပြန်မယ် ..."

"ပြန် ... ရှင် မဟုတ်တာတွေတော့ ဆက်လုပ်မယ် မကြံနဲ့ ... ပြောလို့မရရင် ... ရှင့်အမေရော အဖေရော ကိုပါ အိမ်တိုင်ယာရောက်ကို လာပြောဦးမယ်မှတ်"

တီတာက "တောက်"တစ်ချက် အကျယ်ကြီး ခေါက်ကာ လှလေး၏ အိမ်တံခါးဝသို့ ခြေလှမ်းကျဲများဖြင့် လှမ်းလာလိုက်ပါသည်။ အိမ်ပေါက်ဝ အရောက်တွင်ကား... လမ်းမပေါ်သို့ လှမ်းမြင်လိုက်ရသည့် မြင်ကွင်းတစ်ခုကြောင့် တီတာ့ ခြေလှမ်းတွေ ခပ်တုံ့တုံ့ ဖြစ်သွားရပါသည်။ ဒါကို လှမ်းသိလိုက်ကြပုံရသော သဇင်နှင့် လှလေးတို့ကလည်း



ဖြုန်းစားကြီးပင် အိမ်တံခါးဝသို့ ပြိုင်တူ ရောက်ချလာကြပါ သည်။ လမ်းပေါ်မှာတော့ ကြယ်စင့်ရဲ့ ကားကလေးက တလိမ့်လိမ့်နှင့် အားလုံးရဲ့ မြင်ကွင်းထဲသို့ ရှင်းရှင်းလင်းလင်း ပင် ဝင်ရောက်လာလေသည်။

"ဟင် ... အကောင်စုတ် ... ကြည့်စမ်း ... ကျုပ်ပြော တယ်မှတ်လား တီတာ ... ဒင်းဟာ အခဲမကျေသေး ပါဘူးလို့ ... ဦးမျိုးမင်းက ခွင့်လွှတ်လိုက်မှာစိုးလို့ ခွဲနေကြတဲ့ အတွင်းမှာ တစ်ခုခုတော့ ထပ်လုပ်ဦးမှာ ပါလို့ ... သွားတော့ လှလေး ... ရှင် အိမ်ထဲဝင်တော့"

လှလေးက သဇင့် စကားကို နာခံစွာ အိမ်ထဲပြန် ဝင်သွားပါသည်။ တီတာကတော့ အပြိုင်ငြင်းထားကြသူ နှစ် ဘက်မှာ သူတို့ဘက်ကပဲ အမှန်ဖြစ်သွားမှာကြီးကို မခံနိုင် စွာနှင့် ... ဖွတ်ကြီးပင် ...

"ဒါ ကျုပ်ကို လိုက်ကြိုတာလည်း ဖြစ်နိုင်တာပဲ ..."

"အရူးမ ... ရှင် လုံးဝရူးသွားပြီ ဒေါ်တီတာရဲ့ ... ရှင့် ကို လိုက်ကြိုရအောင် ရှင် ဒီမှာရောက်နေတာ သူက ဘယ်လိုလုပ် သိနိုင်မှာလဲ ... ရှင်ပြောသလိုဆိုရင် ... သူက ဗေဒင်ဆရာလား ..."

"ကျုပ်အိမ်ကို ဖုန်းဆက်ကြည့်ရင် ရနိုင်နေတာပဲ ..."

"အေး ... အဲဒီလို ဖုန်းဆက်မိလို့ ... ဒီမှာဆိုတာ သိလို့ ... လိုက်ကြိုတာပါဆိုရင်လည်း ... အဲဒါ ရှင့်ကို ဂရုစိုက်တာထက် ... ယုတ်ကို ယုတ်မာတာ သက်သက် ပဲ ..."

သဇင်က ပြောပြီးပြီးချင်း အိမ်ထဲသို့ ဖျတ်ခနဲ ပြန်ဝင်ချသွားပါတော့သည်။ တီတာမှာ ကြယ်စင်နှင့် အိမ်ပြန်လိုက်သွားသည် အထိတော့ သူတို့ကို မရွဲ့ချင်ပါ ...။ သို့သော် ကိုယ်က "ပြန်မယ်"ဟု ပြောထားတာကို သူတို့က "ပြန်"ဟု ပြန်ပြောထားပြီးရက်သားကြီးက ဖြစ်နေပြီ ...။ ကိုယ့်ကို ဒီလောက်ပြောဆိုပြီး နှစ်ယောက်သား တစည်းတလုံးတည်းနှင့်လည်း ကိုယ့်ကို ကျော်ခိုင်းလိုက်ကြပြီ ...။ ကိုယ်က မပြန်ဘဲ ဒီမှာ ဘာဆက်လုပ်နေရဦးမှာတဲ့လဲ ...။

အပြင်ထွက်လိုက်ကာ ပြန်မည်ဟု ပြင်လိုက်တာနှင့် ကြယ်စင်ကလည်း ပြန်လိုက်ပို့မည်ဆိုတာမျိုးပဲ ဖြစ်လာတော့မှာပေါ့ ...။ အလာကတည်းက သဇင်နဲ့ လိုက်လာခဲ့တာမို့ ကိုယ့်မှာ ကားမပါမလာခဲ့တာလေ ...။ ကြယ်စင်ဟာလည်း ဒီ့မတိုင်ခင်တည်းက ကိုယ်နဲ့ သွားသွားလာလာ ခင်ခင်မင်မင် ရှိထားပြီးပြီပဲဥစ္စာ ... ခုကျမှ ... "ဟင့်အင်း" ပေါင်းများစွာနဲ့ ငြင်းဆန်ပြီး သူနဲ့ပြန်ရမှာစိုးလို့ ထွက်ပြေးရတဲ့အထိပင် အဖြစ်ခံရတော့မှာလား ...။ ရပ်ပျက်လိုက်တာ...။ ကြယ်စင့်ဘက်ကလည်း မလျော့တမ်း လိုက်လို့ခေါ်တော့မှာကို သိနှင့်နေပါသည်။

မတတ်နိုင်ပါ ...။ အခြေအနေကိုက ဒီလိုပဲပေးပြီး ... ဒီလိုပဲ ဖြစ်လာစေတာ မကျေနပ်ကြဘူးဆိုရင်လည်း ကိုယ်ကတော့ ဘာမှကို မတတ်နိုင်ပါပေ ...။



အခန်း(၅)

"သူတို့နဲ့ ရန်ဖြစ်လာခဲ့တယ် ..."

တီတာက ဝမ်းပန်းတနည်းပင် တိုင်တည်ရင်ဖွင့်လိုက်မိပါသည်။ မှူမှူ မရှိတော့တဲ့ နောက်ပိုင်းမှာ တီတာ့မှာ ရင်းရင်းနှီးနှီး ဆက်ပေါင်းစရာဆိုလို့ သူတို့နှစ်ယောက်ပဲ ရှိတော့တဲ့ဟာ ... ခုတော့ သူတို့ကတစ်ဘက် ... ကိုယ့်တစ်ယောက်တည်းကတစ်ဘက် ... ကွဲပြတ်လာခဲ့ကြပြီ။ ဝမ်းနည်းပေမယ့် သူတို့ဘက်ကလည်း မဟုတ်တာ တစ်ခုကို စွပ်စွဲပြောဆိုနေကြပြီး ကိုယ့်ကိုပါ နှိမ့်ချပြောဆိုနေကြသေးတဲ့ဟာ ... ကိုယ်က ဘယ်လိုလုပ် ခေါင်းငုံ့ခံနေနိုင်ပါ့မလဲ ...။

"ကျွန်တော့်ကြောင့်ပဲ ဖြစ်ရမယ် ..."

"ဟုတ်တယ် ကြယ်စင် ..."

"ကျွန်တော်နဲ့ ဆက်မပတ်သက်စေချင်တာမျိုးလား"

တီတာက အဖြေမပေးဘဲ မရယ်ချင်ပါဘဲနှင့်

“ဟင်းဟင်းဟင်း”ဟု ခြောက်ကပ်ကပ်ကြီး တမင်ဖြစ်ညှစ်ကာ ရယ်နေမိပါသည်။ အားလုံးကို ဖွင့်ပြောလိုက်လို့ကတော့ ကိုယ့်ပေါင် ကိုယ်လှန်ထောင်း ... ကိုယ့်မျက်နှာကိုယ် ဓားနဲ့ လှီးတာကမှ သက်သာဦးမည်။

“ဒါပေမယ့် ... သူတို့သူငယ်ချင်းကို ကျွန်တော်က အတင်းကာရော စွတ်လိုက်ပြီး ဖွတ်ကြီး အနှောင့် အယှက် ပေးချင်နေတယ်လို့ သူတို့ ထင်နေရင် မှားမယ်နော် ... အဲဒါ ကြိုပြောထားဦး ... ခင်ဗျား သူငယ်ချင်း နှစ်ယောက်ကို ...”

“ဟင် ... ဘာလဲ”

“ခင်ဗျား ဒီရောက်နေတယ်ဆိုတာ ကျွန်တော်က ဘယ်လိုလုပ် သိနိုင်မှာလဲ တီတီတာရယ် ... မဟုတ်ဘူးလား ...”

တီတာမှာ နားထင်နားအုံကို အရိုက်ခံလိုက်ရသလိုမျိုး ခံစားလိုက်ရပါသည်။

“ရှင်က ဒါဖြင့် ဘာကိစ္စ လှလေးရဲ့အိမ်ကို လာရတာလဲ ... လာစရာလား ... ကြယ်စင်ရဲ့ ... ဟင် ... ရှင် ဘာကိစ္စ ရောက်လာရတာလဲ ...”

“ဒေါသတွေက ဘာဖြစ်လို့ ထွက်လာရတာလဲ ... အေးဆေးပေါ့ တီတီတာရယ် ... ကျွန်တော်လာတာ ဒီကို လှလှလေး ပြန်ရောက်နေပြီလို့ ကြားလို့ပါ ... ဒီ တစ်ခေါက် လာတာကတော့ ဟုတ်မဟုတ် လာကြည့်ရုံလောက်ပဲ ... အဆင်ပြေရင်လည်း တွေ့ခွင့်ရရင်



လည်း တွေ့လိုက်ရတာပေါ့ ... အဆင်မပြေသေးရင်တော့လည်း နောက်အခေါက်တွေကျ တွေ့ခွင့်ရအောင်တော့ လုပ်ရမှာပဲ ...”

တီတာ့ရဲ့ နားထဲမှာ “ဒီကောင် တစ်ခုခုတော့ ထပ်လုပ်ဦးမှာပါလို့ ကျုပ်မပြောဘူးလား”ဟူသည့် သဖင့် အသံကို ပြန်ကြားယောင်လာမိပါသည်။

“ယောကျ်ားနဲ့ အဆင်မပြေ ဖြစ်လာခဲ့တဲ့ မိန်းမရဲ့အိမ်ကို အဲဒီမိန်းမရဲ့ ရည်းစားဟောင်းက ဘာသွားလုပ်ဦးမလို့လဲဟင်”

ဒီတစ်ခါမှာတော့ တီတီတာက လေအေးလေးနှင့်ပင် မေးလိုက်မိပါသည်။ အော်ဟစ်ပြီး အံ့အားသင့်ရတာတွေ ... ဒေါသကြီးရတာတွေကို စိတ်ကအတော့ကို ကုန်နေပြီ။

“ကျွန်တော့်ကြောင့် ဆိုရင် ကျွန်တော် တောင်းပန်သင့်တယ် မဟုတ်လား”

တီတာက သက်ပြင်း ချလိုက်မိတော့သည်။ တီတာဖြင့် မဝေခွဲတတ်တော့ပြန်ပါဘူး သဖင်ရယ် ...။ အဝေးတစ်နေရာကနေ ကျုပ်ကို ရှုတ်ချနှိပ်ကွပ် အော်ဟစ်နေမယ့်အစား ဒီနေရာကို ရှင်ကိုယ်တိုင် လာဝင်ကြည့်သင့်နေပြီနော် ...။ ခုလည်း သူ့အကြောင်းပြချက်နဲ့ သူဆိုရင်တော့ သူဟာ “ယုတ်မာသူ” တစ်ယောက်ဆိုတာထက် “မသိတတ်သူ”တစ်ယောက်ပဲ ဖြစ်နေပြန်ရော သဖင်ရယ်။

“ရှင် အဲဒီလို သွားတွေ့လိုက်ရင် ပိုဆိုးနိုင်တာပေါ့

ကြယ်စင်ရယ် ... ရှင့်ကြောင့်ဆိုပြီး ရှင်မတောင်းပန်ရင် ဘာမှမဖြစ်နိုင်ပါဘူး ... မရမက မတွေ့တွေ့အောင် ကြိုးစားပြီး လိုက်တောင်းပန်ရင်မှ ပိုဆိုးနိုင်တာ ... ခုချိန်မှာ လှလေးဟာ ယောက်ျားရဲ့ အုပ်ချုပ်မှုအောက်က ခဏလွတ်နေချိန် ... ရှင်နဲ့ပိုလို့တောင်မှ တွေ့ဖို့မသင့်တဲ့အချိန် ...။ မသွားပါနဲ့တော့ ကြယ်စင်ရယ်... တီတာ ပြောတာကို နားထောင်စမ်းပါ ... ရှင့်ပဲပြောတော့ တီတာ့ကို ဟိုလင်မယားကြားထဲ ထပ်မဝင်ပါနဲ့ဆို ... ရှင်လည်း မဝင်ပါနဲ့တော့ ကြယ်စင်ရယ် ...”

“ခင်ဗျားနဲ့ ကျွန်တော်နဲ့ တွေးပုံခေါ်ပုံချင်းတော့ မတူဘူးဗျ ... လူဆိုတာ ကိုယ့်အပြစ်ရှိတယ်ဆိုရင် ကိုယ်ဝန်ခံရဲရမယ် ... ဒါ မဟုတ်ဘူးလား ...”

“ဒါပေမယ့် အချိန်အခါ ... နေရာဒေသနဲ့ အခြေအနေတော့ ကွာသေးတယ် ကြယ်စင် ... အမှန်တွေ စွတ်လုပ်တိုင်းလည်း တင့်တယ်မယ်တော့ ဘယ်ဟုတ်ပါ့မလဲ ...”

“သိပ်တော့ နားမလည်ဘူး ...”

“ဒါဆို ရှင်က ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် လှလေးကိုတော့ဆုံဖြစ်အောင်ကို ကြိုးစားမယ်ပေါ့ ဒီလိုလား ...”

ကြယ်စင်က ပခုံးကို အသာတွန့်ပြလိုက်သဖြင့် တီတာ့မှာ ထုချင်ရိုက်ချင်စိတ်တွေ ပေါ်လာရပါသည်။ ကြယ်စင့်ကို မဟုတ် ... ကိုယ့်ခေါင်းကိုယ် ...။

“စိတ်မပူပါနဲ့ ... မျက်နှာကလည်း ပျက်ထွက်နေတာ



ပဲ ... ဆုံချင်ရင်တောင် ဆုံလို့ရမှာလား ခင်ဗျားသူငယ်ချင်းက ...”

“ဘာပဲဖြစ်ဖြစ် ဆုံအောင် လိုက်ကြိုးစားနေတယ် ဆိုတာကိုပဲ သူ့ယောက်ျား ပြန်သိသွားရင် ဘယ်ကောင်းမလဲ၊ ဒီမှာ ကြယ်စင် ... သဇင်နဲ့ လှလေးက ပြောတယ်... ရှင် တစ်ခုခုတော့ ထပ်ကြိုးစားပြီး ထပ်လုပ်ဦးမှာပဲတဲ့ ... အဲ့ဒါကို တီတာက လက်မခံဘဲ ငြိုင်ငြင်းပြီး စကားပြော အပေါက်လမ်း မတည့်ကြတာပဲ ... ဒါပေမယ့် အခု သူတို့ပြောတာများ မှန်နေပြီလား မသိဘူး၊ သူတို့ကတော့ ရှင်ဟာ လက်သည်မပေါ်တဲ့ အမှုမျိုးကို အေးအေးလေး လုပ်နိုင်တဲ့လူလို့ စွပ်စွဲကြတာပဲ”

ကြယ်စင်က တစ်ချက် ရယ်လိုက်သည်။ ပြီးလျှင် စကားလမ်းကြောင်းကို ရုတ်တရက်ကြီး ပြောင်းချပစ်လိုက်ကာ ...

“ကျွန်တော် ဦးစောသွယ်နဲ့ ငြိမ်းချမ်းရေး ပြန်ယူပြီးပြီ”

“ဝမ်းသာစရာပေါ့ ...”

“ဟင်း ဟင်း ... ချိုင်းထောက်နဲ့ အဘိုးကြီးတစ်ယောက်က “မင်းဒီလိုလုပ်တတ်တာ ... လုပ်ဖို့စိတ်ထားရောသတ္တိပါရှိတာ ... ငါသိပ်ကြိုက်တယ်”လို့ ပြောတယ်ဆိုရင် တီတီတာ အံ့ဩနေမလား ...”

“ဒါ တီတာ လိုက်မမီနိုင်မယ့် အကြောင်းအရာမျိုး မဟုတ်ဘူး ထင်တယ် ...”

“ဟား ဟား ... သူ့ကို ခြေထောက်ကျိုးအောင် လုပ်

ခဲ့လို့ သူ့သမီးနဲ့ ပိုတောင် သဘောတူလာသေးတယ်
ဆိုရင်ကော ...”

တီတာက ကြယ်စင့်ကို ဆတ်ခနဲ လှည့်ကြည့်
လိုက်မိသည်။

“အခု ဦးဇောသွယ်က ကျွန်တော့်ကို မာလာသွယ်နဲ့
ပြန်ယူစေချင်တယ်တဲ့ ... လွန်ခဲ့တဲ့ နှစ်နှစ်က စေ့စပ်
ထားခဲ့ကြတာဟာ ခုထက်ထိ ပြန်မှ မဖျက်ကြရသေး
ပဲတဲ့ ... အင်း ... ခင်ဗျားကို သူငယ်ချင်းလို သဘော
ထားပြီး ဒါတွေ ပြောပြလို့ ရမလား”

“မရဘူး”လို့ ဘယ်လိုလုပ် ပြောလို့ရမှာလဲ
လေ ... ဒီတော့လည်း “ရတယ်”ပဲပေါ့ ... မဟုတ်ဘူးလား။

“ဦးဇောသွယ်က အဲဒီလိုပြောတော့ မာလာသွယ်က
ဘာပြောလဲ ...”

“ဘာပြောရမှာလဲ တီတီတာ ... သူ့မှာ ဒီကိစ္စအတွက်
ဘာပြောစရာများ ရှိနိုင်မှာလဲ”

“ကြယ်စင်ကရော ...”

“မသိသေးဘူး ...”

“ဟင် ...”

“မသိသေးဘူး ...”

တီတာ့မှာ ဦးဇောသွယ်ထက် ကြယ်စင့်ကိုသာ
ပိုပြီး အံ့ဩမိရပါတော့သည်။ သူဒါတွေပြောပြနေတာ ရိုးရိုး
သူငယ်ချင်းမကလေးတစ်ယောက် မဟုတ်ဘူးလေ ...။ သူ
ကိုယ်တိုင်က ချစ်ပါတယ် ... ကြိုက်ပါတယ် ... အဖြေကို



စဉ်းစားပေးထားပါလို့ တဖွဖွ တောင်းခံယူထားတဲ့ မိန်းက
လေးလေ ...။ ဒေါသထွက်ရမှာကိုတောင် စိတ်ကုန်စိတ်ပျက်
နေသော တီတာ့မှာ “ကမ္ဘာ့နားမလည်စရာ အကောင်းဆုံး
လူသား”ကို ခပ်ငေးငေးပဲ ကြည့်နေမိပါတော့သည်။

“ကျွန်တော် ငွေမမက်ဘူးဗျ ... ပိုက်ဆံရှိရတာတော့
ကြိုက်တယ် ... ရှိအောင်လည်း ကြိုးစားတယ် ...
ဒါပေမယ့် ငွေတော့မမက်ဘူး ... နားလည်မလားတော့
မသိဘူး ...။ မလည်လည်းနေ ... ရတယ် ... ငွေမမက်
ပေမယ့် အခု ကျွန်တော် စဉ်းစားမိတာလေ ... ကျွန်
တော်က, ငွေမမက်ပေမယ့် အချစ်တော့ မက်တယ်ဗျ၊
အခု အချစ်ကို မက်ကြည့်ရင်များ ကောင်းမလားလို့”

ကြယ်စင်က တီတာ့ဘက်သို့ ရုတ်တရက် လှည့်
ကြည့်လိုက်သည်။

“ခင်ဗျား သူချစ်နဲ့ ကိုယ်ချစ်နဲ့ ဘယ်ဟာကို ရွေးချယ်
မလဲ”

“တီတာ့ ခေါင်းထဲမှာ အခု ဘာမှမရှိဘူး ...”

“ကောင်းတယ် ... အဲဒါ အအေးဆုံးပဲ ...”

ဟင် ... မိန်းကကလေးတစ်ယောက်ထံမှ “ချစ်
ပါသည်”ဟူသော အဖြေကို မရမချင်း ထိုင်တောင်းနေသူ
တစ်ဦး၏ နှုတ်ထွက်စကားမှာ ဒါမျိုးဖြစ်ရမှာလား။

“ဒါပေမယ့် ခင်ဗျားမှတ်ထား ... သူချစ်ကိုယ်ချစ်က
တော့ အကောင်းဆုံးပေါ့ ... အဲဒါကိုမှ မရနိုင်ရင်
တော့ သူချစ်ပဲ ရှာပေတော့ ... ကိုယ်ချစ်က ပင်ပန်း

တယ် ... ရင်ပင်ပန်းတယ်ဗျာ ... အခု ကျွန်တော်ဆို စဉ်းစားနေပြီ ... တီတာကလည်း ကျွန်တော့်ကို ပြန်ချစ်ပါမယ်လို့မှ မသေချာတာလေ ... ကျွန်တော်အချစ်ကိုမကြည့်ပြီး သူချစ်တစ်ခုကိုပဲ မျက်စိစုံမှိတ်အေးအေးကလေး ရွေးချယ်လိုက်တော့ရင်များ ကောင်းမလားလို့ပါ ... ခင်ဗျား ဘယ်လိုထင်လဲ ...”

တီတာ ခေါင်းခါ ယမ်းပြလိုက်သည်။

“ရှင်က တီတာ စဉ်းစားရမှာ မဟုတ်တဲ့ ဟာတွေကို ချည်းပဲ တီတာ့ကို လာ,လာစဉ်းစားခိုင်းနေတယ်”

“ဒါကတော့ ခင်ဗျားက ကိုယ်စဉ်းစားသင့်တဲ့ အရာကိုလည်း စဉ်းမှ မစဉ်းစားတာ”

အင်း ... ဒါကမှ ချစ်ခွင့်တောင်းထားသူတစ်ယောက် ပြောရမယ့် ပုံမှန်စကား အသွားအလာဘက်သို့ နည်းနည်းပါးပါး ပြန်ရောက်လာသည်။

“ကျွန်တော် စိတ်ပြောင်းသွားပြီ၊ တီတီတာ ... လှလှလေးကို ကျွန်တော် သွားမတွေ့တော့ဘူး ... အဲဒါ ခင်ဗျားကြောင့်ပဲ ... ခင်ဗျားက စိတ်ကောင်းရှိတယ် ... ကျွန်တော်လေးစားပါတယ် ... ခင်ဗျားကြောင့် လှလှလေးတို့ လင်မယား ပြဿနာဖြစ်ရတာလို့ ခင်ဗျားထင်နေပြီး စိတ်မကောင်း ဖြစ်နေရင် ဒါနဲ့ချေလိုက်ပါ ... ကျွန်တော် လှလှလေးကို သွားမတွေ့တော့တာဟာ ခင်ဗျားပြောပေးလို့ပါ ... ခင်ဗျားစကားကို နားထောင်ပြီး ကျွန်တော် သွားမတွေ့တော့တာ”



ကြယ်စင်က တီတာ့ကို စကား ဆက်မပြောတော့ပေ ...။ သူ့ဘက်က အကြာကြီး တိတ်သွားလျှင် ကိုယ့်ဘက်မှလည်း ဘာကိုရှာကြံပြီး ပြောရမလဲ မသိတော့သော တီတာကလည်း နှုတ်ပိတ်ပိတ်သာ နေလိုက်မိပါတော့သည်။ နှုတ်ဖျားက စကားမဆိုဖြစ်တော့သောအခါ ရင်ထဲမှာပဲ တနံ့နံ့နှင့် စကားပေါင်းများစွာကို ဆက်ဆိုနေဖြစ်သည်။ အတွေးထဲမှာပဲ စကားလုံးပေါင်း များစွာကို ဆက်သီနေဖြစ်သည်။

တီတာတော့ သူငယ်ချင်းများနှင့် ပြတ်ခဲ့ကြရပြီလား မသိ ...။ ဒါဟာ တန်ရဲ့လား ...။ ဒီလို တွေးမိလျှင်တော့ တီတာက ငိုချင်လာမိလိမ့်မည်။ သူ့ကို အတည်ပေါက်ကြီး စွပ်လိုစွပ်ရွဲ့ လုပ်နေကြတာတွေအတွက် တီတာက ပြန်လှန်ခံငြင်းရင်းက တီတာနှင့် သူငယ်ချင်းမများက ပြတ်သလိုစဲသလို ဖြစ်ခဲ့ကြရခြင်း မဟုတ်လား။ ဒါဟာ သူ့ကို တီတာ့ဘက်က ချစ်နေမိလို့တော့ (ယခုအချိန်အထိ) မဖြစ်နိုင်ပါ။

သို့သော် “ချစ်နေမိလို့”ဆိုရင်တော့ တီတာ့အဖို့ ကောင်းကောင်းကြီးကို ကွဲပြီ ...။ သူဟာ သူချစ်ကိုပဲ ရွေးတော့မည်။ ဦးစောသွယ်ကြီးရဲ့ စကားကိုသာ နာခံတော့မည် ... မာလာသွယ်ကိုပဲ ပြန်လက်တွဲဖြစ်တော့မည်လို့ ခုပဲ ကြေညာသွားပြီးခဲ့လေပြီ ...။ တီတာက ဘာဆက်လုပ်ရတော့မှာလဲ ...။ တီတာဟာ တကယ့်ကို ဘာမှန်းမသိကြီး ဖြစ်နေပြီ ...။

သူ့စကား အသွားအလာအရ ... အခုအချိန်မှာ တီတာကသာ အဖြေပေးလိုက်ပြီ ဆိုရင်တော့ သူဟာ မာလာ

သွယ့်ကို မရွေးချယ်တော့ပါဘူး ဆိုတဲ့ သဘောမျိုးတော့ ပါနေသည်။ ဒါဆိုရင် သူ့ဟာက ဘာသဘောလဲ ... ခြိမ်းခြောက်ချင်တာလား ...။ တီတာကသာ သူ့ကို တကယ်ပဲ ချစ်နေမိပါပြီ ဆိုရင်တော့ သူဒီလို ခြိမ်းခြောက်လိုက်ပြီဆိုတဲ့ အခါမှာ သူ့ကို လွှတ်ထွက်သွားမှာ စိုးစိတ်နဲ့ ချက်ချင်းလက်ငင်းကို ခေါင်းပြန်ညိတ်ချ လိုက်မိမှာပေါ့ ...။ ခုတော့ ဒါမျိုးကိုလည်း တီတာက မလုပ်နိုင်ပါ။

တီတာဟာ ကိုယ့်ကိုကိုယ် ဘာမှန်းမသိသေးဘဲ ယောင်တောင်ပေါင်တောင် အဖြစ်မျိုးကြီးနဲ့တော့ လူတစ်ယောက်ကို ခေါင်းညိတ်ပစ်လိုက်လို့ ဘယ်ဖြစ်လိမ့်မှာလဲ ...။ အစပထမ လုပ်ရမှာက ကိုယ့်ကိုယ်ကို သိဖို့ ...။ ကိုယ့်ရင်ထဲက အစစ်အမှန်ဆုံး ခံစားချက်ကို ကိုယ်နားလည်သဘောပေါက်ဖို့ ...။

"တီတီတာ ... ခင်ဗျား ဘာတွေ စဉ်းစားနေလဲ"

ကြယ်စင့်ထံမှ အသံ ပြန်ထွက်လာပါသည်။

"ခင်ဗျားရဲ့ ခင်ပွန်းလောင်းကိုရော ခင်ဗျား ခေါင်းထဲထည့် စဉ်းစားပေးနေသလား တီတီတာ ..."

"ခင်ဗျားရဲ့ ခင်ပွန်းလောင်း ... ခင်ဗျားရဲ့ ခင်ပွန်းလောင်းနဲ့ စကားထဲ ထည့်,ထည့်ပြီး ပြောမနေပါနဲ့ ကြယ်စင် ..."

"ဟာ ... ဒါ ခင်ဗျား နှုတ်ကပဲ ထွက်ပြထားတာလေ"

"ဒါပေမယ့် ကြယ်စင်တောင်မှ ခုချိန်မှာ သူချစ်ကိုပဲ



ရွေးချယ်ရင် ကောင်းမလားလို့ စဉ်းစားနေသေးတာပဲ၊ တီတာလည်း သူ့ကို တီတာ့ရဲ့ ခင်ပွန်းလောင်းအဖြစ် သတ်မှတ်ချင်မှ သတ်မှတ်တော့မှာပေါ့ ... တီတာကကျတော့ သူချစ်ကို မမက်ရတော့ဘူးလား ကြယ်စင်ရဲ့၊ ကြယ်စင်တို့တောင်မှ စေ့စပ်ထားကြရက်နဲ့ ယူဖြစ်ဖို့ကို ခုထက်ထိမှ မသေချာသေးဘဲ ..."

"အဲဒါ သူချစ်• မဟုတ်ဘူးလား ..."

"သွေးရှူးသွေးတန်း ထဖြစ်တာမျိုးကို တီတာက သူချစ်လို့ သတ်မှတ်သင့်သလား ... ဟုတ်လား ..."

"တီတီတာ ... ခင်ဗျားနဲ့လိုက်တဲ့ စကားပုံတစ်ခုရှိတယ်ဗျ ... ခင်ဗျားသိသလား ..."

ပြောပြီး ပြုံးစေ့စေ့ လုပ်နေလျှင်တော့ ထိုစကားပုံဟာ ဘယ်နည်းနဲ့မှ အကောင်းမဖြစ်နိုင်ဘူး ဆိုတာကို တီတာက ရိပ်မိပါသည်။ ဒါကြောင့်မို့ပင် ... "မသိချင်ပါဘူး" ဟု မြန်မြန်ပြန်ဖြေလိုက်သည့် ကြားကပင် သူကလည်း အတင်းကြီးပင် ...

"ဟိုဟာလေဗျာ ... ဘာမပါရင် ဘာကိုတောင်မှ စားမယ်ဆိုလား ... မိန်းမတွေကို တင်စားကြတာလေ ... အဲဒါ မိန်းမတိုင်းတော့ ဟုတ်မယ်မထင်ပါဘူး ... ခင်ဗျားကိုတော့ ကျွန်တော် စိတ်မချဘူးဗျာ ... ခင်ဗျားကတော့ ဒီပုံအတိုင်းဆို စားမှာပဲ ... သေချာတယ် ... မစင်တုံး ပြေးစားမိတဲ့ ဘဝမျိုးအထိ ဖြစ်သွားလိမ့်မယ် ..."

တီတာက ဒေါသဖြစ်လွန်းသဖြင့် ကားဒက်ရှ်ဘုတ်ကို လက်သီးနှင့် တဒုန်းဒုန်းမြည်အောင် ထုနက်ပစ်လိုက်ပါသည်။ အမှန်က သူ့ကိုသာ တစ်ဆုံးတစ်စ လုပ်ပစ်ချင်တာ ... သူ့သွားလုပ်နေရင် မိန်းကလေးဖြစ်ရက် ကိုယ်ကပဲ သူ့ကိုစပြီး ထိရာရောက်ဦးတော့မည်။ ဒီတော့ တစ်ခုခုကိုလည်း လုပ်လိုက်ရမှ ... ကိုယ့်အသားလည်း နာသွားမှ အေးမည်။ ကြယ်စင်ကတော့ တီတာ့ရဲ့ အထုအနက် ... အသံမြည်မြည်များကိုလည်း စိတ်ဝင်စားပုံမရ ... ဘာမှဖြစ်ပုံလည်း မရ ...။

"ခင်ဗျား သူ့ကိုလည်း စဉ်းစားပေးလိုက်ပါ တီတီတာရယ် ... အော် ... ခင်ဗျား ခေါင်းထဲမှာ ကျွန်တော့်ကိုလည်း စဉ်းစားပေးနေတယ်နော် ... ရတယ် ... အပြိုင်စဉ်းစားပေးလိုက်ပေါ့ ... အပြိုင်လေ ... နောက်ဆုံးတစ်နေ့ကျရင်တော့ ခင်ဗျား ဘယ်သူ့ကို ရွေးသင့်သလဲဆိုတာ ခင်ဗျား အဖြေမှန် ပေါ်လာမှာပါ ... နာခေါင်းမပါရင် မစင်တောင် စားမယ်ဆိုတာ အလကား၊ ခင်ဗျားကို ကျွန်တော်က စတာပါ ... ခင်ဗျားမှာ ဦးနှောက် ရှိပါတယ် ... ကျွန်တော် သိပါတယ်"

ဘာတွေလဲ ... ဘာတွေလဲ ... ကိုယ့်ဟာနဲ့ကိုယ် ဘာမှန်းမသိနိုင်လို့ ဦးနှောက်ခြောက်နေရတဲ့ ကြားထဲ ... ဘာအဓိပ္ပာယ်မှန်းမသိ လုံးလည်ခြာလည်လိုက်နေသော သူ့စကားတွေက တစ်မျောက် ...။ မကြားဖူးပါဘူးနော် ... ကိုယ်ချစ်ခွင့် တောင်းထားတဲ့ မိန်းမကို ... တခြားတစ်ယောက်ကို



ပါ အပြိုင် ထည့်စဉ်းစားပေးလိုက်ဖို့ တိုက်တွန်းနားချနေတဲ့ ယောကျ်ားမျိုး ရှိတယ်ဆိုတာ ...။

"ရှင်က အချစ်ဆိုတာ တစ်ခုကို စိတ်ဝင်တစားနဲ့ ကိုယ့်ကို နှစ်နှစ်ကာကာချစ်တဲ့ ယောကျ်ားတစ်ယောက်ကို မျှော်လင့်နေမိတဲ့ အချိန်မှာ တိုက်တိုက်ဆိုင်ဆိုင်ဆိုသလိုပဲ ကိုယ့်ကိုချစ်ပါတယ်လို့ လာပြောတဲ့ ယောကျ်ားတစ်ယောက်ကလည်း ရှိနေတော့ သူ့ကိုဖမ်းပြီး ယုံကြည်လိုက်မိတာပါ ..." တဲ့ ...။

ကြယ်စင်ရေ ...။ ရှင့်ကြည့်ရတာ သဇင်ပြောသလိုပဲ တီတာ့ကို တကယ်မချစ်လှဘူးနဲ့ တူတယ်နော် ...။ ရှင့်ကို အကွက်ဆင်ပြီး ချောက်ချ လက်စားချေတာဆိုတာမျိုး အထိလောက်တော့ မစွပ်စွဲချင်ပေမယ့် ... ရှင် တီတာ့ကို တကယ်မချစ်ဘူးထင်တယ် ဆိုတာလောက်အထိတော့ တီတာလည်း တွေးမိလာပါပြီ။ ရှင် တကယ်သေချာမချစ်တဲ့ မိန်းမတစ်ယောက်က ရှင့်ကို ခေါင်းညိတ်လက်ခံပစ်လိုက်မှာ ရှင်မစိုးရိမ်ဘူးလား ...။ အော် ... သူကတော့ သူချစ်ကိုပဲ ရှာပါတော့မယ်လို့တောင်မှ ကြွေးကြော်ထားပြီးပြီပဲ ဥစ္စာလေ ...။

"ကြယ်စင် ... ရှင် တီတာ့ကို ဒီကြားထဲမှာ ဖုန်းလည်း မဆက်နဲ့ ... ဆက်လည်း မဆက်သွယ်နဲ့ဦး ..."

"ဘာဖြစ်လို့လဲ ... ဒါ ကျွန်တော့် စကားတွေကို စိတ်ဆိုးစိတ်ကောက်သွားပါတယ်ဆိုတဲ့ သဘောလား ..."

"မဟုတ်ပါဘူး ... ရှင့်ကို စိတ်မဆိုးတာတော့ မဟုတ်ဘူး ... ဆိုးတယ် ... ဒေါသထွက်တယ် ... ဒါပေမယ့်

ဖုန်းမဆက်ခိုင်းတာကတော့ အဲဒါကြောင့် မဟုတ်ဘူး၊ တီတာ့ကို တီတာသိဖို့ လိုသေးတယ် ကြယ်စင် … ရှင်နဲ့ ဖုန်းပြောနေသရွေ့ ကိုယ့်ဟာကိုယ်သိတဲ့ လူ တစ်ယောက် ဘယ်တော့မှ ဖြစ်လာတော့မှာ မဟုတ်ဘူး …"

တီတာရော ကြယ်စင်ပါ နောက်ဆုံးအကြိမ် အဖြစ် နှုတ်ပိတ်သွားကြပါတော့သည်။ တီတာ့အိမ် ပြန်ရောက်တော့ တီတာက ကြယ်စင့်ကို နှုတ်မဆက်တော့ဘဲ ကားပေါ်မှဆင်းချလာခဲ့သည်။ တီတာတို့ ခြံရှေ့မှာပဲ သူ့ကားကို အကြာကြီး ဆက်ရပ်ထားကာ ကြယ်စင်က တီတာ့အိမ်ထဲထိ လှမ်းကြည့်နေသေးသည်။ ဆယ့်ငါးမိနစ် … မိနစ်နှစ်ဆယ်လောက် ရှိလောက်မှ ကြယ်စင်က တီတာ့အိမ်ရှေ့က ပြန်ထွက်သွားခဲ့လေသည်။

❀❀

"နင် ငါ့မိဘတွေကို ဘာသွားပြောသလဲ …"

မောင်းမောင်းက ဗလာကြီး လာကောသော တီတာ့ကို မြေကြီးပေါ် ဆောင့်ကြောင့်ထိုင်ရက် အနေအထားမှ မော့ကြည့်လိုက်ပါသည်။

"ဘာပြောလို့လဲဟ …"

"နင် မေမေတို့ကို ကြယ်စင့်အကြောင်းတွေ ပြောပြတယ်ဆို …"



မောင်းမောင်းက သူကိုင်ကြည့်နေသည့် သစ်ပင်လေးကို မြေကြီးပေါ် အသာချထားလိုက်ပြီး ထိုင်ရာမှ ထရပ်လိုက်ပါသည်။ ပြီးလျှင် သူတို့ခြံထဲက ခုံဝိုင်းတွေဆီ လက်ညှိုးထိုးပြလိုက်ပြီး သူကိုယ်တိုင်လည်း အဲဒီခုံဝိုင်းများဆီသို့ လှမ်းလျှောက်သွား၏။

"ဟော့ … နင်နဲ့ငါ အေးအေးဆေးဆေး စကားစမြည်လေးတွေ ထိုင်ပြောနေကြဖို့ ငါလာတာ မဟုတ်ဘူး"

"လာပါ တီတာရယ် … နင့်မှာ ဒေါသတွေ ထွက်နေရတာနဲ့ပဲ မငြိမ်းချမ်းနိုင်တာလည်း ကြာပါပြီ …"

"ဘာပြောတယ် …"

"နင် သာဇင်တို့ လှလေးတို့နဲ့လည်း မခေါ်ဘူး … ဟို တစ်ယောက်နဲ့လည်း လုံးဝစကားမပြောတော့ဘူးလို့ ငါ စုံစမ်းသိရှိထားတယ် …"

"ဘယ်ကလဲ … နင့်ကို ဘယ်သူပြောလဲ …"

"နင်တို့အိမ်က ကောင်မလေးပဲ … သွားဆူမနေနဲ့ဦး … ငါက လှည့်ပတ်ပြီး အကွက်ဆင်ပြီး မေးကြည့်လို့ … သူ့ခမျာ သူ့ဘာသာသူ ဖြေမိမှန်းမသိဘဲနဲ့ကို ဖြေနေမိတာ …"

"တောက်"

"ဒေါသတွေ ကြီးမနေပါနဲ့ဆိုဟာ … ဟော … အခုလည်း နင့်ကြည့်ရတာ အန်တီတို့နဲ့ပါ ရန်ဖြစ်လာပြီနဲ့တူတယ် …"

"အဲဒါ နင့်ကြောင့် မဟုတ်လား … နင်သွားပြီး စိတ်

ပုပ်ယုတ်မာထားတာလေ … နင်မလိမ်နဲ့ … နင်မေမေတို့ကို ကြယ်စင့်အကြောင်းတွေ သွားပြောထားတယ်”

“ဟုတ်ပါတယ် … ငါမလိမ်ပါဘူး တီတာရဲ့ … ငါပြောပါတယ် …”

“ဟင် … အဲဒါ ဘာလုပ်တာလဲ … အစုတ်ပလုတ် … စိတ်ပုပ်ယုတ်မာ … ယောက်ျားဖြစ်ပြီး ဂုံးချောသွေးထိုး”

“ဝတ္ထုတွေ ရုပ်ရှင်တွေထဲမှာတော့ မိဘသဘောတူသူဆိုတာ ဒီလိုပဲ လူဆိုးကြီး အခန်းကပဲ နေရတာပဲ … မိဘသဘောတူတဲ့လူက ဂုံးချောသွေးထိုးပေးမှ မိဘတွေကလည်း မြန်မြန်သိပြီး သမီးကို သူတို့သဘောတူတဲ့လူနဲ့ ကြောက်လန့်တကြား မြန်မြန်ကြီး ပေးစားပစ်တော့တာပဲ …”

“နင် ရှုးသလိုလို ပေါသလိုလို လုပ်မနေစမ်းနဲ့ မောင်းမောင်း”

“တီတာ … ငါ အကောင်းပြောမယ်”

မောင်းမောင်းက ဒီတစ်ခါမှာတော့ ရတ်တည်တည်နှင့် …။

“နင့်ကြည့်ရတာ အမှားအမှန်မသိ … ကိုယ့်ကိုကိုယ်လည်း ဘာမှန်းမသိဘဲ မှားမှန်းမသိ မှားနေတော့မယ့်ပုံပဲ … သဇင်တို့နဲ့လည်း ရန်ဖြစ်လာခဲ့ပြီးပြီဆိုတော့ နင့်ကို ပြောမယ့်လူ ထိန်းမယ့်လူ ဘယ်သူမှ မရှိတော့ဘူး … ပြောလည်း နင်ကမရပါဘူး … အန်တီတို့ကိုတော့ ငါမပြောလည်း သဇင်တို့က ပြောမှာပဲတဲ့ …



နင်နဲ့ နင့်သူငယ်ချင်းတွေ ဒီထက်ဒီ စိတ်နာကုန်ကြရမှာ ငါ မဖြစ်စေချင်ပါဘူးဟာ … သူတို့က နင့်အပေါ် သိပ်ကောင်းကြတာ … သူတို့နဲ့ နင်နဲ့ ပြတ်ကုန်လို့ မဖြစ်ပါဘူး … ဒီတော့ ငါပဲ လူဆိုးကြီး ဝင်လုပ်လိုက်တယ် …”

“အော် … နင်ကတော့ စိတ်ဆိုးရင်လည်းဆိုး … အပြတ်ခံနိုင်တယ် … ကိစ္စမရှိဘူး … အေးဆေးပဲ … ဒီလိုလား …”

“ဘာပဲဖြစ်ဖြစ် … ငါ ဒီလမ်းကိုပဲ မျက်စိမှိတ်ပြီးတော့ ရွေးချယ်ရတော့မှာပဲ”

တီတာက ခုံဝိုင်းတစ်လုံးထက်မှာ ဝင်ထိုင်ချလိုက်ကာ မျက်စိကိုပါ မှိတ်ထားလိုက်ပါသည်။ တီတာ့ နားထဲမှာ … မေမေနှင့် ပြောဖြစ်ခဲ့ရတာတွေကို ပြန်ကြားယောင်နေသည်။

“မောင်းမောင်းကို မေမေတို့ဘက်က မဖြစ်မနေ ယူရမယ်ဆိုတာထက် သမီးကိုယ်တိုင်က လက်ခံသဘောတူပြီး ခေါင်းညိတ်ခဲ့တာ တီတာ … အဲဒီအချိန်မှာ သမီးမှာ ချစ်သူရည်းစားရယ်လို့လည်း မရှိသေးဘူး …။ အေး … ဒါပေမယ့် ခုမှ ထပေါ်လာပြီး … တီတာတော့ ဒုက္ခရောက်တော့မယ် … ဘယ်လိုလုပ်ကြမလဲဆိုတဲ့ အဖြစ်အပျက်မျိုးဟာလည်း လုံးဝကို ထပ်ဖြစ်မလာရတော့ဘူး … ဖြစ်လာပြီ ဆိုရင်တော့ ဒါ သမီးအမှားပဲ မေမေတို့ လုံးဝ လက်မခံနိုင်ဘူး …

ပြီးတော့ အခု ကောင်ကလေးဟာ တစ်ချိန်က လှလေးရဲ့ ကောင်ကလေးဆို ... မိုက်လိုက်တာ သမီးရယ် ... ခုလည်းပဲ လှလေးတို့ အိမ်ထောင်ရေးဟာ ဗရုတ်ဗရက်နဲ့ ဘာဆက်ဖြစ်ကြဦးမလဲ မသိဘူး ... သမီးမှာ ခေါင်းမရှိဘူးလား ... မေမေတော့ သမီးကိုယ်စား ရှက်တာနဲ့ လဲကောင်သေပစ်လိုက်ချင်တယ်"

"သမီးနဲ့ ကြယ်စင်နဲ့ဟာ ချစ်သူတွေလည်း မဟုတ်ကြပါဘူး မေမေ ..."

"ဟုတ်လို့လည်း မရပါဘူး ... ခုပဲ အဆက်အသွယ်ဖြတ်ပါ ... သားရှင်မိဘဖြစ်တဲ့ မောင်းမောင်းတို့အဖေအမေတွေကို မေမေကာပ်စပြီး အောက်ကျို့ပြီး ပြောရတော့မှာပဲ ... သမီးတို့ ကိစ္စကို အချိန်ဆွဲမထားချင်တော့ပါဘူး ... အမြန်ဆုံး စီစဉ်ပေးကြရအောင်ပါလို့"

"မေမေ ... မေမေ ... အဲဒီလိုတော့ မလုပ်ပါနဲ့ မေမေရယ် ..."

"မရဘူး ... သမီးကို မေမေ တစ်သက်လုံး စိတ်ချလာခဲ့တာ ဒီတစ်ခါတော့ စိတ်ကိုမချဘူး ... မေမေတို့ရဲ့ စိတ်ချမှုတွေကို သမီးက အလွဲသုံးစား လုပ်သလိုလုပ်ပစ်ခဲ့ပြီးပြီ ... မလုပ်သင့် မလုပ်ထိုက်တာတွေကို အဲဒီစိတ်ချယုံကြည်မှုကိုပဲ အခွင့်ကောင်းယူပြီး လုပ်ခဲ့တဲ့ သမီးကိုမှ ဆက်စိတ်ချနေသေးရင် ဒီကိစ္စမှာ မိဘတွေဘက်က အမှားပဲ ဖြစ်တော့မယ် ..."

"မေမေ ... အိမ်ထောင်ရေး တစ်ခုမှာ အသေးအမွှား



လေးတွေကအစ ... အကြီးကြီးတွေအထိ သည်းမခံချင်စရာ ညှိလို့မရနိုင်စရာတွေ အများကြီးပဲ ကြုံရနိုင်တယ်ဆို ... အဲဒါတွေကို အချစ်မပါဘဲ ဖြတ်သန်းရရင် ... လူ့ရောစိတ်ပါ ဒုက္ခတွင်းထဲ ရောက်ရသလိုပဲဆို မေမေရယ် ..."

"မောင်းမောင်းက သမီးကို ချစ်သားပဲ ..."

"ဟင့်အင်း ... ဟင့်အင်း မေမေရယ် ... အဲဒါ သူညာတာ ..."

"ဟဲ့ ... ဘာကိစ္စ ညာနေရဦးမှာလဲ၊ ဒီမိန်းမတစ်ယောက်ကို မိဘသဘောတူလို့ ... သူကလည်း လက်ခံနိုင်လို့ သူယူကိုယူတော့မယ့် ကိစ္စမှာ ... ဒီအတိုင်းပဲ လက်ထပ်လိုက်ရင်လည်း ရတာပဲ ... ဘာမှထပြီး ချစ်သလေး ကြိုက်သလေးနဲ့ ထညာနေစရာ မလိုပါဘူး ..."

"အဲဒီလိုမှ မညာရင် သမီးက သူ့ကို မယူတော့မှာစိုးတာကို မေမေရဲ့ ညာမှာပေါ့"

"အဲဒါဆိုရင်လည်း သမီးကို သူ လိုလားတယ် လိုချင်တယ်ဆိုတာ ရှင်းနေတာပဲ"

"ဒါပေမယ့် သမီးက 'လိုချင်တယ်' ဆိုတာကြီးကိုမှ မကြိုက်တာ ... သမီးရဲ့ ဆန္ဒက 'အချစ်'ပဲ ... အချစ်ရှိကိုရှိရမယ် ..."

"အို့အေ ... ရှုပ်နေတာပဲ ... မရဘူး တီတီဘာ ... ညည်း ရုတ်ရုတ် ... ရုတ်ရုတ်တော့ မလုပ်နဲ့ ... မေမေ့အကြောင်း သမီးသိပါတယ် ... အေးအေးဆေးဆေး

ငြိမ်းငြိမ်းချမ်းချမ်းနဲ့ မောင်းမောင်းကို ယူဖို့ပြင်ထား"

"အဲဒီလို ဖွတ်အတင်း အိမ်ထောင်ရေးမျိုးကို သမီးက အမုန်းဆုံးပဲ ..."

"ဘာဖွတ်အဝင်းမှ မဟုတ်ဘူး ... ဒီကလေးကို ညည်း ကိုယ်တိုင် ခေါင်းမညိတ်ထားရင် မေမေတို့က လည်း ဘာမှ ပြောစရာ မရှိဘူး ... အဲဒီတုန်းကတော့ ကောင်းပြီကောင်းရဲ့နဲ့ ခုမှ အသစ်ပေါ်လာလို့ ခေါင်း ညိတ်ထားတာကို ဖျက်ပါတယ်ဆိုတာကတော့ ဒါညည်း မိဘတွေရဲ့ အရှက်ကို သက်သက် ခွဲချင်တာပဲ ...

မောင်းမောင်းကို ခေါင်းညိတ်ထားတာ မရှိရင် တောင်မှ ဟိုရှုပ်တီး၊ ရှုပ်ယှက်ကောင်မျိုးလေးနဲ့တော့ ကိုယ့်သမီးကို ဘယ်တော့မှ သဘောမတူဘူး ..."

"ဒါဖြင့် သမီး ကြယ်စင်နဲ့ အဆက်အသွယ် ဆက် မလုပ်တော့ရင်ကော ... မောင်းမောင်းနဲ့ စီစဉ်မှာကို မေမေတို့ ရပ်ထားမလား ... ဖျက်ပေးမလား ..."

မေမေက တစ်ချက်တော့ တွေတွေဝေဝေ ဖြစ် သွားပြီးမှ ...

"ပြောပြီး ဆိုပြီးသား ကိစ္စတစ်ခုကို ဖျက်ဖို့ဆိုတာ သူ့မျက်နှာ ကိုယ့်မျက်နှာ ထောက်ထားစရာ ကိစ္စတွေ အများကြီး ရှိသေးတယ် ..."

"အဲဒီမျက်နှာတွေကို ထောက်နေရမှာနဲ့ အိမ်ထောင် ရေးတစ်ခုကို မှားပြီး တည်ဆောက်မိမှာနဲ့တော့ မလဲ နိုင်ပါဘူး မေမေရယ် ..."



"ညည်းတို့ချင်း ညှိကြည့်ကြဦး ..."

မေမေက သူ့ခေါင်းပေါ် ရောက်လာတော့မည့် ပြဿနာကို ကလေးချင်း ပြန်ညှိစေသည့် နည်းနှင့် အစားထိုး ပုတ်ချပစ်လိုက်ပါသည်။

"နင့်ကို ငါ လုံးဝ မယူနိုင်ဘူး မောင်းမောင်း"

တီတာက ရုတ်တရက် မျက်စိကို ပြန်ဖွင့်ကာ ပြောချလိုက်ပါသည်။ ကိုယ့်မျက်လုံးကို အဖွင့်မှာ ကိုယ့်ကို တရှိုက်မက်မက် ထိုင်ငေးနေခဲ့သည့် မောင်းမောင်း၏ မျက် ဝန်းများနှင့် သွားဆုံသဖြင့် လူက အူကြောင်ကြောင်နှင့် ရှက် ရမလို ... ဘာလိုလို ဖြစ်လိုက်ရသေး၏။ ကိုယ့်ဟာနဲ့ကိုယ်... ဟန်ကို ပြန်ဆယ်လိုက်နိုင်ချိန်မှာတော့ မောင်းမောင်းထံ ဖုံးခွဲ သလို မြည်ဟီးတုန်ခါစေမည့် စကားကို တီတာက ပြောပြီးရက်သား ဖြစ်နေပြီ ...။

"ဘာဖြစ်တယ် ... ဘယ်လို ... ဘယ်လို ..."

"နင့်ကိုငါ လုံးဝမယူနိုင်ဘူး"

"ဘာလဲ ... အဲဒါ နင့်ကို ချစ်တယ်လို့ ပြောထားတဲ့ ငါ့အတွက် အဖြေပဲလား"

"ဟုတ်တယ် ... အဲဒီလိုပဲ သတ်မှတ်လိုက်တော့"

"တီတာ"

"နင် ဘာမှထပ်မပြောနဲ့ဟာ့ ... မယူဘူးဆို မယူဘူး၊ ဒါ အပြီးပဲ ... ဒါပေမယ့် နင့်ကို ငါခင်ပါတယ် ... ငါ တို့နှစ်ယောက် သူငယ်ချင်းလိုပဲ ဆက်ခင်သွားကြမယ် ... နင်လည်း နင်ကြိုက်တဲ့မိန်းမကို နင်ယူ ... ငါလည်း ..."

"ငါကြိုက်တဲ့ မိန်းမက-နင်ပဲ"

"မဖြစ်နိုင်ဘူး မောင်းမောင်း ... နင် ... နင့်ကိုနင် ဘာမှမသိသေးတဲ့ လူတစ်ယောက် ဖြစ်နေပြီ ... သူငယ်ချင်း မိန်းကလေးတစ်ယောက်ကို ခင်တာ ... သင့်တော်လို့ လက်ထပ်ယူချင်တာဟာ အချစ်မဟုတ်ဘူး ..."

"ဒါပေမယ့် ငါက ချစ်ကိုချစ်တာလေ ... နင့်ကို ငါ ဖွင့်ပြောပြီးပြီ ... အခု လက်ရှိက ဘောင်းဆိုထားတာ တီတာ ..."

တီတာက ခေါင်းခါယမ်းပြလိုက်သည်။

"နင့်အမေနဲ့ ငါ့အမေတောင် ခေါင်းချင်းရိုက်နေပြီ တီတာ ..."

"အဲဒါ နင်ရအောင် ငြင်းလေ ..."

"ဘာလို့ ငြင်းရမှာလဲ ... ငါက လိုချင်တဲ့လူပဲ ..."

"မလိုချင်နဲ့ဟာ ..."

တီတာက ကျုံးအော်ပစ်လိုက်သည်။

"မှားလို့ ... မှားလို့ ... လိုချင်တာ မဟုတ်ဘူး ... ချစ်တာ ... နင့်ကို မရရင် ငါမဖြစ်နိုင်တော့လောက် အောင် မြတ်မြတ်နိုးနိုးနဲ့ ချစ်တာပါဟာ ... နင်ကလည်း စကားမှားတောင် မခံဘူး"

သို့သော် မရရင်မဖြစ်တော့ဘူးဆိုတဲ့ မောင်းမောင်းရဲ့ မျက်လုံးများဟာ ရယ်ရွှင်ရိပ်နဲ့ နှုတ်ဖျားကတော့ ပြုံးစေ့စေ့ ...။



"နင် ရယ်နေတယ်"

"ဟောဗျာ ... ရယ်တာလည်း အပြစ်ဖြစ်ရပြန်ပြီ ... ဟုတ်တယ် ... ရယ်တယ်ဟာ ဒါမျိုးတွေကို ပြောနေရတာ ဘယ်လောက် ရယ်ဖို့ကောင်းထားလဲ တီတာ ရယ် ... လူတစ်ယောက်ကို ကိုယ်က ချစ်နေရင် ... ချစ်လှချေရဲ့ ... သေပါတော့မယ် ... ကျေပါတော့မယ် လို့ လိုက်ပြောနေမှ အချစ်လားဟာ ... အဲဒါတွေကို မရယ်ဘဲနဲ့ မပြောနိုင်ပေမယ့်လည်း တကယ့်နှလုံးသား ထဲမှာတော့ အချစ်ဆိုတာ ရှိနေနိုင်တာ ... နင်မယုံ ဘူးလား"

"ယုံကို မယုံတာ"

"သဖင်ကတော့ ပြောတယ်"

"ဘာတဲ့လဲ"

မောင်းမောင်းက တီတာ့ကို ပြုံးစေစေ့နှင့် လာ ကြည့်နေပြန်သည်။

"ကဲ ... ပြောမှာလား ... မပြောဘူးလား ... လာကြည့် မနေနဲ့ ... စိတ်မရှည်ဘူး ..."

"မဟုတ်ပါဘူး ... သူပြောတာ မှန်သလားလို့ ငါကိုယ် တိုင် ဆန်းစစ်ကြည့်နေတာပါ ... သဖင်က ပြောတယ် တီတာက နင့်ကို ချစ်နေတယ် မောင်းမောင်းတဲ့ ..."

"သွားသေပါလား"

တီတာ အရမ်း ဒေါပွသွားရပါတော့သည်။ သဖင် ... သဖင် ...။ တစ်ယောက်နဲ့တစ်ယောက် ရန်ဖြစ်

ထားကြပြီး စကားမပြော ... မခေါ်ကြတာကို အခွင့်ကောင်း ယူကာ ပြန်လည်ချေပနိုင်မည့်သူ မရှိသော တစ်ဘက်သတ် စကားတွေကို ဘာလို့ ဆိုချင်ရတာလဲမသိ ...။ အရူးပြောရင် အရူးယုံပေါ့ ... တောက် ...။

"လှလေးတုန်းကလည်း အဲဒီအတိုင်းပဲ ... တစ်ပုံစံ တည်းပဲတဲ့ ..."

"တောက် ... ဒါ ... အဲဒီမိန်းမ သက်သက်မယ့် ငါ့ အရှက်ကို ခွဲတာ ..."

"ဟုတ် ... ဟုတ်တယ် ... မဟုတ် ... မဟုတ်ဘူးပေါ့။ နင့် အရှက်က ဘာလို့ ကွဲရမှာလဲ ..."

"မဟုတ်ဘူး ... မဟုတ်ဘူး ... မဟုတ်ဘူး ... မဟုတ် ဘူး ..."

"ဒါပေမယ့် ငါကတော့ ဟုတ်တယ်လို့ ထင်တယ်"

"နင် ဘယ်လိုဖြစ်နေလဲ ..."

"ဘယ်လိုမှ မဖြစ်ဘူး ... ငါထင်တာကို ငါပြောတာ ... နင်နဲ့ငါမှာ ... ငါကလည်း နင့်ကိုချစ်တယ် ... နင်က လည်း ငါ့ကိုချစ်တယ် ... ပြီးပြီ ... အရူးထတာတွေ ဦးနှောက်ချောင်တာတွေ ... စိတ်ရူးပေါက် စိတ်လေတာ တွေ ဘာမှဝင်လာခွင့် မရှိ ...။ တစ်ယောက်အချစ်ကို တစ်ယောက်က သိတယ် ... နားလည်တယ် ... ငါဒီ တိုင်းပဲ ငါ့အမေကို ပြောပြလိုက်ပြီ ... မေမေကလည်း ဒါဆိုပြီးပြီတဲ့ ... လာမယ့် ... သီတင်းကျွတ်ကျရင် ငါ တို့ကိစ္စကို ဆောင်ရွက်လိုက်ရုံပဲတဲ့ ..."



"နင် ... နင် ... နင် ငါ့ကို ဒီလို အတင်းအကျပ်လုပ် လို့ မရဘူးနော် ... ငါ့မိဘတောင် ငါ့ကို အတင်း အကျပ်လုပ်လို့ မရဘူး ... နင်က ဘာမို့လဲ ... နင် လုပ်ရဲလုပ်ကြည့်"

"ချစ်သူချင်း လက်ထပ်ကြမှာ ဘာအတင်းအကျပ်လဲ"

"အရူး ..."

"နင်သာရူးတာ ... နင့်ကို ငါတစ်သက်လုံး လက်တွဲ ကျတဲ့ မိန်းကလေးတစ်ယောက်လို့ပဲထင်ခဲ့တာ ... နင် ဘယ်အချိန်ကစပြီး ရူးသွားလဲ ... ငါ မသိလိုက်ဘူး..."

"ငါ မရူးဘူး ... နင့်ကိုလည်း မချစ်ဘူး ... နင်သာ အရူး ... ကိုယ်တကယ်လည်း မယုံကြည်တဲ့ အရာတွေ ကို ပါးစပ်ပါတိုင်း လျှောက်ပြောနေတဲ့ အရူး ... နင် လည်း ငါ့ကိုမချစ်ဘူး ... ငါလည်း နင့်ကို မချစ်ဘူး... အဲဒါကို နင်သိသိကြီးနဲ့ မျက်စိမှိတ်ပြီး ဇွတ်ပြောနေ တာ နင် မရှက်ဘူးလား ... နင် ယောက်ျားမဟုတ် ဘူးလား ..."

မောင်းမောင်းက စိတ်ပျက်လက်ပျက်နှင့် ထိုင်ရာ မှ ထရပ်လိုက်သည်။

"တီတာရယ် ..."

"ဘာမှ လာပြောမနေနဲ့ ... နင့်ကို ငါ ဘယ်တုန်းက ချစ်လို့လဲ ... နင့်ကိုငါ ဘယ်တုန်းကမှ မချစ်ဘူး ... နင်လည်း ငါ့ကို ချစ်မှမချစ်တာ ... ငါကလည်း ဘာ လို့များ ချစ်ရမှာလဲ ... နင် အဲဒီလို ငါကတော့

ယောက်ျားပဲဆိုပြီး ... အနိုင်နဲ့ပိုင်းပြီး အထက်စီးကနေ ပြောမယ် မကြံနဲ့ ... ငါ့အကြောင်း နင်သိသွားမယ်... နင့်အမေရော ငါ့အမေရော ... အားလုံးခေါ်ပြီး အားလုံးရှေ့မှာ မျက်နှာစုံညီ ပြောချပစ်လိုက်ရမယ် ... ဒါမှအေးမှာ ... နို့မို့ဆိုရင် ကိုယ့်ကိုကိုယ် အထင်ကြီးနေတဲ့ နင့်လုပ်ရပ်တွေက ရပ်တန်းက ရပ်မယ့်ပုံ မရှိဘူး ...

ဘေးနားကနေ မြှောက်ထိုးပင့်ကော်နဲ့ ဘာမှန်းမသိ ဝင်ပြီး အာမဘာနွှေ ခံနေတဲ့ မိန်းမမျိုးကလည်း ရှိသေးတယ် ...”

“နေ ... နေပါဦးဟာ ... အမေတွေ ဘာတွေခေါ်ပြီး တော့တော့ လျှောက်မပြောပါနဲ့ ... လူကြီးတွေကိုသွားပြီး ဆွဲမထည့်ပါနဲ့ ...”

“နင့်အလှည့်တုန်းကကျတော့ နင်က ဘာဖြစ်လို့ အမေတွေကိုပါ ဆွဲထည့်ခဲ့သလဲ”

တီတာကား တကယ့် အရူးမလေးတစ်ယောက်လိုပင် ဖြစ်နေပါသည်။ တီတာ့ရဲ့ အတွင်းစိတ်ကို သံချွန်ချိတ်ကောက်တစ်ခုနှင့် ထိုးပေါက်နှိုက်ဆွလိုက်သလို လုပ်လိုက်မိသော မောင်းမောင်းမှာ သူအသုံးပြုလိုက်သည့် ချိတ်ကောက်မှာ လိုအပ်တာထက် ပိုချွန်ပိုကြီးပြီး အနာတစ်ခုကို အချိန်မတန်သေးခင် သွားဆွလိုက်မိသလိုတော့ ဖြစ်ပြီဆိုတာကိုပါ သဘောပေါက်လိုက်မိပါသည်။

“တီတာ ... တီတာ ... ဘာမှမဖြစ်ဘူး ... အေးအေးဆေးဆေးကွာ ... ထိုင်ဦး ... ပြန်ထိုင် ... ဟုတ်ပြီလား...



အေးဆေးပြောကြမယ် ... နင် သိပ်ဒေါသထွက်နေပြီ... ငါမှားပါတယ် ... လုံးဝတောင်းပန်တယ် ... ငါမှားတယ် ...”

“နင်ဖယ်စမ်း ... ငါ့လက်ကို လာမကိုင်နဲ့ ...”

“နင်က ပြန်ထိုင်ဦးလေ ... အေး ... ဟုတ်ပြီ ...”

“နင် ... နင့် အမေရော ... ငါ့အမေရောကိုပါ ခုချက်ချင်း ပြန်ပြောပေး ...”

“အေး ... ပြောပေးမယ် ... ပြောပေးမယ် ...”

“ချစ်တာ ကြိုက်တာတွေရော ... လက်ထပ်မယ်ဆိုတာရော ... တစ်ခုမှ မဟုတ်ဘူးဆိုတာကို ပြန်ပြော ...”

မောင်းမောင်းက သက်ပြင်းတို့နှင့်အတူ ... “ကောင်းပြီကွာ ...”ဟု ပြောလိုက်သည်။ တောက်လျှောက်တစ်ဟုန်ထိုး စိတ်တိုနေခဲ့သော တီတာ့ မျက်နှာကလေးကို လှမ်းကြည့်နေသော မောင်းမောင်းရဲ့ အကြည့်တို့ကတော့ စိတ်မကောင်းဟန်များဖြင့် ပြည့်နှက်လျက် ရှိပါသည်။ အဲဒီစိတ်မကောင်းဟန်ကိုပဲ တီတာကလည်း အသည်းထဲက တစစ်စစ်နှင့် နေအောင်ပင် တူးခါးနေရသည်။ ခုနက ... “ငါတော့ အပိုင်ပဲ ... ဒီမိန်းမကတော့ ငါ့ကို ကျိတ်ချစ်နေတာပဲ ...” ဟု အပိုင်ကြီး အထက်စီးက ပြောချပစ်တုန်းကကျတော့ ဒီမျက်နှာမျိုးလား ...။

“ပြီးတော့ နင် ငါ့မျက်စိရှေ့မှောက်ကို လုံးဝရောက်မလာနဲ့တော့ ... နင့်ကို ငါ မြင်ပါ မမြင်ချင်ဘူး ... ရှင်းလား ...”

"တီတာ ... အဲဒီလောက် အထိကြီးကတော့ နင် သိပ် တစ်ဘက်သတ် ဆန်နေလိမ့်မယ်"

"ဆန် ... ဆန် ... ငါ့ကို မမြင်မတွေ့ရလို့လည်း နင် ဘာမှ မဖြစ်ပါဘူး ... အဲဒီလိုပဲ ... နင့်ကို မမြင်ရ လည်း ငါလည်း ဘာမှမဖြစ်ဘူး ... နင်က သူငယ်ချင်း လိုဆက်ပေါင်းထားချင်လို့ တောင်မှ မရတော့လောက် အောင် ကိုယ့်ကိုကိုယ် အထင်ကြီးပြီး ဘဝင်မြင့်နေတဲ့ ယောကျ်ားမျိုးပဲ ...

အေး ... နင့်ပြဿနာ နင်ပြန်ရှင်းပေးထားနော်၊ နင်မပြောရင် ... နင့်မျက်နှာကို မမြင်ချင်ပေမယ့် နင့် အိမ်အထိ ငါရောက်လာပြီး နင့်အမေကို ငါကိုယ်တိုင် ပဲလာပြောရလိမ့်မယ် ..."

တီတာက မောင်းမောင်းရှေ့မှ ချာခနဲလှည့်ပြီး ထွက်ပြေးလာခဲ့ပါတော့သည်။ တီတာတော့ ဘာတွေဖြစ်ကုန် ပြီလဲလဲ မသိတော့။ ဘယ်လိုနတ်ဆိုးတစ်ကောင်များ တီတာ့ ကို ရုတ်တရက် ဝင်ပူးလိုက်ပါလိမ့် ...။ အေးအေးချမ်းချမ်း နဲ့ ... မိဘသဘောတူသော အိမ်ထောင်ရေးတစ်ခုကို တည် ဆောက်ယူတော့မယ့် တီတာဟာ ဘာ့ကြောင့်များ ခုလောက် ထိ အခြေအနေတွေ ပျက်ပြားဆိုးဝါးကုန်အောင် စိတ်ဖောက် သောင်းကျန်းပစ်လိုက်မိတာပါလိမ့် ...။

တီတာဟာ ဘယ်အချိန်လောက်ကများ "အချစ်" တစ်ခုကို ဒီလောက် တရှိုက်မက်မက် လိုလားတောင့်တနေ ပါလိမ့်။ ဘယ်အချိန်လောက်ကများ အဲဒီ အချစ်ဆိုတဲ့



အရာဟာ တီတာ့ရဲ့ ရင်ထဲကို ခိုဝင်နေရောက်ရှိ အမြစ်တွယ် ပြီး ဖြစ်နေရတာပါလိမ့် ...။ အရင်ကတော့ "မောင်းမောင်း လည်း ကိုယ့်ကို ချစ်လာရင် ကောင်းမယ် ... ကိုယ်ကလည်း သူ့ကို ချစ်ဖြစ်အောင် ကြိုးစားရမယ်" ဒီလောက်ပဲ ရိုးသား သော ပုံမှန်အတွေးမျိုးပဲ ရှိခဲ့တာ ...။ အခုတော့ ဘာတွေ ဖြစ်ကုန်ပါပြီလဲ ...။ တီတာဟာ တကယ်ပဲ မောင်းမောင်း ကို မယူချင်တော့တာလား ...။

တီတာ့ ရင်ထဲ ဦးနှောက်ထဲကို ခိုးဝင်ပြီး နှုတ် ဖျားကိုပါ စီးထားလေတော့တဲ့ နတ်ဆိုးဟာ ဘယ်သူလဲ ...။ ကြယ်စင်များ ဖြစ်နေမလား ...။ အို ... ဒီလိုတော့လည်း လူ တစ်ဘက်သားကို မစွပ်စွဲကောင်းပါ ...။ အရာရာဟာ ကိုယ် လုပ်လို့ကိုယ်ဖြစ်တာ ... ကိုယ့်ကြောင့်ချည်းသာ ...။ တကယ် တော့ ဒါမျိုးတွေ တီတာ မဖြစ်ချင်ပါဘူး ... တီတာက အချစ်ကိုပဲ လိုလားတာ ...။ ခုတော့ အမုန်းတွေ၊ ပြတ်စဲခြင်း တွေနဲ့ပဲ အဖော်ပြုလိုက်ရပြီ ...။ ဘာလို့များ ပြောင်းပြန် ဖောက်ထိုးတွေ ဖြစ်ကုန်ရတာလဲ ...။

ခုဆိုရင် အားလုံးရဲ့ အမြင်မှာကျတော့ တီတာ ပဲ မကောင်း ...။ အားလုံးနဲ့လည်း ရန်ဖြစ်အဆက်ဖြတ်ထား ရတဲ့ ကိုယ့်တစ်ယောက်တည်း ... ကြောင်အ,ကျန်ရစ်ကြီး လုံးလုံး ဖြစ်နေရပါပြီတည်း ...။

မာလာသွယ် ရောက်လာသောအခါမှာ မေမေ့မျက်နှာက ခပ်ပျက်ပျက်နှင့် မကြည်လင်သလို ဖြစ်နေလေသည်။ မေမေဟာ မာလာသွယ်နှင့် ကြယ်စင်တို့ကို ခွဲခြားပြီး " မြင်ပေးနိုင်ခြင်း မရှိပေ ...။ ဒီနှစ်ယောက်သားဟာ တီတာ့ရဲ့ အေးချမ်းသော ဘဝတစ်ခုကို နှောက်လိုနှောက်ယှက်လာလုပ်နေကြတာပဲ ... ဟု မေမေက မြင်သည်။ မြင်လည်း မြင်ချင်စရာပါ ...။ ခုဆိုရင် တီတာဟာ သူငယ်ချင်းတွေနဲ့ရော ... အိမ်သား မိသားစုတွေနဲ့ရော ..., မောင်းမောင်းတို့နဲ့ပါ အားလုံးနှင့် ရန်ဖြစ် ... အဆက်ဖြတ်ထားကာ တစ်ကိုယ်တည်း အထီးကျန်ကြီးပဲ ဖြစ်နေခဲ့ပြီ မဟုတ်လား ...။

အမှန်ကတော့ တီတာကသာ အားလုံးကို အဆက်ဖြတ် လိုက်ရန်ဖြစ်ခဲ့တာပါ။ ဒါပေမယ့်လည်း မေမေကတော့ အမေဆိုတော့ကာ ကိုယ့်သမီးအပြစ်ထက် ... ဒင်းတို့တွေရဲ့ ပယောဂမကင်းလို့သာ ဒါမျိုး ကမောက်ကမတွေ လျှောက်ဖြစ်ကုန်ရတာ ... ဟုသာ မြင်သည်ပေါ့ ...။

မာလာသွယ်က မေမေ့ မျက်နှာထား သိပ်မကြည်လှတာကို သိပုံရပါသည်။ သူ့ခမျာလည်း လာသာလာရ ... အိမ်ရှင်က မကြည်လင်ဘူးဆိုတော့ ရှိုးတိုးရှန့်တန့်နှင့် တစ်မျိုးလေး ဖြစ်နေရှာလေသည်။ ခါတိုင်းဆို သဇင်တို့ပဲဖြစ်ဖြစ် တခြား တီတာ့ မိတ်ဆွေသူငယ်ချင်း ... ညီအစ်မဝမ်းကွဲတွေပဲ



ဖြစ်ဖြစ် တီတာ့ထံ အိမ်လည်ရောက်လာရင် ဘယ်တော့မှ အနားနားမှာ မနေဘဲ ... "လူကြီးအလုပ်မရှိဘူး ... ကလေးတွေချင်းပဲ လွတ်လွတ်လပ်လပ် ပြောကြပါစေ"ဟု အမြဲရှောင်နေလေ့ရှိသော မေမေက ... ဒီတစ်ခါမှာတော့ တီတာတို့ အနားမှာ တရစ်ဝဲဝဲ ...။ "ဘာတွေ ဘယ်လိုပြောပြီး ကြယ်စင်နဲ့ တီတာ့ကို အောင်သွယ် အဆက်အသွယ် လုပ်ပေးဦးမှာလဲ"ဟု စိုးရိမ်နေဟန် ရှိလေသည်။

တစ်သက်လုံး လွတ်လွတ်လပ်လပ်သာ ရှိခဲ့ရသော တီတာ့မှာ ကျဉ်းကျပ် မလွတ်လပ်လိုက်သည် ဖြစ်ခြင်း ...။

"မာလာ ... တို့ကို ကြယ်စင်ကပြောတယ် ... မာလာ့ ဖေဖေနဲ့ သူနဲ့ ငြိမ်းချမ်းရေး ပြန်ရသွားကြပြီတဲ့ ..."

တီတာက မေမေကြားအောင် တမင်ပင် ပြောလိုက်ပါသည်။

"ဟုတ်တယ် မတီတီတာ ... ခု ဖေဖေနဲ့ ကြယ်စင်တို့ ပူးပူးတွဲတွဲနဲ့ စပ်တူဖြစ်နေကြပြန်ပြီ ..."

"မာလာ့ ဖေဖေရဲ့ ခွင့်လွှတ်တတ်ပုံကလည်း ထူးဆန်းတယ်နော် ..."

"သူက ကြယ်စင့်ကို ဘာကြိုက်မှန်းမသိ ကြိုက်နေတယ် ..."

"သူ့သမီးလိုပဲ နေမှာပေါ့ ..."

တီတာက ပြုံးစစနှင့် နောက်လိုက်သည်တွင် မာလာ့ မျက်နှာပေးက အနည်းငယ်လေး ညှိုးသွားရှာပါသည်။

မာလာ စိတ်မကောင်းမှာမျိုးတော့ တီတာက မဖြစ်စေချင်မိပါ။ မာလာဟာ ကိုယ့်အပေါ်မှာ အကောင်းကြီး မဟုတ်ဘူးဆိုရင်တောင် မဆိုးရှာဘူး မဟုတ်လား ...။ ဒီတော့ မာလာ့အတွက်ရော ... ပြီးတော့ မမေပါ ကြားအောင် တစ်ချက်ခုတ် နှစ်ချက်ပြတ် သဘောနှင့် ...

"တို့ကို ကြယ်စင်က ပြောတယ် ... မာလာ့ ဖေဖေက သူနဲ့ မာလာတို့ကိစ္စကို ပြန်စီစဉ်တယ်တဲ့ ... အဲဒါ သူ လက်ခံလိုက်တော့မယ်လို့ ပြောတယ် ..."

မာလာ့ မျက်လုံးလေး ပြူးထွက်သွားလေသည်။ မလှမ်းမကမ်း ဧည့်ခန်းထဲမှာပဲ တရစ်ဝဲဝဲရှိနေသည့် မေမေ့ကို မသိမသာလေး ခိုးကြည့်လိုက်ကာ "အဲလိုပဲ ပြောလို့လား"ဟု တီးတိုးဆိုလျှင်တော့ တီတာ့မှာ မာလာ့ကို သနားမိသလိုလေးတောင် ဖြစ်သွားရပါတော့သည်။ မေမေကတော့ တမင်အသံကျယ်ကျယ်နှင့် (အော်ပြောနေသလိုတောင်) ဖြစ်နေသော သူ့သမီးရဲ့ စကားသံအကြောင်းကိုလည်း သဘောပေါက်လိုက်ပုံ ...။ သူ့ကို ခိုးကြည့် အကဲခတ်လိုက်သော မာလာ့ပုံစံကိုလည်း ရိပ်မိလိုက်ပုံနှင့် ရှာဖွေလုပ်နေသည့် အလုပ်ကို လက်စသပ်လိုက်ကာ နောက်ဘက်ထဲသို့ ဝင်သွားပါတော့သည်။

သမီးဖြစ်သူကို စိုးရိမ်စိတ်တွေ ကြီးပြီး ဒီလိုဝင်စပ်စုစွက်ဖက် နေရသော်လည်း အလေ့အကျင့်ကလည်းမရှိရှာတာရယ် ... နဂိုစိတ်ရင်းခံကိုက သားသမီးရဲ့ ကိစ္စထဲ အဲဒီလို အတင်းကြီး လိုက်ချုပ်ချယ်နေရမှာမျိုးကို မကြိုက်တတ်ခဲ့တာရယ်တို့နှင့် မေမေ့ခမျာ ... လုပ်သာလုပ်နေရ



သူ့ဘာသာလည်း မနေတတ် မထိုင်တတ် ဖြစ်နေဟန် ရှိပါသည်။ မေမေ ထွက်သွားတော့မှ မာလာက ...

"သူက အဲဒီလို တကယ်မပြောဘူး မဟုတ်လား ... အန်တီကြားအောင် တမင်ပြောလိုက်တာ မဟုတ်လား"

"အော် ... မာလာရယ် ... တကယ်ပါ ... တကယ်ပြောတာပါ ... မဟုတ်ဘဲနဲ့တော့ တီတာက ဒီစကားမျိုးကြီးကို ကိုယ့်ကိစ္စတစ်ခုတည်းအတွက် ခုတုံးလုပ်ပြီး မပြောပါဘူး ..."

"ဟင် ... သိပ်အံ့သြစရာ ကောင်းတာပဲ ... မဖြစ်နိုင်ပါဘူး ... သူဘာတွေ လျှောက်လုပ်ပြန်ဦးမလို့လဲ မသိဘူး ... ဟိုအရင်တစ်ခါလည်း ဟုတ်လည်းမဟုတ်ဘဲနဲ့ ရည်းစားငါးယောက်တွေ ဘာတွေ လျှောက်ပြောကတည်းက မာလာက မသင်္ကာတာ ... ဟော ... ပြီးလည်းပြီးရော မတီတီတာကို သူချစ်တယ်လို့ ဖြစ်တာပဲ ...

အခုကျတော့ သူဟာ မတီတီတာကိုပဲ ဆက်ပြီး ကြိုးစားနေလိမ့်မယ်ပဲ ထင်တာ ... သူက ဖေဖေ့စကားကိုပဲ လက်ခံဦးမတဲ့ ... မာလာလေ သိပ်မောတာပဲ၊ ပြီးတော့ သိပ်ပြီးလည်း ဦးနှောက်ခြောက်တာပဲ ... မာလာက သူ့ကို နားမလည်ဘူး မဟုတ်ဘူး နားလည်ပါတယ် ... ဒါပေမယ့် သူ့ရှေ့ကနေ ပေါက်ကရလျှောက်လျှောက်လုပ်သမျှကို နောက်ကနေ တရစပ်လိုက်ပြီး တွက်ချက်ကြည့်ပြီးမှ နားလည်ရသလို ဖြစ်နေတယ်... အဲဒါကြောင့် မောတယ်လို့ ပြောတာ ... တကယ်

မောတယ် ...”

“ဒါဖြင့် ခုကော အဲလိုပြောတာ ဘာ့ကြောင့်ဖြစ်နိုင်မလဲ ... စဉ်းစားလို့ ရလား ...”

“မသိသေးဘူး ... အဲဒီလိုသာ ပြောတာပါ ... သူ့ကြည့်လိုက်ရင်တော့ ဒီအိမ်နားမှာချည်းပဲဟာ ... ကဲ... အဲဒါနဲ့တောင် ...”

“ဟင် ...”

တီတာ လုံးဝမသိသည့် ကိစ္စမို့ အံ့ရမ်းကို အံ့သြသွားရပါသည်။

“မတီတီတာ မသိဘူးလား ...”

“ဟင့်အင်း ... တို့နဲ့သူ အဆက်အသွယ်မှ မရှိဘဲ ... အပြင်မှာတွေ့ဖို့ဝေးလို့ ဖုန်းနဲ့တောင် မတွေ့ဖြစ်ကြဘူး ... သူ့ကို ဖုန်းပါမဆက်ပါနဲ့လို့ ပြောထားတယ်”

“အန်တီတို့က ဖုန်းပေးမပြောဘူးလား ...”

“မဟုတ်ပါဘူး ... တို့ဘာသာတို့ပါ ... မသိဘူး ... အဲဒီလို နေကြည့်ချင်နေတယ် ...”

မာလာက တီတာ့ကို စိုက်စိုက်ကလေး ကြည့်ပြီး အကဲခတ်နေပါသည်။ တီတာကတော့ တွေ့ခွင့်လည်း မပေး ... ဖုန်းပါ မဆက်နဲ့တော့ဟု ဆိုသော အချိန်တွင် တီတာတောင်မှ မသိစေရဘဲ တီတာ့ရဲ့ အိမ်နားသို့ အမြဲရောက်နေသည်ဆိုသော အဖြစ်အပျက်အတွက် အဆန်းတကြယ်ကြီးနှင့် ရင်ခုန်ရမလိုပင် ဖြစ်လာပြန်ပါတော့သည်။ ဒါဟာ ဘာသဘောလဲ ...။ ဒီအဖြစ်အပျက်ဟာ “သူ တီတာ့ကို လုံးဝမချစ်ပါဘူး”ဟု ဆိုနေကြသော သူတွေအတွက်ပါ ထူးဆန်းစရာ ဖြစ်မနေသေးဘူးလား ...။ ဒါကို သိလိုက်ရရင်ကော သူတို့တွေက ဘာများ ပြောချင်ကြဦးမလဲ ...။



“သူဘာလာလုပ်နေတာလဲ မမာလာ ...”

“မသိဘူး ... သူဘာလုပ်လုပ် မာလာက ပြန်သိတာချည်းပဲဆိုတော့ ... ခု သူဒီနားတစ်ဝိုက်မှာ ကားတစ်စီးနဲ့ ရောက်ရောက်နေတာ မာလာသိတယ် ... တစ်ချို့နေ့တွေ ဒီအိမ်ရှေ့နားမှာတင် အကြာကြီး ရပ်ထားပြီး ကားပေါ်မှာပဲ ငုတ်တုတ်ထိုင်နေတတ်တာ မာလာသိတယ် ... ဒါပေမယ့် အဲဒါ ဘာ့ကြောင့်လဲ မာလာ မသိပါဘူး ...”

“သိပါလား မာလာရယ် ... ရှင် သူ့အကြောင်းကို နားလည်တယ်ဆို ... ရှင်အသိဆုံးဆို ... ဒီတစ်ခုကျမှ ကွက်ပြီးမသိတော့ ဖြစ်မနေပါနဲ့ ... နည်းနည်းလောက် စဉ်းစားပေးစမ်းပါ ...”

မာလာက ပါးစပ်ကလေးဟကာ တီတာ့ကို အံ့သြသလို ကြည့်နေပြီးမှ ... “တီတာ သူ့ကိုချစ်လို့လား ... မာလာ့လို သတ္တိရှိရှိနဲ့ ... ကြယ်စင့်ကို ချစ်တယ်လို့ ဝန်ခံရဲလို့လားဟင်”ဟု ခပ်တိုးတိုး ဆိုလေသည်။ တီတာက ငြင်းဆိုခြင်း မမည်သည့် ခေါင်းခါခြင်းမျိုးနှင့် မာလာ့ကို ခေါင်းခါယမ်းပြလိုက်ပါသည် ...။ ကြယ်စင့်ကို အရာရာ နားလည်နိုင်ပါသည်ဆိုသော မာလာက တီတာ့ကိုတော့ နားမလည်နိုင်ပုံနှင့်ပဲ ဖြစ်နေကာ ...

"မာလာ မှန်းကို မှန်းကြည့်ရမယ်ဆိုရင်တော့ နှစ်ချက်ရှိတယ် ...။ ပထမတစ်ချက်က သူ့ရဲ့လက်စားချေတဲ့ အစီအစဉ်ကို သူ မစွန့်လွှတ်နိုင်သေးဘူး ... ဒီလောက်နဲ့တင် မပြီးလိုက်နိုင်သေးဘူး ... လှလှလေးနဲ့ ဦးမျိုးမင်းတို့က အပြီးမကွဲကြသေးဘူးလေ"

"လာပြန်ပြီတစ်ယောက်" ဟု တီတာက ဒေါသထွက်သွားမိရသည်။ လူတွေဘယ်လိုဖြစ်နေကြလဲ ... ကြယ်စင်က တီတာ့ကို ချစ်သည် ဆိုခြင်းသည် လှလေးကို လက်စားချေတာပါဟုချည်း တညီတညွတ်တည်း ခံယူနေကြတာ ... စိတ်ပျက်စရာပင် ကောင်းသေးတော့ ...။

"မမာလာကို တို့ပြောကြည့်ရဦးမယ် ... ဒါ ခံငြင်းတာ ပြိုင်ငြင်းတာ မဟုတ်ဘူးနော် ... ဆွေးနွေးကြည့်တာ... အဲဒီလို ငြင်းမိလို့ ရှိသမျှ သူငယ်ချင်းတွေနဲ့လည်း ပြတ်ခဲ့ရပြီ ... မာလာနဲ့တော့ ထပ်ပြီး ရန်မဖြစ်ချင်တော့ဘူး ... ဒါပေမယ့် ပြောတော့ ပြောကြည့်ချင်သေးတယ် ... ကြယ်စင်က တို့ကို ချစ်တယ်ဆိုတာဟာ ... တကယ် မဟုတ်ခဲ့ရင် ... သူ တမင်ပြောတာဆိုရင် တကယ်တမ်း ထိခိုက်မှာက တို့ကိုပါ ... လှလေး မဟုတ်ပါဘူး ...

တို့နဲ့ ကြယ်စင်နဲ့မှာ ဘာရန်ငြိုးမှ မရှိဘူး ... ဘာရန်ငြိုးမှ မရှိတဲ့ လူတစ်ယောက် ထိခိုက်အောင်တော့ သူက လုပ်ပါ့မလား ... အဓိပ္ပာယ်မရှိဘူး ဖြစ်နေတယ် ..."



"မလှလှလေးဟာ မတီတီတာကို ထိရင်မခံဘူး ... သူ့ဆီရောက်လာမှာ သူသိတယ်လေ ... ဒါသွယ်ဝိုက်တဲ့နည်းကို သုံးတာ ... သူမှန်းတဲ့တွက်တဲ့အတိုင်းလည်း ဖြစ်လာခဲ့ပြီးပြီပဲ ... အဆုံးစွန်အထိသာ မဖြစ်သေးတာ ... အဲဒါကြောင့် သူသိပ်ပြီး စိတ်ကျေနပ်မှု မရသေးတာလည်း ဖြစ်နိုင်တယ် ..."

"ကြယ်စင်နဲ့ ပတ်သက်လို့ မာလာတို့ ထွက်တဲ့လေသံတွေဟာ အားလုံး တစ်ပုံစံတည်း ဖြစ်နေတယ် ... ညှိထားကြသလိုပဲ ..."

"မညှိထားပါဘူး မတီတီတာ ... ဒါ ဖြစ်နိုင်ချေအများဆုံးရှိတဲ့ အမြင်မှန်မို့ပါ ..."

"ဒါဖြင့် တို့ကတော့ အမြင်မှားပေါ့ ..."

"မာလာတို့တွေက ဒီကိစ္စမှာ ဘေးလူဖြစ်နေတယ်လေ ... ကာယကံရှင် မဟုတ်တဲ့ လူတွေက တစ်ခါတလေ ပိုပြီး မှန်မှန်မြင်တတ်တယ်ဆိုတာ မတီတီတာ လက်ခံလား ..."

လက်မခံလို့ မဖြစ်ပါ ... လှလေးတုန်းက တီတာက ပိုပြီးအမှန်မြင်ခဲ့သည်ဟု တီတာပဲ ထင်ခဲ့မိသေးသည်လေ ...။

"ကြယ်စင်ဟာ အဓိပ္ပာယ်မရှိတဲ့ ကိစ္စမျိုးကို ဘယ်တော့မှ မလုပ်ဖူးဘူး မတီတီတာ ... ဥပမာဆိုရင် ... သူ့မှာ ဘယ်တုန်းကမှ ရည်းစားဟောင်း ငါးယောက်လည်း မရှိဘဲနဲ့ ရှိတယ်လို့ ပြောခဲ့တာဟာ သူ့မှာ အကြံ

အစည်တစ်ခုခု ရှိနေလို့ဆိုတာ တွက်နိုင်တယ် ...”

“မာလာက မရှိဘူး ဆိုပေမယ့် တကယ်ရှိရင်လည်း ရှိခဲ့မှာပေါ့ ...”

“မရှိပါဘူး မတီတီတာရယ် ... တကယ်ပါ ... ဒါလုပ်ဇာတ်ပါ ...”

“တို့တော့ ဒါမျိုး လုပ်ဇာတ်ကို တစ်ခါမှ မကြားဖူးဘူး ... မိန်းကလေးတစ်ယောက်ကို ရည်းစားစကား ပြောတော့မယ်ဆိုရင် ဟိုးအရင်က ‘ကိုယ့်မှာ အတိတ်ဇာတ်လမ်းတွေ တစ်ပုံကြီး ရှိခဲ့ရက်နဲ့ မရှိပါဘူးလို့ လိမ်လည်တတ်ကြတာမျိုးပဲ ကြားဖူးတယ် ... အဲဒါဟာ မကောင်းဘူး ဆိုပေမယ့် အဲဒါကမှ အဓိပ္ပာယ်ရှိသေးတယ် ... မရှိခဲ့ဘဲနဲ့ ရှိတယ်လို့ ပြောတာကတော့ ဘာလဲ ... လုံးဝအဓိပ္ပာယ်မရှိဘူး ...”

“ဘာအဓိပ္ပာယ်လည်းဆိုတော့ မလှလှလေးနဲ့ ကိစ္စ ပြတ်ခဲ့တာ သုံးလလောက်ပဲ ရှိသေးတဲ့ အချိန်မှာ မလှလှလေးရဲ့ သူငယ်ချင်းကို သူချစ်စကား ထပ်ပြောရတော့မယ်လေ ... ပုံမှန်အတိုင်းပဲကြည့်ရင် ဒါအတော်မသင့်တော်တဲ့ လုပ်ရပ်မျိုး ဖြစ်မနေဘူးလား ... အဲဒီမှာ သူက စကားခံလိုက်တယ် ... သူဟာ အဲဒီလိုပဲ တစ်ယောက်ပြီး တစ်ယောက်ရဲ့ အဖြတ်တွေကို ခံခဲ့ရတဲ့အခါမှာ ... ဖြတ်သွားတဲ့ တစ်ယောက်ကို နာကြည်းပြီး လက်စားချေချင်စိတ် ပေါ်မလာအောင် နောက်တစ်ယောက်ကို သူ့ရင်ထဲ မြန်မြန်ထပ်ထည့်လိုက်ရ



တယ် ဆိုတာမျိုး ... ဒါပေမယ့် အဲဒီနောက်တစ်ယောက်ကိုလည်း သူတကယ်ပဲ ချစ်မိပြန်တာပါပဲ ဆိုတာမျိုး ...

အဲဒီလို စကားခံပြီး ... သူဟာ ဒီလိုပဲ ရှိတတ်ပါလား ... သနားစရာ ကောင်းပါလားလို့ ထင်ပြီး ယုံရလောက်မယ့် အချိန်ကျမှ မတီတီတာကို ဖွင့်ပြောလိုက်တော့ မတီတီတာရဲ့ စိတ်မှာ ကိုယ်မတိုင်ခင် သုံးလလောက်ကပဲ ကိုယ့်သူငယ်ချင်းနဲ့ ပြတ်ထားပါလား ... ဒီလို ထပ်မပြောသင့်ပါလား ... ဒီလူရဲ့ အကျင့်ဟာ အတော်ဆိုးပါလား ... ဆိုတာထက် သူဟာ နာကြည်းမုန်းမျက်စိတ်တွေ ဝင်မလာရအောင် နူးညံ့သိမ်မွေ့တဲ့ အချစ်တစ်ခုကို ထပ်ထပ် ထည့်နိုင်လိုက်တဲ့ လူတစ်ယောက်အနေနဲ့ပဲ မြင်တော့တယ်လေ။ ဒါ အစားထိုးတာလည်း မဟုတ်ပါဘူး ... သူတကယ်ပဲ နှစ်နှစ်ကာကာ ချစ်မိပြန်တာပါလို့လဲ သူ့ကိုမြင်သွားတော့တာပေါ့ ...။ သူဟာ တကယ်ပဲ ပညာသားပါပါတယ် မတီတီတာရယ် ... ကိုယ်ချစ်ရတဲ့သူ တစ်ယောက်ကို ဒါမျိုးတွေ နှိမ့်ချပြောပြီး အပြစ်မြင်နေရတဲ့ ဘဝကို မာလာ တကယ်ပဲ စိတ်လည်း နာမိပါရဲ့ ...”

အင်း ... သူဟာ ဘယ်လိုအချိန်၊ ဘယ်လိုနေရာ၊ ဘယ်သူ့ရှေ့မှာမဆို ကြယ်စင်ကို ချစ်တယ်ဆိုတဲ့ စကားကို ဖွင့်ပြောရဲတဲ့ သတ္တိကတော့မလျော့ ... အမြဲတမ်း အပြည့် ... အားကျစရာ ...။ တီတာ ဆိုရင် ကိုယ့်အဖြစ်ကိုယ် အဲဒီလို

လည်း ရှင်းရှင်းပြတ်ပြတ် မမြင်တတ် ... ရဲရဲတင်းတင်း ဖွင့်ပြောရဲဖို့ကတော့ ဝေးရော ...။

"သူဟာ အကွက်ချတတ်တယ်ဆိုတဲ့ နောက်ဥပမာ တစ်ခုကို ပေးဦးမယ် ... သူ့ရဲ့ဒိုင်ယာရီကို သူပျောက်သွားတုန်းမှာ မာလာရလိုက်တာဟာလည်း ခုမှပြန်စဉ်းစားမိတော့ ဒါ သူ့ရဲ့အကွက်တစ်ကွက်ပါပဲ ... မတီတီတာပဲ စဉ်းစားကြည့်ပါ ... အရာရာကို အလေးအနက်ထားတတ်တဲ့ သူ့လိုလူ တစ်ယောက်ဟာ ... ကိုယ့်ရဲ့ လျှို့ဝှက်ချက် ... ခံစားချက်တွေ အပြည့်ပါနေခဲ့တဲ့ ဒိုင်ယာရီလိုဟာမျိုးကို တစ်နေရာရာမှာ မေ့ပြီး အမှုမဲ့ အမှတ်မဲ့ ချန်ရစ်ခဲ့မိတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား ... လုံးဝမဟုတ်ဘူး ... သူဟာ အဲဒီဒိုင်ယာရီကို မာလာ ရကိုရသွားစေချင်တယ် ...

မာလာ ရသွားရင် ငြိမ်မနေမှာ သူသိတယ်လေ ... အဲဒီအချိန်မှာ ဖေဖေနဲ့လည်း ပြဿနာဖြစ်တယ် ... မလှလှလေးနဲ့လည်း ပြတ်တယ် ... သူပျောက်သွားတယ် ... မာလာ ဘယ်လိုလုပ် ငြိမ်ငြိမ်လေးနေ,နေနိုင်မှာလဲ ... သူ သိကို သိတယ် ... မာလာတော့ မလှလှလေးဆီ ရောက်ကိုရောက်သွားမှာပဲဆိုတာကို...။ သူက အကွက်ချတော်ပေမယ့် မာလာကလွဲပြီး မတီတီတာဆီပဲ ရောက်လာတယ် ... နောက်ဆုံးကျတော့ သူ့ အကွက်တွေထဲ မတီတီတာပါ ဘုမသိ ဘမသိနဲ့ ပါလာရတော့တယ် ..."



"မာလာ့ အထင်နဲ့ မာလာကတော့ သိပ်ပြီး အကွက်စေ့တာပဲ ..."

မာလာသွယ်က "ဘယ်လိုပြောပြော သဘောမပေါက်ပါလား" ဟူသည့် ပုံစံနှင့် တီတာ့ကို စိတ်မောသလို ကြည့်လိုက်သည်။

"ကဲ ... ကဲ ... သူဒီအိမ်ရှေ့ကို ရောက်,ရောက်ဖြစ်နေတဲ့ကိစ္စ ... မာလာ့ကို တို့ မှန်းခိုင်းထားတာ ပထမ အချက်ဆိုတာပဲ သိရသေးတယ် ... နောက်အချက် ရှိသေးရင် ပြောပြဦး ..."

မာလာက ခပ်မြန်မြန်ပင် ...

"နောက်တစ်ချက်ကတော့ သူ့ဘာသာ အကွက်ချနေရင်း ချနေရင်းကပဲ ... စိတ်ဓာတ်က ရိုးသားရှင်းလင်းပြီး သူ့ဘက်က ပါမှန်းမသိ ပါနေမိတဲ့ မတီတီတာကို သူ တကယ်ချစ်သွားပြီ ..."

ဘယ်သူတစ်ဦးတစ်ယောက်ဆီကမှ မကြားဖူးသော စကားမျိုးမို့ တီတာက မာလာသွယ့်ကို အငေးသားလေးပင် ကြည့်လိုက်မိပါသည်။

"သူ ဒီအိမ်ရှေ့မှာလာပြီး အပင်ပန်းခံနေတာကို မတီတီတာကိုတောင် မသိစေဘူးဆိုတော့ သူတကယ် ချစ်သွားမိတာမျိုးလည်း အများကြီး ဖြစ်နိုင်ချေ ရှိသွားပြီ ... အင်း ... ဒါဆို သူက ဘာလို့ ဖေဖေ့စကားကို နားထောင်မယ်လို့ ပြောလဲ ... ဟုတ်ပြီ ... ဒါက ဒီလို ဖြစ်နိုင်တယ် ... သူ တကယ်ချစ်သွားမိတဲ့ အခါကျ

တော့ မတီတီတာကို သူဒုက္ခပေးမိသလို ဆက်ဖြစ်နေရမှာမျိုး သူထပ်မလုပ်ချင်တော့ဘူး ... သူ့နဲ့ ပတ်သက်သရွေ့ မတီတီတာ ငြိမ်းချမ်းမှာ မဟုတ်ဘူးလို့ သူတွက်ပြီး ... မတီတီတာကို ချစ်မိတာလေး တစ်ခုတည်းနဲ့ပဲ လက်စားချေဖို့ အစီအစဉ်ကိုလည်း ရပ်တန့်၊ မတီတီတာကိုပါ ခွာထုတ်ပြီး ပေဖေ့စကားကိုပဲ ဖွတ်လက်ခံလိုက်ဖို့ သူကြံတာ ...”

“သူက သူချစ် ကိုယ်ချစ်ကို မရရင် သူချစ်ပဲ ရွေးတော့မယ်တဲ့ ...”

“အဲဒါလည်း ပွိုင့်ပဲ ... မတီတီတာ ကိုယ့်ကိုကိုယ်တောင် မသိတဲ့ အရာကို သူသိပုံရပါတယ် ... မတီတီတာဟာ သူ့ကို လုံးဝမချစ်ဘူး ... ချစ်လာမှာလည်း မဟုတ်ဘူး ... ဒါကို သူသိတယ် ... စွန့်လွှတ်လိုက်ပြီ ဆိုပေမယ့်လည်း ချစ်စိတ်ကိုတော့ ရုတ်တရက်ဖျောက်ထုတ်ပစ်လို့ ဘယ်ရနိုင်မလဲ ... နာကျင်မှုလည်း ပါမှာပါတာ ... မဟုတ်ဘူးလား မတီတီတာ ...”

“တို့ အခုမှ မေးဖို့ သတိရတယ် ... မာလာ တို့ဆီကို လာတာ ဘာကိစ္စလဲဟင် ...”

မာလာက ရှက်စနိုးနှင့် ပြုံးလိုက်ပါသည်။ သူ့အပြုံးမှာ ရှက်စနိုးစိတ်တို့ကြားထဲကပင် ရဲရင့်မှုတစ်ခုလည်း ပါဝင်နေသေးသည်ဟု တီတာ ထင်သည်။ မာလာ့လို ကိုယ့်စိတ်ကို ကိုယ်သိပြီး ရဲရင့်နေရတာမျိုး တီတာလည်း ဖြစ်ချင်ပါသည်။ သို့သော် ဖြစ်မလာချေ။



“မသဇင်တို့ မလှလှလေးတို့နဲ့ မတီတီတာ စကားများကြတာ မာလာသိတယ် ... ကိုမောင်းမောင်းကိုလည်း အပြတ်ငြင်းလိုက်ပြီဆိုလားပဲလေ ... အဲဒီမှာတင် ကြယ်စင့်ကို မတီတီတာ ခေါင်းညိတ်ချလိုက်မိမှာကို မာလာစိုးလာတယ် ... ကြယ်စင့်ဘက်က တကယ်ချစ်ရင် ... မတီတီတာကလည်း ပြန်ချစ်နိုင်ရင် ... နှစ်ဦးနှစ်ဖက် သဘောတူညီချက် ရသွားကြရမှာကို မာလာ မကြောက်ပါဘူး ...

မာလာက စိတ်ပုပ်တာ မဟုတ်ပါဘူး မတီတီတာ၊ ကိုယ်မရလိုက်ပေမယ့်လည်း ကျေနပ်နိုင်တဲ့ အခြေအနေတွေ ရှိပါတယ် ... စိတ်မပုပ်ပေမယ့် စိတ်တော့ပူတာတယ် ... အဲဒါကြောင့် လာတားတာ ... ကိုယ့်နဲ့မဆိုင်မှန်း သိပေမယ့် တားဖြစ်အောင် လာတားတာ ... ဒါပေမယ့် ခုတော့ တစ်မျိုးဖြစ်နေတယ် ... တကယ်လို့ ကြယ်စင့်ဘက်က တကယ်ချစ်သွားတာ မှန်ရင် မာလာ မတားတော့ဘူး ...”

“မာလာက သိမ်သဘောကျစရာ ကောင်းတာပဲ ...”

“ဒေါသတွေ ... လှည့်ဖြားမှု ... လက်စားချေမှုတွေ မပါဝင်မယ့် ပုံမှန်အခြေအနေမျိုးနဲ့ အေးအေးဆေးဆေး ဖြစ်သွားကြဖို့ဆိုရင် မတီတီတာနဲ့ ကြယ်စင်တို့ဘက်မှာ မာလာ အမြဲရှိနေမှာပါ ... ဒါပေမယ့် တစ်ခုခုဆိုရင်တော့ မတီတီတာ မာလာ့ကို စိတ်မဆိုးပါနဲ့လို့ပဲ မာလာ ကြိုပြောထားချင်တာပဲ ...”

မာလာသွယ် ပြန်သွားသောအခါမှာ မေမေ့မျက်နှာဟာ မနက်ကထက် ပိုပြီးတင်းမာခက်ထန်စွာ ကျန်ရစ်ပါသည်။ မာလာနဲ့ တီတာတို့ ပြောကြသည့် စကားများကို ကြားလိုက်လို့တော့ ဟုတ်ဟန်မတူ ...။ ခပ်ပျော့ပျော့ ပုံစံ ဖြစ်ကျန်ရစ်သော သမီးဖြစ်သူကို မသင်္ကာလှ၍သာ ပိုပြီး တင်းမာထားဟန် ရှိလေသည်။ "မောင်းမောင်းကို တီတာက အပြတ်ငြင်းလိုက်သတဲ့"ဟု ဟိုဘက်အိမ်က သတင်းစကားရောက်လာကတည်းက တီတာ့ကို မေမေက စကားဟ,ဟာမပြော ... မကြည်လင်တော့တာပါ။ တစ်လောကလုံးနှင့် မတည့်သလို ဖြစ်နေသော သမီးဖြစ်သူကို ဆူပူမောင်းမဲတာမျိုးတွေလည်း ထပ်လုပ်ချင်ပုံ မရသောအခါ မေမေ့မျက်နှာဟာ အဲဒီလိုပဲ မှုန်မှိုင်းတင်းမာပြီးတော့သာ ရှိတော့သည်ပေါ့ ...။

"တီတာ ... ဖုန်းလာတယ် ... မူမူ့ဆီက ..."

တီတာမှာ ထိုင်နေရာမှ ခုန်ပေါက်ပြီး ထလိုက်မိသလားတောင် ထင်လိုက်ရပါသည်။ သဇင်တို့နှစ်ယောက်နှင့် မခေါ်ကြချိန်မှာ မူမူ့ဆီမှ ဖုန်းသံသည် တီတာ့အတွက် အားဖြည့်အချိုရည်တစ်ခွက်လို ဖြစ်စေပါသည်။

"မူမူ ... မူမူရယ် ... ကျုပ် ရှင့်ကို အရမ်းသတိရတာပဲ ... ရှင် ဒီကို ပြန်မလာဘူးလား"

"တီတာ ... ရှင့်ကို ကျုပ် ပြောစရာရှိလို့ ... အားနာသနားတာဟာ အချစ်မဟုတ်ဘူးနော် ဒေါ်တီတာ ... ကျုပ် အဲဒါပြောချင်လို့ ဖုန်းဆက်လိုက်တာ ..."



"လုပ်ပြန်ပြီ ... ရှင် ဟိုဟာမတွေနဲ့ ဖုန်းပြောဖြစ်ပြီးကြပြီ မဟုတ်လား"

"ဒီမှာ ... ရှင် တစ်လောကလုံးနဲ့ ပြိုင်ဖိုက်နေတာ သူ့ကို စွဲလမ်းချစ်ခင်နေလို့ ဆိုရင်တော့ တန်ပါတယ် ... ဆက်သာဖိုက်ဟာ ... ဒါပေမယ့် ကိုယ်ကိုယ်တိုင်ကလည်း သူ့စိတ်ဓာတ် သူ့ပုံစံကို သဘောမကျဘဲ သူ့အပေါ် အားနာမိနေမိရုံလေး သက်သက်နဲ့တော့ တစ်လောကလုံးကို ကျောခိုင်းပြီး သူ့ဘက်ပဲ မားမားရပ်လိုက်ဖို့ စဉ်းစားသင့်သလား ..."

"ကျုပ် ... ကျုပ် ... သူ့ဘက်ကလည်း မရပ်နေသေးဘူးထင်တယ်"

"မဟုတ်ဘူး ... ရှင်ဟာ အခုထက်ထိ သူ့ဘက်မှာပဲ ရှိနေတယ် ... ဆက်လည်း ရှိနေဦးမှာပဲ ... ချစ်နေတယ်လို့ ပြောတာမဟုတ်ဘူး ... ဘုမသိ ဘမသိနဲ့ သူ့ဘက်ကို သွားရပ်နေမိတာကိုသာ ဆိုလိုတာ ..."

တီတာ တွေဝေသွားသည်။ မာလာသွယ့် စကားတွေကို ကြားလိုက်ရတော့ ... သူ တီတာနဲ့ အဆက်အသွယ်ပြတ်နေရချိန်မှာ တီတာမသိအောင် တီတာ့အိမ်နားကိုချည်းရောက်နေတယ်ဆိုတာကို သိလိုက်ရတော့ တီတာ သိပ်ပြီး ကျေနပ်နေမိသလို ဖြစ်နေတယ်လေ ...။ ဒါဟာ သူ့ဘက်မှာ တီတာ ဆက်ရှိနေဆဲ ဖြစ်ရပ်လား ...။ ပြီး ... ပြီးတော့ ဒါဟာ အချစ်လား ...။

"မူမူ ... ရှင်က လှလေးတုန်းကလည်း အမှန်ကို အကဲ

ခတ်နိုင်ခဲ့တယ် ... ခုလည်း ကျုပ်ကို ပြောစမ်း ... အကဲခတ်စမ်း ..."

"ဟင့်အင်း ... အဲဒီလိုနဲ့ပဲ ရှင့်ဆီမှာ တစ်ယောက်မှ မကျန်တော့ဘူး ... ကျုပ်ကိုပါ စိတ်ဆိုးပြီး ထပ်ဖြတ်ပစ်ရင် ကျုပ်ပါ မကျန်တော့ဘဲ ဖြစ်နေလိမ့်မယ် ... ဒါပေမယ့် ရှင့်ကို ပြောစရာစကားတွေ ကျုပ်မှာရှိတော့ ရှိတယ်ဟ ... ကျုပ် အချိန်ကို စောင့်နေတယ်"

"ကျွတ် ... အသည်းယားအောင် လုပ်လိုက်တာဟာ"

"ရှင် ကြယ်စင့်ကို လက်ခံတော့မယ် ဆိုရင်တော့ လက်မခံခင် ကျုပ်ကို အရင်အသိပေး ..."

"ဒါဆို သိပြီ ... ရှင်ပြောမယ့် စကားဆိုတာတွေဟာ ဖျက်မယ့်စကားတွေပေါ့ ..."

ဒီနောက်မှာတော့ မူမူ နှင့် တီတာတို့နှစ်ဦးသား တခြားစကားစမြည်တွေကိုသာ ရှာကြံပြီး လျှောက်ပြောနေဖြစ်ကြပါတော့သည်။ မူမူပြောသော အကြောင်းအရာများကတော့ အတိတ်ကာလတုန်းက လေးယောက်သား စည်းလုံးချစ်ခင်ခဲ့ကြပုံ ဇာတ်ကြောင်းလှန်တွေ ... သဇင်ဟာ အားလုံးထဲမှာ လူကြီးအဆန်ဆုံးနဲ့ ပညာအရှိဆုံး ဆိုတာတွေ ... လှလေးကတော့ အားလုံးထဲမှာ ဉာဏ်အမြော်အမြင် အနည်းဆုံးနဲ့ ရှေ့မကြည့် နောက်မကြည့် အဖြစ်ဆုံးပဲ ဆိုတာတွေ။

"ရှင်ကကျတော့ စကားပြော အကောင်းဆုံးဆိုတာ ကျုပ် ခုမှ သိတယ် မူမူရေ ..."

"အင်း ... ရှင်ကကျတော့ ဦးနှောက်ရှိပါရက်နဲ့ ရှိတဲ့



ဦးနှောက်ကို ထုတ်မသုံးတတ်မှန်း ... ထုတ်သုံးရကောင်းတယ်ရယ်လို့ မသိမှန်းနဲ့ ... ဟုတ်မလိုလိုနဲ့ အရှုံးထချင်တဲ့ စိတ်လည်း ရှိနေတတ်မှန်း ကျုပ်လည်း ခုမှ သိတယ် ဒေါ်တီတာရဲ့ ..."

မူမူက "အရေးကြုံရင်ဆက်" ... ဟု သူ့ဖုန်းနံပါတ်ကို အထပ်ထပ်အခါခါပင် ပြောပြခဲ့ပြီးမှ ဖုန်းချသွားခဲ့လေသည်။

❀❀

## အခန်း(၆)

"လှလေး တစ်ယောက်လည်း ဒုက္ခပဲ ..."

"ဟင် ... ဘာဖြစ်လို့လဲ မေမေ ..."

"အခု သူ့မှာ ကိုယ်ဝန်ရှိနေပြီတဲ့ ..."

"မေမေ ဘယ်က သိလာတာလဲ ... သမီးတောင် မသိဘူး ..."

"ဒေါ်ငယ် ပြောတာပဲ ..."

"ဟင် ... ဒေါ်ငယ်နဲ့က ဘယ်လိုက ဘယ်လို ..."

ဒေါ်ငယ်ဆိုတာ တီတာတို့အိမ်မှ မိန်းမကြီး ဖြစ်ပါသည်။ လှလေးတို့ သဇင်တို့ အိမ်မှာလာအိပ်စားနေစဉ်ကာလတည်းက ဒေါ်ငယ်နှင့် ရင်းနှီးခဲ့ကြသည် ဆိုပေမယ့် တီတာတို့တောင် မသိသည့် လှလေးရဲ့ ကိစ္စကို ဒေါ်ငယ်က ဘယ်လိုလုပ် သိနိုင်စရာ အကြောင်းရှိမှာလဲ ...။

"တီတာ့ကို မေမေ ပြောတယ်လေ ... ဒေါ်ငယ့် တူမ



တောကရောက်လာပြီး ဗိုက်ထဲက အလုံးပြချင်လို့ဆိုတာ ... ဘုန်းကြီးကျောင်းမှာပဲ တည်းနေကြတယ်ဆိုတာလေ ... အဲဒါ မေမေပဲ အားလုံးစီစဉ်ပြီး အိုဂျီကောင်းကောင်းတစ်ယောက် စုံစမ်းပေးလိုက်တယ် ... လိုအပ်မယ့် ဆေးဖိုးဝါးခပါ ကူသိုလ်ယူလိုက်တာ ... အဲဒါ သူတို့ မနေ့ကပဲ သွားပြကြတယ် လှလေးနဲ့တွေ့ခဲ့တယ် ... သူတစ်ယောက်တည်းပဲတဲ့ ..."

တီတာက "ဒေါ်ငယ် ... ဒေါ်ငယ်"ဟု လိုက်ရှာကာ ခေါ်လိုက်ပါသည်။

"ဒေါ်ငယ် ... လှလေးနဲ့ တွေ့ခဲ့တယ်ဆို ..."

"ဒေါ်ငယ်ကပဲ စတွေ့တာ ပထမတော့ လှလေးက မတွေ့ဘူး တီတာရဲ့ ... ဆေးခန်းက ကျဉ်းကျဉ်းပဲလေ၊ လူက အရမ်းများတယ် မဟုတ်လား ... ကျပ်ညပ်နေတာပဲ ထိုင်စောင့်နေရတာ ... ဒေါ်ငယ်တို့က ဆရာဝန်မကြီး ရှိနေတဲ့ အခန်းရဲ့ တံခါးပေါက်ဝမှာ သွားကပ်ထိုင်နေတာဆိုတော့ အထဲက ပြောတာတွေ အကုန်ကြားနေရတာပဲ ... အစကတော့ အထဲက လူနာဟာ ဘယ်သူမှန်း ဘယ်သိပါ့မလဲ ...

သူက သူ့ဟာသူ စစ်ကြည့်ပြီးပြီ ... သေချာအောင်သာ ဆရာဝန်မကြီးနဲ့ လာပြတာတဲ့ ... ဆရာဝန်မကြီးကလည်း သေချာတယ်တဲ့ ... လှလေး ပြောနေတာကတော့ နှစ်လလောက်ရှိမယ် ပြောသံကြားတယ်၊ ဒီလိုပဲ ကြားနေရတာ ... အခန်းတံခါးဖွင့်ပြီး ထွက်

လာတော့မှ လှလေး ဖြစ်နေတယ် ... ဒေါင်ယ်က ခေါ်ပြီးသတင်းမေးပြီး ဝမ်းသာကြောင်း ပြောမလို့ပါ ... ဒါပေမယ့် သူက ပထမ မမြင်ချင်ယောင် ဆောင်တယ်၊ နောက်မှ မရတော့မှ ... ဒေါင်ယ် ဘယ်လာတာလဲ ဘာညာမေးပြီး ... သူလည်း သူ့သူငယ်ချင်းကိစ္စနဲ့လာတာတဲ့ ... နေရင်းထိုင်ရင်း မုသားစကား ပြောသွားတယ် ..."

"ဒေါင်ယ် ကြားနေရတာကရော သေချာလို့လား ..."

"အော် ... သိပ်သေချာတာပေါ့ ..."

"သူ့ကိစ္စ မဟုတ်ဘဲ တခြားတစ်ယောက်ကိစ္စကို လာပြောတာမျိုးရော ..."

"သူ့ကိစ္စမှ သူ့ကိစ္စအစစ်ပါ မတီတာရယ် ... ဒီလောက်အသိသာကြီးဟာကို ... ဒေါင်ယ် ထင်တာကတော့ ဒေါင်ယ်ကတစ်ဆင့် တီတာကို မသိစေချင်ဘူး ထင်ပါရဲ့ ..."

"ဟင် ... ဘာလို့လဲ ..."

တီတာက ရုတ်တရက်တော့ ဝမ်းနည်း အားငယ်သွားရသည်။ တီတာ့ကို မဆက်ဆံ မခေါ်ချင်တဲ့ နေရာမှာ ကိုယ်ဝန်ရှိတာတောင် ပေးမသိချင်တော့တဲ့အထိတောင်ပဲလား။

"သူက ယောက်ျားနဲ့ ကွဲလာတယ်ဆို ... အခု ကိုယ်ဝန်ရှိပြီဆိုတော့ အခက်ပေါ့ ... ကွဲပြီးမှ သိရတဲ့ ကိုယ်ဝန်ကို မလိုချင်ဘူးလား ... ဘာလား ... ဘယ်သိနိုင်မလဲမတီတာရဲ့ ... ဒါမျိုးကရှိတတ်တယ် ... ယောက်ျား



ကို စိတ်ဆိုးတိုင်း ကလေးကိုပါ မလိုချင်တော့တာလေ"

တီတာ့မှာ ခေါင်းနပန်း ကြီးတက်သွားရပါတော့သည်။ ဘုရားရေ ... မူမူ့စကားအတိုင်း ပြောရမယ် ဆိုရင်တော့ လှလေးဟာ ဉာဏ်အမြော်အမြင် အနည်းဆုံးနဲ့ ရှေ့မကြည့် နောက်မကြည့် အဖြစ်ဆုံးတဲ့။ ဘုရား ... ဘုရား ... ဘာများလျှောက်လုပ်ဦးမလို့ပါလိမ့် ...။ ဒီပုံအတိုင်းဆို တီတာ့တစ်ယောက်တည်းကို ကွက်မသိစေချင်တာမျိုး ဟုတ်မှာမဟုတ် ...။ သဇင်လည်း သိခွင့်ရမှာ မဟုတ် ...။ ပြီးတော့ ဦးမျိုးမင်းရော ... သူ့မိဘတွေရော။ သူ့မိဘတွေကလည်း အကြောင်းရင်းမှန်ကို မသိကြလို့ ဦးမျိုးမင်း အပေါ် စိတ်ကွက်ရင်သာ ကွက်နေကြမည်။ ဒါမျိုး ပေါက်ကရလျှောက်လုပ်ဖို့ကိုတော့ သိသာသိရင် ဘယ်ခွင့်ပြုကြမှာလဲ ...။

"သူ့မိဘတွေကို သမီး လှမ်းပြောလိုက်ရင် ကောင်းမယ်ထင်တယ် ... မေမေနဲ့က အချင်းချင်း မသိကြလို့ ... သိရင်ပြောတယ် ... မိဘတွေပါ သိထားရင် ဒီသူငယ်မ ပေါက်ကရ လျှောက်လုပ်လို့ ရမှာမဟုတ်တော့ဘူး..."

တီတာမှာ လှလေးကို ဦးမျိုးမင်းနှင့် အတင်းတိုက်တွန်းနားချပေးစားခဲ့စဉ်က ကမ္ဘာ့ရှုးထိုးပုံစံကြီးနှင့် ဒေါသအရမ်းကြီးတတ်သော လှလေးရဲ့ အဖေကြီးကို ဒီကိစ္စမျိုး အသိပေးလိုက်ရမှာ ရွံ့တွန့်တွန့်ကြီး ဖြစ်နေမိပါသည်။ သူများလှမ်းပြောမှ သူတို့သိရလျှင် "သူတို့ကို လှလေးက ဖုံးထားခဲ့တာ ဘာ့ကြောင့်လဲ" ဟူသည့် မေးခွန်း ပေါ်လာမည်။ ထိုအခါ "တစ်ခုခု ကြံစည်ချင်လို့လား" ဟူသည့် အဖြေသည်လည်း

အော်တိုမက်တစ်ပင် ဆက်လက်တွေးခေါ်နိုင်သွားကာ အဘိုးကြီး၏ ဒေါသက ထိန်းမနိုင် သိမ်းမရပင် ထွက်ပေါ်လာဦးပေတော့မည်။

ဒေါသဖြစ်ဖြစ်နှင့် လက်ပါခြေပါ ရိုက်နှက်နေမှ ... လှလေးတစ်ယောက် ကိုယ်တိုင်တောင် မကြံစည်လိုက်ရဘဲ ... အကူအညီ ရသလို ဖြစ်သွားမှ အခက် ...။ သို့သော် မပြောလို့ကလည်း မရပါဘူး ...။ လှလေးကို ဒီအတိုင်း လွှတ်ထားလို့ မဖြစ်ပါဘူး။ သဖင့်ကိုလည်း မပြောချင် ...။ ရန်ဖြစ်ထားကြပြီး ကိုယ်က စခေါ်ရသည်ဆိုသော အဖြစ်ဟာ ဘယ်လောက် အောက်ထားလိုက်လဲ ...။ တော်ကြာ မိန်းမက သွေးကြီးပြီး မာနတွေ တက်နေဦးမည်။

ဦးမျိုးမင်း ... ဟုတ်ပြီ ... ဦးမျိုးမင်းကို ပြောတာကောင်းတယ် ...။

တီတာက မေမေ့ကို တိုင်ပင်မနေတော့ဘဲ ဖုန်းနားသို့ ထလာလိုက်ပါသည်။ မေမေကတော့ လူကြီးဆိုတော့ မိဘကိုပဲ ပိုပြောစေချင်လိမ့်မည်။ သူ့ယောက်ျားကို တိုက်ရိုက်သွားပြောရတာကို အပျိုလေးတန်မဲ့ဟု တွက်ချင်တွက်နေလိမ့်ဦးမည်လေ ...။

"ဦးမျိုးမင်း ... တီတာပါ ..."

"ပြော ..."

အမယ်လေး ... လန့်စရာ ...။ အသံကြီးကိုက။

"ဟို ... ဟိုဟာပါ ... လှလေးအကြောင်း ပြောချင်လို့ပါ ... သိပြီးပြီလား ..."



"ပေါက်ကရ အကြောင်းဆိုရင်တော့ မပြောနဲ့တော့ တီတီတာ ..."

"မဟုတ်ပါဘူး ... ဟိုဟာလေ ... ဟိုဒင်း ... အင်း... အခု ... လှလေးက အိုဂျီနဲ့ သွားပြရ"

"ဘာ ..."

"လှ ... လှလေးက ကိုယ်ဝန်ရှိ ..."

"ဟင် ... တကယ်လား ... ညည်းကို သူပြောသလား"

"မပြောဘူး"... တီတာ့အိမ်က မိန်းမကြီးနဲ့ ဆေးခန်းမှာတွေ့ခဲ့တာ ... နှစ်လလောက်ရှိပြီတဲ့ ... သူက ဘယ်သူမှ မသိစေချင်တဲ့ပုံပဲ ... အိမ်က ဒေါ်ငယ်ကြီးကိုပိတ်ပြီး ပြောတဲ့ပုံမျိုး ပြောသွားတယ် ... ဆေးခန်းလာပြတာတောင် အိမ်ကအဖော် မပါဘူးတဲ့"

"ဘာလို့ မသိစေချင်တာလဲ ..."

"ဘယ်သိပါ့မလဲ ..."

"ဟာ ... ဘာတွေလျှောက်လုပ်ဦးမလို့လဲ ... ကဲ ... ကဲ ... ကဲ ... ဒါပဲ ... ဒါပဲ ..."

"ဦးမျိုးမင်း ... ဦးမျိုးမင်း ... နေပါဦး ... ဦးမျိုးမင်း ဘာလုပ်မှာလဲဟင် ..."

"ဘာလုပ်ရမှာလဲ ... သူ့ကို သွားပြန် လိုက်ခေါ်ရမှာပေါ့ ... ဆေးခန်းတောင် တစ်ယောက်တည်း သွားပြနေတာ ... အသွားအလာ အနေအစား မဆင်ခြင်ရင် ဘယ်လိုလုပ်မလဲ ... ကဲ ... ဒါပဲ ... အချိန်ဆွဲနေလို့ မဖြစ်ဘူး ... ခုပဲသွားခေါ်မှ ... ကျေးဇူးပဲ ... ကျေးဇူးပဲ"

တီတာက သက်ပြင်းလေး တစ်ချက်နှင့် ဖုန်းကို ပြန်ချလိုက်၏။ ပြီးလျှင် တီတာ့ မျက်နှာလေးက ပြုံးပြုံးလေး ဖြစ်နေလေသည်။ ဝမ်းသာစရာကောင်းလိုက်တာ ...။ ဦးမျိုးမင်း ဟာ ဣန္ဒြေမဆယ်နိုင်အောင် ဖုန်းကိုပင် အတင်းပစ်ပေါက် ချပစ်ခဲ့ပြီး အပြေးအလွှား သွားရောက်လိုက်ခေါ်သတဲ့။ အသံ ကိုက မူလပထမ ကြောက်စရာ ဒေါသသံကြီးနှင့်မဟုတ် ...။ ဝမ်းသာအံ့သြသံနဲ့ ... စကားတွေ ဘာတွေ လုံးထွေး ... အသံတွေ ဘာတွေတုန်လို့ ...။

တီတာ လိုချင်တဲ့ အချစ်ဆိုတာ အဲဒါမျိုးပေါ့။ ဒီမိန်းမတစ်ယောက်ဟာ ဘယ်လောက်ပဲ ခွင့်မလွှတ်ချင်စရာ ကောင်းအောင် မိုက်လုံးကြီးခဲ့ကြီးခဲ့ ... ဒီယောက်ျားဟာ ဒီမိန်းမ အပေါ်မှာ အသည်းထဲစွဲပြီး ချစ်နေသေးသရွေ့ ... အိမ်ထောင်ရေးဟာ သာယာ အဆင်ပြေဖြောင့်ဖြူးဖို့ချည်းပါပဲ ...။ ခုကိစ္စမှာ တီတာ ဝင်စွက်ဖက် ကူညီလိုက်တဲ့အတွက် ကုသိုလ်ရမယ်ဆိုရင် ... ကူညီသော အကျိုးပေးမျိုးကိုသာ ပြန်ရဖို့ ဆုတောင်းချင်ပါသည်။ တီတာဟာလည်း ကိုယ်တိုင် က တမ်းတမ်းမက်မက် ... ကိုယ့်ကိုလည်း စွဲလမ်းမြတ်နိုးစွာ ချစ်နေသည့် အချစ်မျိုးတို့နှင့် ပျော်ပိုက်ချင်မိပါသည်။

ကိုယ့်ကြည်နူးမှုလေးနှင့်ကိုယ် ပျော်မြူးနေမိသော တီတာက မထင်မှတ်ဘဲနှင့်ပင် ကြယ်စင့်ရဲ့အိမ်သို့ ဖုန်းဆက် လှည့်မိရက်သား ဖြစ်နေပါတော့သည်။ ဖုန်းလာကိုင်သူ အသံ ကို ကြားလိုက်ရချိန်မှာတော့ တီတာ့ရဲ့ ရင်ခုန်သံတို့ဟာ မြန်လုလု ...။



"ကြယ်စင် ..."

"တီတာ ... ခင်ဗျား ကျွန်တော့်ကို ဖုန်းစဆက်တယ်"

"ဟုတ်တယ် ကြယ်စင် ..."

"ခင်ဗျား ကိုယ့်ဘာသာကိုယ် နားလည်ချင်လို့ ... ကိုယ့်အကြောင်းကိုယ် သိချင်လို့ ကျွန်တော်နဲ့ စကား မပြောဘဲ နေမှဖြစ်မယ်ဆို ... ဘာလဲ ... ခုသိသွားပြီ လား ..."

တီတာက သူ့မေးခွန်းကိုတော့ ပြန်မဖြေဘဲ ... ကိုယ့်ဘာသာပင် ... "ကြယ်စင် ... ရှင် တီတာ့ကို ချစ်တယ် လို့ ပြောခဲ့ဖူးတာ ... တကယ့် ရင်ထဲကစကားပါလို့ တီတာ ယုံလိုက်လို့ ရမလား"ဟု ပြန်ပြီး မေးခွန်းထုတ်လိုက်မိပါ သည်။ ကြယ်စင်ကလည်း တီတာ့ မေးခွန်းကို ပြန်မဖြေ။

"ခင်ဗျား ဘာဖြစ်နေလဲ ..."

"အဲဒီအချက်ကို အတိအကျ သိချင်နေတယ် ..."

"တစ်ခုခုတော့ ထူးခြားတော့မယ် ထင်ပါရဲ့ ..."

တီတာက ပျော်နေသော စိတ်ရင်းမာတ်ခံလေးနှင့် "တဟင်းဟင်း" အသံထွက်ကာ ရယ်လိုက်ပါသည်။ ဖုန်းထဲ က နားထောင်နေရသည့် ကြယ်စင့် အသံဟာ တကယ့်ကို အံ့သြတကြီး ပြီးတော့ ဝမ်းသာနေတဲ့ ပုံဟုလည်း (ကိုယ့်ဘာ သာ) မှန်းနိုင်နေတာမို့ တီတာက လှလေးတို့ကြောင့် ပျော် နေမိသော အပျော်မှာ ပိုပြီး အပျော်ထပ်ဆင့်လာပါသည်။ တီတာ ဖုန်းဆက်လာတာကို အံ့သြဝမ်းသာနေတဲ့ လူဟာ ဘာ့ကြောင့်များ တကယ်ချစ်တတ်တဲ့ လူတစ်ယောက် မဖြစ်

ဘဲ နေရမှာတဲ့လဲ ...။ တီတာက ကြယ်စင့်ကို စချင်လာသည်။

"လူတစ်ယောက်ဟာ ကားထဲမှာ မှန်ပိတ်ထိုင်ပြီး တစ်နေကုန် ချွေးအောင်းနေတာ ... ဘာလို့လဲ ... တုတ်ကွေး ဖြစ်နေလို့လား ..."

ထကယ်တော့ ဒါတွေကို တီတာ မြင်ရတာတော့ မဟုတ်ပါ ... မာလာသွယ့် စကားကို နှင်းပြီးတော့ တောက်ကြည့်လိုက်ခြင်းမျှသာ ...။

"တောက် ... ဒါကို ခင်ဗျား မြင်သလား ..."

တီတာက အကျယ်ကြီး ရယ်ပစ်လိုက်၏။

"ခင်ဗျား အတော်အူရှင်နေတယ် ... ဟုတ်ပါတယ် ... မိန်းကလေးများဟာ သူတို့ အနိုင်ရပြီလို့ ထင်တဲ့အခါမှာ သိပ်ဝမ်းသာတတ်ကြတယ် ... သူတို့အကျင့်က အဲဒီအတိုင်းပဲ ..."

"ကြယ်စင်ကလဲ ... ဘာလို့ ဘုစကားချည်းပဲ ပြောနေရတာလဲ ... တီတာ နိုင်ပြီလို့ တီတာက ပြောသေးလို့လား ... တီတာ့ဘာသာ ရယ်ချင်လို့ ရယ်တာပါ ..."

"ဒါပေမယ့် ခင်ဗျားက မတွေ့ရ ... ဖုန်းမဆက်ရလို့ ပညတ်ထားတာကို မနေနိုင် မထိုင်နိုင်နဲ့ ခင်ဗျားအိမ်ရှေ့ကို ကျွန်တော်က ရောက်နေရတယ်ဆိုတဲ့ အဖြစ်ကို ခင်ဗျား ရယ်ချင်တယ် မဟုတ်လား ..."

"မဟုတ်ပါဘူး ကြယ်စင်ရဲ့ ..."

"ဟုတ်ပါတယ် ... ခင်ဗျားဟာလေ ... မထင်မှတ်ဘဲ



အတော် အူပုပ်ပါလား ... အေးပါ ... ရယ်ပါ ... ရယ် ... ရယ် ..."

နောက်တော့လည်း ကြယ်စင်ကပါ တီတာ့ရယ်သံများနောက်သို့ လိုက်ပါပြီး နှစ်ဦးသားတို့ဟာ အဆုံးမသတ်ချင်တော့သော အရယ်များကြားမှာပဲ ရယ်ပြီးရင်း ရယ်ရင်း ဖြစ်နေကြရပါတော့သည်။ ပျော်စရာ ကောင်းလိုက်တာ ...။ ခုနက ပျော်သွားတဲ့ ခဏခံမှာ ကြယ်စင်ကလည်း ခါတိုင်းလို မုန်းစရာကောင်းသော စကားမျိုးတွေကို ပြောမနေဘဲ သူ့ဝသီအတိုင်း ဘုကျကျ ဂျစ်တစ်တစ်နှင့်သာ ချစ်စရာလေး ဖြစ်နေတာမို့ တီတာ့ စိတ်တွေ ဒယီးဒယိုင် ဖြစ်ချင်လာရတော့သည်။ တီတာ့ ဘဝမှာ ကြယ်စင်နှင့်သာဆိုရင် ဒါမျိုး တစ်သက်လုံးပဲ ပျော်ရွှင်ကြည်နူးနေခွင့် ရတော့မှာလား ...။ ခုနေခါမှာ တီတာကသာ ရတ်တရက် အဖြေပေးပစ်လိုက်ရင် ... ဒီ့ထက်တောင် အံ့ဩပျော်ရွှင်သွားဦးမယ့် ကြယ်စင့်ရဲ့ အဖြစ်ဟာ တီတာ့အတွက်ရော ဒီ့ထက်ပျော်စရာကောင်းနေဦးတော့မှာလား ...။

တီတာ့ စိတ်တွေ ယိမ်းယိုင်လာပါသည်။ "ကြယ်စင့်ကို တီတာလည်း ချစ်ပါတယ်"ဟု နှုတ်ဖျားက ဖွင့်ပြောလိုက်ချင်လာသည်။ ဒီလူတစ်ဦးနဲ့ တစ်ဘဝလုံးပျော်နိုင်လိမ့်မယ်လို့ ယုံစားမိလာတာ ... ဒါအချစ်လား ...။ ကြယ်စင်ရေ ... ရှင့်ကို တီတာ ချစ်နေပြီလား မသိဘူး ...။ ရှင် ဘယ်လိုထင်လဲ ...။

"ဒီမှာ တစ်ခုလောက် အမှန်အတိုင်း ပြောစမ်းပါ ...

ခင်ဗျား ကျုပ်ဆီကို ဖုန်းမဆက်ခင်ကတည်းက သိပ် ပျော်နေ အရွှင်နေတယ် မဟုတ်လား ... အဲဒါ ဘာ့ကြောင့်လဲ ..."

"ဟုတ်တယ် ... အမှန်အတိုင်းပဲ ... ကြယ်စင်နဲ့စကား ပြောရမှ ပျော်လာတာထက် ... ပျော်လာလို့ကို ကြယ်စင့်ဆီ ဖုန်းလှည့်လိုက်မိတာ ..."

"ဟင်း ... ထင်သားပဲ ..."

"ဒါပေမယ့် ပျော်လာတဲ့အခါမှာ တခြားကို ဖုန်းမလှည့်ဖြစ်ဘဲ ကြယ်စင့် ဖုန်းနံပါတ်ကိုပဲ သတိတရနဲ့ လှည့်လိုက်တယ်လေ ..."

ဒီတစ်ခါမှာတော့ ... ကြယ်စင်ဟာ "ဟင်းဟင်းဟင်း"ဟု ဂုဏ်လုပ်သံကြီးနှင့် တမင် ရယ်လိုက်ရင်းက ...

"ခင်ဗျား ဘာဖြစ်လို့ သိပ်ပျော်နေတာလဲ ... ကျွန်တော်ရော မသိရဘူးလား ..."

"တီတာ ကောင်းမှုတစ်ခု ပြုလိုက်တယ် ..."

"ဟုတ်လား ... ဘာအလှူလဲ ..."

"အလှူ မဟုတ်ပါဘူး ... တီတာ့ကြောင့် ကွဲမလိုလို ဖြစ်သွားတဲ့ လင်မယားဟာ အခု တီတာ့ကြောင့်ပဲ ပြန်ပေါင်းထုပ် သွားကြတော့မယ်လေ ... အခု ဦးမျိုးမင်းက လှလေးကို သွားပြန်ခေါ်နေပြီ ကြယ်စင်ရဲ့ ... အဲဒါ တီတာ ပြောပေးလိုက်တာပေါ့ ... တီတာ့ကြောင့် ..."

ကြယ်စင့်ထံမှ အသံတိတ်သွားကာ ဆိတ်ဆိတ်



ငြိမ်ငြိမ်ကြီး ဖြစ်သွားလေသည်။ တီတာကတော့ ချက်ချင်းကြီး မရိပ်မိသေး ... ကိုယ့်လုပ်ရပ် ကိုယ်ပဲသိပ်ဂုဏ်ယူနေတော့ကာ ...

"ခု လှလေးက ကိုယ်ဝန်နဲ့တဲ့ ... အဲဒါ ဦးမျိုးမင်းကို စိတ်ကောက်ပြီး မပြောဘဲ တိတ်တိတ်လေး နေနေတာ၊ တီတာသိတော့ ... ဘာရမလဲ ... ဦးမျိုးမင်းကို ဖုန်းဆက်ပြီး ပြောပြလိုက်တာပေါ့ ... ဦးမျိုးမင်းကြီးဆိုတာလေ ... ဖုန်းကို ဖုန်းခွက်ပေါ်မှ ပြန်တင်သွားရဲ့လားလို့ ထင်ရတယ် ... ကျေးဇူးစကားကိုတောင် ပြီးကပျစ်ပဲ ပြောသွားနိုင်တာ ... တစ်ခါတည်းကို တန်းပြီး ပြေးချသွားတော့တာပဲ ... အခုချက်ချင်းကို သွားပြန်လိုက်ခေါ်ရမှာပေါ့တဲ့ ... စိတ်ပူတာရော ... ဝမ်းသာတာရော ... ဖြစ်နေလိုက်တာ ... အဲဒါ သူ့ပုံစံကို မြင်ယောင်ပြီး တီတာက အရမ်းကို ရယ်ချင်နေတာ ကြယ်စင်ရဲ့ ... အဲဒါကို ဝမ်းသာပြီး ပျော်နေတုန်း ကြယ်စင့်ဆီ ဖုန်းလှည့်လိုက်မိတာပဲ ..."

"ခင်ဗျား ဝင်ပါပြန်ပြီ ..."

တီတာ့နှုတ်ဖျားမှ "ဟင်"ဟူသော အာမေဋိတ်လေးမှာ တိုးတိမ်လွန်းလှသဖြင့် အပြင်သို့တောင်မှ သေကြီး ထွက်မလာနိုင်ပါ။ ပျော်ရွှင်ကြည်နူးပြီး အညွန့်တလူဖြစ်နေသော တက်ကြွစိတ်တို့က ကြယ်စင့်ရဲ့ ရန်လိုမောင်းအော်ငေါက်သံကြီး တစ်ခုအောက်မှာ ရုတ်တရက် ဓားထက်ကန်နဲ့ ခုတ်ပိုင်းခံလိုက်ရသလို အညွန့်ကျိုးကာ သားလေသည်။

"ခင်ဗျားကို အဲဒီလို ဟိုစပ်စပ် ... ဒီစပ်စပ်နဲ့ စပ်စပ်စုစု ဟိုပါ ဒီပါ မလုပ်ပါနဲ့လို့ ဘယ်နှစ်ခါ ပြောရမလဲ၊ သိပ်စိတ်ပျက်ဖို့ ကောင်းတယ် ... အဲဒီလို သူများကိစ္စ ဝင်ဝင်ပါတတ်တဲ့ မိန်းမမျိုးဆို ကျွန်တော် တစ်စက်မှ ကြည့်လို့မရတာ ခင်ဗျားမသိဘူးလား ..."

"ကြယ်စင် ... ဒါ ဒီလောက် စိတ်ဆိုး အော်ဟစ်ဖို့ မကောင်းပါဘူး ... သူများကိစ္စထဲ ဝင်ပါမိတယ် ဆိုပေမယ့် ဒါအကောင်းလုပ်တာပဲ ... အကောင်းဖြစ်တာပဲ ..."

"အကောင်းဖြစ်တယ်လို့ ခင်ဗျားကို ဘယ်သူကပြောသလဲ"

"ကိုယ်ဝန်ရှိလာတဲ့ မိန်းတစ်ယောက်ဟာ သူ့ယောကျ်ားနဲ့သူ ပြန်ပေါင်းသွားနိုင်တာ မကောင်းဘူးလား ... အဲဒီ မိန်းမအတွက်ရော ... ပြီးတော့ သူ့ဗိုက်ထဲက ကလေးအတွက်ရော ..."

"တော်စမ်းပါ ... ခင်ဗျားပါးစပ်ကို ခဏလောက် ပိတ်ထားစမ်းပါ ..."

တီတာ့ရင်ထဲမှာ ယူကျုံးမရခြင်းတို့ ကြီးစိုးလွှမ်းမိုးလာကြသည်။ သဇင်တို့ လှလေးတို့ စွပ်စွဲကြသလို သူ့ကို "ယုတ်မာသူ"ဟု တီတာ တစ်ခါမှ မထင်ခဲ့မိဘူးတာ ...။ သူ့ရဲ့နာကြည်းခြင်း စိတ်ဓာတ်ဟာ ဒီ့ပြင်နေရာမျိုးမှာပဲ ပေါက်ကွဲနိုင်ပြီး သူများလင်မယား ကွဲတဲ့အထိတော့ ပုပ်ယုတ် ... တီတာက ထင်ခဲ့တာပါ ...။ "ဒီကိစ္စမှ



သူနဲ့အလွတ်ကြီးပဲ ... ဘာမှ မဆိုင်ဘူး ..."လို့ကို ရဲရဲတင်းတင်း ရန်စွယ်တငေါ်ငေါ်နဲ့ပဲ သူငယ်ချင်းတွေကို ပြန်ပက်ခဲ့မိတာလေ ...။

လှလေးရဲ့ အိမ်အထိ ရောက်လာခဲ့သေးတာတောင်မှ သူဟာ "မသိတတ်လှသူ" တစ်ယောက်ပါလားဟုပဲ တီတာက ထင်ခဲ့မိသေးတာ ...။ "တီတီတာ့ကို လေးစားတာတစ်ခုကြောင့်ပဲ ခင်ဗျားစကားကို နားထောင်ပြီး လှလေးနဲ့ ကျွန်တော် သွားမတွေ့တော့ပါဘူး" ဆိုတာကိုလည်း ကိုယ့်ကိုကိုယ်တော့ ဟုတ်လှပြီ ထင်ပြီး ယုံစား ... လို့ ...။

"ကြယ်စင် ... ရှင့်ပုံစံက သူတို့ ပြေပြေလည်လည် ပြန်ပေါင်းထုပ်သွားနိုင်တာကို မကျေချမ်းနိုင်တဲ့ပုံ ပေါက်နေရာယ် ..."

"ခင်ဗျားပါးစပ် ခဏပိတ်ထားပေးဖို့ ကျွန်တော်ပြောထားတယ် ..."

"ကောင်းပြီကြယ်စင် ... ခဏမဟုတ်ဘူး အပြီးပိတ်ထားပေးဆိုလည်း ရတယ် ..."

"အဲဒါ ဘာပြောတာလဲ ..."

"ဘာပြောတယ်ဆိုတာ ရှင့်မှာ အသိဉာဏ် မရှိဘူးလား ... စဉ်းစားကြည့်ပါလား ..."

"မအော်နဲ့ ... ကျွန်တော့်ကို အော်ရင် ကျွန်တော်က မကြိုက်ဘူးဗျ ..."

"ရှင်ကျတော့ကော ... ရှင်ကျတော့ သူများတကာကို အကြိမ်ကြိမ် အဖန်ဖန် ထပ်တလဲလဲနဲ့ ခဏ,ခဏ

မအော်ဟစ်ဖူးဘူးလား ...”

“အဲဒီလိုတစ်ယောက်နဲ့ တစ်ယောက် အော်ပဲအော်နေကြတော့မယ်ဆိုရင်တော့ မဖြစ်ဘူး ... စကားဆက်ပြောလို့ ရတော့မှာ မဟုတ်ဘူး ... ဒါပဲ ...”

“တကယ်လား ... ရှင် တကယ် ဒါပဲလား ...”

“အဲဒါကရော ဘာစကားလဲ ...”

ကြယ်စင်က သူ့ဘာသာသူမေးပြီး သူ့ဘာသာပင် နာသာခံခက် လေသံကြီးနှင့် အသံထွက်ပြီး ရယ်လိုက်လေသည်။

“ခင်ဗျားက ကျွန်တော့်ကို ခြိမ်းခြောက်တာပေါ့ ... ကဲ ... တကယ် ဒါပဲဗျာ ...”

တီတာ့မှာ သူ့ရဲ့ ဖုန်းချသံကိုများ အရင်ကြားလိုက်ရရင် ကိုယ့်မှာ မိုးကြိုးပစ်ခံလိုက်ရသူလို ဦးခေါင်းရှစ်စိတ်ကွဲပြီး သေရတော့မတတ် ... ကိုယ့်လက်ထဲက ဖုန်းကို အမြန်ဆုံး ပစ်ပေါက်ပြီးတော့ ချလိုက်မိပါသည်။ ပြီးလျှင် တီတာ့ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်ပြီးတော့ ကျန်ရစ်သည်။

အို ... လက်မတင်လေး ... တကယ့်ကိုပဲ လက်မတင်လေး ...။ တီတာ ခုပဲ သူ့ကို အဖြေပေးမိတော့မလို့။ အပျော်ဓာတ်နဲ့ ယိမ်းယိုင်ညွတ်ပြောင်းနေခဲ့သော စိတ်ကလေးဟာ သူ့ဘက်ကို တစ်ခါတည်း ပျော့ကျအရည်ပျော်မိတော့မလို့ ... အို ... လက်မတင်ကလေးပဲ ဖြစ်ပါသည်။ မသိစိတ်နဲ့ တစ်ခါတည်း အဖြေပေးလိုက်မိပြီးကာမှ ဒါမျိုးတွေ ထဖြစ်ရရင်တော့ သွားပါရော ...။ ကိုယ့်ကိုကိုယ် သတ်သေရင်သေ ...။ ဒါမှမဟုတ်ရင်တော့ သူ့ကိုပဲ သွားသတ်ပစ်လိုက်ဖို့ပဲ ရှိတော့မည်။



သူ ... သူဟာ တီတာ့ရဲ့ အနှံ့အတာကို ဘဝတစ်လျှောက်လုံးမှာ သည်းညည်းခံသွား ညှိနှိုင်းသွားနိုင်ဖို့ဝေးလို့ ... ခု ခဏပိုင်းလေးအတွင်းမှာတောင်မှ တကယ့်ကို ဆတ်ဆတ်ထိမခံ ...။ အကြမ်းပတမ်းကြီး အော်ဟစ်ပစ်လိုက်တာများ ကြောက်ဖို့လန့်ဖို့တင်မက စိတ်နာဖို့ ... ရင်နာဖို့ပါ ကောင်းလှပါရဲ့ ...။

သူ့ပယောဂရော ... ကိုယ့်ပယောဂပါ မကင်းခဲ့သည့် သူများအိမ်ထောင်ရေး အကွဲအပြဲကိစ္စကိုလည်း “ကလေးရနေပါပြီ” ဆိုတာတောင်မှ ပြန်ပြေလည်စေချင်သည့်စိတ်မရှိ ...။ ပြေလည်အောင် လုပ်ပေးမိသူကိုပင် သတ်မတတ်ဖြစ်မတတ် ဒေါသတွေ တစ်ရှိန်ထိုး ကြီးပစ်လိုက်တော့တာ။ သူ့ရဲ့ရန်ငြိုးထား ကလဲ့စားချေလိုစိတ်ဟာ ဒီလောက်တောင်မှ ပြင်းထန်ယုတ်မာနေရောတဲ့လား ...။

အားလုံးရဲ့ မျက်နှာကို ပြေးမြင်ချိန်မှာ တီတာက အသံထွက်ပြီးတော့ကို အော်ဟစ်ငိုယိုလိုက်မိလေသည်။

"ဒါက ဘာလာလုပ်တာလဲ ..."

"လာလည်တာလေ ..."

"အဲဒါကိုပဲ ပြောတာပဲ ... ငါ့မျက်စိရှေ့ကို မလာပါနဲ့လို့ နင့်ကို ငါအပြတ်ပြောထားပြီးသား မဟုတ်လား"

"နင့်မျက်စိရှေ့ကို ငါမလာပါဘူး တီတာရာ ... ငါ ဘာသာ အန်တီ့ဆီ လာရင်းနဲ့ နင်တို့ဧည့်ခန်းမှာ ဆက်ထိုင်နေမိတာပါ ... နင်ကသာ ငါ့မျက်စိရှေ့ကို ခုမှ ဝင်လာတာပါ ..."

"သွားလဲသေလိုက်စမ်း ..."

မောင်းမောင်းက "တကိုကို" ရယ်နေလေသည်။ တီတာကတော့ "မောင်းမောင်း ရောက်နေတယ် ... ထွက်တွေ့လိုက်"ဆိုသော မေမေ့ကိုပဲ စိတ်ကောက်ချင်နေမိသည်။ သူ့မှာ မောင်းမောင်း ရောက်လာတာကိုပဲ သိန်းတစ်ထောင်လောက် သိန်းဆုပေါက်သည့်နှယ် ... ဝမ်းသာလုံးတွေဆို့နေပုံနှင့်ပါ။ တီတာ့စကားကို လက်ခံပြီး မောင်းမောင်းပေါ်မလာတော့ခြင်းသည် မေမေ့အတွက် အတော့်ကို ထိထိခိုက်ခိုက်ရှိခဲ့ပုံပါပင် ...။

"မေမေက ထွက်တွေ့လိုက်ဆိုလို့ ငါထွက်တွေ့တာ၊ နင့်ကိုယ်နင် အဟုတ်ကြီး ထင်မနေနဲ့ ... နင်က နင့်



ကိုယ်နင် သိပ်အထင်ကြီးတတ်လွန်းလို့ ငါက ကြိုပြောထားတာ"

"ဘယ်သူက ဘာပြောလို့ပဲ ရောက်လာလာ ... နင် ငါ့ရှေ့ရောက်လာဖို့က ငါ့ရဲ့ လိုရင်းပဲဟာ ... အရေးမကြီးပါဘူး ..."

"မောင်းမောင်း ... နင် ငါနဲ့ ရန်ဖြစ်ချင်လို့ လာတာလား ..."

"မဟုတ်ပါဘူး ... ငါက အေးအေးပဲ ... နင်ကသာ လာရန်ဖြစ်နေတာ ..."

တီတာက မောင်းမောင်းကို မဲ့မဲ့ကလေး ကြည့်လိုက်သည်။ မနေ့ကပဲ ကြည်စင်နဲ့ ပြဿနာဖြစ်ကာ ကြယ်စင့်ကြောင့် တီတာ ငိုယိုပြီးခဲ့ပြီ ...။ ဒီနေ့ပဲ အိမ်ကို မောင်းမောင်း ရောက်လာသည်။ ဒါဟာ တိုက်ဆိုင်တာတော့ မဖြစ်နိုင် ... ဒီအိမ်မှာ ခိုးဝှက်နားထောင် ... လျှို့ဝှက်သတင်းပေးတော့ ရှိနေပြီ ...။

"ဘာလဲ ... ကောင်မလေးကို လှည့်ပတ်မေးပြီး ရောက်လာပြန်တာပေါ့ ... ဒီလိုလား"

"ဘာကိုမေးရမှာလဲ တီတာရယ် ..."

"ကြယ်စင်က အဆက်အသွယ် မလုပ်တော့ဘူး ဆိုတာလေ ... နင်သိလို့ မဟုတ်လား"

"မသိပါဘူး ..."

"ငါ့ကိုလာပြီး သနားပါတယ်နော်ဆိုတဲ့ အကြည့်ကလေးနဲ့ကြည့်မနေစမ်းနဲ့နော် ... ငါ မခံနိုင်ဘူး ... ဒါပဲ"

"အေးပါ ... နင်က သနားမခံချင်ပါဘူး ... အချစ်ပဲ ခံချင်တာပါ ... ငါကလည်း ချစ်ပဲချစ်တာပါ ..."

"သွားစမ်းပါ မောင်းမောင်းရယ် ... ငါမယုံချင်တော့ပါဘူး ... မယုံပါရစေနဲ့ ..."

ယောက်ျားဆိုတာမျိုးတွေကို ကိုယ်တွေ့ တိတိကျကျတောင် မဟုတ်သေးဘဲနဲ့ ငါလန့်သွားပါပြီ ... လို့ပါ ဆိုလိုက်ရင် အကောင်းဆုံးပဲ ဖြစ်မည်ထင်သည်။

"နင်က ဟိုကောင့်ကျတော့ ယုံပြီး ငါ့ကျတော့ ဘာလို့ မယုံတာလဲ ..."

"ဘယ်သူ့မှ မယုံဘူး ... ဟိုကောင့်ကို ယုံသလေး ဘာလေးနဲ့ ငါ့ကို လာမဆွနဲ့နော် မောင်းမောင်း ... နင့်ကို မမြင်ချင်ဘူး ဆိုတာလောက်အထိ ပြောမိတာ ခုချိန်မှာ ငါလွန်တယ်လို့ ထင်မိလို့ ငါက ပြန်လက်ခံပြီး စကားပြောနေတာ နင်က ပြန်မဆွချင်နဲ့ ..."

"နင်ပြောခဲ့သလားလို့ ငါက ပြောကြည့်တာပါ ... အခု နင် သိပ်ယုံတဲ့ကောင်နဲ့ နင်နဲ့ ဘာဖြစ်ကြသလဲ၊ ဖြစ်ပြီမဟုတ်လား ..."

"နင် မသိဘူးဆို"

"နင်ပဲ ပြောတာပဲ ..."

တီတာတစ်ယောက် ငိုမဲ့မဲ့လေး ဖြစ်သွားရပါသည်။ မောင်းမောင်း မျက်နှာ ကြည်ကြည်လင်လင်ကို ခေတ္တမျှ စိုက်ကြည့်လိုက်မိပြီးလျှင်တော့ ငိုချင်ရက်လက်တို့ ဖြစ်နေသည့် တီတာက နှုတ်ခမ်းကို တင်းတင်းစေ့လိုက်ရင်း



စိတ်ကိုမနည်းကြီးထိန်းကာ ...

"ငါ တစ်ယောက်ယောက်ကို ပြောချင်နေတယ် ... နင့်ကို ပြောလို့ရမလား ..."

"ရတယ် ... ပြော ..."

"နင် ငါ့ကို လှောင်ချင်လည်း လှောင်တော့ဟာ အရေးမကြီးဘူး ... ငါပြောရမှ ..."

မောင်းမောင်းက တီတာ့ ခေါင်းကိုအသာလေး တစ်ချက်ပုတ်လိုက်ပါသည်။

"မလှောင်ပါဘူး တီတာရယ် ... နင်သာ မသိသေးဘော ငါကတော့ သိသွားပြီ ... နင် ဘာတွေဖြစ်နေသလဲ... ဘာတွေ ခံစားနေရသလဲ ... နင့်ကို ဘယ်လိုကိုင်တွယ် ဖြေရှင်းပေးရမလဲ ... ငါအားလုံးသိသွားပြီ ... အစိက ကငါပဲ ... ငါက ငယ်သူငယ်ချင်းဆိုတဲ့ အသိနဲ့ နင့်အပေါ်မှာ စချင်နောက်ချင်စိတ်တွေ သိပ်များနေခဲ့တယ် ...

အဲဒါကလည်း နင်ရော ငါပါ မောင်နှမအရင်းတွေလည်း မရှိကြတော့ နင့်ကိုမှ မစရ မနောက်ရရင် ငါ့မှာ ဘယ်သူ့ကို သွားစနောက်ရတော့မလဲ ... အဲဒီလို စနောက်လေ နင်က ငါ့စကားဆိုရင် ဘာမှကို မယုံတော့လေ ... နင့်ကို လှောင်တယ်ချည်း ထင်လေ၊ ဒီမှာ ကလေးမရဲ့ စနောက်တာနဲ့ လှောင်ပြောင်တာ ဟာ အဓိပ္ပာယ်မတူဘူး ... နင့်ကိုငါက စနောက်ရုံ သက်သက်ပဲ ... လှောင်ပြောင်တယ်ဆိုတာ စိတ်ဓာတ်

ရေးရာအရ သိပ်အဆင့်အတန်း မမြင့်လှတဲ့ ယောက်ျား တွေပဲ လုပ်ကြတာ ... ငါမလုပ်ဘူး ... အဲဒါကို နှင် အမြဲယုံထား ...”

“စိတ်ဓာတ်ရေးရာအရ သိပ်အဆင့်အတန်း မမြင့်လှတဲ့ ယောက်ျား” ...။ ဟုတ်တယ် ... သိပ်ဟုတ်တာပဲ ... မောင်းမောင်း ရွေးချယ်သော စကားလုံးကို တီတာက ခေတ္တ အငှားယူသုံးပြီးလျှင် ဟိုတစ်ယောက်ရဲ့ ဘွဲ့ထူးဂုဏ်ထူးတစ်ခု အဖြစ် သတ်မှတ်ချိတ်ဆွဲပြီးတော့တောင် ပြထားလိုက်ချင် ပါသည်။

“ငါလေ ... ဟိုတစ်ယောက်ကို ချစ်ပါတယ်လို့ လက်ခံခေါင်းညိတ်မိတော့မလို့ ...”

မောင်းမောင်း မျက်နှာက တစ်မျိုးလေး ဖြစ်သွားပေမယ့် ... “အင်း ... ပြော”ဟုသာ ထောက်ခံပေးပါသည်။

“သူ့ကို ငါတကယ်ချစ်သလားဆိုရင် ... ဘယ်လိုခေါ်မလဲ ... အဲဒီအချိန်မှာ ငါအရမ်းပျော်နေတယ် ... ငါ အရမ်း ပျော်နေချိန်မှာ ငါသတိရလိုက်သူဟာ ငါ့အိမ်ရှေ့မှာ ကားနဲ့ တစ်နေကုန် တစ်နေကုန် လာ,လာ ထိုင်နေပြီး ငါ့အတွက် ... ငါ့ကိုမြင်ရဖို့အတွက် အပင်ပန်းခံ မျှော်လင့်နေပါတယ်ဆိုတဲ့ သူ့ကိုဖြစ်နေတယ် ... ငါ သူ့ကို ဖုန်းဆက်ပြီး စကားပြောလိုက်တော့ သူက လည်း သိပ်ပျော်သွားပုံရတယ် ... မောင်းမောင်းရာ နှင် စိတ်မဆိုးနဲ့ ... နှင်နဲ့ပဲ နှိုင်းပြရဦးမှာပဲ ...



နှင်လည်း ငါ့ကိုချစ်တယ်လို့ ပြောတာပဲ ... နှင့်ကိုလည်း ငါက အဆက်ဖြတ်ထားခဲ့တာပဲ ... ဒါပေမယ့် ဒီနေ့ ငါတို့နှစ်ယောက် ပြန်ဆုံလိုက်ကြတယ် ... နှင့်မှာ နှင်ခင်ရတဲ့ သူငယ်ချင်းတစ်ယောက်ကို မထိတထိ ပြောပြီး စနောက်ဖို့ဆိုတာ တစ်ခုပဲ တွေ့ရတယ် ... နှင်ရယ်နေခဲ့တာဟာ ... သူငယ်ချင်းချင်း ပြန်ခေါ်လို့ ဖြစ်လာတဲ့အပျော်လောက်ပဲ ... ဒါ့ထက်ပိုပြီး မလှိုက်လှဲဘူး ... သူကတော့ အဲဒီလို မဟုတ်ဘူး ... ငါကစပြီး ဖုန်းဆက်လိုက်တဲ့ အတွက် အံ့သြဝမ်းသာသွားတဲ့ သူ့လေသံက တကယ့်ကို ဟက်ဟက်ပက်ပက် လှိုက်လှိုက်လှဲလှဲနဲ့ဟာ ...”

“ထားပါတော့ တီတာရယ် ... ဒါပေမယ့် အဲဒီဖြစ်ရပ်တွေဟာ မတူညီကြတဲ့ အရင်းခံတွေကြောင့်လို့တော့ နှင် နားလည်ထားသင့်တယ်”

“ငါ နားမလည်ပါဘူး ...”

“ရှင်းရှင်းလေးပဲလေ ... နှင်နဲ့ ငါနဲ့မှာလည်း နှင်ကသာ ငါ့ကို ဖုန်းဆက်ပြီး လာစခေါ်ရင် ငါဘယ်လိုနေမလဲ၊ အဲဒါမျိုးလည်း နှင်ပြန်တွက်သင့်တယ်လေ ... ခုကျတော့ ငါက လာစခေါ်ခဲ့တာ ... နှင်နဲ့တိုက်ရိုက်မဆုံဘူး ... အန်တီနဲ့ပဲ တွေ့တယ် ... အန်တီ သွားခေါ်ပေးရင် နှင်ထွက်ကို ထွက်လာမှာပဲဆိုတာ ငါသိနေနှင့်ပြီပဲ ... ရုတ်တရက်လည်း မဟုတ်ဘူး ... နှင့်ဘက်ကစပြီး ပြေလည်ကျေအေးမှုကို ရုတ်တရက် မမျှော်

လင့်ဘဲ ရလိုက်တာနဲ့ ... နင့်အမေ ကြားဝင်ပေးလို့ နင်ထွက်လာမှာနဲ့တော့ ဘယ်တူမလဲ ... ငါ့ရဲ့ဝမ်းသာမှုဟာ ... "ဟယ် ... ဟင်" တွေနဲ့ ပြလို့မရပေမယ့် ... နင်နဲ့ ခါတိုင်းလိုပဲ ရင်းရင်းနှီးနှီးကလေး စနောက်ပေါ့ပါးလိုက်ရတာမျိုးနဲ့တော့ ပြလိုက်နိုင်တယ်လေ... ဒါပဲပေါ့ ... မတူညီတဲ့ အခြေခံတွေကို ဗွတ်အတင်းကြီး လိုက်နှိုင်းနေရင်တော့ နင်က ဘယ်တရားမလဲ"

သူ့ရဲ့ ဝမ်းသာမှုကို စနောက်ပေါ့ပါးပြီး နေလိုက်ရတာမျိုးနဲ့ ပြလိုက်နိုင်တယ်တဲ့ ...။ အဲဒီ "ပြ"ဆိုတဲ့စကားလုံးဟာ အလွန် စိတ်ဝင်စားစရာ ကောင်းပါသည်။ တီတာ့ကို ချစ်သည်ဟု ဆိုခဲ့ဖူးကြသူ နှစ်ဦးဟာ သူတို့ရဲ့ ချစ်ခင်မြတ်နိုးမှုတွေကို ဘာတွေနှင့် "ပြ"ခဲ့ကြပါသလဲ ...။ တီတာကရော ... ဘယ်လို"ပြ"တာမျိုးကိုမှ စိတ်ဝင်တစားနှင့် မြင်ခဲ့ပါသလဲ ...။

"ရှင့်မှာ ဦးနှောက်ရှိပါရက်နဲ့ ရှိတဲ့ဦးနှောက်ကို ထုတ် မသုံးတတ်မှန်း ... ထုတ်သုံးရကောင်းတယ်ရယ်လို့ မသိမှန်း ... ကျုပ်ခုမှ သိတယ်"တဲ့။ တီတာဟာ အဲဒီ"ပြ" တွေအတွက် ဦးနှောက်ကို ထုတ်သုံးပြီး မကြည့်တတ် မမြင်တတ်ခဲ့ဘူးနဲ့ တူပါရဲ့ ...။

"ငါအရမ်း ပျော်နေချိန်မှာ သူလည်း အရမ်းပျော်သွားပုံရတဲ့အတွက် ... ငါတို့နှစ်ယောက်ဟာ တစ်ဘဝလုံးမှာ အဲဒီလိုပဲ တူတူပျော်သွားနိုင်မယ်ပဲ ထင်ပါရဲ့လို့ ငါ ထင်လိုက်မိတာ အဲဒါ ငါမှားလား ..."



"အင်း ... သိပ်တော့ မမှန်လှဘူး ... ထားလိုက်ပါတော့ ... ဒါပေမယ့် အဲဒါက အချစ်တော့ မဟုတ်ဘူးနော် ..."

"ဒါပေမယ့် အဲဒီအထင်နဲ့ပဲ ငါ သူ့ကို လက်ခံဖို့ဆုံးဖြတ်လိုက်တယ် ... အဲဒီအချိန်မှာပဲ ငါတစ်သက်လုံး လုပ်ခဲ့တဲ့ ကုသိုလ်အကျိုးပေးတွေက ငါ့ကို ကယ်သွားတယ်ပဲ ပြောရမှာပေါ့ ... လက်မခံဖြစ်ခင် သူဟာ သဇင်တို့ စွပ်စွဲကြသလိုပဲ သိပ်ကိုမုပ်ယုတ်တဲ့လူမှန်း ငါသိလိုက်ရတယ် ...

လှလေးတို့ ကိစ္စကို ငါကြားဝင်ပြီး ပြန်စေ့ပေးလိုက်တယ်ဟာ ... အဲဒါ ငါ့ကို သူက ဆူပူမာန်မဲငေါက်ငန်းပြီး အော်ဟစ်တယ် ... ကဲ ... ပြောရတာ လူကြားလို့တောင် မကောင်းဘူး ... သူဘာလို့ အဲဒီလောက် စိတ်ပုပ်ကြီးရတာလဲ"

"သူ့ခမျာ မကွဲ,ကွဲအောင် မနည်း လုပ်ထားရတာ နင်က ပြန်စေ့ပစ်လိုက်တော့ သူလည်း ဒေါသတော့ ထွက်ရှာမှာပေါ့ဟ ... ထွက်သင့်ပါတယ် ..."

တီတာက ပြောနေရင်းကကို နောက်တောက်တောက် လုပ်ချင်လာသည့် မောင်းမောင်းကို မျက်စောင်းထိုး ချိန်ရွယ်ပစ်လိုက်သည်။ မောင်းမောင်းက "အခုမှ အရေးကြီးတဲ့ ပွိုင့်ကို ရောက်လာပါပြီ"ဟု ဆိုလိုက်ရင်းက ...

"ကဲ ... သူနဲ့ နင်နဲ့ အပြီးပြတ်ကြပြီ ... သူကပဲ နင့်ကို စိတ်တိုလို့ပဲဖြတ်ဖြတ် ... နင်ကပဲ သူ့ကို စိတ်ပုပ်လိုက်

တာရယ်လို့ဖြတ်ဖြတ် ... ပြတ်တာကတော့ ပြတ်ကြပြီ ... အဲဒီမှာ အရေးကြီးလာတာက နင် ဘာဖြစ်သလဲ"

"ဘာဖြစ်ရမှာလဲ ..."

"နင်အခု မျက်နှာတော့ သိပ်မကောင်းဘူးလေ ... ငိုချင်သလိုလိုရှိတယ် ... အဲဒါ သူနဲ့ပြတ်ကြရလို့လား"

"အောင်မာ ... ရာရာစစ ... ငါ့ကိုငါ ဒေါသထွက်နေတာ ... ငါ ဒီလောက်အသုံးမကျရကောင်းလားလို့ ... ဒီလိုလူအတွက်နဲ့များ သူငယ်ချင်းတွေနဲ့ အပြတ်ခံမိရလားလို့ ... မူမူပြောတာ မှန်တယ် ... တန်ကိုမတန်ဘူး ... ခုအားလုံးကိုလည်း နားလည်လိုက်ရော ငါ့မှာ သူငယ်ချင်းကောင်းတွေနဲ့လည်း ပြတ်နေပြီ ... အဲဒါကို တွေးမိလေ ဒေါသထွက်လေ ... တနုံ့နုံ့ဖြစ်လေ ... ဒေါသက ပိုထွက်လေ ..."

တီတာက မောင်းမောင်းကို ကြည့်ကာ ခပ်တိုးတိုး နှင့် ...

"တော်ပါသေးရဲ့ ... နင်ကတော့ သိပ်လိမ္မာရေးခြားနဲ့ ပြည့်ဝနေပြီး ငါ့ကို ပြန်လာခေါ်ပေလို့ ..."

"ဒါနဲ့တောင် ခုနက ငေါက်ငေါက်ငန်းငန်းနဲ့ ဟန်ကများချင်သေးတယ် ... ကဲပြောစမ်း ... ငါလာမခေါ်ရင်ကော နင်က ဟိုကောင့်ကို သွားခေါ်တုန်းကလိုမျိုး ငါ့ကို ပြန်ခေါ်ဖို့ ရည်ရွယ်ချက် မရှိဘူးလား ..."

"မရှိဘူး ထင်တယ် ..."

"ကြည့်စမ်း ... ဘာလို့လဲ ..."



"မသိဘူး ... နင်ပြောသလို အခြေခံဖြစ်ရပ်တွေ မတူလို့ပဲထင်တယ် ... ပြီးတော့ ငါ ... ငါကြောက်နေသေးတယ် ထင်တယ် ... ငါက စခေါ်တဲ့အချိန်မှာ နင်က ပါမလာရင် မခေါ်ချင်တော့ရင် ဘယ်လိုလုပ်မလဲ ..."

"ဟိုကောင့်ကို စခေါ်ကာနီးတုန်းကရော ... ဒါမျိုး မကြောက်ဘူးလား ..."

"ဟင့်အင်း ... မကြောက်မိလိုက်ဘူး ..."

မောင်းမောင်းက တီတာ့ ခေါင်းကို အုပ်မိုးကိုင်ကာခပ်ဖွဖွလေး လှုပ်ခါလိုက်ပြန်ပါသည်။

"ကလေးမလေး ... မင်း ဟိုကောင့်ကို ချစ်ကိုမချစ်ပါဘူး ဒေါ်တီတီတာရဲ့ ... ကိုယ့်ဘာသာကိုယ် မသိသေးရင်လည်း သူများက စေတနာနဲ့ ဝင်ခန့်မှန်းပေးတာကို စိတ်ချလက်ချနဲ့ ယုံလိုက်စမ်းပါ ... ငါ တကယ်ပြောတာပါ ..."

တီတာ့ စိတ်ထဲ ကြည်လင်လန်းဆန်း ပေါ့ပါးသွားရလေတော့သည်။

"ကဲ ပြီးပြီလား ..."

"ပြီးပြီ မောင်းမောင်း ..."

"ပြီးပြီဆိုရင် ... ကျွန်တော့်ရဲ့ တတိအကြိမ်မြောက် ချစ်ခွင့်ပန်ခြင်းကို လက်ခံပါ ဒေါ်တီတီတာရယ် ... နော် ..."

ကျွတ် ...။ အဲဒီလိုပဲ ပေါတောတော ပြက်ချော်ချော်က လုပ်ရပြန်ပြီ။

"ရင်ထဲမှာလေ ... ခုန်ကိုမလာဘူး ..."

"ရင်ခုန်မှ အချစ်လားဟ ... ဒါဆို စာမေးပွဲအောင် စာရင်းတွေကို ကြည့်ခါနီးတွေတုန်းက နင်ဘယ်သူ့ကို ချစ်နေမိသလဲ ..."

မောင်းမောင်းရယ် ... နင့်ကိုလေ ငါ ရင်မခုန်မိဘူးလို့ ပြောရင် ငါညာပြောသလို ဖြစ်ပြီး မုသာဝါဒကံ ကျိုးပေါက်နေဦးမယ် ...။ နင့်ကို ငါအကြီးအကျယ်ကို ရင်ခုန်ဖူးခဲ့ပါရဲ့ ...။ "လက်ထပ်ပြီးရင်တော့ ငါတို့တွေ တကယ်ချစ်ကြမှ ဖြစ်မယ်"လို့ နင် ပထမဦးဆုံး စပြောလိုက်တုန်းက ... အဲဒီတုန်းက မျက်နှာ ... အဲဒီတုန်းက လေသံ ...။ တီတာ့မှာ ရင်တွေ တဒိုင်းဒိုင်း အခုန်မြန် မြည်ဟီးကာ အရှက်ကြီးလည်း ရှက်ခဲ့ရဖူးပါရဲ့ ...။ ဒီနောက်မှာတော့ မောင်းမောင်းဟာ ဘာတွေပြောင်းလဲလို့ သွားခဲ့သလဲ တီတာ မသိပါ ...။

ချစ်စကား တစ်ခွန်းကို အချိန်မယူတော့ဘဲ သွေးရူးသွေးတန်းကြီး ဝင်ပြောလိုက်ပြီးကတည်းက တီတာဟာ မောင်းမောင်း အပေါ် ရင်ခုန်သံတွေ ရပ်သွားခဲ့ရသလို ... မောင်းမောင်း ဘက်ကလည်း အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်ကို မရှိတော့ဘဲ ... ကမူးရှူးထိုးတွေ လုပ်လိုလုပ် ... ပြောင်တီပြောင်ချော် ... ပြုံးစေ့စေ့တွေ ဖြစ်လိုဖြစ်နှင့်။

"နင် ငါ့ကို ဟိုကောင်နဲ့ နောက်ဆုံးအခြေအနေတွေ လာဖွင့်ပြောနေကတည်းက ... အဲဒါ နင် ငါ့ကို အလေးအနက်ထားတာ ... ရှင်းရှင်းလင်းလင်း သိပြီးသားဖြစ်အောင် ဝန်ခံထားချင်တာ ..."



"လုပ်ပြန်ပြီ ... ကိုယ့်ကိုကိုယ် အထင်ကြီးပြန်ပြီ ..."

"မဟုတ်ဘူး ... နင်က နင့်ကိုနင် ဘယ်တော့မှ မသိဘူးဆိုလို့ ငါက စေတနာနဲ့ ဝင်,ဝင်မှန်းပေးနေတာပါဆို ..."

"နင့်စေတနာကလည်း နင့်ဘက်နင် ပင်းလိုက်တာ"

"ကဲ ... ဒါဖြင့် ... နင့်ရင်ထဲမှာ ရှင်းရှင်းလင်းလင်း ကြည်ကြည်လင်လင်နဲ့ ငါ့ကို အခုချိန်ကစပြီး အေးအေးဆေးဆေး ပြန်စဉ်းစားပေး ... ဟုတ်ပြီလား ..."

ကိုယ်ကြိုက်ရာကို မသိမသာလေး ဖွတ်လုပ်ချလိုက်တတ်သည့် အလေ့မျိုးရှိသော ကောင်ကလေးတစ်ယောက်ဟာ ... အတော်ကြီး စိတ်ရှည်ရှည် သည်းခံခံ နေပေးနေရပုံမျိုးနှင့် ဒီလိုမျိုး စကားတွေကို လာပြောနေလေတော့လည်း ယုံကြည်ရမလိုလို ... နှစ်သက်လက်ခံရတော့မလိုလို ...။ တီတာက မောင်းမောင်း ထိုင်နေရာ နေရာဘေးက ကျောက်ခုံအိုးလေး တစ်လုံးကို ငေးကြည့်နေသလိုလိုနှင့် မောင်းမောင်းကို ခိုးဝှက်အကဲခတ်လို့ နေမိလေသည်။

"ဟိုကောင် နင့်ကိုချစ်တယ်ဆိုတာ သိလိုက်ရတုန်းက ... ဒါဆိုရင် ဒီပြိုင်ပွဲထဲ ငါလည်းဝင်တယ်လို့သာ ပြောခဲ့မိပေမယ့် ... အဲဒီလို နှစ်ယောက်ကြီး ပြိုင်ကြရမယ်ဆိုတာကိုတော့ ငါက ခပ်ကြောက်ကြောက်ပဲ တီတာရဲ့ ... နင့်ပုံစံကိုလည်း အဲဒီတုန်းကတော့ သိပ်မမှန်းနိုင်ခဲ့ဘူး မဟုတ်လား ...

ခုလို ကိုယ့်ပြိုင်ဘက်က ပြုတ်ထွက်သွားပြီး ဒီပွဲ

ထဲမှာ ငါတစ်ယောက်တည်း ကျန်ခဲ့ပြီဆိုတော့မှ ငါက စိတ်ချလက်ချနဲ့ သက်ပြင်းချနိုင်တော့မှာ ... တစ်ယောက်တည်း ပြိုင်ဘက်မရှိ ပြိုင်နေရတဲ့ ပွဲဆိုတော့ ဒီလိုပဲ တအိအိနဲ့ သွားနေရင်း ... သွားနေရင်းနဲ့ပဲ နောက်ဆုံးကျတော့ ပန်းတိုင်ဆိုတာကို ငါ လှမ်းမြင်နိုင်လာရမှာပဲပေါ့ ... မဟုတ်ဘူးလား ... ငါက ဒီလို နေရာမျိုးမှာ စိတ်ရှည်ရှည်ထားဖို့ လုံးဝ ဝန်မလေးပါဘူး ...”

တီတာ့ ရင်ထဲ ကျလိကျလိနှင့် ပြန်ဖြစ်သွားရပြန်ပါတော့သည်။ ပြိုင်ဘက်မရှိတော့တိုင်း ပန်းတိုင်ကို သူရကိုရရမယ် ... ရောက်ကို ရောက်ရမယ်လို့ ဘယ်သူကပြောလဲ ...။ အပိုင်ကြီး တွက်တတ်တာ ... အပိုင်ကြီး လုပ်တတ်တာတွေကို မုန်းကိုမုန်းပါသည် ဆိုနေမှ ... ဒင်းက အဲဒီ စိတ်မျိုးကို သေတဲ့အထိလည်း ပြုပြင်နိုင်မည် မထင်။

“နင် အဲဒီလောက်အထိ သေချာနေရင် အဲဒီပန်းတိုင်ကို ငါသွားပြီး ရွှေ့ကိုရွှေ့ပစ်ထားဦးမယ် ... သိရဲ့လား”

“ဟား ဟား ဟား ... ဘယ်အထိ သွားရွှေ့မှာလဲ ... လကမ္ဘာအထိ သွားထားထားဦးမလား ... ပန်းတိုင်ကတော့ ပန်းတိုင်ပဲ ... ရှိနေမှာပဲ ...”

“ဒါဖြင့်လည်း ချိုးဖဲ့ဖျက်ဆီး ... ဖနောင့်နဲ့ပါပေါက်ပြီးမှ ရေထဲမျှောချပစ်လိုက်မယ်ဟာ ...”

“အဲဒီရေစီးကြောင်းကလေးအတိုင်း ငါလည်း မျှောလိုက်သွားရုံပေါ့ ... ပိုတောင် လွယ်သေးတယ်”



တီတာက မောင်းမောင်း ရှေ့က ဆောင့်အောင့်ပြီး ထထွက်လာခဲ့သည်။ ဒါပေမယ့် ကိုယ့်နှုတ်ခမ်းတို့ကတော့ ပြုံးပြုံးကလေး ဖြစ်နေခဲ့မှန်း တီတာက သတိထားလိုက်မိသောအခါ ရုတ်တရက် ရင်ထဲမှာ ဒိန်းခနဲပင် ဖြစ်သွားမိပြီး ... ဆက်လက်၍ လှုပ်ရှားခုန်ပေါက်လို့ နေပါတော့သည်။

❀ ❀

“ဒီတစ်ခါတော့ ဖိတ်စာလေးပါ ရိုက်ဖြစ်လိုက်တယ် မတီတီတာ ... အဲဒါ လာပြောတာ”

ယူကြည့်လိုက်တော့ နိုင်ငံခြားသားပိုင် ဟိုတယ်ကြီးတစ်ခုမှာ ခမ်းခမ်းနားနား ကျင်းပပြုလုပ်သော စေ့စပ်ပွဲ။ သတို့သား သတို့သမီးများ နေရာမှာတော့ ကြယ်စင်နဲ့မာလာသွယ် ...။ တီတာ့ ရင်မှာ အောင့်ခနဲ တစ်ချက် ဖြစ်သွားရပါသည်။ ကြယ်စင့်ကို လက်လွတ်ဆုံးရတော့မှာမို့တော့ လုံးဝ, လုံးဝ မဟုတ်ပါ။ တီတာနဲ့ ရန်ဖြစ် စကားများကြပြီး တစ်ပတ်မျှ မရှိသေးခင်မှာ ဒီလိုဖိတ်စာတစ်စောင် ထွက်လာနိုင်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား ...။ အဲဒါကို အောင့်တာ ... ဒေါသဖြစ်ရတာပါ ...။

“မမာလာတို့က စေ့စပ်ပြီးကြပြီ မဟုတ်လား”

“လွန်ခဲ့တဲ့ နှစ်နှစ်ကျော်ကဆိုတော့ မေ့တဲ့လူတွေတောင် ပြန်မေ့ကုန်ကြလောက်ပြီလေ ... ပြီးတော့ အဲဒီတုန်းက ကိုယ့်ဆွေမျိုး အသိုင်းအဝိုင်းလေးတင်...

ခုဟာကတော့ လူလည်း များများဖိတ်မယ်လေ ... ကြယ်စင်က ခေါင်းညိတ်ညိတ်ချင်းပဲ ဖေဖေက အမြန်ဆုံး စီစဉ်ပေးဆိုပြီး အမိန့်ပေးလိုက်တာ ... ဘာဘာညာညာ စီစဉ်တာနဲ့ ဒီဖိတ်စာထွက်လာတာ ငါးရက်အတွင်းပဲ ..."

မာလာသွယ့် ပုံစံလေးက အားတုံ့အားနာဟန်ကလေးတော့ ထွက်နေသည်။ အော ... ငါးရက်အတွင်းဆိုတော့ တီတာနဲ့ ဖုန်းပြောဖြစ်ကြပြီးတာနဲ့ သူက ဦးစောသွယ်ကို ချက်ချင်း သွားခေါင်းညိတ်ချလိုက်တဲ့ သဘောပေါ့ ... အတော် ဟုတ်တဲ့လူ ... လုပ်ပုံကိုင်ပုံတွေက မိန်းမဆန်လိုက်တာ ... မိန်းမကြီး ကျနေတာပဲ ဟု ပြောရလျှင်လည်း ကိုယ့်မိန်းမသားဘ၀ကိုပဲ ကိုယ်က နှိမ့်ချမိရာ ရောက်ဦးတော့မည်။

"ရယ်တော့ ရယ်စရာကြီးပဲ ... ဒီတစ်ခါ စေ့စပ်ပွဲကို မလုပ်ဖြစ်ဖို့ တစ်ယောက်တည်းနဲ့ ဒိုင်ခံငြင်းနေတာက မာလာ ဖြစ်နေတယ်လေ ... မာလာ တကယ်ပြောတာ အဲဒီပွဲကို မာလာ ငြင်းကိုငြင်းခဲ့တယ် ... ဒါပေမယ့် ဖေဖေက မရဘူး ..."

"မာလာ့ ဖေဖေက ကြယ်စင့်ကို ဘာတွေ သိပ်ကြိုက်နေသလဲ မသိဘူးနော် ..."

"အဲဒါ မာလာ သိပြီ ... ဖေဖေက ကြယ်စင့်ကို လုံး၀ မကြိုက်ဘူး ... အမြင်တောင် ကပ်သေးတယ် ... သူ့လုပ်ပုံကိုင်ပုံတွေကြောင့် ဖြစ်နိုင်ရင် ငရုတ်ဆုံထဲတောင် ထည့်ထောင်းချင်သေးတယ် တဲ့ ..."



"ဟာင် ... ဒါဖြင့် ..."

"ဒါပေမယ့် မာလာ ကြယ်စင့်ကို သိပ်ချစ်တာ သူသိတယ်တဲ့ ... မာလာ့မှာက အမေမရှိတော့ဘူးလေ ... ဒီအဖေနဲ့ပဲ မာလာက ကြီးပြင်းလာရတာ ... ဖေဖေက မာလာ့ကို သိပ်ချစ်တယ် ... မာလာက ကြယ်စင့်ကို ချစ်တယ် ... ဒီတော့ ဖေဖေ့ခမျာလည်း ကြယ်စင့်ကို အောင့်ကာနမ်းဖို့ပဲ ရှိတော့တယ်တဲ့ ... သူ့သမီးသိပ်ချစ်တဲ့လူနဲ့တော့ သူ့သမီးဟာ ဘယ်နည်းနဲ့မှ မလွဲစေရဘူးလို့ ဖေဖေက ဆုံးဖြတ်တယ်တဲ့ ...

လက်ထပ်ပြီးရင်တောင် ကြယ်စင့်ဆီမှာ မနှစ်မြို့ချင်စရာ စရိုက်ဆိုးတွေနဲ့ ပြဿနာတွေ ပေါ်ရင်ပေါ်လာနိုင်တယ်ဆိုတာ အထိပါ ဖေဖေက တွက်ပြီးသား၊ အဲဒီအခါကျမှ မရရအောင်ပြင်ယူပြီး ကောင်းအောင်လုပ်တော့မယ်တဲ့ ... မျက်စိမှိတ်ပြီးတော့ကို ဖွတ်သဘောတူတာ ... အဲဒီအခါကျတော့ မာလာကလည်း ကိုယ့်အပေါ်မှာ တစ်ဘက်သတ် ဖြစ်နေတဲ့ ဖေဖေ့စေတနာကို ဆက်မငြင်းချင်တော့ဘူး ... မျက်စိမှိတ်ပြီးတော့ လက်ခံလိုက်ချင်ပြန်ရော မတီတီတာရယ်"

"လူတွေဟာ တစ်ယောက်တစ်မျိုးပဲ" ဟု တီတာက သတိမှတ်လိုက်မိပါသည်။ တစ်ယောက်နဲ့ တစ်ယောက်တွေးပုံ ခေါ်ပုံချင်း ထပ်ချမတ်ချ တူဖို့ကတော့ မလွယ်ပေ။

"ကိုယ်ကချစ်တဲ့လူ ... ဒါပေမယ့် ကိုယ့်ကိုတော့မချစ်တဲ့

လူကို မာလာရမယ် ... ပျော်မယ် မပျော်မယ် ဆိုတာလည်း မာလာ မဝေခွဲ မဆုံးဖြတ်နိုင်သေးပါဘူး မတီတီတာရယ် ... ဟိုးအရင်ကတော့ ကြယ်စင့်ကို ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် လက်ထပ်ခွင့်ရရင် အရမ်းပျော်မယ်လို့ မာလာ ထင်ခဲ့တယ် ... ဒါပေမယ့် ခုကျတော့ မဟုတ်ဘူး ဖြစ်နေတယ် ... နှစ်နှစ်အတွင်း မာလာ အသက်ကြီးသွားလို့လားတော့ မသိဘူး ... ခုဆို ဖိတ်စာတွေသာ လိုက်ဝေနေတာ ... သူများဖိတ်စာကို ဝေပေးနေရသလိုပဲ ... မတီတီတာ နားလည်အောင် မာလာ မပြောနိုင်ဘူး ထင်တယ် ... ဒီလူတစ်ယောက်ကို မချစ်ဘူးမဟုတ်ဘူး ချစ်တယ် ... လက်ထပ်ချင်စိတ်လည်း ရှိနေပါတယ် ... ဒါပေမယ့် တကယ်တမ်းကြုံလာရတော့ ဒီနှစ်နှစ်အတွင်းမှာ ဖြစ်ပျက်ပြောင်းလဲနေတဲ့ အခြေအနေတွေအရ မာလာ မပျော်တော့ဘူး ဖြစ်နေတယ် ... သူ့ကို ဆက်ချစ်နေသေးရက်နဲ့ကို မာလာ့ရင်ထဲမှာ ဘာမှမရှိသလို ဖြစ်နေတယ်"

တီတာက မာလာ့လက်ကလေးကို ဆုပ်ကိုင်ဖျစ်ညှစ်ပြီး အားပေးလိုက်မိပါသည်။

"ခုနေ သူတစ်ယောက်ယောက်နဲ့ လက်ထပ်ဖြစ်သွားတယ်ဆိုရင်တောင်မှ ကိုယ့်ချစ်သူကို ဆုံးရှုံးလိုက်ရတော့လို့ လွမ်းကျန်ရစ်ရတယ်ဆိုတဲ့ ခံစားချက်ဟာ ခုထက်တော့ သာမယ်ထင်တာပဲ ... အဲဒါကမှ ကောင်းဦးမယ်လို့ မာလာ ထင်နေတယ် ..."



"မမာလာ ... ရှင် ကြယ်စင့်ကို မယူသင့်ဘူး ထင်တယ်"

"သမီးအတွက် လုပ်ပေးလိုက်နိုင်တယ်ဆိုပြီး သိပ်တက်ကြွနေတဲ့ ဖေဖေ့ စေတနာနဲ့ အပျော်ကို မတားဆီးလိုက်ချင်ဘူး ... ပြီးတော့ ကိုယ့်ချစ်သူကို ကိုယ်ရရမှာပဲလေဆိုတဲ့ ပိုင်ဆိုင်လိုစိတ်ကလည်း မာလာ့ရင်ထဲမှာ တစ်ထောင့်တစ်နေရာမှာတော့ ကျန်နေသေးပုံရတယ် ... မာလာ ဒွိဟတွေ ဖြစ်နေပြီ ထင်တာပဲ ..."

သဇင်သာ ကြားရင်တော့ မာလာ့ကိုလည်း "စိတ်လေနေပြန်ပြီ"ဟု သတ်မှတ်ဦးတော့မှာပါပဲ။ သူချစ်၊ ကိုယ်ချစ် တီတီကျကျကြီးနှင့် ပျော်ရွှင်စွာ လက်ထပ်ကြရမည့်သူမျိုးတွေကလွဲရင် ... အခြေအနေ တစ်ခုကြောင့် လက်ထပ်ဖြစ်ကြရမယ့် မိန်းကလေးတွေဟာ ဒီလိုပဲ တကယ်တမ်းလက်ထပ်ဖြစ်ကြရတော့မည် ဆိုသောအခါမှာ တုန်လှုပ်စိတ်နှင့် တွေဝေလာတတ်ကြသလား မသိပေ ...။ "အရမ်းချစ်ပါသည်"ဆိုသော မာလာပင် ခုလောက်ထိ ဖြစ်နေခဲ့သေးလျှင် လှလေးနှင့် တီတာတို့ တွေဝေမိုက်မဲကုန်ကြတာသည် မဆန်းဟု ဆိုရတော့မလိုလိုပင် ...။

"မတီတီတာနဲ့ ရန်ဖြစ်ပြီး မခေါ်ကြဘူးလို့ သူ ပြောတယ်"

"မခေါ်ဘူး မဟုတ်ပါဘူး မာလာရယ် ... မခေါ်ဘူးဆိုတာက ကလေးဆန်လွန်းပါတယ် ... သူ့ကို တို့ပတ်ကို မပတ်သက်ချင်တော့တာပါ ... ဆောရီးနော် မာလာ ..."

“ရပါတယ် ... ပြောချင်သလိုပြော ... သူနဲ့တော့ ထိုက်တန်နေပြီးသားပဲ ... ဟင်း ဟင်း”

မယူချင်လှတော့ဘူးလည်း ဆိုသေး ... မပျော်တော့ဘူးလည်း ပြောသေး ... ကိုယ်နဲ့ လက်ထပ်ဖြစ်တော့မယ့် ယောကျ်ားတစ်ယောက်ရဲ့ ဆိုးကွက်တို့ကို အပြုံးမပျက်လေး နားထောင်နေနိုင်သေးသည့် မိန်းမသားမျိုးလည်း ရှိသေးသည်။ အံ့သြဖွယ်ပါပဲ ...။

“လှလေးတို့ လင်မယားကို ပြန်စေ့စပ်ပေးလိုက်တဲ့ အတွက် တို့ကို သူက အရမ်းစိတ်ဆိုးတယ် ... ကဲ ... ဒါ ဘာသဘောလဲ ...”

“ဩော် ... မတီတီတာရယ် ... မေးစရာလိုသေးလို့လား ... ရှင်းနေတာပဲဟာ ... ဒါကိုပဲ မာလာလည်း ထပ်ခါ ထပ်ခါကို ပြောနေခဲ့တာပဲဟာ ... သူကမှ မဖြစ်စေချင်ဘဲ ... အခုကော သူငြိမ်နေဦးမယ်လို့ မတီတီတာ ထင်သလား ... မာလာနဲ့ ပြန်စေ့စပ်ပြီးကြတာတောင် ... လက်ထပ်ပြီးကြတာတောင်မှ ပြီးမယ်လို့ ထင်သလား ... မာလာ့မှာ အဲဒီတာဝန်ကြီးကလည်း တစ်ခုပိလာဦးမှာ ... မျက်စိဒေါက်ထောက်ကို လိုက်ထိန်းရတော့မှာ ... သူကတော့ အေးအေးဆေးဆေးကို ပြီးလိုက်မှာ မဟုတ်သေးဘူး ...”

“ဟင် ... စိတ်ပျက်စရာ ...”

“မသိဘူး ... မာလာတော့ အဲဒီ စိတ်ပျက်စရာတွေကိုပဲ ခံယူဖို့ ဆုံးဖြတ်ပြီးနေပြီ ...”



“တစ်ခု မေးချင်လို့ ... စိတ်တော့ မရှိနဲ့နော် ... သူ ဒါတွေကို ခုထိ လိုက်လုပ်နေသေးတာဟာ သူများ တကာရဲ့ မိန်းမ ဖြစ်နေပြီဖြစ်တဲ့ လှလေးကို သူချစ်နေ သေးလို့လား ... အဲဒီလိုလား ...”

“ဟင့်အင်း ... အဲဒါကျတော့ မဟုတ်တော့ပြန်ဘူး ... မဆိုင်ဘူး ... သူ့ကို ဒဏ်ရာတစ်ခုခု ပေးသွားရင် ပြန်ပေးရမှ ... ပြန်လုပ်ရမှဆိုတာ သူ့ဝသီ ... ဆက်ချစ်နေသေးတာ ... ဆက်မချစ်နိုင်တော့တာနဲ့ မဆိုင်ဘူး”

“ဒါဆိုရင် ဘယ်တော့မှ ပြီးတော့မှာလဲ”

မာလာက ပြန်မပြောတော့ဘဲ မချိပြုံးလေးတစ်ခုသာ ပြုံးနေတော့သောအခါ တီတာ့မှာ ဒေါသတွေ အလိပ်လိုက် ထွက်လာရပြန်လေသည်။ အို ... မာလာသာ တီတာ့ညီမဆိုရင် တီတာတော့ သူတို့ပွဲကို မဖြစ်,ဖြစ်တဲ့နည်းနဲ့ တားမှာပဲ ... ဖျက်မှာပဲ ...။ သူ့ဘာသာ ငိုးရုံမကလို့ ဘာပဲဖြစ်ဖြစ် ...။ နောက်ဆုံး တစ်နေ့မှာ ဓားချင်းပဲ ယှဉ်ခုတ်ရခုတ်ရရယ် ...။

မာလာသွယ်ကတော့ ဖိတ်စာလေးထားခဲ့ပြီး ပြန်သွားလေပြီ ...။ ဖိတ်စာလေးကို ကိုင်ပြီး ထိုင်ကြည့်နေရင်း ကြည့်နေရင်းနှင့် တီတာ့ ခေါင်းထဲ အလင်းတန်းတို့က လျှပ်ပြက်သလို ပြက်လာတော့ကာ ... တီတာ အရမ်းကြီး စိတ်မကောင်း ဖြစ်လာမိပါတော့သည်။

ဘုရားရေ ...။ တီတာဟာ ဘာကြောင့်များ ဒီလိုလူအပေါ် ခင်မင်လိုက်လျောခြင်း ကြီးစွာနှင့် ယုံစားမိခဲ့

တာပါလဲ ...။ အမျိုးမျိုး အဖုံဖုံသော လုပ်ဇာတ်တို့နှင့် လိမ်လည်လှည့်ဖြားခြင်းလည်း မကင်းသော ... ရက်စက်တတ်သော ... ကိုယ့်ကိုကိုယ်ကလွဲရင် ဘယ်သူဘာဖြစ်ဖြစ်ဆိုတဲ့ စိတ်မျိုးလည်း အပြည့်ရှိနေသော ... ယောကျ်ားတစ်ယောက်ကို ... "ငါကတော့ သူ့ကို ယုံကြည်တယ်"ဟု ပြောမိသော မိန်းမလောက် အကုသိုလ်ကံတွေ ဖိစီးပြီး တွေဝေမိုက်မဲခဲ့တာ ရှိဦးမလား ...။

"အချစ်"ဆိုတာ ဘယ်လိုအရာမျိုးကို ခေါ်တယ်ဆိုတာကို စောစောစီးစီး နားမလည်ခဲ့မိသော မိန်းမလောက် ညံ့ဖျင်း ဦးနှောက်နဲ့တာ ရှိဦးမလား ...။

တီတာက ထိုင်နေရာမှ ချက်ချင်းပင် ထရပ်ကာ မှုမှုထံ ဖုန်းကောက်လှည့်ပါသည်။ တီတာတို့ဆီမှာ နေ့လယ်နေ့ခင်းကြီးပေမယ့် သူတို့ဆီမှာတော့ ညကြီးမိုးစုပ်စုပ်ချုပ်လို့ အိပ်မောကျနေခဲ့ပြီဖြစ်သည့် မှုမှုက အိပ်ရာထဲမှာ ကျုံးရုန်းထ,လာပြီး ဖုန်းလာကိုင်ခဲ့ကာ ... တီတာမှန်းလည်းသိရော အလွန်အမင်း လန့်ဖြတ်ထိတ်လန့်သွားသည့် လေသံနှင့် ...

"တီတာ ... ရှင် ... ရှင် ... ကြယ်စင့်ကို အဖြေပြန်ပေးမလို့ ကျုပ်ဆီ လှမ်းဆက်လိုက်တာတော့ မဟုတ်ဘူး မှတ်လား ..."

"အဖြေတော့ ပြန်ပေးတော့မလို့ ... ကြယ်စင့်ကိုတော့ မဟုတ်ဘူး ..."

မှုမှုထံမှ စိတ်ချမ်းမြေ့သွားသော ရယ်သံကျယ်ကြီးတစ်ခု ထွက်ပေါ်လာလေတော့သည်။



"သူ့ရဲ့မ ... ကျုပ်ဖြင့် လန့်ဖြတ်သွားတာပဲဟယ် ... ကောင်းပြီ ... ဒီလိုဆိုရင်တော့ ကျုပ်ပြောရဦးမယ်ဆိုတဲ့ စကားတွေကို ကျုပ် ပြောပြရဦးမယ် ..."

"ရှင့်ဟာက အဖျက်စကားတွေ မဟုတ်လား ... မလိုတော့ဘူးလေ ..."

"မဟုတ်ဘူး ... ကျုပ် သိတယ် ... ကျုပ်ရဲ့ စကားတွေဟာ ဖျက်ဖို့အတွက် ပြောရရင် ဘယ်လိုမှ တိုးပေါက်မှာ မဟုတ်ဘူး ... သံသယတွေနဲ့ ... ကျုပ်ပဲ ငပုပ်မကြီး တစ်ယောက် ဖြစ်ရဦးမှာ ... ဒါကြောင့် ကျုပ်က ဖျက်ဖို့အတွက် မဟုတ်ဘဲနဲ့ ဒီတိုင်းပဲ ပြောခွင့်ရပါစေလို့ ဆုတောင်းခဲ့တာ ... ကျုပ် ဆုတောင်း ပြည့်တယ် ... ဒီစကားတွေကို သဇင်နဲ့ လှလေးကိုတောင် ကျုပ်မပြောခဲ့ဖူးသေးဘူး"

"လုပ်ပြန်ပြီ ... အသည်းယားအောင် ..."

"ကျုပ် ဖွင့်ပြောရမလား ... ပြောမယ်ဟာ ... ကျုပ် ဒီကိုထွက်မလာခင် ကျုပ်တို့ တွဲဖြစ်လိုက်ကြသေးတယ် ..."

"ဘယ်လို ... ဘယ်သူနဲ့ ..."

"ဘယ်သူနဲ့ ရှိရမလဲ ... ကျုပ်နဲ့ ကြယ်စင်ပေါ့ ..."

တီတာ့မှာ ပွင့်ဟလာသော နှုတ်ခမ်းလေးကို ယောင်ယမ်းပြီး လက်နှင့် အမြန်ဆုံး ပိတ်လိုက်မိပါတော့သည်။

"ကျုပ်က နေ့တိုင်း အပြင်ကို တချောင်းချောင်းထွက်နေရတယ် မဟုတ်လား ... အမြဲတမ်းလိုလို သူပါ

တယ် ... ကျုပ်ကလည်း သူ ရိုးရိုး လိုက်ကူညီနေတယ်လို့ပဲ ထင်တယ် ... သူကလည်း ဒီကိုထွက်လာမယ့်လူဟာ ကျုပ်လို့မထင်ဘူး ... ကျုပ်ညီမလေးနဲ့ ကျုပ်အမေနဲ့လို့ပဲ ထင်နေတယ် ... နောက်မှ ကျုပ်ဆိုတာ သူသိသွားတယ် ... သိသွားတာနဲ့ အတင်းလိုက်ကပ်နေတာ အလာကျဲသွားတယ် ထင်တာပဲ ... မသိဘူး ... ကျုပ်စိတ်ထင်တာလည်း ဖြစ်နိုင်တယ် ... ဒါပေမယ့် ခုပြန်စဉ်းစားမှ ဒါဖြစ်နိုင်တယ် ...”

“အဲဒီတုန်းက လှလေးနဲ့ သူနဲ့ ...”

“လှလေးနဲ့ကိစ္စကို ကြိုက်ကြတယ်ဆိုတဲ့ အထိ ကျုပ်မသိလိုက်ဘူးလေ ... ဒါပေမယ့် ကျုပ်ထင်တယ် ... ပြတ်ပြီးစလေးပဲ ဖြစ်လိမ့်မယ် ... အဲဒီအချိန်လောက်ပဲ ...”

“ဆိုးလိုက်တာ ...”

တီတာ့မှာ ဘာပြောရမှန်း မသိ ... ထွက်သွားမိသော စကားလုံးဟာ ကြယ်စင့်အတွက်ဆိုရင် အများကြီးပေါ့တိမ်လို့ နေနိုင်ပါသည်။

“ဟုတ်တာပေါ့ ... အတော်ဆိုးတဲ့လူ ... ကြည့်ရတာကတော့ ကျုပ်တို့အုပ်စုထဲမှာ လှလေးကလွဲရင် ကျုပ်က သူနဲ့ အလုံးဆုံးလူမဟုတ်လား ... လှလေးကို တစ်ခုခုပြန်ချေပ လက်စားချေနိုင်ဖို့အတွက် လူရွေးတော့ ကျုပ်ကို ရွေးလိုက်တယ် ထင်တယ် ... ခုတွေးကြည့်မှ ရှက်စရာ ကောင်းလိုက်တာဟာ ... ကျုပ် အမှန်အတိုင်း



ပြောမယ် ... လှလေးနဲ့ကိစ္စကိုလည်း ကျုပ်က မသိဘူးဆိုတော့ ကျုပ် သူ့ကိုစိတ်ယိုင်တယ် ... ဒါ ရှက်ရှက်နဲ့ အမှန်ဆုံး ပြောပြတာ ...

ဒါပေမယ့် ကျုပ်က ဒီမှာကျောင်းတက်ဖို့ ဘာဖို့ အားလုံး စီစဉ်ပြီးနေပြီဆိုတော့ သူ့ကို မေးကြည့်လိုက်မိတယ် ... နိုင်ငံရပ်ခြားမှာ နှစ်ရှည်လများ နေနိုင်မလားလို့ ... ပြီးတော့ အခန့်မသင့်ရင် တစ်သက်လုံးဖြစ်ဖြစ်ရော နေနိုင်သလားလို့ ... အဲဒီမှာတင် သူကျုပ်ကို ခွာသွားတာပဲ ... ကျုပ်ကတော့ ကျုပ်ပြောသလို မဖြစ်နိုင်လို့လို့ ထင်လိုက်တယ်လေ ... ဒါပေမယ့် သူ့အကြံက တစ်မျိုးဆိုတော့ ကျုပ်ကို လက်လျှော့လိုက်တဲ့ သဘောပေါ့ ...

ကျုပ်ကိုယ်တိုင် စိတ်ယိုင်ဖူးတော့ ရှင်လည်း ယိုင်ပါတယ်ဆိုရင် ကျုပ် အပြစ်မတင်ဘူး ... ဒါပေမယ့် ရှင်က လှလေးနဲ့ ကိစ္စကိုပါ သိပြီးသား ဖြစ်နေတော့ ရှင် သူ့ကို ရွေးချယ်လိုက်မယ်ဆိုရင်တော့ ရှင့်လောက် မိုက်လုံးကြီးတဲ့လူ ရှိတော့မှာ မဟုတ်လို့ အပြစ်တင်ရုံတင်မက ... ထုပါ သတ်ပစ်ချင်တော့မှာပဲ ...”

“ရှင် ကျုပ်ကို စောစောစီးစီး ပြောပါလား အစုတ်ပလုပ်မရဲ့ ... ကျုပ်မှားသွားမိရင် ဘယ်လိုလုပ်မလဲ”

“ရှင့်စိတ်ကို ကျုပ်သိတယ်လေ ... ရှင်မှ သူ့ကို မချစ်ဘဲ ... ရှင်ပြန်လက်ခံမှာ မဟုတ်လို့ ခုချိန်ထိ ကြာ

နေတာပေါ့ ... နို့မို့ဆိုရင်တော့ ရှင့်လောက် ဦးနှောက်မသုံးတဲ့လူဟာ သူ့ကို ခေါင်းညိတ်ချလိုက်မှာ ကြာလှပြီ ...”

“အမယ်လေး ... ခုလည်း လက်မတင်လေးနော် ...”

တီတာက ဖုံးဖိမထားတော့ဘဲ ဖွင့်ပြောလိုက်မိသည်။

“ကြည့်စမ်း ... မညိတ်ခင် ပြောပါဆိုတာ ... မပြောခင် ညိတ်ပစ်တော့မလို့ပေါ့ ... ကျုပ်စကားကို နားမထောင်တော့မလို့ ... တော်ပါသေးရဲ့ ...”

“အခု နားထောင်ပြီလေ ...”

“ဟေး ... ဟုတ်သားပဲ ... စကားစ ပြတ်သွားလို့ ရှင်ခုနက အဖြေပေးတော့မလို့ ကျုပ်ဆီ ဖုန်းဆက်တာလို့ ပြောတယ် ... ပြော ... ပြော ... ခုပြော ...”

“ဟင့်အင်း ... တော်ပြီ ... သွားပြန်အိပ်တော့ ... ဂွတ်နိုက် (Good Nigit)”

“ကြည့်စမ်း ... ဒါ ကျုပ်ကို အသည်းယားအောင်လုပ်ပြီး ပြန်လက်စားချေတာ ...”

“လက်စားချေဆိုတဲ့ စကားလုံးကြီးကို မသုံးစမ်းပါနဲ့ဟာ ... ကဲ ... ဒါပဲဟာ ... တကယ်ဒါပဲ ... ဂွတ်နိုက်”

တီတာက မူမူ အသည်းမယား ယားအောင် တကယ်ပင် ဖုန်းကို အမြန်ဆုံး ချပစ်လိုက်ပါတော့သည်။ တီတာ မချဖြစ်သေးခင် ဖုန်းကို နားရွက်မှ အခွာပဲရှိသေး ... မူမူ ကလည်း မပြောလိုက်ရမှာ အလွန် စိုးရိမ်ပုံနှင့် ...



“မောင်းမောင်းတော့ အရမ်းပျော်မှာပဲ ...”ဟု ဖုန်းထဲသို့ လှမ်းအော်ထည့်လိုက်သံကို တီတာကလည်း ကြားဖြစ်အောင် ကြားလိုက်ရသေးလေသည်။ မူမူ့ရဲ့ အသံလေးဟာ ရွှင်မြချို ကြည်လျက် ...။

မောင်းမောင်း မပျော်ခင် ကိုယ်အရင် ပျော်နေပြီဆိုတာ ကိုယ့်ဘာသာပဲ သိပါသည်။ သဇင်တို့ လှလေးတို့ သိသွားကြရင်လည်း မူမူ့လိုပဲ ဝိုင်းပျော်ကြဦးမည်ဆိုတာ တီတာ သေချာသည်။ ပြီးတော့ တီတာ့ရဲ့ မိသားစုရော ... မောင်းမောင်းရဲ့ မိသားစုရော ...။ ကိုယ့်ကိစ္စမှာတောင်ကိုယ် “မပျော်နိုင်တော့ပါဘူး”ဟု ဆိုသွားသည့် မာလာသွယ်စင် မောင်းမောင်းနှင့် မခင်မင် မသိကျွမ်းပေမယ့် ဒီကိစ္စမှာတော့ တီတာ့ကိုယ်စား သူပါဝင် ပျော်ဦးမည် အမှန်ပင် ...။

တီတာတော့ လူတိုင်းလည်း ပျော် ... ကိုယ်လည်း တကယ့်ကို ပျော်မည့် ကိစ္စတစ်ခုကို မျက်စိလျှမ်း မမြင်မစမ်း ဖြစ်နေမိရာက လွတ်မြောက်အောင်မြင် လာနိုင်လေပြီ ...။

## အခန်း(၇)

မျက်နှာချင်းဆိုင်ကြီး ပက်ပင်းတိုး လာဆုံတွေ့နေကြရာမှ တီတာက ဆတ်ခနဲ အမြန်ဆုံး ကျောခိုင်းပစ်လိုက်ကာ ... နောက်ကြောင်းကို ချက်ချင်းပြန်လှည့်ပြီး ပြန်လျှောက်လာမိသည်။ ပြဿဒါး ... ပြဿဒါးပဲ ... ။ ဒီနေ့ ပြက္ခဒိန် မကြည့်ခဲ့မိတာတော့ အတော်ကြီး မှားသွားပြီ ...။ အနော်ရထာလမ်းပေါ်လို လူစည်စည်နေရာကြီးမှာမှ ပက်ပင်းလာတိုးနေရတယ်လို့ ...။

"တီတီတာ ..."

ကျွတ် ...။ တီတာက ကိုယ့်နှုတ်ခမ်းရဲ့ အတွင်းသားလေးကို ကိုယ်ခပ်ဆတ်ဆတ်လေး ကိုက်လိုက်မိကာ မျက်စိစုံမှိတ် ခေါင်းပါယမ်းခါလိုက်မိပါသည်။

"နေစမ်းပါဦး... ခင်ဗျားက ကျွန်တော့်ကိုမြင်မှ ကျောခိုင်းပြီး လှည့်ပြေးရအောင် ... ကျွန်တော်နဲ့ ရင်မဆိုင်



ရဲလောက်စရာ ဘာတွေများ ကျူးလွန်ထားလို့လဲ ..."

ငါးဖယ်ကများ ပြောင်းပြန် ...။ တီတာက စကားပြန်ပြောမိလျှင်ပင် ကိုယ့်စိတ်ထဲမှာ ငရဲကျရသလို ခံစားရတော့မှာမို့ သူ့ကို ရူးရူးရဲရဲပဲ ပြန်ကြည့်နေကာ နှုတ်ခမ်းကို တင်းတင်းပဲ စေ့ထားသည်။

"ခင်ဗျားကို ပြောစရာရှိလို့ပါ ... ကျွန်တော် မာလာသွယ်နဲ့ လက်ထပ်တော့မယ် ..."

တီတာ့ ရင်ထဲမှာ ကျလိကျလိ ဖြစ်ပြီး ... အသည်းယားအခံခက်ကာ တစ်ခုခုကို တစ်ဆုံးတစ်စ လုပ်ပစ်လိုက်ချင်စိတ်တွေ တရှူရှူ ဖြစ်လာသည်။ လူက ဘာလုပ်ရမှန်း မသိလွန်းတော့ ဒေါသပဲဖြစ်ကာ မိန်းမသားပီပီ မျက်ရည်က ဝိုင်းချင်လာသည်။ အို ... စိတ်တင်းထားစမ်းပါ။ တီတာရဲ့မျက်ရည်ကိုမြင်လျှင် ကြယ်စင်ဆိုသော လူ့အောက်တန်းစားက ခေါင်းနဲ့မိုးကောင်းကင် တက်ဆောင့်ပြီး သူ့လုပ်ရပ်တော့ အောင်မြင်ပြီရယ်လို့ လက်ခမောင်း ထခပ်နေတော့မှာမို့လို့ပါ ...။

"မာလာသွယ်ကတော့ သနားစရာ သိပ်ကောင်းတဲ့ မိန်းကလေးပဲ"

စကားလုံးဝ မပြောဘဲနေလျှင် မျက်ရည်ကကျတော့မည်မို့ တီတာက အနိုင်နိုင် စိတ်ထိန်းကာ စကားဆိုလိုက်ပါသည်။ တီတာ့ စကားကြောင့် ကြယ်စင့်ရဲ့ မျက်ခုံးနှစ်ဖက်က မြင့်တက်သွားကာ နှုတ်ခမ်းကလည်း ဆတ်ခနဲတွန့်တက်သွားရင်း ...

"ဒါ သူရွေးချယ်တဲ့ လမ်းပဲ ..."

"ဒါပေမယ့် ရှင် ချခင်းပေးခဲ့တဲ့လမ်း ..."

"မှားတယ် ... ကျွန်တော့်မှာ သူ့ကို အကွက်ထွင်ပြီး လမ်းခင်းပေးဖို့ ရည်ရွယ်ချက် လုံးဝမရှိဘူး ... သူ့ကို ပြောတာနော် ... သူ့အပေါ်မှာသာ မရှိခဲ့တာကို ပြောတာ ..."

"လူယုတ်မာ ... အောက်တန်းစား ... ရှင် မူမူ့ကို လည်း ဒီလိုပဲ အကွက်ထွင်ခဲ့တာပဲ ... ကျွန်မကိုလည်း လှည့်ဖြားနှပ်ချဖို့ ကြိုးစားခဲ့သေးတာပဲ ... ဘယ်သူ ဘာဖြစ်ဖြစ် ... ငါလုပ်ချင်ရာ လုပ်ရရင် ပြီးရောဆိုတဲ့ လူ ... ရှင်လား မာလာသွယ့်ကို အကွက်မထွင်မှာ ... ရှင့်လောက် လိမ်ညာကောက်ကျစ်ပြီး စကားမှန်မပြော တဲ့လူ ...ဘာပြောပြော အလိမ်အညာတွေချည်းပဲ ဖြစ် မှာ ..."

ကြယ်စင်က တီတာ့ကို စိုက်ကြည့်နေပါသည်။ သူ့မျက်နှာပေါ်မှာ ... သူ့မျက်လုံးထဲမှာ ... တစ်ခုခုလေး ... တစ်မျိုးလေး ဖြစ်သော အရိပ်အယောင်တစ်ခု ဖြတ်သွားသ လိုလို တီတာက တွေ့လိုက်ရလေသည်။ သူက အဲဒီတစ်မျိုး လေးကို ပြန်ရုတ်မသိမ်းဘဲ တီတာ့ကို ဆက်လက်စိုက်ကြည့် လို့နေသည် ...။ ခဏကြာမှ ...

"ဆောရီးပဲ တီတီတာ ... ကျွန်တော် ဝန်ခံပါရစေ ... ခင်ဗျားကို ကျွန်တော် မချစ်ခဲ့ဘူး ..."

တီတာ့ရဲ့ လက်တစ်ဖက်က လက်ထဲမှာကိုင်



ထားသော အိတ်ကို လွှဲပြီးမြောက်တက်လာစဉ်မှာ အရင်ဦးအောင် ဆတ်ခနဲ လှုပ်ရှားကာ ... တီတာ့ရဲ့လည်ဂုတ် ပုတ်ထုတ်ပစ်လိုက်လေသည်။ နှုတ်ဖျားမှလည်း ...

"လမ်းမကြီးမှာ"

ဘာဖြစ်ဖြစ် ... ဒီလူတစ်ယောက်ကိုတော့ ရိုက် ကိုရိုက်ရမှဟု တီတာက ဆုံးဖြတ်မိသည်။ သူပုတ်ထုတ်ပစ် လိုက်၍ နာကျင်သွားခဲ့သော လက်ကိုပင် ထပ်အလွှဲတွင် သူက တီတာရဲ့ ဘယ်ညာလက်နှစ်ဖက်စလုံးကို ဖမ်းကိုင်ချုပ် နှောင်ထားလိုက်တော့ပြီး ...

"မရိုက်နဲ့ ... ကျွန်တော် ခင်ဗျားကို စိတ်မနာချင်ဘူး"

ဘာမှ မလုပ်နိုင်တော့သော မိန်းမတစ်ယောက်၏ နောက်ဆုံးထွက်ပေါက်ဟာ မျက်ရည်ပဲ ဖြစ်ပါသည်။ မျက် ရည်တွေ ဒလဟော သွန်ဆင်းကျလာသည့် တီတာ့ကို မြင် လျှင် ကြယ်စင့်ရဲ့ မျက်နှာဟာ ရုတ်ချည်းပင် ပျက်ထွက်သွား ပြီး ဘေးဘီဝဲယာကို ခပ်မြန်မြန်ကြည့်ကာ တီတာ့ လက်နှစ် ဖက်ကို လွှတ်ပေးလိုက်သည်။ ပြီးလျှင် ခပ်တိုးတိုးနှင့် ...

"မျက်ရည်တွေ သုတ်ပစ်လိုက် ..."

တီတာကား ကြိတ်မနိုင် ခဲမရနှင့် မျက်ရည်တို့ သာ ဆက်ကျဖြစ်နေဆဲ ...။ ဘေးပတ်ဝန်းကျင်မှ လူများ တီတာ့ကို သိသိသာသာကြီးတွေပင် စောင်းငဲ့ကြည့်သွားကြ တာ တီတာ သိပါသည်။ သို့သော် တီတာက ဂရုမစိုက် ...။ ကြယ်စင်မှာ လမ်းမကြီးပေါ်တွင် မျက်ရည်ကျနေတော့သော တီတာ့ကို ကြည့်ကာ လက်သီးဆုပ်လိုက် ... လက်ဖြောက်

"ဒါ သူရွေးချယ်တဲ့ လမ်းပဲ ..."

"ဒါပေမယ့် ရှင် ချခင်းပေးခဲ့တဲ့လမ်း ..."

"မှားတယ် ... ကျွန်တော့်မှာ သူ့ကို အကွက်ထွင်ပြီး လမ်းခင်းပေးဖို့ ရည်ရွယ်ချက် လုံးဝမရှိဘူး ... သူ့ကို ပြောတာနော် ... သူ့အပေါ်မှာသာ မရှိခဲ့တာကို ပြောတာ ..."

"လူယုတ်မာ ... အောက်တန်းစား ... ရှင် မူမူ့ကို လည်း ဒီလိုပဲ အကွက်ထွင်ခဲ့တာပဲ ... ကျွန်မကိုလည်း လှည့်ဖြားနှပ်ချဖို့ ကြိုးစားခဲ့သေးတာပဲ ... ဘယ်သူ ဘာဖြစ်ဖြစ် ... ငါလုပ်ချင်ရာ လုပ်ရရင် ပြီးရောဆိုတဲ့ လူ ... ရှင်လား မာလာသွယ့်ကို အကွက်မထွင်မှာ ... ရှင့်လောက် လိမ်ညာကောက်ကျစ်ပြီး စကားမှန်မပြော တဲ့လူ ...ဘာပြောပြော အလိမ်အညာတွေချည်းပဲ ဖြစ် မှာ ..."

ကြယ်စင်က တီတာ့ကို စိုက်ကြည့်နေပါသည်။ သူ့မျက်နှာပေါ်မှာ ... သူ့မျက်လုံးထဲမှာ ... တစ်ခုခုလေး ... တစ်မျိုးလေး ဖြစ်သော အရိပ်အယောင်တစ်ခု ဖြတ်သွားသ လိုလို တီတာက တွေ့လိုက်ရလေသည်။ သူက အဲဒီတစ်မျိုး လေးကို ပြန်ရုတ်မသိမ်းဘဲ တီတာ့ကို ဆက်လက်စိုက်ကြည့် လို့နေသည် ...။ ခဏကြာမှ ...

"ဆောရီးပဲ တီတီတာ ... ကျွန်တော် ဝန်ခံပါရစေ ... ခင်ဗျားကို ကျွန်တော် မချစ်ခဲ့ဘူး ..."

တီတာ့ရဲ့ လက်တစ်ဖက်က လက်ထဲမှာကိုင်



ထားသော အိတ်ကို လွှဲပြီးမြောက်တက်လာစဉ်မှာ သူက အရင်ဦးအောင် ဆတ်ခနဲ လှုပ်ရှားကာ ... တီတာ့ရဲ့လက်ကို ပုတ်ထုတ်ပစ်လိုက်လေသည်။ နှုတ်ဖျားမှလည်း ...

"လမ်းမကြီးမှာ"

ဘာဖြစ်ဖြစ် ... ဒီလူတစ်ယောက်ကိုတော့ ရိုက် ကိုရိုက်ရမှဟု တီတာက ဆုံးဖြတ်မိသည်။ သူပုတ်ထုတ်ပစ် လိုက်၍ နာကျင်သွားခဲ့သော လက်ကိုပင် ထပ်အလွှဲတွင် သူက တီတာရဲ့ ဘယ်ညာလက်နှစ်ဖက်စလုံးကို ဖမ်းကိုင်ချုပ် နှောင်ထားလိုက်တော့ပြီး ...

"မရိုက်နဲ့ ... ကျွန်တော် ခင်ဗျားကို စိတ်မနာချင်ဘူး"

ဘာမှ မလုပ်နိုင်တော့သော မိန်းမတစ်ယောက်၏ နောက်ဆုံးထွက်ပေါက်ဟာ မျက်ရည်ပဲ ဖြစ်ပါသည်။ မျက် ရည်တွေ ဒလဟော သွန်ဆင်းကျလာသည့် တီတာ့ကို မြင် လျှင် ကြယ်စင့်ရဲ့ မျက်နှာဟာ ရုတ်ချည်းပင် ပျက်ထွက်သွား ပြီး ဘေးဘိဝဲယာကို ခပ်မြန်မြန်ကြည့်ကာ တီတာ့ လက်နှစ် ဖက်ကို လွှတ်ပေးလိုက်သည်။ ပြီးလျှင် ခပ်တိုးတိုးနှင့် ...

"မျက်ရည်တွေ သုတ်ပစ်လိုက် ..."

တီတာကား ကြိတ်မနိုင် ခဲမရနှင့် မျက်ရည်တို့ သာ ဆက်ကျဖြစ်နေဆဲ ...။ ဘေးပတ်ဝန်းကျင်မှ လူများ တီတာ့ကို သိသိသာသာကြီးတွေပင် စောင်းငဲ့ကြည့်သွားကြ တာ တီတာ သိပါသည်။ သို့သော် တီတာက ဂရုမစိုက် ...။ ကြယ်စင်မှာ လမ်းမကြီးပေါ်တင် မျက်ရည်ကျနေတော့သော တီတာ့ကို ကြည့်ကာ လက်သီးဆုပ်လိုက် ... လက်ဖြောက်

ချိုးလိုက် ... နှင့် ဘယ်တုန်းကမှ သူ့ဆီမှာ မတွေ့ရှိရဖူးသော ဂနာမငြိမ် ဣန္ဒြေမရဟန်တွေ ဖြစ်ပေါ်နေတော့ပြီးလျှင် ...

"ဟိုနားမှာ ကားပါလာတယ် ... ကားပေါ် တက်လိုက်မလား ..."

"ကျွန်တော် ဘာလုပ်ပေးရမလဲ ... ခင်ဗျား အဲဒီလိုဖြစ်မနေနဲ့ ..."

"ကျွတ် ... တီတီတာ ... ဒါဖြင့်ရင်လည်း ခင်ဗျားကျွန်တော့ကို ရိုက်နိုင်တယ် ... ရိုက်ပစ်လိုက် ... ဒီလိုကြီးကတော့ ... လုံးဝကို ပိုဆိုးတယ် ... သိရဲ့လား"

"တောက် ... ငါလျှောက်ပြောမိတော့မှာပဲ ..."

ခပ်ကျယ်ကျယ် တစ်ချက်အော်လိုက်ပြီးသော သူ့နှုတ်ခမ်းသူ တင်းတင်းကိုက်လျက် အတ္တကြီးတတ်သူတို့၏ ထုံးစံ မျက်နှာထားက သူ့မျက်နှာပေါ်မှာ ပြန်ပေါ်လာပြန်သည်။ နောက်ဆုံးတော့ တောက်တစ်ချက် ထပ်ခေါက်ကာ ဆုံးဖြတ်ချက် ချလိုက်ဟန်နှင့် ...

"ခင်ဗျား ... ကျွန်တော့်ကို ခုချက်ချင်း အဖြေပေးလိုက်ဗျာ ... အဖြေပေးလိုက်"

အရှူး ... ရှင် တကယ်ရူးနေပြီ ...။

တီတာက မျက်ရည်တို့ကို ခပ်မြန်မြန် သုတ်ပစ်လိုက်သည်။ သူ့ကိုပါ ဆတ်ခနဲ ကျောခိုင်းလိုက်သောအခါ သူ့ထံမှ မသဲမကွဲ စကားလုံးအချို့နှင့် ဆို့ဆို့နင့်နင့် အသံတစ်ချက် ထွက်ပေါ်လာလေသည်။ ကဲ ... ပြေးစမ်း ...



ပြေးနိုင်သမျှ မြန်မြန်ပြေးစမ်း ... သူ့ရဲ့ မျက်စိရှေ့မှောက်အောက်က အမြန်ဆုံး လွတ်မြောက်အောင် ... သူ့ရဲ့အရှူးစက်ကွင်းထဲက အမြန်ဆုံး လွတ်မြောက်အောင် ... ရှင်းရှင်းလင်းလင်းကြီး လွတ်မြောက်အောင် ထွက်ပြေးလိုက်စမ်း။

"တီတီတာ" ဟု လှမ်းခေါ်လိုက်သံ တစ်ချက်ကို ကြားလိုက်ရသေးသည်။ တီတာကား သူ့ဆီမှာ ရှုံးနိမ့်လာခဲ့သည်ဟု ကိုယ့်ကိုကိုယ် မထင် ...။ နိုင်လာခဲ့သည်လို့ကတော့ ပိုလို့တောင်မှ မထင် ...။ သူဟာ ယောကျ်ားတန်မဲ့ကြီးနှင့် မူယာမာယာ အလွန်များတတ်သည့် သူတစ်ယောက်သည်း ဖြစ်နေပြန်သေးသဖြင့် ... အရှုံး၊ အနိုင် ဆိုသည့် ကိစ္စတွေကို လိုက်ဆုံးဖြတ်ကြည့်နေလျှင် ကိုယ်မဲ့ စိတ်ဒုက္ခလူဒုက္ခ ရောက်ရလိမ့်မည်။

တီတာ သိတာက ... ခုချိန်မှာ တီတာ့ရဲ့ ပြဿဒါးနေ့ကို ရက်ရာဇာအဖြစ် အသွင်ပြောင်းပစ်ရမည်။ တီတာက ရောက်ရာအရပ်မှဝင်၍ မောင်းမောင်းရဲ့ အလုပ်ရှိရာရုံးသို့ ဖုန်းခေါ်လိုက်ပါသည်။

"အောင်မောင်းသံပါ ..."

"မောင်းမောင်း ... တီတာပါ ..."

"ဘာလဲ တီတာ ... ဘာဖြစ်သလဲ ... နင့်အသံက တစ်မျိုးပဲ ..."

"မောင်းမောင်း ... နင့်ကို ငါပြောမလို့ ... ပြောစရာရှိလို့ ..."

"ဘာလဲဟာ ..."

"နင့်ကို ငါ လက်ထပ်ဖို့ ကတိပေးပါတယ် မောင်းမောင်းရယ် ... ငါ ... ငါလည်း မေမေတို့ကို ပြောပြလိုက်မယ် ... နင်လည်း နင့်အမေတို့ကို ပြောလိုက်တော့"

"တီတာ ... တီတာ ... နင် ဘာဖြစ်နေလဲ ..."

"ဘာမှ မဖြစ်ဘူး ..."

"နင် အခု ဘယ်ကဆက်နေတာလဲ ..."

"အနော်ရထာလမ်း ရောက်နေတယ် ..."

"ဘယ်နားနဲ့ နီးလဲ ..."

"(119)စတိုးနဲ့ နီးတယ် ..."

"ငါ ... ငါးမိနစ်အတွင်း ရောက်အောင်လာခဲ့မယ် ... နင် ဘယ်မှ မသွားနဲ့ ... အဲဒီမှာပဲနေ"

မောင်းမောင်းက ဖုန်းကို ချပစ်လိုက်တော့ဖို့ လုပ်ပြီးကာမှ ... "တီတာ ... တီတာ ... ခဏလေး"ဟု ခပ်မြန်မြန် အော်ခေါ်လိုက်ကာ ...

"နင့်နားမှာ ဟိုကောင် ရှိနေသလား ..."

တီတာက သက်ပြင်းတစ်ခုကို ခိုးရှိုက်လိုက်ရင်း "မရှိပါဘူး မောင်းမောင်းရယ်"ဟု ပြောလိုက်ရပါသည်။ သို့သော် မောင်းမောင်း ရောက်လာသော အခါတွင်မတော့ တီတာဟာ ကိုယ့်အငိုရှပ်ကို ဟန်လုပ်ပြီး ပြန်ဖုံးမထားနိုင်ပါ ...။

"နင် ငိုထားတယ် ..."

"ဟုတ်တယ် ... ဒါပေမယ့် နင့်ကို ငါ လက်ထပ်ချင်တာ သေချာတယ် ..."



"နင့် မျက်နှာ ဒီလိုဖြစ်မနေရင် ငါယုံကောင်းယုံမယ်၊ ဝမ်းလည်းသာနေလိမ့်မယ် ..."

"မဟုတ်ဘူး မောင်းမောင်း ... ငါ ... ငါ မနေ့ကတည်းက မူမူ့ကို ပြောလိုက်ပြီးပါပြီ ..."

"ဘယ်သူ့ကိုပဲပြောပြော ... ဘယ်သူ့ထောက်ခံချက်ကိုပဲ ရရ ... အရေးကြီးတာက နင်ပဲ"

"ငါကိုယ်တိုင်က ပြောနေတာလေ ..."

"ဒါပေမယ့် နင်ငိုထားပြီးမှ ငါ့ကိုပြောတာ ဖြစ်နေတယ် ... ငါအလျှင်မလိုပါဘူးလို့ နင့်ကို ပြောပြီးပြီလေ တီတာ ..."

"သေလိုက်ပါတော့ မောင်းမောင်းရယ် ... ငါ ဘယ်လိုပြောမှ နင်ယုံတော့မှာလဲ ..."

"နင် ဒီနေ့မနက် ... ဒါမှမဟုတ် ခုနလေးလောက်ကပဲ ဟိုကောင်နဲ့ တွေ့ခဲ့သေးတယ် မဟုတ်လား ..."

သေတော့မှာပဲ ...။ တစ်ချို့ကိစ္စတွေမှာ လူတွေဟာ သိပ်ရယ်စရာကောင်းလောက်အောင် အားလုံး ကမောက်ကမ တွေချည်းသာ ဖြစ်လို့နေတော့တာပဲ ...။ တီတာ့ထံမှ အချစ်ကို အကြာကြီးလည်း ဆက်စောင့်နိုင်ပါသည်ဆိုသော မောင်းမောင်းဟာ တကယ်တမ်း လက်ခံလိုက်ပါပြီဆိုတဲ့ အခါကျပြန်တော့ ... မယုံသင်္ကာခြင်းပေါင်း မြောက်မြားစွာနှင့် "ခဏပြန်သိမ်းထားပါဦး"ရယ်လို့ ဘွာခတ်ချင်နေရပြန် ပါပြီ ...။

တီတာက "ဟာ"ဟု အကျယ်ကြီး ထအော်လိုက်မိပြီးတော့မှ ...

"မျက်ရည်ဆိုတာ ဒေါသဖြစ်ရင်လည်း ကျတတ်တာပဲ … ဘာလုပ်ရမှန်း မသိတော့ရင်လည်း ကျတတ်တာပဲ၊ ကျဉ်းထဲကျပ်ထဲ ရောက်နေရင်လည်း ထွက်ပေါက်တစ်ခုအနေနဲ့ ကျလိုက်ရတာပဲ … ဝမ်းနည်းမှု၊ ပူဆွေးမှု၊ ယူကျုံးမရဖြစ်မှု ကျမယ်လို့ နင်ထင်မနေနဲ့ … အေး… ကိုယ်ပြောနေတာတွေကို ကိုယ်ယုံစေချင်တဲ့ လူတစ်ဘက်သားက ဘယ်လိုမှ မယုံတော့ဘူး ဆိုရင်လည်း ထပ်ကျချင်ကျလာတော့မှာပဲ …"

ဒီတော့မှပင် ရုပ်တည်ကြီး ဖြစ်နေသည့် မောင်းမောင်း၏ မျက်နှာပေါ်မှာ အပြုံးတွေက လှစ်ခနဲ … လှစ်ခနဲပင် ပေါ်လာကြတော့ကာ …

"လမ်းမကြီးမှာ မျက်ရည်ကျမလို့လား …"

"အဆန်းမှ မဟုတ်တာ …"

"ဒါဖြင့် နင် ဟိုကောင့်ကြောင့် မျက်ရည်ကျခဲ့ရတာရော … ဒီလမ်းမကြီးပေါ်မှာပဲလား"

"မောင်းမောင်း … နင့်ကို ငါက လက်ထပ်ပါမယ်လို့ ပြောနေတာ … နင့်ကို ငါက ချစ်ပါတယ်လို့ ပြောနေတာ …"

တီတာက … "ကျွတ် … အသံတောင်ကျယ်သွားပြီ"ဟု ဆိုကာ နှုတ်ခမ်းကို ကိုက်ချ ခေါင်းအောက် ငုံ့ချကာ မျက်စိကိုပါ အောက်သို့ပဲ စိုက်ချ ထားလိုက်တော့လျှင် မောင်းမောင်းက စောင်းငဲ့ ကြည့်သွားကြသည့် လမ်းသွားလမ်းလာတို့ကို သတိမပြုမိနိုင်တော့ပဲ "တဟားဟား" ရယ်



သံကျယ်ကြီးနှင့် အော်ရယ်နေပါတော့သည်။

"နင် ငါ့ကို ချစ်တယ်လို့ ပြောလိုက်မိပြီ တီတာ"

"လဲသေလိုက်စမ်းပါဟာ …"

အကယ်၍များ ခုနကသာ ဒီအနော်ရထာလမ်းမကြီးပေါ်မှာပဲ မျက်ရည်ကျ ဒေါသကြီးခဲ့ရသော ကောင်မလေးတစ်ယောက်ကို မြင်ခဲ့ရသူရှိလျှင် ခုနေများ ပြန်မြင်လိုက်ပါက … "ဒီကလေးမတော့ မရူးယ်ဘူး"ဟု ထင်သွားနိုင်စရာ အကြောင်းရှိပါသည်။ တီတာမှာ မောင်းမောင်းနှင့် အပြိုင် လိုက်လိုက်လှဲလှဲ … (နည်းနည်းလေး လောက် အရှိန်လျော့သွားမိလျှင်ပင် အပါယ်ကျတော့မလောက် အတင်းကြီး အရှိန်အဟုန်မြင့် လိုက်လှဲထားသော လိုက်လိုက်လှဲလှဲ)ကြီး လိုက်ရယ်နေမိပါပြီ …။

တစ်နေရာမှာတော့ ထိုမြင်ကွင်းကို ရပ်ကြည့်နေခဲ့သူ တစ်ဦး ရှိလို့နေသည်။

ကားပေါ်က ဆင်းဆင်းလိုက်ချင်းပင် တီတာက ဂျိုကာ့ကို ပိုက်ဆံပေးဖို့ စိတ်ကူးရလိုက်သည်။ ဒီဂျိုကာကြီးကို ဟိုးအရင်က နည်းနည်းလေးမှ မနှစ်မြို့ခဲ့မိသော တီတာက လူလေးကို သူ့နည်းသူ့ဟန်နှင့် ထိမ်းသိမ်းစောင့်ရှောက်ထားချင်တာကို မြင်လိုက်ရချိန်မှစကာ သဘောထားပြောင်းသွားပြီး ပြောင်းလဲနှစ်မြို့လို့ လာခဲ့ပါသည်။ သို့သော် ဒီတိုင်း

ကြီး ပိုက်ဆံသွားပေးလို့ကတော့ ကောင်းပါ့မလား ... တော်တော်ကြာကျ သူက စိတ်မမှန်ဘူး ဆိုပေမယ့် သူများပိုက်ဆံကို အလကား မယူချင်သူတစ်ယောက် ဖြစ်နေခဲ့ရင် ကိုယ်က သွားပေးမိမှ ထစိတ်ဆိုးနေရင် အခက် ...။

ဒီနေ့တော့ဖြင့် သူ့လက်ထဲမှာ မှတ်ကစားရသည့် စက္ကူလိပ်များကို မတွေ့မိပါ။ မိုးပျံပူဖောင်းတွဲကြီး တစ်တွဲကိုသာ ဆုပ်ကိုင်ထား၏။ ပြီးလျှင် သူလွယ်ထားသော သံပုံးသေးသေးတစ်ခုထဲမှာ တဂျောက်ဂျောက် မြည်နေခဲ့သော အရာများကလည်း ရှိသေးလေသည်။

"မိုးပျံပူပေါင်း တစ်လုံး ဘယ်လောက်လဲ ..."

ဂျိုကာကြီးအ တီတာ့ကို မျက်လွှာတစ်ချက် လှန်ကြည့်လိုက်ပြီးမှ မျက်ဝန်းပြန်လွှဲ ကျော်ခိုင်းလိုက်လေသည်။ အမယ် ... ဒင်းက ... ဒါဘာသဘောလဲ ... စိတ်ကောက်တယ်ပေါ့လေ ...။ တီတာရော မာလာပါ သူ့ကိုဝိုင်းဖမ်း ... မျက်နှာဖုံးတွေ ဘာတွေ ဆွဲချွတ်နှင့် အတော်ကြီး စိတ်အနှောင့်အယှက် ... လူအနှောင့်အယှက် ပေးထားမိကြတာကို သူက မကျေနပ်နိုင်တဲ့ သဘောပေါ့ ...။ တီတာ့ကိုမှတ်မိနေတဲ့ သဘောပေါ့ ...။ စိတ်ဝေဒနာသည်သာဆိုတယ် မှတ်ဉာဏ်ကလည်း ကောင်းပါ့တော် ... အမှတ်သညာကလည်း ကြီးပါ့ ...။

"ကဲပါ ... ဘောလုံးတစ်လုံးလောက် ရောင်းစမ်းပါ ... ဒီပုံးထဲကကော ဘာတွေလဲ"

ပထမတစ်ကြိမ် စက္ကူလိပ်တွေ ရောင်းခဲ့စဉ်က



တော့ စကားမပြောဘဲ ပိုက်ဆံကို ကတ်ပြားမှာ ရေးကာ ထောင်ပြပြီး တောင်းခဲ့ပါသည်။ ဒါပေမယ့် သူစကားပြောတတ်တာ တီတာ သိပါသည်။ လှလေးတို့ ရုံးမှ လုံခြုံရေးဝန်ထမ်းကြီးကို သူစကားပြန်ပြောခဲ့တာ တီတာ တွေ့ခဲ့ဖူးတာပဲဟာ ...။

"ကဲပါ ... ဦးဖိုးတင်ရယ် ... ဘောလုံး ဝယ်ချင်လို့ပါဆို ..."

တီတာက ရုတ်တရက် သူလွယ်ထားသည့် သံပုံးကို လက်နှိုက်ပြီး ကြည့်လိုက်သည်။ ပြီးမှ ငွေစက္ကူတွေ ဖြစ်နေတာကို စမ်းမိလိုက်လျှင် အမြန်ဆုံးပြန်ပြီး လက်လွှတ်လက်ရုတ်လိုက်ပေမယ့် တီတာ့ လက်ထဲသို့ အလုံးလေးတစ်လုံးက ကပ်ကပ်သပ်သပ်ပင် ပါလာပါသည်။ ကြည့်လိုက်တော့ လက်သန်းလက်တစ်ဆစ်စာလောက်မှ မရှိချင်သည့် ဖန်ဂေါ်လီသေးသေးလေး တစ်လုံး ...။

တီတာက ရှင်ရှင်မြူးမြူးလေး တစ်ချက်ရယ်လိုက်ကာ သူ့ဖန်ဂေါ်လီလေးကို သူ့ပုံးထဲ ပြန်ပစ်ထည့်ပေးလိုက်ပါသည်။ ခုနေခါမှာ တီတာ့လောက် အသက်ရှိသူ နှစ်ဆယ့်တစ် ... နှစ်ဆယ့်နှစ် ... သုံး အရွယ်တွေသည်ပင် ထိုဖန်ဂေါ်လီမျိုးကို မမြင်ဘူးကြတော့သူများ ရှိကောင်း ရှိနိုင်သည်။ တီတာတောင်မှ တီတာ့ ဖေဖေက ဝါသနာတကြီးနှင့် စုဆောင်းခဲ့လို့ ဖန်ဂေါ်လီပေါင်း မြောက်မြားစွာကို ပိုင်ဆိုင်ဆော့ကစား ဖူးခဲ့ရတာပါ။

လက်သန်း လက်တစ်ဆစ်စာလောက် မရှိတရှိ

အရှယ်မှ လက်မလက်တစ်ဆစ်စာလောက် မရှိတရှိ အထိ အရှယ်စုံဖန်ဖြင့် ပြုလုပ်ထားသော ဂေါ်လီလုံးကလေးများမှာ အထဲတွင် ရောင်စုံအကွေးအလိမ်လေးများဖြင့် ဆေးခြယ်ထားတာ အင်မတန်မှ လှပပြီး ချစ်စရာကောင်းပါသည်။ တီတာက ကိုယ်ချစ်သော ဖန်ဂေါ်လီလေးများကို သူလည်း စွဲစွဲမက်မက် ရှိပုံရသည့် ဂျိုကာကြီး ဦးဖိုးတင်ကို ပိုပြီး ခင်တွယ်သွားရပါသည်။ သူ့ပုံးထဲက ဖန်ဂေါ်လီတွေဟာ ဒီခေတ်ထဲမှာ ဝယ်သူသိပ်မရှိနိုင်တော့သဖြင့် ရောင်းရန် ပါလာခြင်းတော့ မဖြစ်နိုင် ...။ သူ့ဘာသာသူ စိတ်ကူးပေါက်ရာ ... သူနှစ်သက်သည့် အရာလေးများကို အလေးခံပြီး ထည့်သယ်လွယ်လာခဲ့ခြင်းပင် ဖြစ်ပါလိမ့်မည်။

"ရော့ ... ယူပါ ... ဦးဖိုးတင်ကို ကျွန်မက ခင်လို့ပေးတာပါ ..."

တီတာ လှမ်းပေးနေသော ရာတန်တစ်ရွက်ကို ခပ်ကြာကြာ ကြည့်နေပြီးမှ ဆတ်ခနဲ ဆွဲယူလိုက်လျှင် တီတာက နှစ်သက်သဘောကျစွာ တဟင်းဟင်း ရယ်လိုက်မိပါသည်။ တော်ပါသေးရဲ့ ... ယူလို့ ...။ တီတာက အောင်မြင်စွာ မုန့်ဖိုးပေးပြီးလျှင် တီတာ့ အပါးမှ ထွက်ခွာသွားသည့် ဂျိုကာ့ကို ထပ်မကြည့်တော့ပါ ...။ လှလေးတို့တိုက်ကြီးကိုသာ မော့ကြည့်လိုက်မိသည်။

အလွန်နေနိုင်တဲ့ မိန်းမတွေရေ ... နောက်ဆုံးတော့လည်း မှားမိတဲ့ တီတာကပဲ တောင်းပန်ရအောင် အရောက်ပေါ်လာရတော့တာပါပဲ ...။ သဇင့်ဆီသို့တော့



အရင်မသွားလိုက်ရဲ ... သဇင့်ထက်ပိုပြီး စိတ်သဘောထားနူးညံ့ပျော့ပျောင်းမည့် လှလေးဆီသို့သာ အရင်လာကာ လှလေးကို နူးနှပ်ချော့မော့ပြီးကာမှ သဇင့်ဆီ တစ်လှမ်းတက်ဖို့ တီတာက ဆုံးဖြတ်ထားသည်။ ကိုယ့်အဖြစ်ကိုလည်း ကိုယ်က ဝမ်းတော့ အနည်းသား ...။ တီတာ့ကို အတော်စိတ်ဆိုးနေနိုင်သည့် မိန်းမတွေက တော်ရုံနှင့် မကျေနိုင်ရင်တော့ ဒုက္ခပါပဲ ...။ ဘယ်လို ချော့ရပါ့မလဲ ...။ စိတ်ပျက်အားငယ်စရာ ...။

ဘောလုံးတွဲကြီး ဝယ်သွားပြီး ကလေးလိုလို ဘာလိုလို စနောက်ပြီး ချော့ကြည့်ရမလား ...။

ရုတ်တရက် ဂျိုကာကြီး ဦးဖိုးတင်ထံ အကြည့်ပြန်ရောက်သွားမိသော တီတာမှာ စိတ်ထဲမှာ တစ်မျိုးကလေးနှင့် "ဟင်" ဟု ဖြစ်သွားမိပါသည်။ ဦးဖိုးတင်ဟာ တီတာ့ကို ငူငူတွေတွေကြီး စိုက်ကြည့်နေပါလား ...။ မျက်နှာဖုံးအောက်မှ မြင်ရသော မျက်လုံးနှစ်လုံးတို့သည် ငေးမိငေးရာ ငေးနေကြတာ မဟုတ်ဘဲ တီတာ့ကိုမှ ကြည့်နေကြတာဆိုတာ သေချာပါသည်။

ဘာလို့ပါလိမ့် ... ပိုက်ဆံထပ်လိုချင်လို့များလား။ တီတာက ဂျိုကာကြီးကို လှမ်းပြုံးပြလိုက်ပြီး လှလေးတို့တိုက်ကြီးထံ အကြည့်ပြန်ပို့လိုက်ပြန်သည်။ သို့သော် ချက်ချင်းဆိုသလိုပင် ဂျိုကာ့ထံ အကြည့်ပြန်ရောက်မိပြန်သော အခါ ... ဂျိုကာက သူ့အကြည့်တွေကို ရုပ်သိမ်းကာ တီတာ့ကို ကျောခိုင်းလိုက်လေတော့သည်။

တီတာ့ စိတ်ထဲ တစ်မျိုးကြီး ပါပဲ ...။ ဂျိုကာဟာ စိတ်မှန်သူတစ်ယောက် မဟုတ်ဆိုတာ တီတာ့ ခေါင်းထဲ အမြဲရှိသည်။ လှလေးတို့အိမ်ကို လာတိုင်း ဒါကို အမြဲသတိထားသည် ...။ ဒါကြောင့်မို့လည်း ဒီနေ့အဖို့ သိပ်ဟန်လှပုံမရသော ဂျိုကာ့ရဲ့ အရိပ်အကဲကို တီတာက ချက်ချင်းပင် ရိပ်စားမိခြင်း ဖြစ်ပါသည်။ ဒုက္ခပဲ ... ပိုက်ဆံပေးမိတာ မှားများသွားပြီလား ...။ သူဟာ တီတာ့ရဲ့ ပခုံးသိုင်း ပိုက်ဆံအိတ်ကလေးကို ငေးစိုက်ကြည့်နေတာ ထင်သည်။

တီတာက ပိုက်ဆံအိတ်ကလေးကို လွယ်ထားသည့် အနေအထားမှ ရှေ့ဘက်သို့ ပို့ပြီး စုကိုင်ထားလိုက်သည်။ ခက်တာက လှလေးတို့ အိမ်ပေါ်ထပ်သို့ တက်ရမည့် ဘေးလှေကားဟာ တီတာနှင့် မနီးဘဲ ဂျိုကာနှင့်သာ ပိုနီးနေတာက ခက်သည်။ နီးဆို သူက အဲဒီလှေကားရဲ့အဝမှာကို ပိတ်ရပ်ထားသလောက်ပင် ရပ်နေလေတာ ...။ တော်ကြာ ... လှေကားက သွားအတက်ကျမှ တစ်ခုခု ဆီးလုပ်ရင် ဘယ့်နှယ့်လုပ်မလဲ ...။ မလုပ်နိုင်ပါဘူးဟု တစ်ထစ်ချကြီး ပြောကိုမပြောနိုင်ပါ ...။ သူ့မျက်လုံးများဟာ ပုံမှန်မှ မဟုတ်တဲ့ဟာ ...။ တီတာ့ကိုပဲ လှစ်ခနဲ ... လှစ်ခနဲ အလစ်ချောင်းကြည့်နေကာ မဟုတ်တာ တစ်ခုခု လုပ်ကိုလုပ်မည့်ပုံကတော့ ဖြစ်နေသည်။

တီတာက လှလေးတို့ တိုက်ကြီးပေါ် တစ်ခါထပ်မော့ကြည့်လိုက်ပါသည်။

"ဟယ် ... တီတာတော့ ... ဟယ် ... တီတာ လာ



တယ် ... တီတာ လာတယ်တော့ ... သဇင်ရေ ... တီတာ လာတယ် ... အောက်မှာ တီတာ ရောက်နေတယ်တော့ ..."

အသံစာစာလေး တစ်ခုက ဟိုးအပေါ်ဆုံးထပ်ဆီမှ အောက်ဆုံး ပလက်ဖောင်းအထိပင် လွင့်ပျံပြီး ရောက်ရှိလာပါသည်။ တီတာ မော့ကြည့်လိုက်ကာမှ ဝရန်တာသို့ ထွက်လာဟန်တူသော လှရေနှုးက တီတာ့ကို မြင်သွားပုံပါပင် ...။

"သဇင်ရေ ... ဟိုမိန်းမ အောက်မှာရောက်နေပြီ ... ကျုပ်တို့ သွားရှော့စရာ မလိုတော့ဘူး ... ဟီးဟီးဟီး"

တီတာက "သူရဲမတွေ ..."ဟု အသံထွက်ပြီး ရေရွတ်ပစ်လိုက်သည်။ မှားပါတယ် ... ကိုယ်မလာလျှင် သူတို့က ပေါ်လာကြတော့မလို့တဲ့ ...။ ဒီလိုမှန်းသိ စမလာဘဲ အိမ်ကနေပဲ ခပ်တည်တည်နဲ့ ထိုင်စောင့်နေပါတယ်... ခုလို ခပ်အောက်အောက်ကြီးနှင့် မဝန့်ရဲရတာမျိုး မဖြစ်တော့ရင်ပဲ နည်းလား ...။

တီတာက ဆက်လက် မော့ကြည့်နေဆဲမှာပင် ဝရန်တာပေါ်မှာ ခေါင်းကလေးနှစ်လုံး တစ်လုံးပြီးတစ်လုံး ပေါ်လာကြပါသည်။ လှလေးရဲ့ မျက်နှာမှာ အပျော်တွေ ပေါင်းစုကာ အပျော်လွန် ခုန်ဆွ ခုန်ဆွ ဖြစ်နေဟန်နှင့် ... သဇင်ကတော့ ... "ဒီမိန်းမ လာပစေဦး"ဟု တစ်ခုခုတေးထားဟန် ... သူ့နားရောက်မှ စိတ်ကြိုက် ထိုးခေါက်ဆိတ်ဆွပစ်မည့် ဟန်တွေ ပေါက်နေသည်။ ကြောက်စရာတောင် ကောင်းနေသေးတော့ ...။

တီတာက သဇင်ပါ ရှိနေသဖြင့် နည်းနည်းကိုယ် ရှိန်တန့်သွားမိသည်။ လှလေးနှင့် ပိုင်ပြီးမှ သူ့ကို ရှေ့တန်းတင် ပြောခိုင်းပြီး သဇင့်ကိုပါ ပြေလည်အောင် လုပ်မလို့ ကြံထားမိကာမှ သဇင်က ဒီမှာတင် ငုတ်တုတ်ကြီးဆိုတော့ ဘာဆက်လုပ်ရတော့မလဲလဲမသိ ...။ လှေကားပေါက်ဝမှာလည်း ဂျိုကာက ပိတ်နေ ... အပေါ်မှာကလည်း သဇင်ပါ ရောက်နေသဖြင့် တီတာ့ရဲ့ ခြေအစုံဟာ ပလက်ဖောင်းပေါ်မှာသာ ကော်နှင့်ဆက်ကပ်ထားသလိုဖြစ်ကာ နေရာကား မရွေ့ ...။

"ဟော့ ... အောက်ကတစ်ယောက် ... ဘယ်လို ဖြစ်နေတာလဲ ... တက်ခဲ့လေ ..."

သဇင့် အော်သံလေးက စူးဟိန်းပြီး ထွက်ပေါ်လာသည်။ တီတာက ကျိတ်ပြုံးလိုက်မိပါသည်။ အစုတ်ပလုတ်မ ... ဒေါ်သဇင်လည်း စိတ်ပြေနေပြီပဲ ...။

"ဟော့ ... ဘယ်လိုဖြစ်နေတာလဲ ... တက်ခဲ့ပါဆို ... နားပင်းနေလား ..."

တီတာက တခစ်ခစ်ရယ်ရင်း ဂျိုကာ့ကို လှမ်းကြည့်လိုက်သည်။ ဂျိုကာသည်ကား တီတာ့ကို လုံးဝမကြည့်ဘဲ သူ့မိုးပျံ ပူပေါင်းတွေကိုပဲ မြူပြင်သလိုလို ... ဖန်ဂေါ်လီသံပုံးကြီးထဲပဲ ဟိုနှိုက်သည်နှိုက် လုပ်သလိုလို လုပ်နေ၏။ သို့သော် တီတာသိသည် ... အဲဒါမျိုးတွေ ရှာကြံပြီး လျှောက်လုပ်နေဆဲကပင် သူဟာ တီတာ့ကို နိုးဝှက်ပြီး အကဲကိုခတ်နေတာ ...။ ထိုအခိုက်မှာပင် ဂျိုကာက သူရပ်နေရာ ဘေး



လှေကား အပေါက်ဝမှ ရုံးဘက်သို့ ခြေလှမ်းရွေ့သွားသဖြင့် တီတာကလည်း အပေါ်တက်ဖို့ ဆုံးဖြတ်လိုက်ကာ လှေကားဝသို့ လျှောက်လှမ်း လာလိုက်သည်။

သို့သော် တီတာ အပေါ်သို့ မတက်ဖြစ်သေးခင် လှေကားအဝသို့ အရောက်မှာတင် အပေါ်ဘက်မှ တခုံးခုံး ...ဒိုင်းဒိုင်းသံတွေ ကြားရကာ လှလေးက လှေကားမှပြေးဆင်းချလာခဲ့လေပြီ ...။

"လာ,မလာနိုင်ဘူး ... အဲဒါ ရှင်ရှိနေလို့ထင်တယ် သဇင်ရဲ့ ..."

"ဟေး ... ဒေါ်လှလေး ... ပြေးမဆင်းနဲ့ ... ကိုယ့်ကိုကိုယ် ဘာများ ထင်နေလို့လဲ ... ရှင် တစ်ခုခုဆို ဦးမျိုးမင်းစာ ကျုပ်ကိုအရင် လည်ပင်းညှစ်မှာနော်"

"မဟုတ်ဘူး ... စိတ်ကို မရှည်နိုင်တော့ဘူး ..."

"အောက်ကိုပဲ ရောက်နေပြီဟာ ..."

"သနားပါတယ် ... အားငယ်နေရင်လည်း နေမှာပေါ့ဟဲ့ ..."

"ဒီရုပ်မျိုးလား အားငယ်တဲ့ရုပ် ..."

"သူ့ခမျာ ..."

"တော်စမ်းပါ ... ရှင့်ခမျာကိုသာ ရှင်ဂရုစိုက် ... ကိုယ်တစ်ယောက်တည်း မဟုတ်တော့ဘူး ... အထဲမှာ ဘာမှန်းမသိတာလေးတစ်ခုက ရှိနေပြီဟာကို ..."

ထိုစကားများမှာ လှေကားကြီးတောက်လျှောက် လွှင့်ပျံ့လာနေခြင်း ဖြစ်ပါသည်။ စကားသံများနှင့်အတူ ခြေ

သံကလည်း တဒုန်းဒုန်းနှင့် ...။ လှလေးက သဖင် အော်ဟစ်နေသည့် ကြားကပင် ပြေးဆင်းလာနေသည် ဆိုတာကို ခြေသံကြားရုံနှင့် ခန့်မှန်းနိုင်သည်။

"လှလေး ... ကျုပ်တက်ခဲ့ပြီ ... ရှင် ဆင်းမလာနဲ့တော့"

တီတာက အပေါ်သို့ လှမ်းအော်ပြောလိုက်သည်။

"နေ ... နေ ... ကျုပ်ပဲ လာခဲ့မယ် ... ကျုပ်လည်း ခြေချုပ်မိနေတာ ကြာပြန်ပြီ ... ရှင့်ကိုတော့ ကိုကိုက နည်းနည်း အကောင်းမြင်နေတဲ့ အချိန်ဆိုတော့ ရှင် လာတာကို အကြောင်းပြပြီးတော့ အပြင်လျှောက်ထွက်ပြီး မုန့်စားကြမယ် ..."

တီတာ့ မျက်စိထဲမှာ လှစ်ခနဲ အနီတွေ အဝါတွေ ရှုပ်ထွေးမြန်ဆန်သွားပါသည်။ လှလေး၏ စကားတွေကိုပဲ ဂရုတစိုက်နှင့် အပေါ်သို့ မော့ကြည့်ပြီး ပြန်အော်နေမိသည့် တီတာက ခုနက တစ်ချိန်လုံး သတိထားနေမိသော ဂျိုကာ့ကို သတိလစ်သွားသလို ရှိလိုက်ချိန်မှာ ဂျိုကာက တီတာ့ နားသို့ လှစ်ခနဲပင် ပြန်ရောက်လာသည်။ ဒါပေမယ့် တီတာ့နားတွင် ရပ်မနေပါ ...။ တီတာ့ကို ကျော်လွန်ပြီး တံခါးဝတွင်းသို့ ဝင်သွားသည်။

"ဘာလုပ်တာလဲ"

တီတာက အော်ထည့်လိုက်စဉ်မှာပင် သံပုံးထဲသို့ နှိုက်ထားသည့် ဂျိုကာ့ရဲ့ လက်တစ်ဖက်က သံပုံးထဲမှ ပြန်ထွက်လာသည်နှင့် တစ်ပြိုင်နက် ...

"တောက် ... တောက် ... တောက် ... တောက် ..."



တောက်တောက်သံလေးများနှင့်အတူ လှေကားထစ် လေးငါးဆယ်ထစ်ခန့်မှာ ဖန်ဂေါ်လီသေးသေးလေးတို့နှင့် ဖွေးခနဲပင် ဖြစ်သွားပါတော့သည်။ တီတာ့ရင်ထဲ ဒိန်းခနဲဖြစ်ကာ "လှလေး"ဟု အကျယ်ကြီးပင် အော်လိုက်မိသည်။ ဂျိုကာကတော့ သူ့ဆီ ပြေးလာသော တီတာ့ကိုလည်း ဂရုမစိုက် ... စိတ်ချလက်ချကြီးပင် ဖန်ဂေါ်လီနောက်ထပ် တစ်ဆုပ်ကို ထပ်ကျဲချလိုက်ပြန်သေးသည်။

"တောက် ... တောက် ... တောက် ..."

အောက်ဆုံး သံမံတလင်းထိ ကျလာသော ဖန်ဂေါ်လီများကို တက်နင်းမိကာ တီတာ့မှာ ဗိုင်းခနဲပင် ချော်လဲသွား၏။ ကိုယ်ချော်လဲလိုက်ပြီ ဆိုတော့မှပင် လှလေးအတွက် **အစစ်အမှန်** အန္တရာယ်ကို တီတာက လုံးဝရိပ်မိသွားရတော့သည်။ ဂျိုကာကတော့ လဲပြိုနေသော တီတာ့ကို တစ်ချက်ကြည့်ကာ အေးအေးဆေးဆေးပင် တီတာ့နံဘေးမှ ပြန်ဖြတ်ထွက်ကာ ထွက်ခွာသွားလေပြီ ...။

"တီတာ ... တီတာ ... ဘာဖြစ်လဲ ..."

လှလေးရဲ့ ခြေသံက ပိုပြီး မြန်ဆန်လာသည်။ ဖြစ်ပျက်နေသမျှတို့မှာ ပြောပြနေရသည်ကမှ ကြာပါလိမ့်ဦးမည်။ အားလုံးဟာ စက္ကန့်ပိုင်းလေးအတွင်းမှာပဲ ဖြစ်ပွားသွားကြခြင်းဖြစ်၏။ တီတာက လဲပြိုနေရာမှ ကျိုးကုန်းထလိုက်သည်။

"လှလေး ဆက်ဆင်းမလာနဲ့ ... နေရာမှာတင်ရပ်နေ"

တီတာ့စကား ဆုံးဆုံးချင်းမှာပင် "အား"ခနဲ အော်လိုက်သော လှလေးရဲ့ ထိတ်လန့်တကြား အသံကြီးကို ကြားလိုက်ရတော့ကာ ... သဇင့်ဆီမှလည်း ဘာတွေမှန်းမသိ ဗလုံးဗထွေး ရှူးရှူးဝါးဝါး အော်လိုက်သံကြီး ထွက်ပေါ်လာပါသည်။ တီတာကား နာကျင်နေမှုကိုလည်း သတိမရနိုင်တော့။ ကျုံးကုန်းထနေသည့် ပုံစံကြီးနှင့်ပင် လှေကားထစ်များပေါ်မှ ပြုတ်ကျလာနေသည့် လှလေးကို ချက်ပြီးဖမ်းထားလိုက်ပါတော့သည်။

"လှလေး ... လှလေး ... တီတာ ..."

သဇင့်မှာလည်း သူ့အန္တရာယ်နှင့်သူမို့ လှေကားပေါ်မှ ဖြည်းဖြည်းကလေး တစ်လှမ်းချင်း၊ တစ်လှမ်းချင်းကလေး ဆင်းလာနေရကာ နှုတ်မှတော့ အဆက်မပြတ်ပင် အော်ခေါ်လို့ နေလေသည်။ လှလေးရော တီတာပါ သဇင့်ကို ပြန်မထူးနိုင်ကြပါ ...။ နှစ်ယောက်သား အကြောက်လွန်ကာ သတိလစ်သလို ဖြစ်နေကြသည်။ လှလေးရဲ့ တစ်ကိုယ်လုံးကြီးနှင့် အပိခံထားရသော တီတာက လှလေးထက်တောင်မှ ပိုဆိုးပါသေးသည်။ တကယ်ပဲ အသက်ထွက်သွားခဲ့ပြီလားဟု ကိုယ့်ကိုကိုယ်ပင် ဇဝေဇဝါ ဖြစ်နေမိ၏။

ထုံးစံအတိုင်းပင် ရုံးဘက်မှလူတွေ ရုတ်ရုတ်သဲသဲပင် ရောက်ချလာကြကာ ... တီတာ့ အပေါ်မှာ ကြောင်တောင်တောင်နှင့် ဆက်ထိုင်နေသည့် လှလေးကို လက်နှစ်ဖက်က ဝိုင်းမပြီး ဆွဲထူကြသည်။ ပြီးလျှင်တော့ လှလေးရဲ့ အောက်မှ တီတာ့ကို ...။



"ဟာ ... ဖန်ဂေါ်လီလုံးတွေ အများကြီးပဲ ... ဘယ်လိုဖြစ်တာလဲ ..."

"အဲဒါတွေ နင်းမိပြီး ချော်လဲတာပါ ..."

"ဒါတွေက ဘယ်လိုလုပ် ဒီရောက်နေရတာလဲ ..."

တစ်ယောက်တစ်ပေါက် ဝိုင်းပြောနေကြသူတွေထံ တီတာက ... "ဂျိုကာ ... ဂျိုကာ ..."ဟု အသံတိုးကလေးနှင့် ပြောလိုက်ပါသည်။

"ဟာ ... ဖိုးတင်ကြီးတဲ့ ..."

"ဘယ်မလဲ ... ဒီကောင် ..."

"လုပ်ပြန်ပြီလား ... ဟိုတစ်ခါကတော့ အပြင်မထွက်အောင် တားထားတာတဲ့"

"လှလေးနဲ့ တီတာ့ကို ဆေးခန်းတစ်ခုခုကို ပို့မှဖြစ်မယ် ... တီတာလည်း ကျိုးပဲ့သွားသလားဆိုတာ စစ်ရမယ် ... လှလေး တစ်ကိုယ်လုံးက သူ့အပေါ် အရှိန်နဲ့ပြုတ်ကျသလိုဖြစ်တာ ... လှလေးလည်း မိုက်ဘာဖြစ်သွားသေးလဲ ... အိုဂျီနဲ့ တစ်ချက်လောက် ပြစစ်ကြည့်မှ ကောင်းမယ် ..."

အောက်ရောက်လာပြီဖြစ်သော သဇင့်ထံမှ အသံထွက်လာသည်။ လှလေးကို ကိုယ်တိုင်ပွေ့ချီပြီး မတ်တတ်ထရပ်လိုက်သော ဦးမျိုးမင်း၏ မျက်နှာကြီးက ထုံးစံအတိုင်း နီရဲတင်းထန် ပျက်ယွင်းလို့ နေပါသည်။ တီတာ့ကိုလည်း ရုံးမှ လူတော်တော်များများကရော သဇင်ကပါ ဝိုင်းဝန်းဖေးမထူပေးလိုက်ကာ ကားများဆီသို့အထွက် ...

"ဟော ... ဟိုမှာ ဖိုးတင်ကြီးကို မီလာပြီး ... ရုံးစောင့်ကြီးနဲ့ တခြားလူတွေလည်း ဝိုင်းဖမ်းပေးလိုက်ကြတယ် ထင်တယ် ..."

တီတာတို့အားလုံး ဘယ်ဘက်မှ လာနေကြသည့် လူအုပ်ထဲ လှမ်းကြည့်လိုက်ကြပါသည်။

"ဟ ... ဘယ်လို ဖြစ်တာလဲ ..."

"အေး ... ဖမ်းချုပ်လာတာက ဖိုးတင်ကြီးပဲ ..."

တီတာ့ တစ်ကိုယ်လုံး တောင့်တောင့်မတ်မတ်ကြီးဖြစ်သွားကာ ဝိုင်းဝန်းဖေးမထားကြသည့် လူအုပ်ထဲမှရှန်းထွက်ပြီး ဂျိုကာကြီးကို လှမ်းကြည့်လိုက်မိသည်။ သူ့ယောက်ျားရဲ့ ရင်ခွင်မှာ "တအီးအီး"နှင့် အကြောက်မပြေနိုင်သေးသည့် လှလေးလည်း ရုတ်တရက် ခေါင်းထောင်လာသည်။

မျက်လုံး ... မျက်လုံး ...။ ဂျိုကာကြီးရဲ့ မျက်လုံး ...၊ ထိုဂျိုကာရဲ့ မျက်လုံးဟာ ...

"ကျုပ်ဆီက ဝတ်စုံကို ခဏဆိုပြီးတော့ ငှားထားပြီးမှ ထွက်ပြေးဖို့ လုပ်တာ ... ဖိုးတင်ကို အရူးဆိုပြီး ဒီလို ပတ်လို့တော့ ဘယ်ရမလဲ ... ကျုပ်တစ်ယောက်တည်း ခုန်အုပ်ပြီးဖမ်းထားတာ ... ဘယ်သူ့အကူအညီမှ မပါဘူး ..."

တီတာ, လှလေးနှင့် သဇင်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြပါသည်။ ဦးဖိုးတင်ရဲ့ ဂျိုကာဝတ်စုံနှင့် မျက်နှာဖုံးကြီးကို ငှားရမ်းပြီး လှလေးကိုမှ ဒုက္ခရောက်စေချင်တဲ့လူ ...။



"ဒါဆို ဘယ်သူလဲ .... ဒီထဲကိုမှလာပြီး ဖန်ဂေါ်လီတွေကျဲထားတာ ... ဒါ လုံးဝမရိုးသားဘူး ... ဟော့ ... ဘယ်သူလဲ ,... ချွတ်ကွာ ... မျက်နှာဖုံး ..."

လူအုပ်၏ ဝိုင်းဝန်းဆော်ဩသံ အဆုံးမှာ ဦးမျိုးမင်း၏ နှုတ်ခမ်းက တင်းတင်းကြီး စေ့လို့သွားသည်။ တီတီတာနှင့် လှလေးတို့မှာ မျက်နှာဖုံးအောက်မှ ထွက်ပေါ်လာမည့် မျက်နှာတစ်ခုကို ရင်မဆိုင်ရဲစွာနှင့် ... ခေါင်းကို ရုတ်တရက် ငုံ့ချကာ မျက်လွှာပါ ချလိုက်မိကြပါသည်။

"သူ့အဖေကြီးကတော့ စိတ်မနှံ့ဘူး ဆိုတဲ့ဘက်က ရအောင်ထွက်မယ်လို့ ပြောနေတာပဲ ..."

"ဦးမျိုးမင်းက အမှုဖွင့်တယ်ပေါ့ ..."

"လှလေးကတော့ ငိုပြီးတော့ကို တားရှာတာပါ ... ဒါပေမယ့် ဦးမျိုးမင်းက အမှုလုပ်မယ်ပဲ ပြောတယ် ... အလျှော့ပေးမယ့်ပုံ မရဘူး ..."

"တကယ်ပဲ စိတ်မနှံ့တာရော မဖြစ်နိုင်ဘူးလား ..."

"တီတာ ထင်ပါတယ် မောင်းမောင်းရယ် ... မဖြစ်နိုင်ပါဘူး ... စိတ်မနှံ့ဘူးဆိုရင်တောင် ဒီအလုပ်ကို လုပ်တော့မယ်လို့ ဆုံးဖြတ်လိုက်မိတဲ့ တစ်ခဏလေးအတွင်းမှာပဲ သူ့စိတ်က အမှန်ကို မတွေက်ဆနိုင်တော့တာမျိုး၊ ငါဒါလုပ်လိုက်မှ အေးတော့မယ်ဆိုတာမျိုး တွက်မိသွား

ပြီး ခဏလွတ်ထွက်သွားတာမျိုး ဖြစ်နိုင်တယ် … ပုံမှန်အချိန်တွေမှာတော့ သူက အကောင်းပကတိပါပဲ။ တီတာနဲ့ ဒီလောက် စကားပြောဆိုနေတဲ့ဟာ …”

“ဒါဆိုရင်လည်း စိတ်မနှံ့ဘူး ဆိုတာမျိုးက ကိုယ်ထွက်ချင်တိုင်း ထွက်လို့ရတာမျိုးမှ မဟုတ်တာ … ဆရာဝန်ရဲ့ ထောက်ခံချက်တို့ ဘာတို့ လိုသေးတဲ့ဟာ …”

“မသိပါဘူး”

“ခုလောလောဆယ်တော့ အချုပ်ထဲမှာပေါ့ …”

“ဟုတ်တယ် … တီတာ သွားကြည့်မလို့ …”

မောင်းမောင်းက သက်ပြင်းတစ်ချက်နှင့် “ငါ လိုက်ပို့ပေးမယ်” ဆို၏။ တီတာတို့နှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် စကားထပ်မဆိုဖြစ်ကြတော့ဘဲ တိတ်တိတ်ဆိတ်ဆိတ်သာ ထွက်လာဖြစ်ခဲ့ကြပါသည်။ လမ်းမှာမှ မောင်းမောင်းက …

“တီတာ … နင်က အဲဒီလိုမျိုး ပြင်းထန်ပေါက်ကွဲပြနေတဲ့ အချစ်ကိုမှ တကယ့်အချစ်လို့ ယုံကြည်ချင်တာလား”

“အဲဒီလို မပြောပါနဲ့တော့ မောင်းမောင်းရယ် …လူဆိုတာ တစ်သက်မှာ တစ်ခါမကတော့ ရူးမူးကြမှာပါ … ပုထုဇနော ဥမ္မတကောချည်းပဲလေ … မောင်းမောင်းက တီတာ့ကို အမြဲပဲ အရူးမ … အရူးမလို့ ခေါ်တယ် မဟုတ်လား … နင် အဲဒီလို ခေါ်လွန်းလို့ ငါလည်း ရူးသွားမိတာ ဖြစ်မယ် …”

“ရူးသွားမိတာ မဟုတ်ဘူး … ဆက်ရူးမလို့ ကြံနေ



သေးတာ … ငါသာဆိုရင် အခု ငါတို့သွားမယ့်နေရာကို မသွားတော့ဘူး … အဆက်ဖြတ်ပြည်ဖုံးကားချပစ်လိုက်တော့မယ် … နင် အဲဒီကိုလိုက်သွားတော့ ဟိုမှာ မဆုံမဖြစ် ဆုံရမယ့်သူကလည်း ရှိနေဦးမှာ ..

“ဒါပေမယ့် တီတာက မာလာသွယ့်ကို ခွင့်တယ် … သူဟာ တီတာ့အပေါ်တော့ ကောင်းခဲ့တယ်လို့ တီတာက ထင်တယ် …”

“နင့်အပေါ်မှာ ကောင်းပေမယ့် … လုလေးကိုကျတော့”

“အဲဒါ သူ လုလေးကို မုန်းလို့မဟုတ်ဘူး … ကိုစွတစ်ခု ပြတ်သွားစေချင်တာ … အဲဒါ သူသိပ်ချစ်တတ်တာ… ရှင်းလား …”

“မရှင်းဘူး …”

“နင်တောင် ငါ့အပေါ်မှာ အဲဒီလောက် ချစ်ပါ့မလား မသိဘူး …”

“ဖောက်လာပြန်ပြီ …”

“မဟုတ်ဘူး … တကယ်ပြောတာ … သူ့ချစ်ပုံမျိုးက မျက်ကန်းတောတိုး … မျက်ကန်းတစ္ဆေမကြောက် ချစ်တတ်တာ … အချစ်တစ်ခုမှာ ရူးသွပ်ပြီးတော့ကို ပျော်ဝင်နေတော့တာ …”

မောင်းမောင်းနှင့် တီတာတို့ သက်ဆိုင်ရာဌာနကိုရောက်ကြတော့ မောင်းမောင်း စိုးရိမ်သလို ကြယ်စင်က ရောက်မနေပါ။ ကြယ်စင်နှင့် တီတာတို့ မဆုံကြပါ …။ အချုပ်ထဲမှ မာလာသွယ်နှင့် တီတာတို့ တွေ့ခွင့်ရသည်။

"ကြယ်စင် မလာဘူးလား ..."

"ရှေ့နေဟာ့ဖို့ကိစ္စတွေ သူလိုက်လုပ်နေတယ် ... သူ့ကို အပြစ်မတင်ချင်ပါနဲ့ မတီတီတာရယ် ... သူ့ဒီအဆောက် အဦရှေ့မှာ နေ့ရောညပါ ရှိပါတယ် ... ခုမှ ဖေဖေက ခဏနေဦးမယ်ဆိုလို့ သူက အပြင်ကိစ္စ လိုက်လုပ်ရတာ ပါ ..."

ကြည်လင်နေကာ ခံစားချက်ကင်းကင်း စိတ်ရှင်းရှင်း ပုံစံနှင့် ရှိနေသော မာလာသွယ်ရဲ့ မျက်နှာကလေး ဟာ အချုပ်ခန်းနှင့် မတန်ပါ။ တီတာကတော့ ကာယကံရှင် လောက်မျှပင် စိတ်မထိန်းနိုင် ...။ မာလာသွယ့်ကိုကြည့်ကာ တဖြည်းဖြည်းချင်း ငိုချင်လာသည်။

"မတီတီတာ ... မာလာ့ကို စိတ်ဆိုးမနေဘူးလား ..."

"ဟင့်အင်း ... ရှင့်ကို တို့နားလည်နေတယ် မာလာ ... ရှင်းရှင်း ပြောရရင တို့သာ မာလာ့နေရာမှာ ရှိခဲ့တယ် ဆိုရင်လည်း အဲဒီလို လုပ်မိမလား ... မလုပ်မိဘူးလား ဆိုတာကို တို့ သေချာပေါက် မပြောနိုင်သေးဘူး ... လုလေးအတွက် စိတ်ပူစိုးရိမ်တာက သတ်သတ် ... မာလာ့ကို ဘယ်လိုမှ စိတ်မဆိုးနိုင်တာက သတ်သတ်ပဲ"

"မလှလှလေးရော ... ဘယ်လိုလဲ ... နေကောင်းရဲ့ လား ..."

"ကောင်းပါတယ် ... ဘာမှ မဖြစ်နိုင်ပါဘူးလို့ သူ့ အိုင်ကြီး ပြောပါတယ် ... ခုလောလောဆယ်တော့ အိပ်ရာထဲမှာပဲ Bed Rest အနားယူခိုင်းထားတယ်"



"ကြယ်စင်က မာလာ့ကို ဘာပြောသလဲ သိလား ... သူကြိုသိခဲ့ရင် တားမှာတဲ့ ... သူက ဘာမှ မလုပ်တော့ပါ ဘူးလို့ ဆုံးဖြတ်ပြီးနေပါပြီတဲ့ ... မာလာလေ ... အဲဒီ စကားတစ်ခုကို ကြားရတာနဲ့တင် ခံရမယ့် အပြစ်ဒဏ် အတွက် တန်သွားသလိုပဲ ... မလှလှလေးနဲ့ဦးမျိုးမင်း တို့ကိုလည်းပြောပြပေးပါ ... အဲဒီအတွက်တော့ ဘာမှ ပူစရာ မလိုတော့ပါဘူးလို့ ... မာလာက သူ့ကိုကတိပါ ထပ်တောင်းလိုက်တာ ... သူပေးတယ် ..."

မာလာကပြောရင်းက တစ်ချက် ပြုံးလိုက်သေး သည်။

"မာလာ့ကို သူက ပြောတယ် ... အင်္ဂါမစုံတဲ့ မိန်းမ တဲ့ ... ဦးနှောက်ပါမလာလို့တဲ့လေ ..."

"တို့ကိုတော့ သူက နှာခေါင်းမပါလို့ အီးစားမယ့်သူ လို့ကို ပြောခဲ့တာ ..."

"ဒါပေမယ့် ..."

မာလာသွယ်က စကားကို ရပ်ထားလိုက်သည်။

"မတီတီတာ ... ဖေဖေ့ဆီမှာ အထုပ်တစ်ထုပ်ရှိတယ်၊ တောင်းယူလိုက်ပါနော် ... မာလာ မရမက ရအောင် လုပ်ယူထားခိုင်းရတဲ့ အထုပ်ပါ ... ကြယ်စင်ရဲ့ဒိုင်ယာ ရီအသစ်လေ ... ဒီတစ်ခါတော့ သူ့ဘာသာသူ အကွက် ထွင်ပြီး မာလာ မရ,ရသွားအောင် လုပ်ထားတာ မဟုတ်ဘူးနော် ... ဖေဖေမှာ တပည့်တပန်း ပေါင်းစုံ နဲ့ မရမကကို စီးဖွက်ပေးထားရတာပါ ... မတီတီတာ

ကို မာလာပေးချင်လို့ ... အဲဒါကို မတီတီတာ ဖတ်ပေးပါ ... ပြီးရင် မာလာ့ကို တစ်ခုခု ပြန်ပြောပါနော်"

တီတာက မောင်းမောင်းရဲ့ မျက်နှာကို တစ်ချက်လှမ်းကြည့်လိုက်မိပါသည်။

"ဖေဖေ့ကိုလည်း အဲဒီစာအုပ်ကို ဖတ်မကြည့်ဖို့ မနဲကတိတောင်းထားရတယ် ... မာလာ့ရဲ့ လုပ်ရပ်တွေကမှားရင်တော့ မှားနေလိမ့်မယ် ... ဒါပေမယ့် ကြိုးစားထားတာကိုတော့ အသိအမှတ် ပြုပေးစမ်းပါ မတီတီတာရယ် ... နော် ..."

တီတာက သက်ပြင်းရှိုက်ကာ ခေါင်းညိတ်ပြလိုက်ရပါတော့သည်။ တီတာတို့ ပြန်လာကြခါနီးမှာပင် မာလာသွယ်က ...

"သူမသိဘူးနော် မတီတီတာ ... အဲဒီစာအုပ် မတီတီတာဆီ ရောက်သွားသိမ့်မယ်လို့ သူ လုံးဝကို မသိပါဘူးနော် ..."

"ဟုတ်ကဲ့ပါ ... ကောင်းပါပြီ ..."

"ဖတ်ပြီးရင် မာလာ့ကို တစ်ခုခု ပြန်ပြောနော် ..."

"ဟုတ်ကဲ့ပါ ..."

မာလာ့ဖေဖေက တီတာ့ကို အညိုရောင်အိတ်တစ်လုံးနှင့် ထုပ်ထားသော စာအုပ်တစ်အုပ်ကို ပေးလိုက်လေသည်။ မောင်းမောင်းရဲ့ မျက်နှာကတော့ သိပ်မကြည်လင်လှ။